www.dhammaransi.com

ဗုဒ္ဓနှင့်အစေလက (တက္ကတွန်း)

တို့၏


# လောကသဘာဝပြဿနာများ

## တွေ့ဆုံဆွေးနွေးမှု

မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ၊ ဘီအေ)

www.dhammaransi.com



# ဗုဒ္ဓနှင့် အစေလက (တက္ကတွန်း)

တို့၏

# လောကသဘာဝပြဿနာများ

# တွေ့ဆုံဆွေးနွေးမှု


မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ၊ ဘီအေ)

www.dhammaransi.com

ဗုဒ္ဓနှင့်အစေလက(တက္ကတွန်း)တို့၏လောကသဘာဝပြဿနာများ
တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ၊ ဘီအေ)

စမ်းလဲသော်တာ
တအုပ်ရဟတ်သုပ်ရေး

အမှတ် ၄၇၃ (က)၊ နီလာ ၆ လမ်း၊ (ဂ) ရပ်ကွက်၊ မြောက်ဥက္ကလာပ၊
ရန်ကုန်မြို့။ ဖုန်း (၀၁) ၉၆၉၀၆၁၁၊ (၀၁) ၆၉၁၉၇၂
စာမူခွင့်ပြုချက် ● ၃၂၀၄၇၂၀၇၀၉
အဖုံးခွင့်ပြုချက် ● ၆၀၀၃၅၅၀၆၁၁
ပထမအကြိမ် ● ၂၀၁၁ ခု၊ စက်တင်ဘာလ
စောင်ရေ ● ၁၀၀၀
အဖုံးဒီဇိုင်း ● စိန်နဂါး
ကွန်ပျူတာစာစီ ● နန်းဦးလှတ်
ဦးခင်မောင်ဦး (မြ-၀၄၀၇၃)၊ မြတ်ပန်းရဂုံစာပေ၊ ၄၇၃ (က)၊ နီလာ (၆) လမ်း၊ (ဂ) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့က ထုတ်ဝေ၍ အဖုံးနှင့် အတွင်းစာသားများကို ဦးအောင်မြင့်သိန်း (မြ-၀၆၃၆၄)၊ အင်ကြင်းမြိုင် ပုံနှိပ်တိုက် အမှတ် (၁၄၇)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့က ထုတ်ဝေသည်။
တန်ဖိုး ● ၃၅၀

ထုတ်ဝေသည့် စာအုပ်ကက်သလောက်အညွှန်း (CIP)

၂၉၄.၃
သျှင်သီရိ၊ တက္ကသိုလ်
ဗုဒ္ဓနှင့် အစေလက (တက္ကတွန်း)တို့၏ လောကသဘာဝ ပြဿနာများ တွေ့ဆုံဆွေးနွေးမှု / တက္ကသိုလ်သျှင်သီရိ။ – ရန်ကုန်။ မြတ်ပန်းရဂုံစာပေ၊ ၂၀၁၁။
၂၀၆ – စာ။ ၁၇.၅ x ၁၂.၅ စင်တီ။
(၁) ဗုဒ္ဓနှင့် အစေလက (တက္ကတွန်း)တို့၏ လောကသဘာဝ ပြဿနာများ တွေ့ဆုံဆွေးနွေးမှု

www.dhammaransi.com

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
အမှတ် ၂၇၈၀၅
ရက်စွဲ ..................

# မာတိကာ

● အမှာစာ ၁

## အခန်း (၁)

## လူသားများ၏ အသိဉာဏ်နှင့် ကိုးကွယ်မှုအဆင့်ဆင့်

◆ ရှေးဦးလူသားတို့၏
အသိဉာဏ်နှင့် ယုံကြည်ကိုးကွယ်မှု ၇
◆ စွမ်းအားတန်ခိုးရှင်ကို လက်ခံလာခြင်း ၁၁
◆ နတ်နှင့် နတ်ဘုရားများကို လက်ခံလာခြင်း ၁၅
◆ ဝိညာဉ်ကို လက်ခံလာခြင်း ၂၀
◆ ထာဝရတည်မြဲမှု (အတ္တ)ကို လက်ခံလာခြင်း ၂၂
◆ အသိဉာဏ်ဆာလောင်မှု ခေတ်အခြေနေနှင့်
ဗုဒ္ဓဂေါတမ ပေါ်ထွန်းလာခြင်း ၂၆
◆ ဗုဒ္ဓဂေါတမ မပေါ်ထွန်းမီ ပေါ်ခဲ့သော
တိတ္ထိဆရာကြီးများနှင့် အယူဝါဒများ ၂၉
◆ ဗုဒ္ဓဂေါတမသည် ဗုဒ္ဓနိုင်ငံတော် တည်ထောင်၍
ဝါဒလမ်းစဉ် ချမှတ်ကြေညာခြင်း ၃၇
◆ ဗုဒ္ဓဂေါတမ၏ လူ့အခွင့်အရေး ၅၁
◆ ဗုဒ္ဓဂေါတမ၏ ဝါဒရေးရာ 'စံ' ၅၃

www.dhammaransi.com

# အခန်း (၂)

## ဗုဒ္ဓနှင့် တက္ကတွန်းများ၏ လောကသဘာဝဆွေးနွေးမှုများ


◆ နိဂဏ္ဍနာဋ္ဌပုတ္တ၏ အယူဝါဒနှင့် ဓမ္မဝိနယ ၆၃

◆ ဗုဒ္ဓနှင့် ကဿပတက္ကတွန်း
(အကျင့်ပူ၊ အကျင့်ပြင်းများ ကဲ့ရဲ့မှု) ၆၄

◆ ဗုဒ္ဓနှင့် အစေလက ကဿပတက္ကတွန်း
(ဆင်းရဲဖြစ်ပေါ်မှုနှင့် ဆင်းရဲချုပ်ရာမေးမှု) ၈၀

◆ ဗုဒ္ဓနှင့် ဥပကတက္ကတွန်း (၁)
(ဗုဒ္ဓက ဘုရားဟု ဝန်ခံပြောကြားခြင်း) ၈၃

◆ ဗုဒ္ဓနှင့် ဥပကတက္ကတွန်း (၂)
(ဥပကအကျွတ်တရားရမှု) ၈၆

◆ ဗုဒ္ဓနှင့် နိဂဏ္ဍတက္ကတွန်း၏တပည့် ဥပါလိသူကြွယ်
(ကံနှင့် ဒဏ် ပညတ်မှု) ၉၂

◆ ဗုဒ္ဓနှင့် ကောရခတ္တိယတက္ကတွန်း
ကဠာရမဋ္ဋကတက္ကတွန်း ပါထိကတက္ကတွန်း
(လောက၏အစကို သိသောသူ) ၁၁၄

◆ ဗုဒ္ဓနှင့် ဇမ္ဗုကတက္ကတွန်း
(ဝဋ်ကြွေးကြောင့် မစင်စားနေရမှု) ၁၄၃

◆ ဗုဒ္ဓနှင့် သေနိယ၊ ပုဏ္ဏတက္ကတွန်း
(ကံလေးမျိုးဟောကြားမှု) ၁၆၁

◆ ဗုဒ္ဓနှင့် မတ်တတ်ရပ်ကျင့် နိဂဏ္ဍတက္ကတွန်းများ
(ချမ်းသာအစစ်ကို ခံစားရမှု) ၁၆၆

www.dhammaransi.com


◆ ဗုဒ္ဓနှင့် နိဂဏ္ဌတက္ကတွန်းများ
(ရေးဘဝက ပြုခဲ့သောကံကြောင့်
ချမ်းသာ ဆင်းရဲခံစားရမှု) ၁၇၁

◆ ဗုဒ္ဓနှင့် နိဂဏ္ဌနာဋပုတ္တ၏တပည့် သီဟစစ်သူကြီး
(မပြုထိုက်သောအယူဝါဒရှိသူ) ၁၈၇

◆ ဗုဒ္ဓနှင့်နိဂဏ္ဌနာဋပုတ္တ၏တပည့် အဘယရာဇကုမာရ
(စကားခြောက်ခွန်းနှင့် ဗုဒ္ဓပြောကြားသောစကား) ၁၉၉

◆ ဗုဒ္ဓနှင့်နိဂဏ္ဌနာဋပုတ္တ၏တပည့် အသိဗန္ဓကဏ၏သား
ရွာသူကြီး (ဗုဒ္ဓကို ဝါဒတင်လာမှု) ၂၀၄

◆ ဗုဒ္ဓနှင့် အသိဗန္ဓကဏ၏သား ရွာသူကြီး
(နိဂဏ္ဌနာဋပုတ္တတရားနှင့် ဗုဒ္ဓ၏
တရား နှိုင်းယှဉ်ချက်) ၂၀၇

◆ ဗုဒ္ဓနှင့် အသိဗန္ဓကဏ၏သား ရွာသူကြီး
(အချို့ကို ကောင်းမွန်တရားဟောမှု၊
အချို့ကို မဟောမှု) ၂၁၀

◆ ဗုဒ္ဓနှင့် အသိဗန္ဓကဏ၏သား ရွာသူကြီး
(သေသူတို့ လားရောက်ရာကို
ဟောကြားမှု၊ မဟောကြားမှု) ၂၁၄

◆ အရှင်ဗာကုလနှင့် အစေလကတက္ကတွန်း
(အရှင်ဗာကုလမထေရ်၏ အံ့သြဖွယ်ရာများ) ၂၁၇

◆ နိဂဏ္ဌနာဋပုတ္တ၏ ၈ နိဂုံးနှင့် နိဂဏ္ဌတို့၏အစ ၂၂၁

www.dhammaransi.com

# အခန်း (၃)

## ဗုဒ္ဓသာသနာ၏ အနှစ်သာရများ


ရှင်အာနန္ဒာနှင့် စုန္ဒသမုဒ္ဒေသတို့ ဗုဒ္ဓထံ လျှောက်ထားခြင်း ၂၂၆

- ဘုရားမဟုတ်သူဟောအပ်သောသာသနာ ၂၂၈
- ဘုရားအစစ်ဟောအပ်သောအဆုံးအမ (သာသနာ) ၂၃၀
- တပည့်တို့ပူပန်အပ်သော ဆရာ၊ မပူပန်အပ်သော ဆရာ ၂၃၂
- ပြည့်စုံသောအဆုံးအမ (သာသနာ) ၂၃၃
- စုပေါင်းရွတ်ဆို (သံဂါယနာတင်)အပ်သော တရားများ ၂၃၅
- ပစ္စည်းလေးပါးခွင့်ပြုခြင်း၏ရည်ရွယ်ချက် ၂၃၈
- ချမ်းသာခံစားခြင်းအကျင့် ၂၄၀
- ချမ်းသာခံစားခြင်းအကျင့်၏အကျိုးများ ၂၄၂
- အာသဝေါကင်းသူ မကျူးလွန်ထိုက်သော အရာများ ၂၄၄
- ဗုဒ္ဓသည် တထာဂတ အမည်ရခြင်း ၂၄၅
- ရှေ့အဖို့ကို စွဲ၍ဖြစ်သော မိစ္ဆာအယူ ၂၄၉
- နောက်အဖို့ကို စွဲ၍ဖြစ်သော မိစ္ဆာအယူ ၂၅၁
- မိစ္ဆာအယူများကို ပယ်သောတရား ၂၅၂
- နိဂဏ္ဌာတို့ အချင်းချင်း ပြိုကွဲမှုနှင့်စပ်၍ ရဟန်းများအား ဗုဒ္ဓ၏လမ်းညွှန်ချက်တရားများ ၂၅၃

www.dhammaransi.com

# အမှာစာ

ဗုဒ္ဓဂေါတမသည် လူတို့ သက်တမ်းဆုတ်ယုတ်နေသော ကလိယုဂ် ကာလသက်တမ်း (၁၀၀)၌ ပွင့်ထွန်းပေါ်ခဲ့ရသည်။

ကမ္ဘာလောကကြီး၏ ဒုက္ခသဘောကို သိမြင်တော်မူသည့်အတိုင်း ထိုဒုက္ခပင်လယ်၌ မရပ်မနား မျောပါလျက်ရှိကြသော ကမ္ဘာ့လူသားများကို ကယ်တင်ရန် အမှန်ဆုံး၊ အကောင်းဆုံး၊ အသင့်လျော်ဆုံး၊ သဘာဝ နိယာမအကျဆုံးဖြစ်သော တရားဒေသနာများကို ၄၅ နှစ်တိုင်တိုင် ဖော်ထုတ်ဟောကြား လမ်းညွှန်မှု ပြုခဲ့ပါသည်။

ဗုဒ္ဓပွင့်ထွန်း ပေါ်စုအချိန်၌ အိန္ဒိယပြည်နှင့် ဤကမ္ဘာပေါ်ဝယ် လူသားတို့၏ ပတ်ဝန်းကျင် အတွေ့အကြုံအရ ကြံစည်စိတ်ကူးထားသော၊ မိမိတို့စိတ်ကူးအရ ဖော်ထုတ်ထားသော ယုံကြည်မှု၊ ကိုးကွယ်မှုများ၊ ဝါဒများနှင့် ဘုရားအမျိုးမျိုးတို့သည် ပေါ်ထွန်းနေခဲ့ပြီဖြစ်သည်။ ထိုဝါဒ အမျိုးမျိုးကြားဝယ် ပေါ်ထွန်းခဲ့ရသော ဗုဒ္ဓသည် ထိုဝါဒရှင်တို့၏ ယှဉ်ပြိုင်မှု၊ တိုက်ခိုက်မှု

www.dhammaransi.com



တို့ကို ခံရသည်မှာ သဘာဝကျပါသည်။ မည်မျှပင် တိုက်ခိုက် ယှဉ်ပြိုင်ပါစေ အမှန်တရားသည် တစ်နေ့ အောင်မြင်စမြဲ ဆိုသည့်အတိုင်း ဗုဒ္ဓဂေါတမ၏ လောကနှင့် မဆန့်ကျင်သော လောကသဘာဝ အမှန်တရားတို့သည် ပေါ်လွင်ထင်ရှားလာပြီး လူသားအားလုံးအတွက် လိုက်နာကျင့်ကြံမည်ဆိုပါက ဒုက္ခ ပင်လယ်မှ လွတ်မြောက်ရေး အမှန်တရားများ ဖြစ်လာပါသည်။

ယနေ့ မြန်မာနိုင်ငံတွင် ထိုဂေါတမဘုရားရှင်၏ သုတ်၊ ဝိနည်း၊ အဘိဓမ္မာဟူသော ဓမ္မက္ခန္ဓာတရားတို့သည် ထွန်းကား တည်ရှိနေပါသည်။ အခြားဘာသာအယူဝါဒ အမျိုးမျိုးတို့က လည်း ထိုးဖောက်ဝင်ရောက်နေခဲ့ပါသည်။

ထိုဝါဒပြိုင်ပွဲ ကြားကာလဝယ် ဗုဒ္ဓဘာသာဝင်တို့သည် ဗုဒ္ဓ၏တရားကို သေချာဂန ကျနစွာ မလေ့လာနိုင်၊ မသိရှိနိုင် ကြပါ။ အကြောင်းသည်ကား ထိုဗုဒ္ဓ၏တရားတော်တို့သည် ဗုဒ္ဓ ဘာသာဝင်တို့ လက်လှမ်းမမီသော ပါဠိဘာသာဖြင့် ရှိနေသော ကြောင့် ဖြစ်ပါသည်။

မြန်မာဗုဒ္ဓဘာသာဝင်များ အပါအဝင် ကမ္ဘာ့လူသားများ ဗုဒ္ဓဂေါတမ၏ တရားအရသာကို ခံစားနိုင်ရန်ကိစ္စ၌ ပါဠိဘာသာ ဟူသော မြင့်မောက်သော တောင်ကြီးတစ်ဘက်၌ တည်ရှိနေ သကဲ့သို့ ဖြစ်နေရပါသည်။

သန့်ရှင်းလှယ်ကူ၍ အဓိပ္ပာယ်တိကျသေချာလှသော ပါဠိ ဘာသာသည် ပါဠိဘာသာစာပေကို မတတ်သူတို့အဖို့ မြင့်မောက် သော တောင်ကြီးပမာ အတားအဆီးဖြစ်၍ နေပါသည်။

www.dhammaransi.com



ပါဠိဘာသာစာပေ တတ်သူတို့အဖို့မှာမူကား ထိုဗုဒ္ဓဝါဒမ၏ တရားအနှစ်သာရကို သိ၍ ကိုယ်တိုင်လည်း ခံစားနိုင်သည်၊ သူတစ်ပါးကိုလည်း ဖြန့်ဝေပေးနိုင်ကြပါသည်။

ပါဠိဘာသာစာပေကို မတတ်ကြသော ယနေ့ ဗုဒ္ဓဘာသာဝင်တို့သည် ဗုဒ္ဓဝါဒကို ဖော်ပြထားသော ပိဋကတ်တော်များကို မလေ့လာ၊ မသုံးသပ်နိုင်ကြသဖြင့် မိမိတို့ကိုယ်တိုင် ဗုဒ္ဓဝါဒကို ပြည့်စုံအောင် မသိနိုင်ကြရုံ သာမက လောကသဘာဝအတိုင်း သိပ္ပံပညာတိုးတက်နေသော ယနေ့ခေတ်ကာလဝယ် ရှေ့သို့တိုးတက်လျက် ကြိုးစားနေကြသော လူငယ်နှင့် ကမ္ဘာလူသားတို့အတွက် ဗုဒ္ဓဝါဒနှင့်ပတ်သက်၍ ကျေနပ်လောက်အောင် ဝေဖန်ဖြေရှင်း၍ မပြနိုင်တော့ပါ။

မိမိတို့ မိရိုးဖလာ ဗုဒ္ဓဘာသာဝင်ပီပီ ဗုဒ္ဓဝါဒကို စွဲမြဲစွာယုံကြည်ပြီး ဖြစ်သည့်အတိုင်း ဗုဒ္ဓကျမ်းစာများကို လက်လှမ်းမီသမျှ လေ့လာဖတ်ရှုခြင်း၊ တရားနာခြင်း စသည်ဖြင့် ဗုဒ္ဓဘာသာဝင် အရိပ်နိမိတ်လောက်အဆင့်သာ ရှိနေကြရပါသည်။

ယနေ့ ခေတ်မီတိုးတက်နေသော အင်တာနက်ဆက်သွယ်ရေးခေတ်ကြီးတွင် ရှုပ်ထွေးသောဝါဒအမျိုးမျိုးတို့သည် ရောယှက်ထွေးရှုပ်လာပါသည်။ ထိုဝါဒတို့၏အကြားဝယ် မွေးဖွားလာခဲ့ကြသော ယနေ့လူငယ်တို့သည်ကား ဗုဒ္ဓဝါဒနှင့် အခြားဝါဒတို့ကို နှိုင်းယှဉ်ရာ၌ မိမိတို့ မိရိုးဖလာ လက်ခံထားသော ဗုဒ္ဓဘာသာ၏ အနှစ်သာရကို မသိမြင်ကြသဖြင့် ကိုယ် ယုံကြည်ကိုးကွယ်ထားသော ဗုဒ္ဓဘာသာနှင့် ဝါဒအပေါ်၌ လေးစားမှု အားနည်းလာကြ

www.dhammaransi.com



သလို ဟိုဝါဒကောင်းနိုးနိုး၊ ဒီဝါဒကောင်းနိုးနိုး ဖြစ်ပေါ်ခံစား လာကြရပါသည်။

လူသားနှင့်ဝါဒသည် မြေကြီးနှင့် မြေဇာမြက်ကဲ့သို့ မကင်းနိုင်သောအချက် ဖြစ်သည့်အတိုင်း ဗုဒ္ဓဝါဒ မှေးမှိန်လာသည်နှင့် တစ်ပြိုင်နက်တည်း အစားထိုး အခြားဝါဒတစ်ခုခုက ထွန်းကားလာပြီး ထိုဝါဒကို လက်ခံယုံကြည်ကြမည်ကား ဧကန်မုချဖြစ်ပါသည်။

ထိုလောကသဘာဝကို ဖော်ထုတ်လမ်းညွှန်ပြသသော ဗုဒ္ဓဝါဒကို မပေးပေး မလိုက်စား မသိနိုင်ကြ၍ ထိုဗုဒ္ဓဝါဒ မှေးမှိန်သွားလျှင် ဗုဒ္ဓဝါဒကျမ်းလာ တရားများလည်း တစ်စတစ်စ ပျောက်ကွယ်သွားမည်။ ထိုအခါ တရားသဖြင့် ငြိမ်းချမ်းသော ဘုရားကြီး၏ ပျက်စီးမှု စတင်လာခြင်းဖြစ်ကြောင်း သိသာပါသည်။

ဗုဒ္ဓဓမ္မဝါဒ အဆုံးအမတို့သည် ကမ္ဘာ့လူသားများအတွက် လောကီကောင်းကျိုး၊ လောကုတ္တရာကောင်းကျိုးအတွက် အမှန်ပါဝင် အကျိုးပြုသော တရားများဖြစ်သည်ကို ကမ္ဘာ့လူသားတို့ သိရှိနားလည်အောင် လုပ်ပေးရန် လိုအပ်သလို ဗုဒ္ဓဘာသာကိုးကွယ်နေသော ဗုဒ္ဓဘာသာဝင်များ အထူးသိရှိနားလည်ရန် လိုအပ်ပါသည်။

သို့မှသာ ဝါဒအမျိုးမျိုးကြားဝယ် ဘယ်ဝါဒ ဘယ်လို၊ ဘယ်ဝါဒ လောကသဘာဝနှင့် ညီ မညီသည် သိပ္ပံပညာနှင့် ကိုက်ညီသည် မကိုက်ညီသည်ကို ဝေဖန်ဆန်းစစ်နိုင်ပြီး လောက

သဘာဝ အမှန်တရားကို လက်ခံနိုင်ကြမည် ဖြစ်ပါသည်။

ဗုဒ္ဓပွင့်ထွန်းစဉ်က ဗုဒ္ဓကို ဝါဒအမျိုးမျိုးဖြင့် ယှဉ်ပြိုင်လာသောသူများ၊ ငြင်းခုံလာသူများ၊ လောကသဘာဝပြဿနာ မေးမြန်းသူများ မျိုးစုံပေါ်ထွန်းခဲ့သလို ယနေ့ ခေတ်မီတိုးတက်နေသော ကမ္ဘာရွာ၌ ဘာသာအသီးသီးတို့၏ ဝါဒယှဉ်ပြိုင်မှုများ၊ ဆန်းစစ်ချက်များ၊ သုံးသပ်ချက်များ၊ ဝေဖန်မှုများ ပေါ်လာမည်မှာ ဓမ္မတာ သဘာဝဖြစ်ပါသည်။

ထိုသည်ကို ယနေ့ဗုဒ္ဓဘာသာဝင်များနှင့် ခေတ်နှင့်ယှဉ်၍ လိုက်နေကြသော လူငယ်လူရွယ်များ ဗုဒ္ဓ၏ လောကသဘာဝ အမြင်မှန်ကို သိထားကြရန် လိုအပ်ပါသည်။

ထိုသည်ကိုရည်၍ စာရေးသူသည် ဤမည်သော **ဗုဒ္ဓနှင့် တက္ကတွန်းတို့၏ လောကသဘာဝပြဿနာများ ဆွေးနွေးမှု** ဟူသော စာအုပ်ကို ပိဋကတ်တော်များမှ ထုတ်နုတ်၍ တင်ပြ ရေးသားအပ်ပါသည်။

ဗုဒ္ဓနှင့် တက္ကတွန်းတို့၏ ဝါဒပြိုင်မှုသည် တကယ်တမ်း ဆိုလျှင် လောကသဘာဝ အမှန်တရားများကို မိမိတို့ လေ့လာ လက်ခံထားသည့် အတိုင်းအတာကို တင်ပြခြင်း၊ ဆွေးနွေးခြင်း၊ ယှဉ်ပြိုင်ခြင်းသာ ဖြစ်ကြပါသည်။ ထိုသို့ယှဉ်ပြိုင်ကြရင် လောက သဘာဝ အမှန်တရားကို ရရှိသွားပုံကို သိစေလိုခြင်း ဖြစ်ပါသည်။

ဤစာအုပ်သည် ယနေ့သိပ္ပံပညာနှင့် အင်တာနက်ခေတ် ကမ္ဘာရွာ၌ ကမ္ဘာ့လူသားတို့အတွက် အမှန်တရားရှာဖွေမှု၊ ဝါဒ ပြိုင်မှုသည် ယနေ့ ယခုမှ ရှိသည်မဟုတ်၊ ရှေးလွန်ခဲ့သော

www.dhammaransi.com



နှစ်ပေါင်း (၂၅၀၀)ကျော်ကလည်း ရှိခဲ့သည်ဟူသော သမိုင်းစဉ်ကို သိစေသလို ထိုနှစ်ပေါင်း (၂၅၀၀)ကျော်က ဆွေးနွေးခဲ့ကြ၊ ပြိုင်ခဲ့ကြသည်ကို ဖော်ထုတ်ပြသခဲ့သော ဗုဒ္ဓ၏ဝါဒများ သည် ကမ္ဘာရွာ၊ ကမ္ဘာ့လူသားအတွက် ယနေ့ထိ မှန်ကန်သော လောက သဘာဝတရားများ၊ ဆန်းစစ်ခံနိုင်သော လောကသဘာဝတရား များ၊ တကယ်ကျင့်ကြံလျှင် လောကုတ်၊ လောကီ တကယ်အကျိုး ရှိစေနိုင်သော တရားများဖြစ်ကြောင်း သိစေလိုခြင်းဖြစ်ပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း ရှိစေရန် ပြုစုစောင့်ရှောက်ပေးသော ဇနီး သည် ဒေါ်တင်အေးနှင့် ပါဠိအဋ္ဌကထာ ဋီကာ ဘာသာပြန် စာအုပ်များ ငှားရမ်းကူညီကြသော မြွှမိတ်ဆွေများ၊ ကွန်ပျူတာ ရိုက်ပေး၊ စိစစ်ပေးသော သမီးလတ် မခင်သူဇာ (စီးပွားစီမံ)နှင့် သုတ်ဝေသူ စန်းလေးဟောတာစာပေကိုက်မှ ဦးခင်မောင်ဦးတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းပြုအပ်ပါသည်။

ဦးကိုကိုမြိုင်
အမှတ် ၈/၅၅၊ သုနန္ဒာ ၃-လမ်း
(၈)ရပ်ကွက်၊ မြောက်ဥက္ကလာပ
ဖုန်း - ၅၃၀၃၂၄

မဟာသဒ္ဓမ္မဇောတိကဓဇ
တက္ကသိုလ်သျှင်သီရိ
(မြွှာစရိယ၊ ဘီအေ)

www.dhammaransi.com

# အခန်း ( ၁ )

# လူသားများ၏ အသိဉာဏ်နှင့် ကိုးကွယ်မှုအဆင့်ဆင့်

## ရှေးဦးလူသားတို့၏ အသိဉာဏ်နှင့် ယုံကြည်ကိုးကွယ်မှု

လူသားသမိုင်း၏ အရုဏ်ဦးကာလသည် ကြမ်းတမ်းခက်ထန်သော ဘဝခရီးကို ဖြတ်သန်းခဲ့ကြရသည်ဟု သမိုင်းသုတေသီတို့က ဆိုကြပါသည်။

လူသားသည် သမိုင်းဦးအစက သဘာဝအလျောက် ဖြစ်ပေါ်နေသော အသီး၊ အနှံ၊ အရွက်၊ အမြစ်၊ ဥ စသည်တို့ကို လှည့်လည်ရှာဖွေ စားသောက်နေခဲ့ကြ၏။ လူသား၏ဘဝ ရှင်သန်ရပ်တည်ရေးသည် သဘာဝအစားအစာများ အပေါ်၌သာ တည်မှီနေသည်။

ယင်းသဘာဝ စားပင်၊ သောက်ပင်များသည်လည်း သဘာဝ ရာသီဥတုအပေါ် မှီ၍သာ ဖြစ်ပေါ်နေရသဖြင့် အပူ အအေး ရာသီဥတု ဖောက်ပြန်မှုရှိလာက ထိုအသီးအနှံများသည်လည်း

www.dhammaransi.com



ပျက်စီးကြရပါသည်။

ခေတ်ဦးလူသားသည် စားသုံးပင်များ ဖြစ်ထွန်းပေါ်များစဉ်ကပင် အစားအစာ လှည့်လည်ရှာဖွေရာ၌ သားစားသတ္တဝါတို့၏ စားကြွင်း စားကျန်များကို တွေ့ကြရမည်ဖြစ်သော်လည်း အသီးအနှံ ပေါများသောကြောင့် ထိုအသားကို စားရမှန်း မသိခဲ့ကြပေ။

အသီးအနှံ ရှားပါးလာသောအခါ သားစားသတ္တဝါများ၏ မပုပ်မသိုးသေးသော အသားများကို စားလာကြရင်း ခံတွင်းတွေ့လာသောအခါ အသားကို ရရှိရေးအတွက် မိမိလက်လှမ်းမီရာ သတ္တဝါများကို ဖမ်းဆီးသတ်ဖြတ် စားသောက်လာကြသည်။

လူသားသည် အမဲလိုက်ရာ၌ သားကောင်ကို မိမိ၏ ပကတိခြေလက်တို့ဖြင့် မရနိုင်၊ ပစ်ရမည်၊ ခုတ်ရမည်၊ ရိုက်ရမည်၊ ပုတ်ရမည်။ ထိုသို့ ပြုလုပ်နိုင်ရေးအတွက် သဘာဝအလျောက်ဖြစ်ပေါ်နေသော ကျောက်တုံး၊ သစ် စသော အရာဝတ္ထုများကို သုံးစွဲကြရပါမည်။

ထိုသို့ ကိုင်တွယ်သုံးစွဲနိုင်ဖို့အတွက် ကိုယ်လက်လှုပ်ရှားလေ့ကျင့်မှုများ ရှိလာသဖြင့် ကိုယ်ကာယ ထွားကျိုင်းပြီး အားခွန်ဗလ ကောင်းကြပေသည်။

ထို့ကြောင့် လူသား၏ သမိုင်းဦးကာလသည် ကိုယ်ခန္ဓာဖွံ့ဖြိုးခိုင်မာသည်ဟု ဆိုရပါမည်။ သို့သော် အသိဉာဏ်မှာမူ သူငယ်နှပ်စားသာသာ ဘဝမျှသာ ရှိသေးဦးမည်ဟု ဆိုရပါမည်။

လူသား၏ ကိုယ်ခန္ဓာနှင့် အသိဉာဏ်ဖွံ့ဖြိုးမှုသည် မတူပါ။

www.dhammaransi.com



အစာစားပုံချင်းလည်း ခြားနားပါသည်။ ကိုယ်ခန္ဓာက အာဟာရ ကြွယ်ဝသော ကိုက်ခဲ၊ ဝါးမျိုရသော အစားအစာများကို စားရေသဖြင့် ရက်ပိုင်း လပိုင်းအတွင်း အာဟာရ၏အစွမ်းက ပြပြီး ဖွံ့ဖြိုးကြီးထွားလာသည်။ ကိုယ်ခန္ဓာ တောင့်တင်းခိုင်မာလာရပါသည်။

အသိဉာဏ်ကား ထိုသို့မဟုတ်ပါ။ ကိုယ့်ခန္ဓာနှင့်မတူ။ ခန္ဓာကိုယ်စားသော ကဗဠီကာရာဟာရကို ကျွေး၍မရနိုင်။ အသိဉာဏ်ရဖို့သည် အတွေ့အကြုံကို ကောင်းစွာရမှ ရနိုင်ပေသည်။ အတွေ့အကြုံရလာ၍ အားရှိသော အသိဉာဏ်သည် တွေးခေါ်ပေးရသည်၊ မြော်မြင်ပေးရသည်၊ ကြံစည်ပေးရသည်။

ထိုသို့ တွေးခေါ်မြော်မြင် ကြံစည်သော လှုပ်ရှားမှုရှိမှ အားရှိသော အသိဉာဏ်သည် ကြံ့ခိုင်လာ၏၊ တောင့်တင်းလာ၏၊ သန်စွမ်းလာ၏။ အသိဉာဏ်အားကောင်းရန်၊ သန်မာတောင့်တင်း ကြံ့ခိုင်ရန်အတွက် ခန္ဓာကိုယ်ကဲ့သို့မဟုတ်။ ရက်ပိုင်း၊ လပိုင်း၊ နှစ်ပိုင်းနှင့် မဖြစ်ပါ။ မျိုးဆက် တစ်ဆက်မှသည် မျိုးဆက် နှစ်ဆက် သုံးဆက် စသည် လက်ဆင့်ကမ်း ယူရပါသည်။ လူမျိုးဆက် ရင့်လာလေလေ အတွေ့အကြုံအားကောင်း သန်စွမ်းရင့်ကျက်လာလေ ဖြစ်ပါသည်။

လူသား၏ဘဝသည် သက်တမ်းမည်မျှ ရှည်သနည်း။ ဤမြေကမ္ဘာတွင် လူသားမဆိတ်သုဉ်းသေးသမျှ သို့မဟုတ် ဤကမ္ဘာမြေ မပျက်သုဉ်းသေးသမျှ လူသက်တမ်း ရှည်ပါသည်။ လူ့ဘဝသက်တမ်း ရင့်လာလေလေ အသိဉာဏ်လည်း ရင့်ကျက်

www.dhammaransi.com



ပိုလာလေ ဖြစ်ပါသည်။

ဤလူသားကမ္ဘာသည် ကျောက်ခေတ်မှသည် မျက်မှောက်ခေတ် ကွန်ပျူတာခေတ်၊ အဏုမြူခေတ်သို့တိုင် ရောက်ရှိလာခြင်းက သက်သေပြလျက် ရှိပါသည်။

လူသားသည် သူ၏အတွေ့အကြုံကို မှတ်သားမိရုံမျှသာ မဟုတ်သေး၊ သူတတ်စွမ်းသမျှ တွေးခေါ်ကြည့်၏၊ ကြံစည်ကြည့်၏၊ ဆင်ခြင်ကြည့်၏။ သူ၏ ဆင်ခြင်စဉ်းစား တွေးခေါ်ကြံဆမှုသည် သူ၏ဘဝ ရှင်သန်ရပ်တည်ရေးနှင့် ဆက်စပ်လျက် ရှိပါသည်။

နေတွင်လည်းကောင်း၊ မီးတွင်လည်းကောင်း၊ မိုးတွင်လည်းကောင်း၊ လေတွင်လည်းကောင်း၊ မြစ်ချောင်းများတွင်လည်းကောင်း၊ ကြီးကျယ်သော သစ်ပင်ကြီးများတွင် လည်းကောင်း၊ တောင်များတွင်လည်းကောင်း၊ မြေကြီးတွင် လည်းကောင်း လူသား၌ မရှိသော အစွမ်းများ၊ တန်ခိုးများ ရှိသည်ဟု ရှေးဦးလူသားတို့ တွေးခေါ်ယုံကြည် ခံယူခဲ့ကြသည်။

နေ ပြင်းစွာပူခြင်း၊ မီး ကြီးမားလောင်ခြင်း၊ လေပြင်းလေကြမ်းများ တိုက်ခတ်ခြင်း၊ မိုးကြီး သည်းထန်စွာ ရွာသွန်းခြင်း၊ မြေငလျင် လှုပ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်လက်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း စသည်တို့သည် ထိုတန်ခိုးရှင်များက မကျေမနပ်ဖြစ်ကာ ဒေါသဖြစ်ခြင်းကြောင့် လူသားတို့ အကျိုးစီးပွား ပျက်စီးရာ ပျက်စီးကြောင်း ပြစ်ဒဏ်ချမှတ်ခြင်း ဖြစ်သည်ဟု ယုံကြည်တွေးခေါ် လက်ခံခဲ့ကြသည်။

www.dhammaransi.com



တစ်ဖန် လူသား၏သဘာဝသည် အကျိုးစီးပွား ဖြစ်ထွန်းစေမှုကို ပေးသော သဘာဝ အခြင်းအရာများကိုသာ သဘောကျနှစ်သက်လေ့ရှိသည်၊ ခံမင် စွဲလမ်းလေ့ရှိပါသည်။ လူ့အကျိုးစီးပွားကို ထိခိုက် ပျက်စီးစေသော၊ လူသားကို ကျေနပ်နှစ်သက်မှု မဖြစ်စေသော သဘာဝ အခြင်းအရာများကို သဘောကျလေ့မရှိ။ ထိုအရာများကိုလည်း ကြောက်ရွံ့ ထိတ်လန့်လေ့ရှိပါသည်။

သို့သော် လိုလားနှစ်သက်မှုကို ဖြစ်စေသော သဘာဝ အခြင်းအရာများကိုလည်း နားမလည်၊ မလိုလား။ မနှစ်သက်မှုကို ဖြစ်စေသော သဘာဝ အခြင်းအရာများကို မသိရှိကြသောကြောင့် အလိုရှိအပ် နှစ်သက်အပ်သော အရာကို အလိုရှိတိုင်း ရအောင် ဖြစ် မဖြစ်၊ ဖန်တီး၍ ရ မရ မသိရှိခဲ့ကြပါ။

ထိုသို့ မသိပင် မသိသော်လည်း အလိုရှိအပ်၊ နှစ်သက်အပ်သော အရာတို့ကို ရချင် ယူချင် ဖြစ်ချေ၏။ စွဲလမ်း၍ တတမ်းတတ ရှိနေတတ်ကြပါသည်။ မျှော်လင့်လင့် ထားရှိကြလေ့ ရှိပါသည်။ မလိုလား မနှစ်သက်သည်များကို စိမ်းစိမ်းကားကား လွှဲဖယ်၍ ခါးခါးသီးသီးပင် ငြင်းပယ်သောသဘာဝ ရှိပါသည်။ သို့သော် လူသားသည် မိမိဆန္ဒ ပြည့်စုံစွာ တည်ဆောက်မှုကို မရနိုင်ရှာကြပါ။

## စွမ်းအားတန်ခိုးရှင်ကို သက်ခံလာခြင်း

လူသားသည် မိမိအလိုရှိအပ် အလိုမရှိအပ်သည်တို့ကို မရနိုင်၍ တွေးတော ငေးမှိုင်ပြီး ဘဝကို အရှုံးပေးကြသော

www.dhammaransi.com



လေ့လည်း မရှိကြပါ။ လိုလျှင်ကြံဆ နည်းလမ်းရှာသော စကားကို လက်ကိုင်ထားကြကာ မိမိတို့ တွေ့ကြုံရရှိ သိရှိထားသော အသိဉာဏ်ကလေးနှင့်ပင် ကြံဆ တီထွင်ပြီး ကြိုးစားလုပ်ကိုင်ကြလေ့ ရှိကြပါသည်။

လူသား၏ မလျှော့သောစွဲလုံ့လတို့ဖြင့် ကြိုးစားအားထုတ်မှုများကြောင့်၊ ကြံဆတွေးတော လုပ်ကိုင်မှုများကြောင့် မိမိတို့ဘဝ တိုးတက်မှုကို ပေးနိုင်သော နည်းလမ်းများကို တစ်စ တစ်စ သဲလွန်စကို ဆွဲကိုင်မိသလို ရရှိလာခဲ့ကြပါသည်။

ရှေးဦးလူသားတို့သည် နေ၊ မီး၊ မိုး၊ လေ၊ မြေ၊ ကောင်းကင်၊ မြစ်၊ တော၊ တောင်များရှိ တန်ခိုးရှင်များက လူသား၏ အနေအထိုင် အလုပ်အကိုင် အကျင့်အကြံများအပေါ် ကျေနပ်မှုရှိက လူသားအလိုကျ ပြုလုပ်ပေးကြသည်၊ အလိုမကျ မကျေနပ်ပါက ဒေါသထွက် စိတ်ဆိုးပြီး လူသားအကျိုး ပျက်စီးအောင်၊ ဒုက္ခရောက်အောင်၊ ကြောက်ရွံ့တုန်လှုပ် ထိတ်လန့်အောင် ပြုလုပ်ကြသည်ဟု ယုံကြည်ခဲ့ကြသည်နှင့်အညီ မိမိတို့ လိုချင်တာကို ရနိုင်စေရန်၊ မိမိတို့ဖြစ်စေချင်တာကို ဖြစ်စေနိုင်ရန် တန်ခိုးရှင်များ ကျေနပ်သဘောကျအောင် နေထိုင်ပြုမူ ကျင့်ကြံရန် လူသား၌ တာဝန်ရှိသည်ဟု ကြံဆတွေးခေါ်ပြီး ထိုပုဂ္ဂိုလ်များ ကျေနပ်နှစ်သက်အောင် ပြုလုပ်ဆောင်ရွက်ပေးရန်လည်း တာဝန်ရှိသည်ဟု စဉ်းစားတွေးခေါ်လာကြသည်။

ထို့ကြောင့် ထိုတန်ခိုးရှင်များ ဒေါသမထွက်အောင်၊ မိမိအပေါ်၌ အပြစ်မမြင်အောင် ပြုပြင်ထိန်းသိမ်းနေရမည် ဖြစ်သကဲ့

www.dhammaransi.com



သို့ တန်ခိုးရှင်ပုဂ္ဂိုလ်များကိုလည်း စားဦးစားဖျား စားကောင်း သောက်ဖွယ်များဖြင့် ပူဇော်ပသမှုများ ပြုပေးက သူတို့တစ်တွေ ခွင့်လွှတ်ပြီး ကျေနပ်နှစ်သက် လက်ခံလာလိမ့်မည်ဟု စဉ်းစား တွေးခေါ်လာခဲ့ကြသည်။ ယုံကြည်လက်ခံလာခဲ့ကြသည်။

ရှေးသမိုင်းဦးလူသားတို့သည် ဤအတွေးအကြံ၊ အသိဉာဏ် ဖြင့် သဘာဝတရားများ၏ ရှေ့မှောက်၌ ဒူးထောက် ဦးညွှတ်ခဲ့ ကြသည်။

ဤသို့ပြုလုပ်ခြင်းမှာလည်း လူသားသည် မိမိဘဝ ရှင်သန် ရပ်တည်နိုင်ရေးအတွက် တိုက်ရိုက်ပတ်သက်နေသောကြောင့် ပြုလုပ်ခဲ့ခြင်း ဖြစ်ပါသည်။ အမှန်မှာ သမိုင်းဦးလူသားသည် မိမိဘဝ ရှင်သန်ရပ်တည်နိုင်ရေးအတွက် သဘာဝတရားကို တန်ခိုးရှင်အဖြစ် ကြံဆတွေးတောပြီး တိုက်ရိုက် ကိုးကွယ် လိုက်ခြင်းပင် ဖြစ်ပါသည်။

သမိုင်းဦးလူသားသည် ထိုသို့ကိုးကွယ်မှုကို ပြုလုပ်ခဲ့ကြသော် လည်း သဘာဝ အခြင်းအရာများကြောင့်ပင် သဘာဝကို ကိုးကွယ်မှု ပြုသလော၊ သို့မဟုတ် မိမိ၏အတွေး အကြံအဆ ကြောင့်ပင် သဘာဝကို ကိုးကွယ်မှု ပြုသလောဟူသော ပြဿနာ ကိုမူ ခွဲခြားစွာ မသိပါချေ။

လူသားသည် နေ၊ မိုး၊ ရေ၊ လေ စသော သဘာဝ အခြင်းအရာများကို ကိုးကွယ်လိုက်သောကြောင့် ပူဇော်ပသလိုက် သောကြောင့်၊ သူတို့လိုသည်ကို ရစေ ဖြစ်စေ၍ သူတို့မလိုသည် တို့ကို မရစေ မဖြစ်စေအောင် ထိုသဘာဝ အခြင်းအရာများက

www.dhammaransi.com



တို့ပြန်ဆောင်ရွက်ပေးသည်၊ မပေးသည်ကို တတ်အပ်သေချာစွာ မသိခဲ့ကြပါ။

ထိုသို့မသိခဲ့ကြသော်လည်း သူတို့အပေါ်၌ တစ်စုံတစ်ခုသော အကျိုးသက်ရောက်မှုသည် ဖြစ်ပေါ်လာခဲ့ရပါတော့သည်။ လူသား၏စိတ်တွင် သဘာဝ အခြင်းအရာနှင့် ပတ်သက်၍ ကြိုက် မကြိုက်၊ လို မလို ဆိုသော ဝန်ထုပ်သည် တင်ရှိလာပါသည်။

ထိုဝန်ထုပ်သည် လူသား၏စိတ်သန္တာန်တွင် တဖြည်းဖြည်း ပို၍ ပို၍ ဖိစီးခံစားလာရပါတော့သည်။ ထိုဝန်ထုပ်၏ အပိကို အဖိကို လျော့ကျနည်းသွားအောင်၊ နောက်ဆုံးဖြစ်နိုင်လျှင် ဝန်ထုပ်တစ်ခုလုံး ကျသွားအောင်၊ ပျောက်ကွယ်သွားအောင် လူသားသည် ကြံဆ၍ ရန် နည်းလမ်းရှာလာကြပြန်ပါသည်။

လိုလျှင်ကြံဆ နည်းလမ်းရ ဆိုသော စကားအတိုင်း နည်းလမ်းကို ရှာဖွေတွေ့ရှိခဲ့ကြပါသည်။ ထိုသို့တွေ့ရှိကြရာတွင် သူ့ခေတ်၊ သူ့ပတ်ဝန်းကျင်၊ သူ့အသိဉာဏ်လောက်သာ ရှာဖွေတွေ့ရှိကြ၊ ဆင်ခြင်တွေးခေါ် ကြံဆကြပြီး ရရှိသော အတွေးအခေါ် အကြံအဆများပေါ်၌ အမှီပြုသော သဘာဝ၊ နေ၊ မိုး၊ လေ၊ တော တောင်သည်တို့ကို ပူဇော်ပသရေး ယုံကြည်ပြီး ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ကိုးကွယ်ခဲ့ ပူဇော်ခဲ့ကြောင်းကိုလည်း ဂေါတမဘုရား ပွင့်ထွန်းပေါ်ပေါက်လာသောအခါ ကမ္ဘာဦးလူသားများ မည်သည့်တရားကို ကိုးကွယ်ပူဇော်ကြပါသနည်းဟု အဂ္ဂိဒတ္တပုဏ္ဏား ပုရောဟိတ်ကြီးက ဗုဒ္ဓကို လျှောက်ထား၍ ဗုဒ္ဓက–

www.dhammaransi.com



"ဗဟုံဝေသရဏံယန္တိ ပဗ္ဗတာနိဝနာနိစ
အာရာမရုက္ခစေတျာနိ မရဿာ ဘယတဇ္ဇိကာ"
(အဂ္ဂိဒတ္တသုတ်၊ ဓမ္မပဒ၊ ၄-၃-၁၅၉)

"ဘေးအန္တရာယ်အမျိုးမျိုးနှင့် ခြိမ်းခြောက်ခံရသော သတ္တဝါများစွာတို့သည် ကိုးကွယ်ရာအမျိုးမျိုးကို ရှာခဲ့ကြသည်။ တော၊ တောင်၊ သစ်ပင်၊ ဥယျာဉ်များကို ကိုးကွယ်ကြသည်။ စေတီဆိုသော နတ်ကွန်းများကို ကိုးကွယ်ကြသည်"

ဟူ၍ ဟောကြားထားခဲ့သည်က ထင်ရှားသော အထောက်အထား ဖြစ်ပါသည်။

ထိုသို့ ကိုးကွယ်ပူဇော်မှုကို လက်ခံကျင့်သုံးလာသဖြင့် ကမ္ဘာဦးလူသားတို့၏ စိတ်ထဲဝယ် ထိုသဘာဝတရား အပူဇော်ခံ၊ အကိုးကွယ်ခံများထံမှ လက်ငင်းချက်ချင်း ကောင်းကျိုး ဆိုးကျိုးများ တုံ့ပြန်မှု ရ မရ၊ ရှိ မရှိကို အပထား၊ မိမိတို့၏ စိတ်သန္တာန်တွင် ရှိနေသော ဖိစီးခံစားနေရသော ခံစားမှုများ၊ ကြောက်လန့်မှုများ အတော်အတန် ပြေပျောက်သွားကြပါသည်။ ဤသည်မှာလည်း လူသား၏ တွေးခေါ်ကြံဆမှု အသိဉာဏ်အရ ဖြစ်ပေါ်လာသော စိတ်၏ပြေဖျောက်ရာ နည်းလမ်းတစ်ခုပင် ဖြစ်ပါသည်။

## နတ်နှင့် နတ်ဘုရားများကို လက်ခံလာခြင်း

လူသားသည် အာဟာရ အထောက်အပံ့ဖြင့် အသား၊ အသွေး၊ အရိုး၊ အကြောများ ကြီးထွားဖွံ့ဖြိုးလာပြီး လှုပ်ရှားမှု

www.dhammaransi.com



အလေ့အကျင့်ဖြင့် တောင့်တင်းခိုင်မာ သန်စွမ်းလာခဲ့သလို လူသား၏ အသိဉာဏ်များသည်လည်း ကျော်လွှားဖြတ်သန်းခဲ့ရသော လူသားဘဝ အစဉ်အဆက်မှ စုဆောင်းရရှိလာခဲ့သော အတွေ့အကြုံဟူသော အာဟာရ၏ အထောက်အပံ့ဖြင့် လူသားမျိုးဆက် တစ်ဆက်ထက်တစ်ဆက် ပို၍ ပို၍ ကြီးထွား ရင့်ကျက်လာခဲ့ကြရသည်။

ထိုကြီးထွားရင့်ကျက်လာခဲ့သော အသိဉာဏ်သည်လည်း တွေးခေါ် ကြံဆ ဆင်ခြင်သုံးသပ်သော လှုပ်ရှားမှု အလေ့အကျင့်ဖြင့် လူသားမျိုးဆက် တစ်ဆက်ထက် တစ်ဆက် ပို၍ ပို၍ ရင့်သန်ထက်မြက်လာခဲ့ပါသည်။

ထိုသို့ အသိဉာဏ်ထက်မြက်လာခဲ့သော လူသားသည် ရှေးဦး ကိုးကွယ်ပူဇော်ခဲ့သော နေ၊ မီး၊ ရေ၊ လေ သဘာဝများနှင့် အံဝင်ခွင်ကျ ဖြစ်မလာတော့သဖြင့် လမ်းရိုးဟောင်းတွင် ဆင့်ကာထွင် ဆိုသကဲ့သို့ တိုးချဲ့ ဆင်ခြင်လာခဲ့ကြသည်။

ဦးစွာပထမက သဘာဝ အခြင်းအရာများ၌ လူသား၌ မရှိသော အစွမ်းသတ္တိများ၊ တန်ခိုးများ ရှိကြသည်ဟု လူသားက ယုံကြည်ခဲ့ကြသော်လည်း ထိုထက် ပိုလွန်သော ဦးနှောက်အား သန်သန် အသိဉာဏ် ရင့်ရင့်ဖြင့် ဆင်ခြင်သုံးသပ်လာမိကြသောအခါ ယခင်က အမြင်နှင့် အယူအဆကို လက်ခံနိုင်ဖွယ် မရှိဟု ထင်မြင်လာကြသည်။

သဘာဝ အခြင်းအရာတွင်ရှိ အစွမ်းသတ္တိများ၊ တန်ခိုးစွမ်းအားများသည် သူတို့၏ ကိုယ်ပိုင်စွမ်းအား မဟုတ်။ ထိုသို့

www.dhammaransi.com



မဟုတ်၍ မိုးသည်းလျှင် သည်းမည်၊ လေထန်လျှင် ထန်မည်၊ ရေကြီးလျှင် ကြီးမည်၊ မီးတောင် ပေါက်လျှင် ပေါက်ကွဲမည်၊ မြေငလျင်လှုပ်ချင်လျှင် လှုပ်မည်။ ထိုသဘာဝ အခြင်းအရာများသည် တိတ်ဆိတ်လျှင်လည်း တိတ်ဆိတ်နေမည်၊ ညင်သာလျှင်လည်း ညင်သာနေမည်။

ထိုသို့ဖြစ်သောကြောင့် လူသားအပေါ် သဘောကျခြင်း မကျခြင်း၊ စိတ်ဆိုးခြင်း မဆိုးခြင်း၊ သဘောကောင်းခြင်း မကောင်းခြင်း စသည်တို့ သည် သဘာဝ အခြင်းအရာများ၏ လက်ချက်မဟုတ်။ ထိုအရာများ လူသားများအပေါ်၌ ဖြစ်စေမှု ဖြစ်ပေါ်မှုတို့သည် လူသားတို့၏ သာမန် မျက်စိဖြင့် မမြင်နိုင်သော စွမ်းအားရှင်၊ တန်ခိုးရှင်များ၏ ဖန်တီးပြုလုပ်မှုသာ ဖြစ်သည်။ ထိုစွမ်းအားရှင်၊ တန်ခိုးရှင် တစ်ဦးတစ်ယောက်တည်း မဟုတ်၊ တန်ခိုးစွမ်းအား အမျိုးမျိုးတို့ ရှိနေသဖြင့် တန်ခိုးစွမ်းအားရှင်လည်း အမျိုးမျိုးရှိပြီး သူတို့က မိမိတို့စွမ်းရည်ဆိုင်ရာ ပိုင်ရာ နိုင်ရာ သဘာဝ အခြင်းအရာများကို စေစားနိုင်ပေလိမ့်မည်။ သဘာဝ အခြင်းအရာများ၌ ကိုယ်ပိုင်အစွမ်း မရှိကြဘဲ ဆိုင်ရာ ပိုင်ရာ နိုင်ရာ တန်ခိုးရှင်များ၏ စေစား နိုင်မှုအရသာ သရုပ်ဖော်ဆောင်ရွက်နေကြရခြင်းဖြစ်သည်။ မီး၊ ရေ၊ လေ၊ တော၊ တောင် သမုဒ္ဒရာများ၌ ဆိုင်ရာ ပိုင်ရာ ကြီးစိုးအုပ်မိုး စေစားနေသော တန်ခိုးစွမ်းအားရှင်များ အသီးသီးရှိနေကြသည့်အတွက် သူတို့စေစားခိုင်းစေသမျှ သဘာဝတရားများက လိုက်လုပ်နေရသည်၊ သို့အတွက် သဘာဝတရားများကို ကိုးကွယ်ပူဇော်ခြင်းထက်

www.dhammaransi.com



ထိုစွမ်းအားရှင် တန်ခိုးရှင်များကို ပူဇော်ပသ ကိုးကွယ်ရခြင်းက ပိုမို ကောင်းမည်ဟု စဉ်းစားဆင်ခြင် တွေးခေါ်လာကြပြီး မိုးနတ်၊ လေနတ်၊ မိုးနတ်၊ မြေနတ်၊ တောင်နတ်၊ ကောင်းကင်နတ် စသည်တို့ကို အစားထိုးလာခဲ့ကြသည်။

ဤနတ်များ ဖြစ်ပေါ်လာမှုသည် လူသားများ၏ အသိဉာဏ် ရင့်ကျက်မှု ပြယုဂ်များပင် ဖြစ်ပါသည်။

လူသား၏ဘဝသည် တဖြည်းဖြည်း သက်တမ်းရလာပြီး ရင့်လာ သလို အတွေ့အကြုံလည်း များလာသည်။ ဦးနှောက် ဖွံ့ဖြိုးလာပြီး အသိဉာဏ်လည်း ရင့်ကျက်လာသည့်အလျောက် ယခင် ယုံကြည်ကိုးကွယ်မှု ပူဇော်မှုတို့ကို တရားသေ ဆုပ်ကိုင် တွယ်တာထားခြင်း မရှိတော့ချေ။ ရှေ့သို့တိုး၍ တိုး၍ ဆင်ခြင် တွေးခေါ်လာခဲ့ကြသည်။

လူသား၏သဘာဝသည် အကိက်ကာလကလည်း တွေးခေါ် ခဲ့သည်၊ ယခုပစ္စုပ္ပန်ကာလ၌လည်း တွေးခေါ်နေသည်၊ အနာဂတ် ကာလ၌လည်း တွေးခေါ်နေဦးမည်။ ဤသည်မှာ လူသား၏ သဘာဝ ဝါသနာဘာဂ ဖြစ်သည်။

လူသား၏ အတွေးအခေါ် အယူအဆသည် ရေကန်ကဲ့သို့ တည်ငြိမ် နေသည် မဟုတ်ပါ။ တသွင်သွင် တဒီးဒီး စီးဆင်း နေသော မြစ်ချောင်းများကဲ့သို့ အဆက်မပြတ် စီးဆင်းလှုပ်ရှား နေပါသည်။

ထိုသို့ တိုးတက်သော တွေးခေါ်မှုများ အဆင့်ဆင့်ဖြစ်ပေါ် လာသဖြင့်

www.dhammaransi.com



- အစားအစာ လှည့်လည်ရှာဖွေ စားသောက် အသက်မွေးဝမ်းကျောင်းရသော ဘဝ
- ရိုင်းစိုင်းကြမ်းတမ်းသော အမဲသားကောင်လိုက်သော ဘဝ
- စိုက်ပျိုးမွေးမြူရေး လုပ်ကိုင်နေထိုင်ရသော ဘဝ
- ဂူနေဘဝမှ မြို့ပြအိမ်ရာ တည်ထောင်နေရသော ဘဝ
- အိမ်ရာစုပေါင်းနေရာမှ ရွာ၊ မြို့ပြ တည်ထောင်နေသော ဘဝ

စသည်ဖြင့် လူသား၏ဘဝများ တစ်စ တစ်စ တိုးတက်လာခဲ့သည်။

ထိုသို့ တိုးတက်လာခဲ့သဖြင့် လူသား၏ အသိဉာဏ်များသည် ရင့်ကျက်သည်ထက် ပို၍ရင့်ကျက်လာခဲ့သဖြင့် လူသား၏ စားဝတ်နေရေးဆိုင်ရာများ အဆင့်မြင့်တိုးတက်လာခဲ့သလို ယုံကြည်ကိုးကွယ်မှုများသည်လည်း တိုးတက်လာခဲ့ရပြန်ပါသည်။

သဘာဝအခြင်းအရာတို့ကို ပိုင်စိုးနေသော တန်ခိုးရှင်နတ်များသည် အကောင်း အဆိုး တာဝန်နှစ်ရပ်ကို တစ်ပြိုင်တည်း တစ်ဦးတည်းက ထမ်းဆောင်နေသည် မဟုတ်၊ သဘာဝလည်း မကျ၊ သင့်လည်းမသင့်လျော်ဟူ၍ လူသားက တိုးတက်သော အသိဉာဏ်ဖြင့် ဆင်ခြင်လာပြန်သည်။

ထိုသို့ဆင်ခြင်ပြီး လူသားအပါအဝင်ဖြစ်သော သတ္တလောကနှင့်တကွ ကမ္ဘာလောကကြီးတစ်ခုလုံး တိုးတက်ရေး၊ ကောင်းစားကြီးပွားရေး၊ စိုပြည်သာယာ ငြိမ်းချမ်းရေး စသော အပြုသဘောဆောင်သော သမ္မာဒေဝ နတ်ကောင်း နတ်မြတ်များနှင့်

www.dhammaransi.com



တလောကလုံးကို ဆင်းရဲရောက်ရေး၊ ပြုကွဲပျက်စီးရေး စသည့် အဖျက်လုပ်ငန်းကို လုပ်ကြသော နတ်ဆိုး နတ်မိစ္ဆာများ၊ ထိုနတ်တို့ကို ကြီးစိုးအုပ်စိုးသော နတ်ဘုရားများ ရှိမည်ဟု စဉ်းစားဆင်ခြင် တွေးခေါ်လက်ခံလာကြပြန်ပါသည်။ ထိုနတ်ကောင်း နတ်ဆိုးများ၊ နတ်ဘုရားများကို တစ်ဆင့်တက်၍ ကိုးကွယ်ပူဇော်ပသမှုများ ပြုလုပ်လာကြပြန်ပါသည်။

## ဝိညာဉ်ကို လက်ခံလာခြင်း

တစ်ဖန် လူသားသည် သဘာဝ ရုပ်လောက၏ တိုးတက်မှု၊ ဖွံ့ဖြိုးမှု၊ သာယာမှု၊ ငြိမ်းချမ်းမှုတို့ကို ရှာဖွေလုပ်ကိုင်လာကြရင်း အသိဉာဏ် ပိုမို ရင့်ကျက်လာသောအခါ ပတ်ဝန်းကျင်နယ်ပယ် စဉ်းစားဆင်ခြင် တွေးခေါ်မှုအပြင် မိမိ၏ စိတ်သဘာဝ (စိတ္တဇ) တွေးခေါ် ဆင်ခြင်မှုများပါ ဆင်ခြင်လာကြသည်။ အသိဉာဏ်ကို စေစားလာခဲ့ပြန်သည်။ သို့အတွက် အတွေးလောက စိတ္တဇ နယ်ပယ် ကျယ်ပြန့်ခဲ့ရုံမျှမက နက်လည်းနက်ရှိုင်းလာခဲ့ကြသည်။

လူသားသည် သေမှုနှင့် သေသည်၏ အခြားမဲ့၌ဖြစ်မှု သဘာဝကိုလည်း စဉ်းစားတွေးခေါ် ဆင်ခြင်လာကြပြန်ပါသည်။ ထိုသို့ စဉ်းစားလာရာမှ သေသည်၏အခြားမဲ့၌ ဝိညာဉ်ရှိမှု အတွေးအခေါ် အယူအဆကို လက်ခံလာကြသည်။

ဝိညာဉ်သည် လူ၏ခန္ဓာတွင် ရှိသည်၊ ထိုဝိညာဉ်သည် ရုပ်ခန္ဓာ အမျိုးမျိုး၌ ကိန်းအောင်းကာ သဏ္ဌာန်အမျိုးမျိုးကို ဆောင်နေသည်၊ ထိုဝိညာဉ်သည် မပြောင်းလဲ၊ ထာဝရတည်ရှိ

www.dhammaransi.com
သုတေသနစာကြည့်တိုက်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန


နေသည်၊ ဤဘဝမှ ရွေ့သွား သေသွားသော် နောက်ဘဝတွင် ဝိညာဉ်သည် ဆက်လက်ရပ်တည်လျက် ရှိနေသောကြောင့် ထိုဝိညာဉ် နောက်ဘဝတွင် ချမ်းသာစွာ နေနိုင်ရေးအတွက် ယခုဘဝက သူ၏ပိုင်ဆိုင်မှု အသုံးအဆောင်ပစ္စည်းများကို ထည့်ပေးရမည်ဟု လက်ခံကာ ထိုပုဂ္ဂိုလ်တစ်ဦးဦး သေဆုံးက ထိုသေဆုံးသူနှင့်အတူ အသုံးအဆောင်များ ထည့်ပေးသော အယူအဆကို လက်ခံလာကြသည်။ သေသူကို ပူဇော်ပသ၊ ကျွေးမွေးသော အယူအဆများ လက်ခံကျင့်သုံးလာခဲ့ကြပြန်ပါသည်။

ဝိညာဉ်သည် မပြောင်းလဲ၊ အမြဲရပ်တည်သည်ဟု လက်ခံခဲ့ကြပြီး ဝေဒခေတ်တွင် အတ္တဟူ၍ အမည်တွင်ကာ ယနေ့ခေတ်အထိ လက်ခံ ကျင့်သုံးသူများ ရှိနေပါသည်။

သေသည်၏အခြားမဲ့ သဘောနှင့် သဘာဝဆိုင်ရာ အတွေးအခေါ်၊ ယုံကြည်မှု၊ ဝိညာဉ်အယူအဆနှင့် ယုံကြည်ကိုးကွယ်မှုတို့သည် အပေါ်ယံလက္ခဏာအားဖြင့် အပြောင်းအလဲ ခြားနားမှု ရှိပင်ရှိငြားသော်လည်း အနှစ် သာရ သဘောအားဖြင့် ပြောင်းလဲမှု မရှိပါ။

လူသားဘဝ၊ ထိုလူသားဘဝနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်သော ထာဝရတည်မြဲမှုဟူသော အတွေးအခေါ် အယူအဆနှင့် ထိုအပေါ် ယုံကြည်ကိုးကွယ်မှုများသည် လူသား၏ဘဝ ရှင်သန်လိုမှု၊ အလိုဆန္ဒ ကြီးမှုနှင့် ဘဝတပ်မက်မှု လွန်ကဲလာသောကြောင့် ဖြစ်ပေါ်လာရသော အယူအဆနှင့် ယုံကြည်ကိုးကွယ်မှုပင် ဖြစ်ပါသည်။

www.dhammaransi.com



## ထာဝရတည်မြဲမှု (အတ္တ)ကို လက်ခံလာခြင်း

လူသားသည် ဝိညာဉ်(အတ္တ) ဖြစ်ပေါ်မှုကို လက်ခံယုံကြည်ပြီး ထိုဝိညာဉ်(အတ္တ) ထာဝရတည်မြဲမှုကို ကြံဆတွေးတောလာကြပြန်ပါသည်။ ထာဝရတည်ရှိမှုကို နှစ်သက်စွဲလမ်းလာကြ၏။ လိုလားတမ်းတလာကြသည်။ လူသား၏ နောက်ဆုံးပန်းတိုင် ရပ်တည်ရာသည် ထာဝရဖြစ်လာပြီး ထိုထာဝရရောက်ရှိရေးအတွက် နည်းအမျိုးမျိုး ဟန်အသွယ်သွယ်ကို တွေးခေါ်ကြံဆ ဆင်ခြင်လာကြပြန်ပါသည်။

ထာဝရသည် အမှန် သန့်ရှင်းစင်ကြယ်၏၊ အတ္တဖြစ်၏၊ ဗြဟ္မာ ဖြစ်၏။ လူသား၏ အတ္တများမှာ မသန့်ရှင်း မစင်ကြယ် အညစ်အကြေး ပေကြံ နောက်ကျ ထူပြောနေ၏။

ထို့ကြောင့် လူသားသည် အညစ်အကြေးများကို ဆေးကြောရမည်၊ လျှော်ဖွပ်သန့်ရှင်းပစ်ရမည်ဟု ခံယူလာသည်။

လူသားတွင် ကပ်ငြိနေသော အညစ်အကြေးသည် သာမန်မဟုတ်၊ ဘဝအဆက်ဆက်က ပေလာသော အညစ်အကြေးဖြစ်၍ ထုတက် ချိုးကပ်နေပြီဖြစ်သောကြောင့် ထိုအညစ်အကြေးများကို စင်ကြယ်သွားစေရန် နာနာပြင်းပြင်း တိုက်ချွတ်ပစ်ရမည်၊ တူးဆွထိုးခွာပြီး ဆေးကြောပစ်ရမည်ဟု ယုံကြည်လက်ခံလာကြသည်။

ထာဝရသို့ရောက်နိုင်သော အကြောင်းရင်းနှင့် မရောက်နိုင်သော အကြောင်းရင်းတို့ကို တွေးခေါ်ကြံဆလာရာမှ ထိုအညစ်အကြေးသဘောကို မြင်လာကြပြီ၊ မိမိတို့သည် ထာဝရအလိုကျ

www.dhammaransi.com



နေထိုင်ပြုမှု ကျင့်ကြံမှုမရှိသောကြောင့် အာဝရသို့ မရောက်နိုင်ကြ၊ ထာဝရသို့ ရောက်နိုင်ရန် ပထမ မိမိတွင်ရှိနေသော ထုထည့် အညစ်အကြေးကို ထိုးခွာပစ်ပြီး သန့်ရှင်းစင်ကြယ်မှသာ ထိုထာဝရထံ ရောက်မည်ဟု ထင်မြင်ယူဆ ကြံစည်ကာ သူတို့ ယူဆကြသည့်အတိုင်း မိမိခန္ဓာတွင်းရှိ အထုလိုက် အထည်လိုက် ဖြစ်ပေါ်နေသော အညစ်အကြေးများ သိုးရော်ခန်းခြောက်သွား စေရန် မီးကင်သည်။ ထိုနှမ်းခြောက်သွားသော အညစ်အကြေး များကို ရေကျင်းမှုသည်ဟုဆိုကာ ဂင်္ဂါမြစ်တွင်းဆင်းကာ ရေချိုး ကြသည်။

အချို့သည် ထိုအညစ်အကြေးများ ကင်းဆိတ်ရန် အပြင်း အထန် အပူခံသည်၊ အအေးခံသည်။ အချို့က အစာငတ်၍ ကျင့်သည်၊ အချို့က ထိုင်ရေမထ ကျင့်သည်။

ကျင့်နည်းကျင့်ဟန် မည်သို့ကွဲပြားပါစေ သူတို့၏ လိုရင်း အချက်ကား ခန္ဓာကိုယ် ဆင်းရဲပင်ပန်းစေရန် နှိပ်စက်ပြီး အတ္တဝိညာဉ် ပိုမိုသန့်ရှင်း စင်ကြယ်ရန်နှင့် နောက်ဆုံး ထာဝရ ရောက်ရန် (ဝါ) ဗြဟ္မာပြည်ရောက်ရန်ပင် ဖြစ်ပါသည်။

လူသားသည် အသိဉာဏ်ဖွံ့ဖြိုး တိုးတက်လာသည်နှင့် အမှု စားဝတ်နေရေးနှင့်တကွ အထွေထွေသော အရေးကိစ္စများတွင် လည်း အတွေးအခေါ် အယူအဆများ၊ တီထွင်ဖန်တီးမှုများ ထူးထွေဆန်းပြား ရှုပ်ထွေးစွာ ဖြစ်ပေါ်လာခဲ့သလို ယုံကြည် ကိုးကွယ်မှုများသည်လည်း ထူးထွေတည့်အံ့ရာသော် ဆိုသကဲ့သို့ ရှုပ်ထွေးများပြား ဖြစ်ပေါ်လာခဲ့ရပါသည်။

www.dhammaransi.com



အားကိုးရာကို အပြင်အပ၌ ရှာနေ အားကိုးပြုနေသူများ ဒုနှင့်ဒေး ရှိနေပါသေးသည်။

လူသားသည် မိမိ၏ဘဝ အကြမ်း အနု၊ သက်တမ်း အနု အရင့်အရ သဘာဝရုပ်ကြမ်းထည်ကို တိုက်ရိုက်ကိုးကွယ် ရာမှ စိတ္တဇ အနုမာန ကိုးကွယ်မှုအထိ အဆင့်ဆင့် ဖွံ့ဖြိုး တိုးတက်လာခဲ့သည်။

သဘာဝဘေးအန္တရာယ် ကင်းရှင်းရေး ရည်မှန်း ကိုးကွယ်မှုမှ လူ့ဘဝ၏ ဆင်းရဲမှု၊ မငြိမ်းချမ်းမှုအပေါင်းမှ လွတ်မြောက်ပြီး ပကတိ ငြိမ်းအေးမှု၊ ချမ်းသာမှု ပျော်မွေ့မှုနှင့် ချုပ်အထိ တိုးတက် ဖွံ့ဖြိုးလာခဲ့ပါသည်။

ဤကာလတွင် ဤလူသားလောကကြီး၌ ပေါ်ထွန်းလာခဲ့ပြီး လူသားတို့အတွက် ပစ္စုပ္ပန်ဘဝ ကာလ ငြိမ်းချမ်းရေး၊ တမလွန် ဘဝ သာယာငြိမ်းချမ်းရေး၊ နောက်ဆုံး ဆင်းရဲအပေါင်းမှ လွတ်မြောက်ရေးအတွက် အမှန်တရားများကို ဖော်ထုတ်ပေးသူ ပေါ်ထွန်းလာခဲ့ပါသည်။

## အသိဉာဏ်ဆာလောင်မှုခေတ်အခြေအနေနှင့် ဗုဒ္ဓဂေါတမ ပေါ်ထွန်းလာခြင်း

အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓဂေါတမ မပေါ်ထွန်းမီ ထာဝရဖန်ဆင်း ရှင် (ဗြဟ္မာ)နှင့် အတ္တကို လက်ခံထားသလို အနောက်ကမ္ဘာ ဂရိနှင့် ရောမ နိုင်ငံများ၌ နတ်ဘုရားများ ကိုးကွယ်နေကြသည်။

ထိုမှ အချိန်ကြာလာသော် သဘာဝကို တွေးခေါ်သော

www.dhammaransi.com



အတွေးအခေါ် ပညာရှင်ကြီးများ ဆက်ကာ ဆက်ကာ ပေါ်ထွက်လာကြ၏။ ဓာတ်ကြီးလေးပါး အဏုမြူသဘောနှင့် အနိစ္စသဘောကို စောကြောစဉ်းစားလာကြသည်။ တော၊ တောင်၊ ရေ၊ မြေ၊ နေ၊ လ၊ နက္ခတ်၊ တာရာတို့ကို ကိုးကွယ်ရာမှ အစမ်းသပ်ခံ အသုံးချစရာအဖြစ် စတင်သော ခြေလှမ်းဟု ဆိုရပါမည်။

ဘီစီ ၆၀၀ ပန်းကျင်၌ ကမ္ဘာအရပ်ရပ်တွင် နတ်ဘုရားအမျိုးမျိုး ကိုးကွယ်ကြရသည်ကို ငြီးငွေ့လာကြသည်။ ထို့ကြောင့် တွေးခေါ်ပညာ ရှင်ကြီးများ၊ သဘာဝတရား ရှုစမ်းသူများ၊ ကိုယ်ကျင့်တရားနှင့် လွတ်မြောက်မှုလမ်းညွှန်သူများ အသီးသီး ပေါ်ပေါက်လာကြသည်။

ကမ္ဘာအရပ်ရပ်၌ ချိန်းချက်ထားသည့်အလား တိုက်တိုက်ဆိုင်ဆိုင် ထွက်ပေါ်လာကြသည်မှာ ထူးခြား တိုက်ဆိုင်လွန်းလှပါသည်။ ထိုအရာအားလုံးသည် တစ်ဂုံတစ်ရာနှင့် အဆက်အသွယ် ရှိနိုင်သည်ကိုမူ မစဉ်းစားမိကြပါချေ။

လူသားတို့သည် အသိဉာဏ် ဆာလောင်နေကြသည်။ အရာခပ်သိမ်းကို သိ၍ လူသားထုအား လမ်းညွှန်နိုင်သူ အတုမဲ့လူသား တစ်စုံတစ်ယောက် ရှိစကောင်းဟု တောင့်တ မျှော်ခေါ်စိတ်များ လူတို့၏နှလုံးသား၌ ဝင်မှန်းမသိ ကိန်းဝပ်နေခဲ့သည်။

တွေးခေါ်ပညာရှင်ကြီးများ အဆက်ဆက် ထုတ်ဖော် ပေးကျွေးသော သဘောတရား အရသာများစွာဖြင့် အားရတင်းတိမ်မှု မရ၊ တိုး၍သာ ဆာလောင်လာကြသည်။

www.dhammaransi.com



ထိုအချိန် ဘီစီ (၆)ရာစု၌ အိန္ဒိယနိုင်ငံတွင် လူအများစု လက်ခံထားသော ဖန်ဆင်းရှင် (ဗြဟ္မာ)နှင့် အတ္တကို အမာခံထားသော ဗြာဟ္မဏဝါဒ (ဟိန္ဒူဘာသာ)သည် အထွန်းကားဆုံး ဖြစ်နေသည်။

ထိုအချိန်တွင် အိန္ဒိယအရှေ့မြောက်ပိုင်းဝယ် ဂေါတမဗုဒ္ဓ ပွင့်တော်မူလာခဲ့သည်။ ဂေါတမဗုဒ္ဓ၏ဝါဒကား သစ္စာလေးပါး အထွတ်တင်ထားသော အနတ္တဝါဒဖြစ်သည်။

ဂေါတမဗုဒ္ဓ ပေါ်ထွန်းလာခဲ့သော ထိုဘီစီ(၆)ရာစုခေတ် သည် ကမ္ဘာ့သမိုင်းတွင် ထူးခြားမှတ်သားလောက်သော ခေတ်သစ် ကြီးတစ်ခေတ် ဖြစ်လာခဲ့သည်။

အစဉ်အလာ အတွေးအခေါ် ကိုးကွယ်ယုံကြည်မှု၊ လူမှု ဆက်ဆံရေး၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းအားလုံးကို အသစ် တည်းဖြတ်ပေးသောခေတ်ဟု ဆိုရပါမည်။

တစ်နည်းအားဖြင့် လူသားတို့၏ အားကိုးရာ၊ လူသားတို့၏ ရပ်တည်မှုအတွက် အပြင်ဘက် လှမ်းမျှော်ကြည့်နေခဲ့ကြသော အစဉ်အလာ ယုံကြည်မှုကို ကျောပေးကာ လူကို ဗဟိုချက်မ မဏ္ဍိုင်ထား၍ စဉ်းစားလာကြသည်။ ပတ်ဝန်းကျင် အပြင်ဘက် ကို ကြည့်ရာ၌လည်း ပို၍ နက်ရှိုင်းလာခဲ့ကြသည်။

အိန္ဒိယ၌ ဗုဒ္ဓမပွင့်ပေါ်မီနှင့် ပွင့်ထွန်းခါနီးခေတ်တွင်လည်း ကိလေသာကုန်၍ ဘဝမှ လွတ်မြောက်မှုရရန် နည်းမျိုးစုံ အသွင် မျိုးစုံဖြင့် ကျင့်နေကြသည်။

ဗြာဟ္မဏတို့၏ အစဉ်အလာအရ အသက်ကြီးလာသော

www.dhammaransi.com



အခါ တောထွက်၍ သမထဘာဝနာ အားထုတ်ကြသော ရသေ့ရဟန်းများ ရှိလာကြသည်။ လောကီအဘိညာဉ်များကိုလည်း ရရှိကြသည်။ သမဏ၊ အမည်ခံ တိတ္ထိအမျိုးမျိုးလည်း ရှိနေကြသည်။

အချို့သော သမဏ၊ အာဇီဝကနှင့် ပရိဗိုဇ်များသည် မြို့ရွာစဉ် လှည့်လည်လျက် ရိုးရာယဇ်ပသမှု ဗြာဟ္မဏဝါဒကို အပြင်းအထန် တိုက်ခိုက်လာကြသည်။

ပရိဗ္ဗာဇက (ပရိဗိုဇ်)တို့ဟူသည် မြို့ရွာတကာ လှည့်လည်ကာ ဝါဒရေးရာ စိန်ခေါ်၍ ဝါဒစစ်ထိုးကြသူများ ဖြစ်ကြသည်။ ဗုဒ္ဓဂေါတမ ပေါ်ထွန်းလာသောအခါ၌လည်း ဗြာဟ္မဏဝါဒအပြင် ဗုဒ္ဓဝါဒကိုပါ ဝါဒပြိုင် စစ်ထိုးလာကြသည်။

နာမည်ကျော် ပရိဗိုဇ်မတစ်ဦးမှာ အမိဘက်မှ ဝါဒငါးရာ၊ အဖဘက်မှ ဝါဒငါးရာ ဝါဒတစ်ထောင်တတ်ပြီး မြို့တကာ လှည့်လည်၍ ဝါဒစစ်ထိုးနေသူ ဖြစ်သည်။

ဗုဒ္ဓပွင့်တော်မူလာပြီးနောက် ရှင်သာရိပုတ္တရာနှင့်တွေ့၍ ဝါဒပြိုင်ရာ ရှုံးခဲ့သဖြင့် ဗုဒ္ဓဝါဒီ ဖြစ်လာခဲ့ရသည်။

## ဗုဒ္ဓဂေါတမ မပေါ်ထွန်းမီ ပေါ်ခဲ့သော တိတ္ထိဆရာကြီးများနှင့် အယူဝါဒများ

ဘီစီ (၆)ရာစု (၆၂၄–ဘီစီ)တွင် မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံ၌ ဂေါတမဗုဒ္ဓ ပေါ်ထွန်းခဲ့သည်။ ဗုဒ္ဓဂေါတမ မပေါ်ထွန်းခင် လောက၌ ဘုရားပွင့်လိမ့်မည်ဟူသော ကောလာဟလသည်

www.dhammaransi.com



နှစ်ပေါင်းတစ်ထောင်ကတည်းက ကြိုတင်ပေါ်ထွန်း ကြွေးကြော်နေခဲ့ရာ ပုရာဏကဿပ စသော တိတ္ထိဆရာကြီး (၆)ဦးတို့သည် မိမိတို့ကိုယ်မိမိ ဘုရားအမည်ခံကာ ပေါ်ထွန်းခဲ့ကြပြီး မိမိတို့၏ ဝါဒများကိုလည်း ထုတ်ဖော်ကြေညာခဲ့ပြီး မိမိတို့၏ဝါဒကို လက်ခံသူများကို ကျင့်ကြံစေသည်။

ဗုဒ္ဓပေါ်ထွန်းလာသောအခါ ထိုတိတ္ထိဆရာကြီးများသည် ဗုဒ္ဓနှင့် ခေတ်ပြိုင်ထင်ရှားသော ဂိုဏ်းဆရာကြီးများ ဖြစ်နေကြပြီး ဖြစ်သည်။

## ၁။ ပုရာဏကဿပဆရာကြီး၏ အယူဝါဒ

- အသက်သတ်ခြင်း၊ ခိုးခြင်း စသော မကောင်းမှုများကို ပြုသော်လည်း ပြုရာမရောက်။
- သီလစောင့်ခြင်း၊ လှူဒါန်းပေးကမ်းခြင်း စသော ကောင်းမှုများ ပြုလုပ်သော်လည်း ကုသိုလ်မဖြစ်၊
- ကုသိုလ် အကုသိုလ်တို့၏ ကောင်းကျိုး ဆိုးပြစ်ဟူ၍ မရှိ၊
- အတ္တကို အကျိုးမသက်ရောက်စေနိုင်၊
- လူသေလျှင် ခန္ဓာကိုယ်မှ ဓာတ်များအားလုံးဆိုင်ရာ မူလဓာတ်များနှင့် ပူးပေါင်းသွားကြသည်၊
- ခန္ဓာကိုယ်ရော စိတ်ဝိညာဉ်ပါ ဘာတစ်ခုမျှ ကြွင်းကျန်မနေရစ်ပြီ။

(အကြောင်းကိုပယ်သည့် အကိရိယဝါဒဖြစ်သည်။)

www.dhammaransi.com



## ၂။ မက္ခလိဂေါသာလဆရာကြီး၏ အယူဝါဒ

- သတ္တဝါမှန်သမျှ အကြောင်းမဲ့ ဖြစ်နေကြ၏။
- ညစ်ညူးစေရန် စင်ကြယ်စေရန် အကြောင်းမရှိ။
- လုပ်ယူ၍ မရ။
- ကြိုးစားအားထုတ်မှုမှန်သမျှ အချည်းနှီးသာဖြစ်သည်။
- ဖြစ်အောင်လုပ်၍လည်း မရ၊ မဖြစ်အောင်လုပ်၍လည်း မရ။
- သူ့သတ်မှတ်ချက်အတိုင်း ဖြစ်နေရသည်။
- သူဖြစ်ချင်သလို ဖြစ်နေရသည်။
- ကောင်းတာလုပ်လုပ်၊ မကောင်းတာလုပ်လုပ်၊ မလုပ်ဘဲ နေနေ လူမိုက်ရော လူလိမ္မာပါ မဟာကပ် ရှစ်သန်း လေးသိန်းရှိလျှင် သံသရာအလည်ရပ်၍ သတ္တဝါ အားလုံး ဘဝပြတ်ပြီးဖြစ်မည်။
- အပ်ချည်ရှိသလောက်သာ အပ်ချည်လုံး ပြေးရသကဲ့သို့ သဘောရှိသည်။

(ကြောင်းကျိုးပယ်သော အဟေတုကဒိဋ္ဌိ-နိယတိဝါဒ)

## ၃။ အဇိတကေသကမ္ဗလဆရာကြီး၏ အယူဝါဒ

- မကောင်းမှုလုပ်သော်လည်း မကောင်းကျိုး မရ။
- ကောင်းမှုလုပ်သော်လည်း ကောင်းကျိုး မရ။
- အတ္တသို့ အကျိုးမသက်ရောက်စေ။
- မိုက်သူက လှူ၍ လိမ္မာသူက စားနေကြသည်။

www.dhammaransi.com



- တမလွန်ဘဝ မရှိ၊ ငရဲ နတ်ပြည် မရှိ။
- မိဘနှစ်ပါးအပေါ် ကောင်းကောင်း ဆိုးဆိုး ပြုလုပ်သမျှ အကျိုး အပြစ် မရှိ။
- အသိအမြင်ပေါက်သော သူတော်သူမြတ်ဆိုတာ မရှိ။
- လူဆိုသည်မှာ အတူတူချည်း၊ ဓာတ်လေးပါး အစုအဝေးသာ ဖြစ်သည်။
- လူသည် သေလျှင် ပြတ်ပြီး မြေဓာတ် မြေနှင့် ပေါင်းသွားသည်၊ ရေဓာတ် ရေနှင့်ပေါင်းသည်။

(နတ္ထိကဒိဋ္ဌိ၊ ဥစ္ဆေဒဝါဒ)

(ဤဆရာကြီး (၃)ဦးစလုံးသည် အကျိုးပယ်သည်၊ အကြောင်းပယ်လျှင် အကျိုးပယ်ပြီး၊ အကျိုးပယ်လျှင် အကြောင်းပါ ပယ်ပြီး ဖြစ်၍ ကမ္မ-ကမ္မဖလကို ပယ်ကြသူများ ဖြစ်ကြသည်)

## ၄။ ပကုဓကစ္စာယနဆရာကြီး၏ အယူဝါဒ

- ဖန်ဆင်းရှင်ကို လက်မခံ၊
- အမြဲတည်သော ထာဝရဓာတ် ၇-ပါးသာရှိသည်။
- မြေ၊ ရေ၊ လေ၊ မီး၊ သုခ၊ ဒုက္ခ၊ အသက်ဇီဝ၊ ဓာတ် ၇-ပါး သီးခြားစီ တည်ရှိနေကြ၏။
- တစ်ခုက တစ်ခုကို ပြုလုပ်ဖန်တီး ခြယ်လှယ်ခွင့် မရှိ။
- ချမ်းသာအောင် သက်သာအောင် လုပ်၍မရ။
- ဆင်းရဲအောင်၊ သေကြေအောင်လည်း လုပ်၍မရ။

www.dhammaransi.com



- လူတစ်ယောက်က တစ်ယောက်ကို ဓားဖြင့်ခုတ်သတ်သော်လည်း သတ်ရာမရောက်၊ ပဲနောက်ပုံထဲသို့ တုတ်ဖြင့် ထိုးလျှင် ပဲနောက်ကို မထိ၊ ပဲနောက်စေ့ကြားက တုတ်ဖြတ်သွားသကဲ့သို့ လက်နက်သည် ဓာတ်ဝရ ဓာတ်ကို မထိ။ ဓာတ်(၇)ပါးကြားကသာ ဖြတ်သွား၍ သတ်သည်မမည်။

(အကိရိယဒိဋ္ဌိ၊ အညောညဝါဒ–ဟုခေါ်၏၊ ဓာတ် ၇–ပါးဟူသည် အတ္တကိုပင် ပြောဆိုခြင်းဖြစ်၍ သဿတဝါဒဟုခေါ်ရသည်)

## ၅။ နိဂဏ္ဌနာဋ္ဌပုတ္တဆရာကြီး၏ အယူဝါဒ

- စောင့်စည်းမှုလေးမျိုးကို ပြဋ္ဌာန်းသည်။
- ရေ၌ အသက်ရှိသည်ဟု ခံယူသဖြင့် ရေအေး မသုံးမစွဲရ။
- မကောင်းမှုအားလုံး မလုပ်ရ။
- မကောင်းမှုအားလုံးကို ပြင်းထန်တင်းကျပ်စွာ ဆေးမြည့်သွားအောင် ဖယ်ရှားရာ၏။
- မကောင်းမှုအားလုံးမှ လွတ်မြောက်ပြီး ဖြစ်ရာ၏။

(သာမညဖလသုတ်၌ ဤစောင့်စည်းခြင်း ၄ မျိုးကို ပြပါသည်။ နောက်ပိုင်းတွင် အချို့နိဂဏ္ဌဆရာတို့က မသတ်၊ မခိုး၊ မလိမ်ခြင်းနှင့် ကိုယ်ပိုင်ပစ္စည်းမထားရ၊ သို့မဟုတ် အဗြဟ္မစရိယ စောင့်ခြင်းကို စတုယာမ

www.dhammaransi.com



သံဝရဟု သတ်မှတ်ကြသည်။ စတုယာမသံဝရဝါဒ၊
အနေကန္တဝါဒဟု ခေါ်သည်။)

နိဂဏ္ဌနာဋပုတ္တဆရာကြီးသည် ဂေါတမဗုဒ္ဓထက် အနည်းငယ်သာ အသက်ကြီး၏။ သူ့ကို မဟာဝီရဟူ၍လည်း ခေါ်သည်။ ယခုအခါ အိန္ဒိယ၌ ဇိနဂျိန်း ဘာသာဟူသော အမည်ဖြင့် ကြွင်းကျန် တည်ရှိနေသေးသည်။

အဝတ် ဝတ်သောဂိုဏ်းနှင့် အဝတ်မဝတ်သောဂိုဏ်းဟူ၍ ၂ မျိုး ရှိနေသည်။

ယခု ပိဋကတ်မှ ထုတ်နုတ်ပြမည်မှာ ဤဆရာကြီး၏ တပည့်များနှင့် ဗုဒ္ဓ၊ ဤဆရာကြီး၏တပည့်များနှင့် ရဟန္တာပုဂ္ဂိုလ်များ တွေ့ဆုံကြပြီး လောကသဘာဝ ဓမ္မသဘာဝ ပြဿနာများ ဆွေးနွေးကြပုံကို ထုတ်နုတ်ပြခြင်း ဖြစ်ပါသည်။

## ၆။ သဉ္စယဗေလဋ္ဌပုတ္တ (သိဥ္စည်း)ဆရာကြီး၏ အယူဝါဒ

နောင်လောကရှိသည်ဟုလည်း အယူမရှိ။
- မရှိဟုလည်း အယူမရှိ။
- ရှိ မရှိမှတစ်ပါး အခြားနည်းမျိုးဖြင့် ဖြစ်သည်ဟုလည်း အယူမရှိ။
- အခြားနည်းမျိုးဖြင့် မရှိဟုလည်း အယူမရှိ။
- အခြားနည်းမျိုးဖြင့် မဖြစ်သည်မဟုတ်ဟုလည်း အယူမရှိ။

www.dhammaransi.com



ဤဆရာကြီးသည် ဥပတိဿ၊ ကောလိတ (ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်)တို့၏ဆရာကြီး ဖြစ်ခဲ့ဖူး၏။ သူ၏ဝါဒကား ဘာကိုမှ ဝန်မခံ၊ အမိမခံ၊ ရှောင်လွှဲလှီးလွှဲသောအဖြေကိုသာ ပေးလေ့ရှိသောဝါဒ ဖြစ်သည်။

သူ၏အယူအဆ ဘာလဲဟုသိရန်မလွယ်၊ အမရာဟုခေါ်သော ဖမ်းရခက်သော ငါးတစ်မျိုးနှင့်တူသော (အမရာဝိက္ခေပ) ဝါဒဟု ခေါ်သည်။ အမရာဝိက္ခေပဒိဋ္ဌိ လေးမျိုးကို ဗြဟ္မဇာလသုတ်၌ ဗုဒ္ဓက ဟောထားသည်။

"ရဟန်းတို့- ငုပ်တုံ ပေါ်တုံနေသော အမရာမည်သော ငါးကဲ့သို့ လှုပ်ရှားသော၊ အမရာဝိက္ခေပ အယူရှိကြကုန်သော ရဟန်းပုဏ္ဏားအချို့တို့ ရှိကြလေသည်။

ထိုသူတို့သည် ထိုထိုအရာဌာနတို့၌ ပြဿနာမေးခဲ့သော် အကြောင်းလေးပါးတို့ဖြင့် အမရာမည်သော ငါးကဲ့သို့ (အပိုင်းအခြားမရှိ) စကားပျံ့လွင့်ခြင်းသို့ ရောက်ကြကုန်၏။

ထိုသူတို့သည် အဘယ်ကိုအကြောင်းပြု၍ ပျံ့လွင့်ခြင်းသို့ ရောက်ကြ ကုန်သနည်း။ ရဟန်းတို့- ဤလောက၌ အချို့သော ရဟန်းပုဏ္ဏားတို့သည် ဤကား ကုသိုလ်၊ ဤကား အကုသိုလ်ဟု အမှန်အတိုင်း မသိကြ။

ထိုသူသည် ငါကား ကုသိုလ် အကုသိုလ်ကို အမှန်အတိုင်း မသိ၊ ဤသို့ မသိဘဲလျက် ဤကား အကုသိုလ်ဟု ဖြေဆိုပြောကြားပါလျှင် ငါ့အား မုသာဝါဒဖြစ်ရာသည်၊ ထိုမုသာဝါဒသည် ငါ့စိတ်ဆင်းရဲကြောင်း ဖြစ်ခဲ့ရာသည်၊ ထိုစိတ်ဆင်းရဲခြင်းသည်

www.dhammaransi.com



ငါ့အား အန္တရာယ်ဖြစ်ခဲ့ရာသည်ဟု အကြံဖြစ်၍ မုသာဝါဒမှ ကြောက်ခြင်းကြောင့် ဤကား ကုသိုလ်၊ ဤကား အကုသိုလ်ဟု မဖြေကြားဘဲနေ၏။

ထိုထိုအရာ၌ ပြဿနာမေးခဲ့သော် အပိုင်းအခြားမရှိ စကားပျံ့လွင့်ခြင်းသို့ ရောက်၏။

- ဤသို့ ကုသိုလ်ဟုလည်း အယူမရှိပါ၊
- အကုသိုလ်ဟုလည်း အယူမရှိပါ၊
- တစ်ပါးသော အခြင်းအရာအားဖြင့် ဖြစ်သည်ဟုလည်း အယူ မရှိပါ။
- တစ်ပါးသောအခြင်းအရာအားဖြင့် မဖြစ်သည် မဟုတ်ဟုလည်း အယူမရှိပါ

ဟု စကားပျံ့လွင့်ခြင်းကို ရောက်၏။

ဤသို့ မုသာဝါဒမှ ကြောက်ခြင်းသည် အမရာဝိက္ခေပဒိဋ္ဌိကို ဟောကြား ပညတ်ခြင်း၏ ပထမအကြောင်းဖြစ်ပေသည်။

အလားတူ-

၁။ ဓုလမ်းမှုဥပါဒါန် ဖြစ်မည်ကို ကြောက်သူ

၂။ ပညာရှိတို့ မေးမြန်းစိစစ်မည်ကို ကြောက်သူ

၃။ မိုက်မဲတွေဝေသဖြင့် တစ်စုံတစ်ရာ မသိတတ်သူ

ဤသူတို့၏ စကားပျံ့လွင့်ပုံ (၃)မျိုးကို ပေါင်းသော် အကြောင်းလေးပါး ဖြစ်သည်"

အဇာတသတ်မင်းကြီးက ဤတိတ္ထိဆရာကြီး (၆)ဦးတွင် သိဉ္စည်းဆရာကြီးကို အတွေဆုံး အမိုက်ဆုံးဆရာကြီးဟူ၍

www.dhammaransi.com



မှတ်ချက်ချပြီး ဗုဒ္ဓကို လျှော့တွက်ထားခဲ့သည်။

ရှိရင်းစွဲ ဗြာဟ္မဏဝါဒအပြင် ဗုဒ္ဓနှင့် ခေတ်ပြိုင် ဘုရားအမည်ခံ အဆိုပါဆရာကြီးများ၏ အယူဝါဒတို့ကို ထည့်လျှင် ဗုဒ္ဓမပွင့်ပေါ်မီနှင့် ပွင့်ပေါ်စခေတ်က လူသားတို့၏ အယူဝါဒရေးရာ မည်မျှ တွေဝေစရာဖြစ်သည်ကို သိသာမြင်သာလှပါသည်။

သတ်မှု၊ ခိုးမှုများ အပြစ်မရှိဟု ဆိုသဖြင့် ထိုဝါဒတစ်ခုတည်းဖြင့်ပင် ကမ္ဘာပျက်နိုင်လောက်သည်။ လူမိုက်အားပေးမွေးထုတ်ပေးသောဝါဒ ဖြစ်သည်။

ထို့ကြောင့်လည်း ဆရာကြီးတိုင်းတွင် တပည့်အဖွဲ့ဝင်များစွာရှိနေခဲ့ကြသည်။ အလွန်သိမ်မွေ့သော ဗုဒ္ဓဓမ္မသည် ထိုပတ်ဝန်းကျင်၌ ထိုးထွက်လာခဲ့ရသည်။ သာသနာ့ပ တက္ကတွန်း ပရိဗိုဇ် တိတ္ထိတို့ မည်မျှ ထိုးနှက် တိုက်ခိုက်ခြင်းခံခဲ့ရသည်ကို ဤစာအုပ်တွင် ဖော်ပြအံ့သော ဗုဒ္ဓနှင့် တက္ကတွန်းတို့၏ လောကသဘာဝ ပြဿနာကို ကြည့်က သိသာနိုင်ပါသည်။

## ဗုဒ္ဓဂေါတမသည် ဗုဒ္ဓနိုင်ငံတော် ထူထောင်၍ ဝါဒလမ်းစဉ် ချမှတ်ကြေညာခြင်း

ဗုဒ္ဓဂေါတမသည် ဗြာဟ္မဏတို့၏ အယူဝါဒများ၊ တိတ္ထိဆရာကြီး (၆)ဦးတို့၏ အယူဝါဒအမျိုးမျိုး၊ တက္ကတွန်းပရိဗိုဇ်၊ ရသေ့တို့၏ ဝါဒ အမျိုးမျိုးတို့၏ကြား ပတ်ဝန်းကျင်၌ ပွင့်ထွန်းပေါ်ပေါက်လာခဲ့ရာ ဂေါတမ ဗုဒ္ဓသည် ပဋ္ဌဝဂ္ဂီဟူသော ရသေ့

www.dhammaransi.com



ရဟန်းပြုနေသော ပုဂ္ဂိုလ်(၅)ဦးတို့ကို ဓမ္မစက္ကပဝတ္တနသုတ်တော်ကြီးကို ဦးစွာဟောကြားတော်မူခြင်းဖြင့် ဓမ္မနိုင်ငံတော်ကြီးကို စတင် ထူထောင်တော်မူခဲ့သည်။

ကိုယ်တော်တိုင် ထိတွေ့သိရှိခဲ့သော ဝဲ–ယာအစွန်း လမ်းနှစ်သွယ်ဖြစ်သော

အတ္တကိလမထ – မိမိကိုယ်ကိုမိမိ ညှဉ်းဆဲသောအကျင့်

ကာမသုခလ္လိကာနုယောဂ – ကာမဂုဏ်စည်းစိမ်ကို ခံစားသောအကျင့်

တို့ကို ရှောင်ကြဉ်၍ မမှီဝဲရန် လမ်းညွှန်ခဲ့သည်။

ထိုလမ်းစဉ် (၂)မျိုးတွင် ဝတ္ထုအာရုံ ကာမဂုဏ်တို့၌ ကာမဂုဏ်ချမ်းသာကို ကပ်ငြိတွယ်တာသောအားဖြင့် အဖန်ဖန် အထပ်ထပ် လိုက်စား အားထုတ်ခြင်း ဟု ဆိုအပ်သော ကာမဂုဏ် စည်းစိမ် ခံစားသောအကျင့်သည် ယုတ်ညံ့အောက်တန်းကျသည်၊ မြို့ရွာနေသူ ပုထုဇဉ်တို့၏ အကျင့် အလေ့အထဖြစ်သည်၊ ပုထုဇဉ်လူသားတို့၏ အကျင့်ပင်ဖြစ်၏၊ ပြင့်မြတ် ဖြူစင်သော အရိယာတို့၏ အကျင့်မဟုတ်၊ ထိုအကျင့်သည် သတ္တဝါများ အကျိုးစီးပွားများအောင် မဆောင်ရွက်နိုင်သည့်အပြင် အကျိုးမဲ့ကိုသာ ဆောင်တတ်သည်ဟူ၍ ဟောကြားခဲ့သည်။

ကိုယ်ခန္ဓာ ပင်ပန်းဆင်းရဲအောင်ကျင့်သော အကျင့်နှင့် ပတ်သက်၍ ခန္ဓာကိုယ် ပင်ပန်းနွမ်းနယ်နေမှသာ ကိလေသာ ခန့် ခြောက်နေမည်ဟူသော ရည်ရွယ်ချက်ဖြင့် အစာမစားဘဲ ကျင့်ကြံမှု၊ နေပူအောက်တွင် မီးဖိုကြီး လေးဖိုအလယ်တွင်

www.dhammaransi.com



ဝင်ယိုင်၍ ပဉ္စာတပ–ဟူသော အပူငါးမျိုးတိုက်၍ ကျင့်ကြံမှု၊ အိပ်ရာနေရာအောက်တွင် သံဆူးများထား၍ အနာခံအိပ်ကာ ကိလေသာမပေါ်အောင် ကျင့်ကြံမှု၊ ရေထဲစိမ်ကာ ကိလေသာတွေကို ရေမျှောကျင့်ကြံမှု စသော ခန္ဓာကိုယ် အပင်ပန်းအဆင်းရဲခံ၍ ကျင့်ကြံမှုသည်လည်း ဆင်းရဲကြီးမား များပြားလှ၏၊ အရိယာသူတော်စင်အကျင့် မဟုတ်၊ အကျိုးမများသည့်အပြင် အကျိုးမဲ့ကိုသာ ဖြစ်ပေါ်စေသည် ဟူ၍ ဟောကြားခဲ့သည်။

ထိုအစွန်းရောက် တရားကျင့်စဉ်လမ်းများ နှစ်ခုတို့ကို ရှောင်ရှား၍ ထိုလမ်းနှစ်သွယ်၏ အလယ်ကျင့်စဉ် (မဇ္ဈိမပဋိပဒါ)သည် အမြင်မှန်အောင် ပြုလုပ်နိုင်သည်၊ ဉာဏ်အလင်းရအောင် ပြုလုပ်နိုင်သည်၊ လောဘ၊ ဒေါသ၊ မောဟ၊ မာနစသော ကိလေသာအပူများကို အေးငြိမ်းစေနိုင်၏၊ သစ္စာလေးပါးတို့ကို ထိုးထွင်းသိမြင် မျက်မှောက်ပြုနိုင်၏၊ သစ္စာလေးပါးကိုပိုင်းခြားဆုံးဖြတ် သိမြင်နိုင်၏၊ သံသရာမှ လွတ်မြောက်ရာအမှန်နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင် ရရှိခံစားနိုင်၏ ဟူ၍ ဟောကြားပြီးဗုဒ္ဓ ကိုယ်တော်တိုင် သိမြင်ခဲ့သော အရိယမဂ္ဂင် (၈)ပါးဖြစ်သော–

၁။ အယူအမြင် မှန်ကန်ခြင်း (သမ္မာဒိဋ္ဌိ)
၂။ အပြစ်မရှိသော အကြံကောင်းများကို ကြံစည်ခြင်း (သမ္မာသင်္ကပ္ပ)
၃။ မှန်သောစကားကိုသာ ပြောဆိုခြင်း (သမ္မာဝါစာ)
၄။ မှန်ကန်၍ အပြစ်ကင်းသော အလုပ်ကို လုပ်ခြင်း

www.dhammaransi.com



(သမ္မာကမ္မန္တ)

၅။ တရားသဖြင့် ရှာဖွေရရှိသော ပစ္စည်းဖြင့် မှန်ကန်စွာ အသက် မွေးခြင်း (သမ္မာအာဇီဝ)

၆။ မှန်ကန်စွာ ကြိုးစားအားထုတ်ခြင်း (သမ္မာဝါယမ)

၇။ မှန်ကန်စွာ အောက်မေ့မှုရှိနေခြင်း (သမ္မာသတိ)

၈။ မှန်ကန်သော တည်ကြည်မှုရှိခြင်း (သမ္မာသမာဓိ)

ဟူသော သီလ၊ သမာဓိ၊ ပညာတို့ကို ညွှန်ပြတော်မူခဲ့ပါသည်။

ထို့ပြင် ဤလောကရှိ သက်ရှိသတ္တဝါတိုင်း ရင်ဆိုင်တွေ့ကြုံနေရသော၊ မငြင်းဆန်နိုင်သော နိယာမဆင်းရဲကြီး (၇)မျိုး ဖြစ်သည်။

၁။ ပဋိသန္ဓေနေရခြင်း ဆင်းရဲ (ဇာတိပိဒုက္ခာ)

၂။ အိုရခြင်း ဆင်းရဲ (ဇရာပိဒုက္ခာ)

၃။ နာရခြင်း ဆင်းရဲ (ဗျာဓိပိဒုက္ခာ)

၄။ သေရခြင်း ဆင်းရဲ (မရဏမ္ပိဒုက္ခံ)

၅။ ချစ်သောသူတို့နှင့် ကွေကွင်းနေရခြင်း ဆင်းရဲ (ပိယေဟိဝိပ္ပယောဂေါဒုက္ခော)

၆။ မချစ်မနှစ်သက်သောသူတို့နှင့် ပေါင်းသင်းနေရခြင်း ဆင်းရဲ (အပိယေဟိသမ္ပယောဂေါဒုက္ခော)

၇။ မိမိလိုချင်တာကို မရသည့်ဆင်းရဲ (ယံပိစ္ဆံနလဘတိ-တမ္ပိဒုက္ခံ)

နှင့် အချုပ်အားဖြင့် သတ္တဝါတို့၏ တွယ်တာမက်မော

www.dhammaransi.com



စွဲလမ်းဖွယ်ရာဖြစ်သော ခန္ဓာငါးပါး ရုပ်နာမ်တရား အားလုံးသည် ဆင်းရဲတုံးကြီးဖြစ်၏ ဟူ၍ ဗုဒ္ဓက ချပြတော်မူခဲ့ပါသည်။

ထိုဆင်းရဲ၏လက်သည်နှင့် ထွက်ရာလမ်းကို ကြောင်းကျိုးဆက်နွယ်၍ ဟောတော်မူ၏။

ဗုဒ္ဓ၏ တစ်ခုတည်းသော အဆိုပြုချက်သည်ကား–

"လောကဟူသည် ဆင်းရဲ (ဒုက္ခ)သာတည်း"

ဟူ၍ဖြစ်သည်။ ထိုအဆိုပြုချက်ကို ကြိုက်ချင်မှ ကြိုက်မည်ဖြစ်သော်လည်း နတ်နှင့်တကွသော တစ်လောကလုံး မည်သူမျှ မငြင်းဆန် မကန့်ကွက်နိုင်သော သဘာဝကြီး ဖြစ်နေပါသည်။

ထိုခေတ် ယေဘုယျ အားထုတ်ကျင့်ကြံနေကြသော အယူဝါဒ အများစုမှာ လွတ်မြောက်ရေးကို ဦးတည်၍ ကိုယ့်ကိုယ်ကိုယ် ဒဏ်ခတ် ဆင်းရဲပေးနေသော၊ ညှဉ်းဆဲနေသော (အတ္တကိလမထ) ကျင့်စဉ်များ ဖြစ်နေကြသည်။

တစ်ဆက်တည်း အနတ္တလက္ခဏာသုတ္တန်ကြီးဖြင့် ဗုဒ္ဓက ဤလောကကြီးကို အနတ္တဟု ကြေညာတော်မူလိုက်ရာ သတ္တလောကကြီးတစ်ခုလုံး တုန်လှုပ်သွားလေသည်။

မိမိကိုယ်ကို စိုးပိုင်သည့် ထာဝရမသေ နေရသူဟု ထင်မှားလောက်အောင် အသက်ရှည်ကြသော ဗြဟ္မာဘုံမှ ဗြဟ္မာကြီးများပင် တုန်လှုပ်သွားကြသည်။

ဗြဟ္မာကို ထာဝရဖန်ဆင်းရှင်ဟု ထင်မှတ်ကိုးစားနေသော ဗြာဟ္မဏဝါဒကြီးနှင့် အတ္တဝါဒကြီးကား ဆိုဖွယ်ရာမရှိ၊ ဆောက်တည်ရာမရ ဖြစ်သွားခဲ့သည်။

www.dhammaransi.com



စင်စစ် ဗုဒ္ဓဂေါတမဟောသော တရားများသည်ကား အသစ်အဆန်း တီထွင်၍ဟောသော တရားများ မဟုတ်ကြပါ။ သဘာဝအရှိအတိုင်း ဖြစ်နေသော မမြဲ၊ ဆင်းရဲ၊ အစိုးမရသော ပင်ကိုသဘာဝ တရားများကိုသာ ထုတ်ဖော်ပြသ ဟောကြားသော တရားတော်များ ဖြစ်ပါသည်။

ဗုဒ္ဓဂေါတမသည် အတုမဲ့လူးသား ဘုရားဖြစ်၍ ထူးဆန်းနေသည့်ပြင် ဟောသောတရားများကလည်း အရိုးဆုံးတရားဖြစ်၍ ဗုဒ္ဓ၏ ဓမ္မသည် လောကကြီးအတွင်း အဆန်းကြယ်ဆုံး ဖြစ်နေရပါသည်။

လောက၏သဘာဝပြဿနာ အမှန်တရားများကား ဗုဒ္ဓပွင့်သည်ဖြစ်စေ၊ မပွင့်သည်ဖြစ်စေ အမှန်ပကာယ် ထင်ရှားရှိနေသော သဘာဝ တရားများ၊ သဘောတရားများ ဖြစ်ကြပါသည်။ ဗုဒ္ဓဂေါတမသည် ထိုလောကသဘာဝရှိ အရှိသဘောတရားများ၏ အမှန်ကို ထိုးထွင်းသိမြင်ခဲ့သည့်အတိုင်း ဟောကြားတော်မူခြင်းဖြစ်ပါသည်။

(တိက-အံ-ဥပ္ပါဒါသုတ်)

ဗုဒ္ဓဂေါတမကား ထုတ်ဖော်ပေးသူသာဖြစ်၍ တီထွင်ဟောပြောသူ မဟုတ်ပါချေ။ ရှေးဘုရားရှင် (တထာဂတ)တို့လည်း ထိုသို့ပင် အရှိကို အရှိအတိုင်း သိမြင်အောင် ထုတ်ဖော်ပေးသူများသာ ဖြစ်တော်မူခဲ့ကြပါသည်။

ထို့ကြောင့် ဗုဒ္ဓဓမ္မသည် ဘုရားပွင့်ပေါ်မှ လွန်ခဲ့သော နှစ်ပေါင်း (၂၅၀၀)ကျော်ကမှ ဖြစ်ပေါ်လာသော ဘာသာတရား

www.dhammaransi.com



ဟူ၍ ဆို၍မရနိုင်ပါ။ ထိုဗုဒ္ဓဂေါတမသည် အခြားပုဂ္ဂိုလ်များ ဟောကြားသကဲ့သို့ ကြံစည်တွေးတော၍ ဟောကြားအပ်သော အတွေးအခေါ်များလည်း မဟုတ်ပါ။ ကိုယ်တိုင် ထိုးထွင်းသိမြင်၍ ဟောကြားထားသော တရားချည်းသာဖြစ်သည်။

ထို့ကြောင့် ဗုဒ္ဓဂေါတမ၏ ဓမ္မသဘာဝများကို ချဉ်းကပ်ရာ၌ အတွေး အခေါ်ဖြင့် ချဉ်းကပ်၍ မရနိုင်ပါ၊ လက်တွေ့လိုက်နာ ကျင့်သုံးခြင်းဖြင့်သာ ချဉ်းကပ်၍ ရနိုင်ပါသည်။

ဗုဒ္ဓဂေါတမ၏ ဓမ္မကို လက်တွေ့လိုက်နာ ကျင့်သုံးကြရာ တွင် ကိုယ်တိုင်အားထုတ် ရယူရသည်။

ဗုဒ္ဓက ရစေဆို၍မရ၊ ကူညီလုပ်ကိုင်ပေး၍လည်း မရပါချေ။ ကိုယ့်အားကိုယ်ကိုး ကြိုးစား၍ ကိုယ်၏လွတ်မြောက်မှုကို ကိုယ်တိုင် လုပ်ယူရသည်။ ဗုဒ္ဓဟူသည် နည်းပေးလမ်းညွှန်သူ မျှသာဖြစ်သည်။

ဘာမဆို မည်သည့်အရာမဆို ဘုရားရှင်က တာဝန်ယူသည်၊ အာမခံသည်ဟု ဆိုကြအံ့၊ အသိဉာဏ်မဲ့သူများ ဝမ်းပါးရုံသာ ဖြစ်၍ ထိုအဆိုပြုချက်ကို သဘာဝက လက်မခံပါချေ။

သားသမီးတို့၏ ကျူးလွန်ပြစ်ဒဏ်ကို အဘယ်မိဘကများ ကိုယ်စား ကျခံခြင်း၊ ဖယ်ရှားခြင်း ပြုနိုင်ပါအံ့နည်း။ ဗုဒ္ဓဂေါတမ သည်ကား သဘာဝအရှိအတိုင်း ထုတ်ဖော်လမ်းညွှန်သူသာ ဖြစ်သဖြင့် သဘာဝတရားက လက်မခံသော အာမခံချက်မျိုးကို ပေးတော်မမူပါချေ။

ဗုဒ္ဓဂေါတမက ခန္ဓသံယုတ်၊ အတ္တဒီသုတ်၊ မဟာဝဂ် မဟာ

www.dhammaransi.com



ပရိနိဗ္ဗာနသုတ်၌-

"ချစ်သားတို့ . . . သင်တို့သည် မိမိကိုယ်ကို ကိုင်းကျွန်းပမာ ထောက်တည်မှီခိုရာပြု၍နေကြကုန်လော့၊ မိမိကိုယ်ကို ကိုးကွယ်ရာပြု၍ နေကြကုန်လော့၊ မိမိမှတစ်ပါး အခြား တစ်စုံတစ်ရာကို ကိုးကွယ်ရာ မထား မူ၍ နေကြကုန်လော့"

ဤ၌ မိမိကိုယ်ဆိုသည်မှာ မိမိတို့သန္တာန်၌ တည့်နေသော တရားဟု ဆိုလိုသဖြင့်-

"ရဟန်းတို့ . . . သင်တို့သည် တရားတော်ကို ကိုင်းကျွန်းပမာ ထောက်တည်ရာ မှီခိုရာပြု၍ နေကြကုန်လော့၊ တရားတော်ကို ကိုးကွယ်ရာပြု၍ နေကြကုန်လော့၊ တရားတော်မှတစ်ပါး အခြားတစ်စုံတစ်ရာကို ကိုးကွယ်ရာ မထားမူ၍ နေကြကုန်လော့"

ဟူ၍ လမ်းညွှန်ဟောကြားထားခဲ့ခြင်း ဖြစ်ပါသည်။

အလယ်က ဓမ္မပဒ၌-

"ချစ်သားတို့ . . . သင်တို့၏ လွတ်မြောက်မှုအတွက် သင်တို့ကိုယ်တိုင် ကြိုးစားအားထုတ်အပ်၏။ ဘုရားရှင်တို့မည်သည် လမ်းညွှန်ဟောပြောရုံသာ ဟောပြောပြတော်မူနိုင်၏"

ဟူ၍ ဟောကြားလမ်းညွှန်ထားခဲ့ပါသည်။

ဤကား ဓမ္မနိုင်ငံတော် တည်ထောင်၍ ဝါဒလမ်းစဉ် စတင်တည်ထောင် ကြေညာကတည်းက ကနဦးအစ ပွဲဦးထွက် ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒ၏ ဝိသေသလက္ခဏာများ ဖြစ်ကြပါသည်။

အသိဉာဏ်၊ အတွေးအခေါ် အားနည်းနေသော ဤကမ္ဘာကြီး အတွင်း၌ ဓမ္မနိုင်ငံတော်ကို တည်ထောင်ရာ၌ ဝါဒလမ်းစဉ်

www.dhammaransi.com



ချမှတ်ပြီးသည်နှင့် ဗုဒ္ဓဂေါတမသည် ၄၅ နှစ်တာ ကာလပတ်လုံး မနားမနေ ဆက်တိုက် သူ၏အယူအဆ ဓမ္မများ၊ မေးခွန်းများ၊ ပြဿနာများကို ဖြေရှင်းဟောကြားပေးတော်မူခဲ့ပါသည်။

တစ်ရက် (၂၄)နာရီ ရှိရာတွင် တစ်နာရီကျော်ကျော်မျှသာ ကျိန်းစက် နားနေပြီး ပြဿနာမျိုးစုံဟူသော တောရှင်းရသည်နှင့် အချိန်နှင့် အင်အားများ များစွာ အကုန်ခံခဲ့ရသည်။

အဝတ်စုတ်တစ်ခုကို ဆေးအရောင်တင်ရ ဆိုးရသည်မှာ မကြာချေ၊ ကြေးချွတ်ရသောအချိန်သည်က များနေရပါသည်။

ကမ္ဘာဦးလူသားတို့သည် နေ့စဉ်နှင့်အမျှ မြင်တွေ့နေရသော နေ၊ လ၊ နက္ခတ်၊ တာရာများကိုကြည့်ကာ သိလိုစိတ်များ နိုးကြွနေခဲ့ကြ၏။ အတူနေသူများ သေသွားသည်ကို တွေ့ရသော အခါတိုင်း ရင်ထဲ၌ မေးခွန်းများ ပြည့်ကျပ်လာကြသည်။ တွေးမိတွေးရာ တွေးလာကြသည်။ လုပ်မိလုပ်ရာ လုပ်လာကြသည်။

ဗုဒ္ဓဂေါတမ ပွင့်လာတော်မူသောအခါ. . .

- ကမ္ဘာကြီး အစရှိသလား၊ အဆုံးရှိသလား။
- သေပြီးနောက်ဘဝရှိသလား၊ မရှိဘူးလား။
- သေသွားသူ ကောင်းရာဘဝရောက်အောင် ဆုတောင်းပေး၍ ရသလား။
- ကိုယ်နှင့်အသက် အတူတူလား၊ တခြားစီလား။

၎င်းမေးခွန်းများသည် အများစု ဖြေရှင်းပေးရသော မေးခွန်းများ ဖြစ်ကြသည်။

ကမ္ဘာပေါ်ရှိ အယူဝါဒအားလုံးနီးပါး သဘာဝတရားနှင့်

www.dhammaransi.com



ဆန့်ကျင်သည်က များ၍ သဘာဝဆိုက်သော အယူဝါဒတချို့လည်း လူသားတို့ခံနေရသော ဆင်းရဲကို အပြီးတိုင် ဖယ်ရှား ကုစားမပေးနိုင်ကြပါ။

သဘာဝတရားကိုသာ ညွှန်ပြ၍ လူသားထု ဆင်းရဲကို အပြီးတိုင် ဖယ်ရှားပေးနိုင်သော ဗုဒ္ဓဝါဒအား အတိုက်အခိုက်များ ဝိုင်းလည်လာတော့သည်။ တစ်လောကလုံးက ငြင်းခုံလာကြသည်၊ စောဒကတက်လာကြသည်၊ အပြစ်တင်လာကြသည်၊ ရန်လုပ်လာကြသည်။

ထိုအခါ ကိုယ်တော်တိုင် တရားလမ်းညွှန်မှုကို ရင်ဆိုင်၍ ဖြေရှင်းတော်မူနေရသည်။

ခန္ဓသံယုတ်၊ ပုပ္ဖသုတ်၌ ဗုဒ္ဓက. . .

"ချစ်သားတို့ . . .ငါသည် လောကကြီးနှင့် မငြင်းခုံ၊ လောကကြီးကသာ ငါနှင့် ငြင်းခုံနေ၏။ သဘာဝမှန်ကို ဟောပြောသောသူသည် လောကကြီးအတွင်း မည်သူနှင့်မျှ ငြင်းခုံစရာ မလို၊ ငြင်းခုံဘက် မရှိ။

"ချစ်သားတို့ . . .လောကပညာရှိ အများတို့က မရှိဟု တညီတညွတ်တည်း သတ်မှတ်ထားသောအရာကို ငါကလည်း မရှိဟုပင် ဟောပြော၏။ ရှိ၏ဟု သတ်မှတ်ထားသောအရာကို ငါကလည်း ရှိ၏ဟုပင် ဟောပြော၏"ဟူ၍ ဟောကြားခဲ့သည်။

ထိုခေတ်လူတို့သည် ဗုဒ္ဓ၏တရားကိုသာမက ဗုဒ္ဓကိုပင် အမြင်မကြည်လင်လာကြတော့ပေ။ လောကတွင် ပညာရေး၊ စီးပွားရေး စသည် အပေါ်စီးရနေသော ဗြာဟ္မဏပဏ္ဍိတ်ကြီး

www.dhammaransi.com



များက ဗုဒ္ဓကို ပို၍ အထင်သေးခဲ့ကြသည်။

ဗုဒ္ဓက (၃၅)နှစ်အရွယ် အသက်ငယ်သူဖြစ်၍ (ဝါ) အသက်နှင့် အနိုင်ယူလိုကြသည်။

"ဝေနေယျိက ဆုံးမချင်း ဆုံးမလျှင် ငါတို့ကသာ ရဟန်းဂေါတမကို ဆုံးမသွန်သင်ရမည်"

ဟု ပြောဆိုလာကြသည်။

သဘာဝနိယာမတရားကို ဗုဒ္ဓက ဖော်ထုတ်ပြီး သူတို့၏ အစဥ်အလာကို ရိုက်ချိုးပစ်လိုက်သဖြင့် . . .

"ရဟန်းဂေါတမသည် ကြီးပွားရေးဖျက်ဆီးသူ (ဘူနဟ-ဘူနဟတ)"ဟု စွပ်စွဲကြပြန်သည်။

တရားများကို တစ်စွန်းတစ်စ လေ့လာနာယူပြီးသော အခါ...

"ရဟန်းဂေါတမဟာ အပြတ်သမားကြီးပဲ (ဥစ္ဆေဒေါဘဝံ ဂေါတမ)"ဟု ထင်မြင်ကြပြန်သည်။

ကြွယ်ဝချမ်းသာပြီး ကျန်းကျန်းမာမာနှင့် စည်းစိမ်ယစ်နေသော မာဂဏ္ဍိယပုဏ္ဏားကြီးကမူ သူ့ဝမ်းဗိုက်ကို အကြိမ်ကြိမ် ပုတ်ပြကာ . .

"ရဟန်းဂေါတမပြောတဲ့ နိဗ္ဗာန်ဟာ ဒါပဲမဟုတ်လား"

ဟု မထိမဲ့မြင် ပြောဆိုခဲ့သေးသည်။

ဗုဒ္ဓဓမ္မကို နားမလည်နိုင်သကဲ့သို့ ဘုရားဆိုလျှင် ကောင်းကင်ကိုသာ မော့ကြည့်နေရသဖြင့် ဗုဒ္ဓဂေါတမ' ဆိုသည်ကိုလည်း နားမလည်နိုင်ကြချေ။

www.dhammaransi.com



ထို့ကြောင့် ဗုဒ္ဓက ပုပ္ဖသုတ်၌ပင် . . .

"ချစ်သားတို့ . . . ပဒုမ္မာ ကြာပုဏ္ဍရိက်သည် ရေ၌ဖြစ်ပွား၊ ရေ၌ ကြီးပွားလာသော်လည်း ရေနှင့် လိမ်းကျံမှု မရှိ၊ ရေမတင်၊ ရေအမြင့်ထက်၌သာ တက်၍ တည်နေသကဲ့သို့ ငါဘုရားသည် ဤလောက၌ မွေးဖွား၊ ဤလောက၌ ကြီးပြင်းခဲ့သော်လည်း လောကနှင့်လိမ်းကျံ ငြိတွယ်ခြင်း မရှိ။ လောကကို လွှမ်းမိုး၍ (လောကအထက်၌) တည်နေလျက်ရှိ၏" (လောက ဆွဲအားမှ လွန်မြောက်သူဟု ဆိုလိုပါသည်)ဟူ၍ ဟောကြားခဲ့ပါသည်။

လောကရှိ လူသားသဘာဝသည် ထူးခြားသောပုဂ္ဂိုလ်တစ်ယောက်ကို လေ့လာကြည့်ရှု ချဉ်းကပ်ကြရာ၌ ရှုထောင့်လေးမျိုးဖြင့် ကြည့်ကြလေ့ရှိသည်၊ ချဉ်းကပ်တတ်ကြသည်။

ပထမ - ရုပ်ရည်ဥပဓိကို ကြည့်ကြသည် (ရူပပ္ပမာဏ)

ဒုတိယ - ထင်ပေါ်ကျော်ကြားမှုနှင့် ချိန်ထိုးသည် (ဃောသပ္ပမာဏ)

တတိယ - ဆင်းရဲခေါင်းပါးစွာ နေထိုင်မှု၊ အပြုတ်အသတ် ဖွန့်လွှတ်မှုနှင့်လည်း စံထိုးကြည့်သည်။ (လူခပ္ပမာဏ)

စတုတ္ထ - အလွန်အရေးအတွက်နည်းပါးလှသော စဉ်းစားဉာဏ် ရှိသူများကမူ ဟောပြောကျင့်ကြံသည့် တရားဓမ္မ အလုပ်နှင့် ဆုံးဖြတ်သည်။ (ဓမ္မပ္ပမာဏ)

(စတုက္က၊ အံ၊ ရူပသုတ်နှင့် စူဠသီဟနာဒသုတ်)

www.dhammaransi.com



ဂေါတမဗုဒ္ဓသည်ကား အထက်ပါရှုထောင့်လေးမျိုးလုံးနှင့် အကြည့်ခံနိုင်သူဖြစ်၍ အချိန်အနည်းငယ်အတွင်းမှာပင် တိုက်ခိုက်နေကြသည့်ကြားက ရွှံ့နွံနှင့် ရေပြင်ပေါ်မှာ ထိုးတက်လာသောကြာပဒုမ္မာကဲ့သို့ ဓမ္မနိုင်ငံတော်ကြီးကို ဓမ္မအင်အားဖြင့် တည်ထောင်နိုင်ခဲ့သည်။

ရှေးအခါက လူတို့သည် ကံနှင့် ကံအကျိုး၊ ကိုယ်ကျင့်သိက္ခာများ ပြောဆိုကျင့်သုံးခဲ့ကြသော်လည်း လမ်းပြသူတိုင်းပင်ကြည်လင်စွာမမြင်ခဲ့ကြပေ။ မျက်မမြင် လမ်းပြသူ၏ ခါးတောင်းကျိုက်ကိုဆွဲကာ နောက်က တန်းစီလိုက်ကြရသော မျက်မမြင်လူတန်းကြီးကဲ့သို့ ဖြစ်နေကြရသည်။

ကိုယ်ကျင့်သိက္ခာ၊ ကိုယ်အားကိုယ်ကိုးရမည့် ကံတရားနှင့်စပ်၍ ငါးပါးသီလ၏ နံပါတ်တစ် သူ့အသက်သတ်မှု (ပါဏာတိပါတ)ကိုပင် ထန်ကုန်အောင် မသိမမြင်ခဲ့ကြပေ။

ထို့ကြောင့် တိရစ္ဆာန်ကိုသတ်၍ ထိုသွေးဖြင့် ဘုရားပူဇော်သည်ကိုပင် ဧရာမကုသိုလ်ကြီးဟု အယူမှားခဲ့ကြသည်။ တိရစ္ဆာန်အပါအဝင် သတ္တဝါတစ်ဦးဦးကို သတ်သည့်အတွက် သတ္တလောကကြီးအတွင်း ကွင်းဆက် မကောင်းကျိုးများ မည်သို့ဖြစ်လာနိုင်သည်ကို မသိမမြင်ခဲ့ကြသဖြင့် လက်ရဲ ဇက်ရဲ သတ်ခဲ့ကြသည်။ ဘုရားအမည်ခံ ပုဂ္ဂိုလ်ကြီးများကလည်း သတ်စေအမိန့်ပေးခဲ့သည်။

ဗြာဟ္မဏဝါဒ စသည်၌ ကံတရားကို လက်ခံထားသော်လည်း အကျိုး အပြစ် ဖြစ်ချင်တိုင်း မဖြစ်ရ၊ ဖန်ဆင်းရှင်က

www.dhammaransi.com



ကြိုးကိုင်ထားသည်၊ နောက်ဆုံး အဆုံးအဖြတ်သည် ဖန်ဆင်းရှင် လက်ထဲ၌သာ ရှိနေ၏။

ဗုဒ္ဓဂေါတမ ပွင့်ထွန်းလာသောအခါ ဗုဒ္ဓဂေါတမက. . .

"သက်ရှိသတ္တဝါတိုင်း ဆင်းရဲရောက်မည်၊ သေရမည်ကို ကြောက်ကြ၏။ သတ္တဝါတိုင်း ကိုယ့်အသက်ကို မြတ်နိုးကြ၏။ မိမိကိုယ်ကို ဥပမာထား၍ (ကိုယ်ချင်းစာ၍) မည်သည့်သတ္တဝါ ကိုမျှ မညှဉ်းဆဲ မသတ်ဖြတ်ရာ"ဟူ၍ ဓမ္မပဒ၌ ဟောကြားထား ပေးခဲ့ပါသည်။

"မိခင်သည် တစ်ဦးတည်းသောသားကို အသက်နှင့်လဲကာ အမြဲစောင့်ရှောက်သကဲ့သို့ သတ္တဝါတို့အပေါ် အတိုင်းမသိ မေတ္တာ ထားရမည်"

ဟူ၍ မေတ္တာသုတ်၌ လမ်းညွှန် ဟောကြားထားပါသည်။

"မိမိပြုလုပ်မည့်အလုပ်သည် မိမိ သူတစ်ပါး နှစ်ဦးသားအား ထိခိုက် နစ်နာစေမည့်အလုပ် ဟုတ် မဟုတ် ကြိုတင်စဉ်းစားပြီးမှ ပြုလုပ်ရန်၊ ပြုလုပ်ပြီးကိစ္စများကိုလည်း ဤနည်းအတိုင်း ပြန်လှန် စစ်ဆေးရန်"

ဟူ၍ ဗုဒ္ဓက အမ္ဗလဋ္ဌိက ရာဟုလောဝါဒသုတ်တို့၌ လမ်းညွှန် ဟောကြားခဲ့ပါသည်။

ဤလူ့အခြေခံတရားများသည် မည်သည့်ဘာသာကမျှ မငြင်းကွယ်နိုင်သော သဘာဝတရားများ ဖြစ်ကြပါသည်။ ဤ အခြေခံစိတ်ထားမှုဖြင့် ကမ္ဘာကြီး ငြိမ်းချမ်းသာယာနိုင်ပါသည်။

ဗုဒ္ဓဂေါတမ ပွင့်တော်မူလာခြင်းသည် အိန္ဒိယနိုင်ငံ မဇ္ဈိမ

www.dhammaransi.com



ဒေသ ကွက်ကွက်ကလေးအတွက်မျှသာမက တစ်ကမ္ဘာလုံး နတ်နှင့်တကွ သုံးလောကအတွက် အကျိုးများစွာ ဖြစ်ထွန်းခဲ့ပေသည်။

လူမှုဆက်ဆံရေး၊ ယဉ်ကျေးမှု၊ ငြိမ်းချမ်းစွာ အတူတကွ နေထိုင်ရေး၊ တစ်ဦးအပေါ်တစ်ဦး မကျူးကျော်ရေး၊ ကိုယ်ချင်းစာတရား စသော ဗုဒ္ဓ၏သွန်သင်ချက်များသည် ဗုဒ္ဓခေတ် ပညာရှိမှ အစ ယနေ့ ပညာရှိများ၊ သုတေသနသိပ္ပံပညာရှင်များအထိ လူသားများကို အကျိုးပြုနေသော တရားတော်များဖြစ်ကြောင်း လက်ခံထားကြပါသည်။

## ဗုဒ္ဓဂေါတမ၏ လူ့အခွင့်အရေး

ဗုဒ္ဓဂေါတမသည် အမျိုးမျိုးသော အယူဝါဒများကို လမ်းတည့်ပေးရုံသာမက အမျိုးမျိုးသော လူနေမှုဓလေ့ထုံးတမ်းများကိုပါ ပြောင်းလဲပေးနိုင်ခဲ့သည်။ ထက်အောက်ပြောင်းပြန် လှန်ပစ်နိုင်ခဲ့သည်။

ဗြာဟ္မဏဝါဒသည် လူတန်းစားခွဲခြားရာ၌ စံတင်လောက်၏။ လူဖြူ လူမည်း ခွဲခြားခြင်းမျိုးမျှမက လေးမျိုးလေးစားအထိ ခွဲခြားခဲ့၏။ လူ့ခံစားခွင့် အားလုံးကိုပါ ခွဲခြားသတ်မှတ်ထားသည်။ ဗြာဟ္မဏမျိုးသည် အမြင့်ဆုံးဖြစ်၏။ ပညာရေး၊ ဘာသာရေး၊ စီးပွားရေးအားလုံး အပေါ်စီး ယူထားသည်။

ထို့နောက် ခတ္တိယမျိုး (စစ်သားမျိုး၊ မင်းမျိုး)၊ ကုန်သည်မျိုး (ဝဿ)၊ ထိုနောက် အနိမ့်ဆုံးဆင် ရဲသားမျိုး (သုဒ္ဒ)တို့ဖြစ်သည်။ မွေးဖွားလာကတည်းက သတ်မှတ်ချက် ပေးလိုက်ပြီးဖြစ်၍

www.dhammaransi.com



ရာသက်ပန် တိုးတက်ခွင့်၊ ပြင်ဆင်ခွင့် ခြွင်းချက်မရှိ ဖြစ်တော့သည်။

ထိုလူနေမှု အသိုက်အဝန်းတွင် ဗုဒ္ဓဂေါတမ ပွင့်တော်မူလာရာ သူဌေးသား သောဏနှင့် မစင်ကျုံးသမား (ဓာတ်နိမ့်) သုနီတတို့ကဲ့သို့ အစစ်အမှန် လူ့တန်ဖိုးကိုကြည့်၍ တစ်တန်းတစ်စားတည်း အသိအမှတ်ပြုလိုက်ရာ ဗြဟ္မဏတို့ ဆတ်ဆတ်ခါနာကျည်းခဲ့ကြသည်။

ဓမ္မတွင် ခွဲခြားမှု မရှိ၊ သားတော်ရာဟုလာနှင့် ရန်သူတော် ဒေဝဒတ်ကိုသာမက တိရစ္ဆာန်ဖြစ်သော နာဠာဂီရိ (ရန်သူ)နှင့် ပလလဲဆင် (မိတ်ဆွေ)၊ နန္ဒောပနန္ဒ (ရန်သူ)နှင့် မုစလိန္ဒနဂါးမင်း (မိတ်ဆွေ)တို့ကိုပင် ခွဲခြားတော်မမူ။ ဓမ္မတွင် ရန်သူ မိတ်ဆွေ မရှိပါ။

အရောင်အမျိုးမျိုး အရသာအဖုံဖုံရှိသော ချောင်းမြောင်း မြစ်ကြီး မြစ်ငယ် အသွယ်သွယ်မှ စီးဆင်းလာသော ရေများသည် သမုဒ္ဒရာသို့ ရောက်သည်နှင့် ကွဲပြားမှု မရှိ၊ တစ်ရောင်တစ်သွေးတည် အရသာတစ်မျိုးတည်းသာ ဖြစ်ရ၏။ ထိုသည်ပင် ဓမ္မဖြစ်ပါသည်။

ဓမ္မသည် မကျဉ်းမြောင်း၊ ကျယ်ပြော ကျယ်ဝန်းသည်၊ အသွေးအရောင်မကွဲပြား၊ တစ်သားတည်းဖြစ်သည်။ ကွဲပြားသော အရာတို့ စုပေါင်းညီညွတ်ခြင်းပင်လျှင် တည်ငြိမ်ကြီးမားသောအားဖြစ်လာသည်။

မြေပြင်ရှိ အာလုံးကို သိမ်းကျုံးဆွဲဆောင်၍ တစ်သားတည်း

www.dhammaransi.com



တည်ငြိမ်ကြီးမားသော အားအဖြစ် ပြောင်းလဲပေးသည်မှာ ဓမ္မပင် ဖြစ်ပါသည်။ အသွင်အမျိုးမျိုး၊ မျိုးရိုးဗီဇ အသီးသီး မတူကွဲပြား ခြားနားနေသော သက်ရှိလူသားတို့အား တစ်သားတည်းဖြစ် အောင် စုစည်းပေါင်းရုံး၍ အကောင်းဆုံး တည်ငြိမ်ချမ်းသာသော လူ့အဖွဲ့အစည်းကြီးအဖြစ်သို့ ပုံကိုင်ပေးနိုင်သည်မှာလည်း ဓမ္မပင် ဖြစ်ပါသည်။

ဗုဒ္ဓဂေါတမပေးခဲ့သော လူ့အခွင့်အရေး၊ လူ့တန်ဖိုးကား လူသာမန်တို့ နားမလည်နိုင်ပါ။ လူမှုဆက်ဆံရေးတွင် စိတ် ကောင်းတစ်ခု ထားဖို့သာ ရှိပါသည်။

"တစ်ယောက်နှင့်တစ်ယောက် မကောက်ကျစ် မစဉ်းလဲနှင့်။ လူ အချင်းချင်း အထင်မသေးနှင့်။ တစ်ဦးကိုတစ်ဦး ထိပါး ပုတ်ခတ်ကာ တစ်ဖက်သား ဆင်းရဲရောက်မည်ကို မလိုလားနှင့်"

ဟူ၍ ဗုဒ္ဓက လမ်းညွှန်ခဲ့ပါသည်။

ဗုဒ္ဓဂေါတမနှင့် ဝါဒသည် အကျိုးရှိမည်ဆိုလျှင် ဓလေ့ထုံးစံ များကိုပင် ပြောင်းပြောင်းတင်းတင်း ဆန့်ကျင်ရဲသည်။

## ဗုဒ္ဓဂေါတမ၏ ဝါဒရေးရာ'စံ'

ဗုဒ္ဓဂေါတမ၏ဝါဒသည် ထူးခြားမြင့်မြတ်သော သဘော ထား ခံယူချက်တို့နှင့် ပြည့်စုံသော အယူဝါဒတစ်ခု ဖြစ်ပါသည်။ လိုက်နာကျင့်သူတို့အား လောကီ၊ လောကုတ္တရာ၊ ပစ္စုပ္ပန်၊ သံသရာ နှစ်ဖြာသော စီးပွားချမ်းသာမှန်ကို ပေးစွမ်းနိုင်သည် သာမက လေ့လာသူတို့အတွက် အံ့အားသင့်စရာဖြစ်၏။

www.dhammaransi.com



ဆက်လက်လေ့လာလိုစိတ် တဖွားဖွား ဖြစ်ပေါ်ခံစားမိကြသည်။

“ဣဒ မေဝသစ္စံ၊ မောဃမညံ”

“ငါဟာ အမှန်၊ ကျန်တာတွေ အမှား”

ဟု ခံယူထားသော သတ္တလောကကြီးအတွင်း၌ ဗုဒ္ဓဂေါတမ၏ ခံယူချက်သည် အမှန်တကယ် အံ့အားသင့်စရာဖြစ်သလို ဘယ်လိုလဲဟု ဆက်လက်စူးစမ်း လေ့လာလိုစိတ်များလည်း တစ်ဆက်တည်း ခံစားကြရသည်။

ဧဟိပဿိကော - မယုံလျှင် လာလှည့်၊ မြည်းစမ်းကြည့်ဟု ဗုဒ္ဓက ကြိုဆိုလက်ကမ်း လမ်းဖွင့်ထားသည့်အတိုင်း စာတွေ့ လက်တွေ့ လေ့လာဖြစ်ရန်သာ လိုပါသည်။

လေ့လာသောအခါ အယူအဆဟောင်း၊ အတွေးအခေါ်ဟောင်းများကို ဘေးဖယ်၍ တွယ်တာငဲ့ကွက်မှု မထား၊ ကိုယ်ပိုင်ယုံကြည်မှုအကွက် ပြတ်သားပွင့်လင်းသူတိုင်း ကျေနပ်မှု ရရှိကြသည်သာဖြစ်သည်။

ဤဘာသာအယူဝါဒ အမျိုးမျိုးကြားဝယ် နားယောင်နေခဲ့ကြသော ကေသမုတ္တိ ရွာကြီးနေ ကာလာမမင်းမျိုးတို့အား ဗုဒ္ဓက လမ်းညွှန်ထားသော တရားများသည် ဝါဒရေးရာတို့၌ ‘ခ’တစ်ခု ဖြစ်ပါသည်။

ကေသမုတ္တိနိဂုံးရွာသို့ ဗုဒ္ဓဘုရားရောက်ရှိစဉ် ဘာသာ အယူဝါဒ အမျိုးမျိုးတို့ကို တွေ့ကြုံနာကြားခဲ့ရသော ကေသမုတ္တိ ရွာသားတို့သည် ဗုဒ္ဓထံသို့ ချဉ်းကပ်လာကြပြီး . . .

“ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ကေသမုတ္တိနိဂုံးရွာသို့

www.dhammaransi.com



ရောက် လာသမျှသော ရဟန်းပုဏ္ဏားတို့သည် မိမိတို့အယူဝါဒ သာ ကောင်းမွန်မှန်ကန်ကြောင်း ဂုဏ်တင်ပြောဆို၍ အခြားသူ တို့၏ ဝါဒများ မှားယွင်းကြောင်း ထိပါးပုတ်ခတ် ရှုတ်ချကဲ့ရဲ့၍ ပစ်ပယ်ပြောဆိုကြပါသည်။

တပည့်တော်တို့သည် ထိုသူတို့၏ စကားကို ကြားနာရသဖြင့် မည်သူ၏ ဝါဒသည် အစစ်အမှန်ဖြစ်၍ မည်သူ၏ဝါဒသည် မှားယွင်းကြောင်း မဝေခွဲနိုင် ဖြစ်နေကြပါသည်။ အားလုံးသော အယူဝါဒများအပေါ်၌ ယုံမှားသံသယ ဝင်နေကြရပါသည်”

ဟု တင်ပြလျှောက်ထားကြသည်။

“ကာလာမမင်းသားတို့၊ သင်တို့ ယုံမှားသံသယဖြစ်မည် ဆိုက ဖြစ်လောက်ပေသည်။ ယင်းတို့သည် ယုံမှားသံသယ ဖြစ်ထိုက်သော အရာ၌ ယုံမှားသံသယဖြစ်ထိုက်၍ ယုံမှားသံသယ ဖြစ်ခြင်းပင် ဖြစ်သည်”

ဟု မိန့်ကြားတော်မူကာ အယူဝါဒနှင့် စပ်လျဉ်း၍ အထူး မှတ်သားဖွယ်ကောင်းသော ‘စံ’ (၁၀)ချက်ကို လမ်းညွှန်ဟော ကြားခဲ့ပါသည်။

“ကာလာမမင်းသားတို့... သင်တို့သည် အယူဝါဒတစ်ရပ် ကို–

၁။ တစ်ဆင့်ကြားကာမျှဖြင့်လည်း ဟုတ်ပြီ၊ မှန်ပြီဟူ၍ လက်မခံကြကုန်လင့်။

၂။ ဘိုးဘေးစဉ်လာ ဆင်းသက်လာသော မိရိုးဖလာ အယူဝါဒ ဖြစ်သည်ဟူ၍လည်း လက်မခံကြလင့်။

www.dhammaransi.com



၃။ ဤအရာသည် ဤသို့ဖြစ်သတဲ့ဟူသော ကောလာဟလဖြင့်လည်း လက်မခံကြကုန်လင့်။

၄။ မိမိတို့ လေ့လာထားသော စာပေကျမ်းစာနှင့် ညီညွတ်ကာမျှဖြင့်လည်း လက်မခံကြလင့်။

၅။ မိမိတို့ တွေးခေါ်ကြံဆချက်နှင့် ကိုက်ညီရုံမျှဖြင့်လည်း လက်မခံကြကုန်လင့်။

၆။ ဤအရာသည် ယုတ္တိရှိသည်ဟု နည်းမှီ ထောက်ဆ၍ ရရုံမျှဖြင့်လည်း လက်မခံကြကုန်လင့်။

၇။ ဤအရာသည် မှန်ကန်ပြီဟု မိမိဘာသာ ကြောင်းကျိုး ဆင်ခြင် သုံးသပ်၍ ရရုံမျှဖြင့်လည်း လက်မခံကြကုန်လင့်။

၈။ မိမိတို့ စွဲ၍ ထားပြီး ကြံ၍ လက်ခံထားသော အယူနှင့် ကိုက်ညီပြီ ဆိုရုံမျှဖြင့်လည်း လက်မခံကြကုန်လင့်။

၉။ မိမိတို့ ယုံကြည်လောက်သော ပုဂ္ဂိုလ်စကား ဖြစ်သည်ဟု ပုဂ္ဂိုလ်စွဲအားဖြင့်လည်း လက်မခံကြကုန်လင့်။

၁၀။ မိမိတို့လေးစားသော ဆရာ၏စကား ဖြစ်သည်ဟု ဆရာစွဲအားဖြင့်လည်း လက်မခံကြကုန်လင့်”

ဟူသည့် ချိန်ခွင်သဖွယ် မှတ်ကျောက်ပမာဖြစ်သော ဤစံ (၁၀)ချက်ကို ဖော် ညွှန်ဟောပြတော်မူပြီးနောက် ကိုယ်တိုင် လက်တွေ့စမ်းသပ်နည်းကိုပါ နည်းညွှန် ပြသတော်မူခဲ့ပါသည်။

“ကာလာမမင်းသားတို့ ... သင်တို့သည် ဤတရားတို့ကား အကုသိုလ်တရားတို့တည်း၊ ဤတရားတို့ကား အပြစ်ရှိသော

www.dhammaransi.com



တရားတို့တည်း၊ ဤတရားတို့ကား ပညာရှိတို့ ကဲ့ရဲ့အပ်သော တရားတို့တည်း၊ ဤတရားတို့ကို လက်ခံကျင့်သုံးခဲ့သော် အကျိုးမဲ့ ဖြစ်မည်၊ ဆင်းရဲရောက်မည်ဟု သင်တို့ကိုယ်တိုင် သိရှိအံ့၊ ထိုတရားများကို ပယ်ရှားကြရမည်"

တစ်ဖန် ဗုဒ္ဓက ကာလာမမင်းသားတို့အား တပ်မက်ခြင်း၊ အမျက်ထွက်ခြင်း၊ တွေဝေမိုက်မဲခြင်း သဘောများကို ကိုယ်တိုင် ခံစား၍၊ စဉ်းစား၍ ကိုယ်တိုင် ဖယ်ရှားနိုင်စေရန် အဆင့်ဆင့် မေးခွန်းထုတ်ပြီး အကျယ်ဟောပြခဲ့သည်။

"ကာလာမမင်းသားတို့ . . . လောဘတရား၊ ဒေါသတရား၊ မောဟတရားတို့ မိမိသန္တာန်၌ ဖြစ်ပေါ်လာသည်ရှိသော် အကျိုးစီးပွားကို ဖြစ်ပေါ်စေသလော၊ အကျိုးမဲ့ကို ဖြစ်ပေါ်စေသလော။

လောဘကြီးသောသူ၊ ဒေါသကြီးသောသူ၊ မောဟကြီးသောသူ၊ လောဘ၊ ဒေါသ၊ မောဟ လွှမ်းမိုးခံရသူတို့သည်

- သူတစ်ပါး အသက်ကိုလည်း သတ်ဖြတ်ကြ၏။
- သူတစ်ပါး ဥစ္စာကိုလည်း ခိုးယူကြ၏။
- သူတစ်ပါး သားမယားကိုလည်း ကျူးလွန်စော်ကားကြ၏။
- လိမ်ညာ၍ ပြောဆိုကြ၏။
- အခြားသူများကိုလည်း ထိုကဲ့သို့ ကျူးလွန်ရန် တိုက်တွန်းကြ၏။

ဤလောဘ၊ ဒေါသ၊ မောဟ အကုသိုလ်တရားတို့သည် ရှည်မြင့်စွာ ကာလပတ်လုံး အကျိုးမဲ့ကို ဖြစ်စေတတ်ကုန်၏၊

www.dhammaransi.com



ဆင်းရဲကို ဖြစ်စေတတ်ကုန်၏။

ကာလာမမင်းသားတို့ . . . လောဘ၊ ဒေါသ၊ မောဟ တရားတို့သည် ကုသိုလ်တရားတို့လော၊ အကုသိုလ်တရား တို့လော၊ အပြစ်ရှိသောတရားတို့လော၊ အပြစ်မဲ့သောတရား တို့လော၊ ပညာရှိတို့ ချီးမွမ်းအပ်သလော၊ ကဲ့ရဲ့အပ်သလော။

အကုသိုလ်တရားကို ပြုလုပ်မိခဲ့ကြသည်ရှိသော် အကျိုးမဲ့ ဆင်းရဲကို ဖြစ်စေတတ်ကုန်သည် မဟုတ်ပါလော၊ ဤနေရာ၌ သင်တို့ အဘယ်သို့ ထင်မြင်ယူဆကုန်ကြသနည်း။

ကာလာမမင်းသားတို့ . . . ဤသို့လျှင် တစ်ဆင့်ကြားမှုဖြင့် လည်း လက်မခံကြကုန်လင့်။ သင်တို့ကိုယ်တိုင် သိခဲ့သော အကုသိုလ်တရားတို့ကို ဖယ်ရှားကြကုန်လော့ဟူသော စကားကို ထိုကြောင့်ပင်လျှင် ငါဟောကြားခြင်း ဖြစ်၏"

ဗုဒ္ဓသည် လောဘ၊ ဒေါသ၊ မောဟတို့၏ ဆန့်ကျင်ဘက် အလောဘ၊ အဒေါသ၊ အမောဟ တရားများသည် အပြစ်ကင်း၍ ပညာရှိများ ချီးမွမ်းကြသော ကုသိုလ်တရားများ ဖြစ်ကြ၍ ကံငါးပါး မလွန်ကျူးတော့သဖြင့် ကောင်းကျိုးချမ်းသာ ဖြစ်ပွား စေပုံ၊ တရားများနှင့် ပြည့်စုံအောင် နေသင့်ပုံတို့ကိုလည်း မေးခွန်း များထုတ်ကာ ဆက်လက်ဟောပြတော်မူသည်။

ဗုဒ္ဓသည် ကာလာမမင်းသားတို့အား အခြေခံဖြစ်သော ကုသိုလ်၊ အကုသိုလ်တို့၏ အကျိုးအပြစ်နှင့် ထိုမှ မြစ်ဖျားခံလာ သော ကံငါးပါးတို့၏ အကျိုးအပြစ်ကို စိစစ်ဝေဖန်၍ ရှောင်ရန် ဆောင်ရန် အခြေခံသီလပိုင်းကို ဟောကြားပြီးနောက် ဆက်လက်

www.dhammaransi.com



၍ သမာဓိ သာသနာ ကိုယ်ချင်းစာ (ဗြဟ္မဝိဟာရ)တရားကို ဟောကြားတော်မူသည်။

ထိုမေတ္တာကမ္မဋ္ဌာန်းတွင်လည်း သတိ၊ ပညာ ရှိရုံမျှမက မေတ္တာစိတ် ပွယ်ကူစွာ ဖြစ်ပွားနိုင်စေရန် အခြေခံ ရေသောက် မြစ်ဖြစ်သော လောဘ၊ ဒေါသ၊ မောဟများ စွမ်းနိုင်သမျှ ကြိုတင် ဖယ်ရှားထားရန်လည်း နည်းလမ်းပေးသည့်မှာ–

"ကာလာမမင်းသားတို့ . . . ဤသို့လျှင် ကုသိုလ် အကုသိုလ် စိစစ်ခွဲခြား၍ အကုသိုလ်ကို ဖယ်ရှားကာ ကုသိုလ်တရားကို ပွားများအောင် ကျင့်ကြံကြိုးကုတ် အားထုတ်ကြသော အရိယာ သာဝက (ဗုဒ္ဓဘာသာဝင်တစ်ဦး)သည် လောဘ၊ ဒေါသ၊ မောဟ ကင်းစင်ပြီး တွေဝေမှုမရှိ၊ ဟုတ်တိုင်း မှန်တိုင်း သိမြင်ကာ ကောင်းမွန်သော သတိတရား လက်ကိုင်ထားလျက် အနှောင့် အယှက် အကန့်အသတ်မရှိ များပြတ်သော မေတ္တာစိတ်ဖြင့် (ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာစိတ်ဖြင့်) အရပ်ဆယ်မျက်နှာသို့ မိမိနှင့် ထပ်တူပြု၍ သိမ်းကျုံးလွှမ်းခြုံကာ ပြန့်ပွားနေရာ၏"

ဗုဒ္ဓသည် ကာလာမမင်းသားတို့အား မေတ္တာကမ္မဋ္ဌာန်းကို အခြေခံ၍ ဝိပဿနာကို ဆက်လက်ရှုပွားကာ ပညာစခန်း၊ အရိယာစခန်းသို့ ရောက်လျှင် ခုရော နောင်ပါ ဘေးကင်း ရန်ကွာ၍ မည်မျှ သက်သာရာ ချမ်းသာမှု ရနိုင်ကြောင်း ဆက်လက်ဟောပြသည်။

ထိုသို့ ဟောပြောပြရာ၌ ခေတ်ပြိုင်အယူဝါဒများကိုပါ ထည့်သွင်း စဉ်းစားရန် ညွှန်ပြသည်။

ပုရာဏကဿပ၊ မက္ခလိဂေါသာလ၊ အဇိတကေသကမ္ဗလ၊ နိဂဏ္ဌနာဋပုတ္တ ၁သော ဘုရားအမည်ခံ ခေတ်ပြိုင်တိတ္ထိဆရာကြီးများ၏ အကိရိယဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိများကိုပါ သိမ်မွေ့စွာ ရှင်းလင်း ဖယ်ရှားပေးခဲ့သည်။

တမလွန်ဘဝ ရှိ မရှိနှင့် ပတ်သက်၍လည်း တစ်ဖက်သတ်အယူမခိုင်၊ နိုင်ချိန်စဉ်စားနိုင်ရန် ကြောင်းကျိုးယုတ္တိပြ၍ ဤသို့ ရှင်းပြခဲ့သည်။

"ကာလာမ မင်းသားတို့ ... ဤသို့လျှင် ဘေးရန်ကင်းရှင်း၍ သူတစ်ပါးတို့အား ပျက်စီးစေလိုခြင်းမရှိ၊ ကိလေသာ အညစ်အကြေး ကင်းဝေးသဖြင့် အထူးသန့်ရှင်းစင်ကြယ်သော စိတ်ရှိသော အရိယာသာဝက (ဗုဒ္ဓဘာသာဝင်)တစ်ဦးအား လက်ရှိမျက်မှောက်ဘဝမှာပင် အားကိုးရာ၊ သက်သာရာ၊ ထောက်တည်ရာ လေးမျိုးတို့ကို ရရှိနိုင်သည်။

၁။ ထိုသို့ ကုသိုလ်၊ အကုသိုလ်တို့ကို လိုက်နာ ရှောင်ကြဉ်ရခြင်းကြောင့် အကယ်၍ နောက်ဘဝ ရှိခဲ့ငြားအံ့၊ ကုသိုလ်ကံ၊ အကုသိုလ်ကံတို့၏ အကျိုးရင်း အကျိုးဆက် ရှိခဲ့အံ့၊ ထိုသို့ ရှိခဲ့သော် ငါသည် သေပြီးသည် နောက်၌ နတ်ပြည်သို့ ရောက်ရလိမ့်မည် ဟူသော ပထမအားကိုးရာ သက်သာရာ ထောက်တည်ရာကို ရနိုင်ပေသည်။

၂။ အကယ်၍ နောင်ဘဝ မရှိခဲ့ငြားအံ့၊ ကုသိုလ်ကံ

အကုသိုလ်ကံတို့၏ အကျိုးရင်း၊ အကျိုးဆက် မရှိခဲ့ပြားအံ့၊ ထိုသို့ မရှိပေကာမူလည်း ငါသည် မျက်မှောက်ဘဝ၌ပင်လျှင် ဘေးရန် ကြောင့်ကြ မရှိ၊ ကိုယ်ရော စိတ်ပါ ချမ်းသာစွာနေထိုင်ရပေသည် ဟူသော ဒုတိယအားကိုးရာ သက်သာရာ ထောက်တည်ရာကို ရနိုင်သည်။

၃။ အကယ်၍ မကောင်းမှုကို ပြုခဲ့မိ၍ မကောင်းကျိုးကို ခံစားရမည်ဖြစ်အံ့၊ ငါသည် ထိုမကောင်းမှုကို မပြုလုပ်ခဲ့သည့်အတွက် ငါ့အား မကောင်းကျိုးသည် အဘယ်မှာလျှင် ဖြစ်နိုင်တော့အံ့နည်းဟူသော တတိယအားကိုးရာ သက်သာရာ ထောက်တည်ရာကို ရနိုင်သည်။

၄။ အကယ်၍ မကောင်းမှုကို ပြုမိခဲ့သော်လည်း ပြုရာမရောက်၊ မကောင်းကျိုးကို မခံစားရ၊ မကောင်းကျိုးဟူ၍ မရှိနိုင်ဖြစ်အံ့၊ ငါသည် ထိုမကောင်းမှုကို မပြုလုပ်ခဲ့သောကြောင့် လည်းကောင်း၊ ထိုအယူဝါဒအရလည်းကောင်း၊ နှစ်မျိုးစလုံး အရလည်းကောင်း အပြစ်ကင်းစင်သူ ဖြစ်ရလေသည်ဟူသော စတုတ္ထ အားကိုးရာ သက်သာရာ ထောက်တည်ရာကို ရနိုင်သည်"

ဗုဒ္ဓ၏ ဤဒေသနာတော်ကို လေ့လာကြည့်လျှင် ဗုဒ္ဓသည် အယူဝါဒများကို လေ့လာရာ၌ စစ်မှန်သောတရားဓမ္မ အယူဝါဒဟုတ် မဟုတ်၊ မှန် မမှန်၊ မိမိဉာဏ်ဖြင့် ချင့်ချိန်ကာ ကိုယ်တိုင်သိနိုင်သော စမ်းသပ်နည်းဖြင့် စမ်းသပ်၍ ကိုယ်တိုင်တွေ့

www.dhammaransi.com



ကျင့်ကြံ အားထုတ်ပြီးမှသာ သက်ပင်ယုံကြည်ရန် ညွှန်ပြတော်မူခဲ့သည်။

ဗုဒ္ဓဂေါတမသည် မိမိဝါဒကို ဂုဏ်တင်၍ အခြားဆန့်ကျင်ဘက် ဝါဒများကို နှိမ့်ချ ပုတ်ခတ်တော်မမူ၊ အခြားဝါဒများကိုလည်း နာမည်တပ်ကာ မှန်သည်၊ မှားသည် သုံးသပ်တော်မမူဘဲ လူတိုင်းသိနိုင်သော သဘောတရား အရှိကိုသာ အရှိအတိုင်း ဦးတည်၍ ဓမ္မဓိဋ္ဌာန်ကျကျ ဟောပြတော်မူခဲ့ပါသည်။

ဝါဒရေးရာ လွတ်လပ်စွာ လက်ခံယုံကြည်မှုနှင့် စပ်လျဉ်း၍ သိပ္ပံနည်းကျ သဘာဝနိယာမနည်းကျကျ ဝေဖန်ဆန်းစစ်နည်း (၁၀)မျိုးကို ဤကေသမုတ္တိသုတ်၌ အတိအကျ ညွှန်ပြထားသည်မှာ ဗုဒ္ဓဂေါတမဝါဒ၏ ထူးခြားမြင့်မြတ်သော ဝိသေသလက္ခဏာတစ်ရပ်ပင် ဖြစ်ပါသည်။

www.dhammaransi.com

# အခန်း ( ၂ )

## ဗုဒ္ဓနှင့် တက္ကတွန်းများ၏ လောကသဘာဝ ဆွေးနွေးမှုများ

### နိဂဏ္ဌနာဋပုတ္တ၏ အယူဝါဒနှင့် ဓမ္မဝိနယ

လောက၌ နိဂဏ္ဌသည် လေးမျိုးသော စောင့်စည်းခြင်းဖြင့် စောင့်စည်းသည်။

၁။ အလုံးစုံသော ရေအေးကို တားမြစ်၏ (ရေအေး၌ သတ္တဝါ ရှိသည်ဟု ယူဆသည်)။

၂။ မကောင်းမှုကို အလုံးစုံ တားမြစ်၏။

၃။ မကောင်းမှုကို အလုံးစုံ တားမြစ်ခြင်းဖြင့် ပယ်ခွာပြီး ဖြစ်၏။

၄။ မကောင်းမှုကို အလုံးစုံတားမြစ်ခြင်းဖြင့် လွတ်မြောက်ရာကို တွေ့ပြီးဖြစ်၏။

ဤလေးမျိုးသော စောင့်စည်းခြင်းဖြင့် စောင့်စည်းပြီးသော နိဂဏ္ဌနာဋပုတ္တသည် အထွတ်အထိပ်သို့ ရောက်သော စိတ်ရှိသူ၊

---

* နိဂဏ္ဌနာဋပုတ္တကိုယ် အနွယ်မှဖြစ်သော အမည်အားဖြင့် အဂ္ဂိဝေဿန-ဟု ခေါ်ပါသည်။

www.dhammaransi.com



စောင့်စည်းသော စိတ်ရှိသူ၊ တည်ကြည်သောစိတ်ရှိသူ ဟူ၍ ဆိုပါသည်။

နိဂဏ္ဌနာဋပုတ္တဆရာကြီး၏ အယူဝါဒနှင့် ပတ်သက်၍ ပါထိကသုတ် အဖွင့်ဋီကာ၌-

အဓမ္မဝိနယံ ပါဝစနံ သိဒ္ဓန္တံ-ဟူ၍ ဖွင့်ဆိုပြထားချက်အရ နိဂဏ္ဌနာဋပုတ္တ ဆရာကြီး၏ ဟောပြောသော အယူဝါဒနှင့် ကျင့်ဝတ်ဥပဒေများသည် သိဒ္ဓန္တကျမ်းမျိုးသဘော ဖြစ်သည်။

ဘုရားအလောင်း၊ မိစ္ဆာဝါဒီတို့၏ ဓမ္မဝိနယဖြင့် တည်ဆောက်ထားသော မဂ်ဖိုလ်အကျိုး မပေးတတ်သော အနိယျာနိက သာသနာ (အဆုံးအမ)မျိုး ဖြစ်သည်ဟု ဆိုပါသည်။

## ဗုဒ္ဓနှင့် ကဿပတက္ကတွန်း (အကျင့်ပူ၊ အကျင့်ပြင်းများ ကဲ့ရဲ့မှု)

ဗုဒ္ဓသည် ဥရုဉာပြည်၊ ဥရုဉာမြို့၊ ကဏ္ဍကတ္ထာလ တောမဲ့ ဟုန်၌ သီတင်းသုံးနေချိန် ဖြစ်သည်။

ထိုအခါ အဝတ်မဝတ်သော ကဿပတက္ကတွန်းသည် ဗုဒ္ဓထံသို့ ရောက်လာသည်။

"အရှင်ဂေါတမ . . . အရှင်ဂေါတမသည် အသက်မွေး ခေါင်းပါးသော အကျင့်ပြင်းမှန်သမျှကို ကဲ့ရဲ့သလို ထိုအကျင့်ကို ကျင့်သော ပုဂ္ဂိုလ်မှန်သမျှ တို့ကိုလည်း ဆဲရေးစွပ်စွဲသည်ဟု ကြားရပါသည်။ ထိုသူတို့သည် အရှင် ဂေါတမ၏ ပြောဆိုသည့်စွဲရင်စကားကိုပင် အမှန်အားဖြင့် ပြောဆိုကြသူများ ဖြစ်ကြ

www.dhammaransi.com



ပါသလော။ ဒါမှမဟုတ် အရှင်ဘုရားကို မဟုတ်မမှန်သောစကား ဖြင့် စွပ်စွဲကြသူများ ဖြစ်ကြပါသလော။ တရားမှန်အား လျော်သော စကားကို ပြောဆိုကြသူများ ဖြစ်ကြပါသလော။ ထိုစကားကို တစ်ဆင့်ပြောကြားသော သီတင်းသုံးဖော်သည် မမှန်သည်ကို ပြောသူဟူ၍ အကဲ့ရဲ့ခံသဘောသို့ မရောက်ဘဲ ရှိပါမည်လော။ ကျွန်ုပ်တို့သည် အမှန်အားဖြင့် အရှင်ဂေါတမကို မကဲ့ရဲ့ မစွပ်စွဲလို ကြပါကုန်"

"ကဿပ. . .ထိုစကားမျိုးကို ပြောဆိုကြသောသူဝဲ့သည် ငါဘုရားကို ပြောဆိုရင်းစကားကို ပြောဆိုကြသူများ မဟုတ်ကြပါ။ ငါဘုရားကို မဟုတ်မမှန် ထင်ရှားမရှိသော စကားဖြင့် စွပ်စွဲကြသူများသာ ဖြစ်ပါသည်။

"ကဿပ. . .ငါဘုရားသည် ဤလောက၌ ခေါင်းပါးသော အသက်မွေးမှုရှိလျက် အပူတပြင်း ကျင့်ကြံ၍ သေလွန်သောအခါ အပါယ်လေးပါးသို့ လားရောက်ရသူ၊ နတ်ရွာသုဂတိသို့ လားရောက် ရသူများကို ဒိဗ္ဗစက္ခုဉာဏ်ဖြင့် သိမြင်တော်မူသည်။

"ဤသို့လျှင် ဤအပူတပြင်းကျင့်သူတို့၏ လားရာ၊ စုတေ ရာ၊ ပဋိသန္ဓေတည်နေရာကို သိမြင်တော်မူနေပါလျက် ငါဘုရား သည် အကျင့်ပူ အကျင့်ပြင်းမှန်သမျှကို အဘယ်ကြောင့် ကဲ့ရဲ့ တော်မူမည်နည်း။ ခေါင်းပါးသော အသက်မွေးမှုရှိ၍ အပူတပြင်း ကျင့်သူအားလုံးကို အဘယ်မှာလျှင် စွပ်စွဲ ဆဲရေးတော်မူပါမည် နည်း။

"ကဿပ. . .သူတစ်ပါးတို့၏ အယူဝါဒတို့ကို မိမိပညာ

www.dhammaransi.com



အစွမ်းဖြင့် ဖျက်ဆီးသကဲ့သို့ လှည့်လည်သွားလာကြကုန်သော ဝါလဝေဓိ လေးသမားပမာ သူတစ်ပါးတို့အား ဝါဒတင်တတ်ကုန်သော သိမ်မွေ့နက်နဲသည့် ပညာရှိအချို့တို့ ရှိကြပါသည်။

ထိုပညာရှိတို့နှင့် အချို့သောအရာတို့၌ ငါဘုရားသည် အယူဝါဒ ညီညွတ်တော်မူ၏။ အချို့သောအရာတို့၌ကား ညီညွတ်ခြင်း မရှိပါလေ။ ထိုပညာရှိတို့တွင် အချို့သည် သူ့အသက်မသတ်ခြင်းစသော ငါးပါးသီလကို ကောင်းမြတ်သည်ဟု ဆိုကြပါသည်။ ငါဘုရားသည်လည်း ထိုအရာအချို့ကို ကောင်းမြတ်သည်ဟုပင် မိန့်ဆိုပါသည်။

အချို့ (အကုသိုလ်)ရန်ငါးပါးကို မကောင်းမြတ်ဟု ဆိုကြကုန်၏။ ထိုအရာအချို့ကို ငါဘုရားသည်လည်း မကောင်းမြတ်ဟူ၍ပင် မိန့်ဆိုပါသည်။

အချို့သည် မစောင့်စည်းခြင်း (အသံဝရ)ငါးပါးကို ကောင်းသည်ဟု ဆိုကြပါ၏။ ထိုအရာအချို့ကိုကား ငါဘုရားသည် မကောင်းဟု မိန့်ဆိုခဲ့ပါ၏။

အချို့သည် စောင့်စည်းခြင်းကို ကောင်းသည်ဟု ဆိုကြပါကုန်၏။ ထိုအချို့ကို ငါဘုရားသည်လည်း ကောင်းမြတ်သည်ဟု မိန့်ဆိုခဲ့ပါသည်။

(ဗုဒ္ဓက ကောင်းသည်ဟု ဆိုသောအရာများ၌လည်း ဤနည်းတူပင် လေးချက်လှည့်၍ ဟောပြတော်မူသည်။)

"ကဿပ. . .ငါဘုရားသည် ထိုပညာရှိများသို့ ချဉ်းကပ်၍ အချင်းတို့ မညီညွတ်သော အရာတို့ကို ထားလိုက်ကြပါဦး၊

www.dhammaransi.com



ညီညွတ်သောအရာတို့၌သာ ဆရာအချင်းချင်း၊ တပည့်အချင်းချင်း နှိုင်းယှဉ်၍ ဤအကုသိုလ် တရားယုတ်တို့ကို အဘယ်ပုဂ္ဂိုလ်သည် အကြွင်းမဲ့ ပယ်စွန့်၍ ကျင့်ကြံပါသနည်းဟု ပညာရှိတို့ စစ်ဆေးကြည့်ရှုကြစေလိုပါသည်"ဟု မိန့်ဆိုခဲ့ပါသည်။

"ကဿပ . . ဖြစ်နိုင်သော အကြောင်းရှိသည်မှာ အကုသိုလ် မကောင်းမှုဟု သဘောတူကြသော တရားများရှိရာ ငါဘုရား သည်ပင် ထိုအကုသိုလ် တရားအားလုံးကို အကြွင်းအကျန် မရှိအောင် ပယ်ရှား၍ ကျင့်သလော၊ အခြားဂိုဏ်းဆရာတို့ပင် အကုသိုလ်တရားအားလုံးကို အကြွင်းအကျန်မရှိအောင် ပယ်ရှား၍ ကျင့်သလောဟု စိစစ်ဝေဖန်လျှင် အများအားဖြင့် ငါဘုရားကိုသာ ချီးမွမ်းကြပေလိမ့်မည်။

"ကဿပ . . ကုသိုလ်ကောင်းမှုဟု သဘောတူညီကြသော တရားများလည်းရှိရာ ထိုကုသိုလ်တရားအားလုံးကို အကြွင်း အကျန် မရှိရလေအောင် ဆောက်တည်၍ ငါဘုရားသည်ပင် ကျင့်သုံးသလော၊ အခြားဂိုဏ်းဆရာတို့သည်ပင် ကျင့်သုံးသလော ဟု စိစစ်ဝေဖန်လျှင် အများအားဖြင့် ငါဘုရားကိုသာ ချီးမွမ်းကြ လိမ့်မည်။

"ထို့အတူပင် အကြိုက်ညီ သတ်မှတ်ကြသော အကုသိုလ် တရားများကို အကြွင်းအကျန်မရှိအောင် ပယ်ရှား၍ ငါဘုရား၏ တပည့်သာဝကသည်ပင် ကျင့်သုံးသလော၊ အခြားဂိုဏ်းဆရာ တို့၏ တပည့်သာဝကများသည်ပင် ကျင့်သုံးသလောဟု စိစစ် ဝေဖန်လျှင် အများအားဖြင့် တပည့်ကို အကြောင်းပြု၍ ငါဘုရား

www.dhammaransi.com



ကိုပင် ချီးမွမ်းကြလိမ့်မည်။

"အကြိုက်ညီ သတ်မှတ်ကြသော ကုသိုလ်ကောင်းမှု တရားများကို အကြွင်းအကျန်မရှိအောင် ဆောက်တည်၍ ငါဘုရား၏ တပည့်သာဝကသည်ပင် ကျင့်သုံးသလော၊ အခြားဂိုဏ်းဆရာတို့၏ တပည့်သာဝကများသည်ပင် ကျင့်သုံးသလောဟု စိစစ်ဝေဖန်လျှင် တပည့်တို့ကို အကြောင်းပြု၍ အများအားဖြင့် ငါဘုရားကိုသာ ချီးမွမ်းကြလိမ့်မည်။

"ကဿပ...အကျင့်လမ်းစဉ်တစ်ခု ရှိလေသည်။ ထိုအကျင့်လမ်းစဉ်အတိုင်း ကျင့်ကြံအားထုတ်သောသူသည် ရဟန်းဂေါတမကား မှန်ကန်တိကျသော ဝါဒရှိသူ၊ တရားလမ်းမှန်ကျသော ဝါဒရှိသူ၊ အကျိုးကျေးဇူး ထွန်းကားနိုင်သော ဝါဒရှိသူ၊ တရားလမ်းမှန်ကျသော ဝါဒရှိသူ၊ ကိုယ် နှုတ် စိတ် ဆုံးမသော ဝါဒရှိသူ ဖြစ်သည်ဟု ကိုယ်တိုင်ပင်လျှင် သိမြင်လာပါလိမ့်မည်။

ထိုအကျင့်လမ်းစဉ်မှာ အမြင်မှန်၊ အကြံမှန်၊ စကားမှန်၊ အလုပ်မှန်၊ အသက်မွေးမှုမှန်၊ လုံ့လအားထုတ်မှုမှန်၊ အောက်မေ့မှုမှန်၊ တည်ငြိမ်မှုမှန် ဟူသော မြတ်သောမဂ္ဂင်ရှစ်ပါးပင် ဖြစ်လေသည်"

"အရှင်ဂေါတမ...ဤဆိုလတ္တံ့သော ကျင့်ကြံအားထုတ်မှုတို့သည်လည်း ထိုရဟန်း ပုဏ္ဏားတို့၏ ရဟန်းကျင့်၊ ပုဏ္ဏားကျင့်များပင် ဖြစ်ပါသည်။ ထိုအကျင့်တို့မှာ–

- အဝတ် မဝတ်ဘဲနေခြင်း
- ရပ်လျက် ကျင်ကြီး ကျင်ငယ်စွန့်ခြင်း

www.dhammaransi.com



- လက်ဖြင့် ကျင်ကြီးကို သုတ်ခြင်း
- အရှင် ကြွပါဆိုသော် မကြွခြင်း
- အရှင် ရပ်ပါဆိုသော် မရပ်ခြင်း
- လက်ဦးစွာ စောင့်ယူ လှူဒါန်းသည်ကို မခံယူခြင်း
- ရည်ညွှန်း၍ လှူဒါန်းသည်ကို မခံယူခြင်း
- ပင့်ဖိတ်ခြင်းကို လက်မခံခြင်း
- အိုးမှ ခူးခပ်၍ လှူသည်ကို မခံယူခြင်း
- ဆွမ်းတောင်းမှ ခူးခပ်၍ လှူသည်ကို မခံယူခြင်း၊ (အကော် အခူး ခံရရှာသည်ဟု ယူဆ)
- တံခါး၊ ခုံ၊ တုတ်၊ ကျည်ပွေ့တို့ကို ကျော်လျက် လှူခြင်းကို မခံယူခြင်း (အကျော်ခံရသည်ဟု ယူဆ)
- ကိုယ်ဝန်ဆောင်မိန်းမ ထ၍လှူလျှင် အလှူမခံခြင်း (ဝမ်းတွင်းရှိ ကလေး ဆင်းရဲသည်ဟု ယူဆ)
- နို့စို့ကလေးရှိသော မိန်းမ ထ၍လှူလျှင် အလှူမခံခြင်း (နို့စို့ကလေး အန္တရာယ်ဖြစ်သည်ဟု ယူဆ)
- ယောကျာ်းနှင့် မွေ့လျော်နေဆဲမိန်းမ ထ၍လှူလျှင် အလှူမခံခြင်း (မွေ့လျော်ခြင်းအန္တရာယ် ဖြစ်သည်ဟု ယူဆ)
- အများစုပေါင်း၍ လှူခြင်းကို အလှူမခံခြင်း
- ခွေးလျှော်နေရာ၌ ခွေးအား မကျွေးဘဲ လှူလျှင် အလှူမခံခြင်း
- ယင်အုံနေသော ဆွမ်းကို အလှူမခံခြင်း

www.dhammaransi.com



- ငါး၊ အမဲ၊ သေအရက်၊ စိမ်ရည်ကို အလျှုမခံခြင်း (မသောက်ခြင်း)
- တစ်အိမ်သာ ဆွမ်းခံ၍ တစ်လုတ်သာစားခြင်း
- နှစ်အိမ်သာ ဆွမ်းခံ၍ နှစ်လုတ်သာစားခြင်း (၃ အိမ်၊ ၄ အိမ်၊ ၅ အိမ်၊ ၆ အိမ်၊ ၇ အိမ် စသည် ဆွမ်း ခံ၍ ၃ လုတ်၊ ၄ လုတ်၊ ၅ လုတ်၊ ၆ လုတ်၊ ၇ လုတ်သာ စားခြင်း)
- ခွက်ငယ် တစ်ခွက်စာမျှသော ဆွမ်းဖြင့် မျှတရောင့်ရဲခြင်း
- ခွက်ငယ် နှစ်ခွက်စာမျှသော ဆွမ်းဖြင့် မျှတရောင့်ရဲခြင်း
- တစ်ရက်ခြား စားခြင်း (၂ ရက်ခြား၊ ၃ ရက်ခြား၊ ၄ ရက်ခြား၊ ၅ ရက်ခြား၊ ၆ ရက်ခြား၊ ၇ ရက်ခြား၊ ၈ ရက်ခြား၊ ၉ ရက်ခြား၊ ၁၀ ရက်ခြား၊ ၁၁ ရက်ခြား၊ ၁၂ ရက်ခြား၊ ၁၃ ရက်ခြား၊ ၁၄ ရက်ခြား၊ ၁၅ ရက်ခြားမှ တစ်ကြိမ်စားခြင်း)

အစားအစာ
- ဟင်းရွက်စိမ်းကိုသာ စားခြင်း
- ဆန်စိမ်း၊ ကျိတ်စပါးခေါ် မြက်သီးစိမ်း၊ သားရေ နယ်သမားတို့၏ ပစ်ထားသော သားရေဖတ်ကို စားခြင်း
- ရေမှော်ကိုသာ စားခြင်း
- ဆန်ကွဲကိုသာ စားခြင်း
- စွန့်ပစ်ထားအပ်သော ထမင်းချိုးကိုသာ

www.dhammaransi.com



စားခြင်း
- နှမ်းဖတ်ကို စားခြင်း
- နှမ်းကို စားခြင်း
- မြက်ကို စားခြင်း
- နွားချေးကို စားခြင်း
- တောသစ်မြစ် သစ်သီးကို စားခြင်း

အဝတ်အရုံ
- ပိုက်ဆံချည်အဝတ်ကို ဝတ်ခြင်း
- ချည်အမျိုးမျိုးရောသော အဝတ်ကို ဝတ်ခြင်း
- လူသေလွှမ်းသော အဝတ်ကို ဝတ်ခြင်း
- လျှော်အဝတ်ကို ဝတ်ခြင်း
- မြေ၌ပစ်ထားသော ပံ့သကူအဝတ်တို့ကို ဝတ်ခြင်း
- သစ်နက်ရေ (သမင်ရေ)ပိုင်းကို ဝတ်ခြင်း
- သမန်းမြက် အဝတ်ကို ဝတ်ခြင်း
- မြက်ဖြင့်ရက်သော အဝတ်ကို ဝတ်ခြင်း
- ပျဉ်ချပ်အဝတ်ကို ဝတ်ခြင်း
- လူဆံပင်ဖြင့် ရက်သော ကမ္ဗလာကို ဝတ်ခြင်း
- မြင်းမြီးကမ္ဗလာကို ဝတ်ခြင်း
- ခင်ပုပ် (ဇီးကွက်) ငှက်တောင် အဝတ်ကို

www.dhammaransi.com



ဝတ်ခြင်း

အပြုအမူ - ဆံပင် မှတ်ဆိတ်ကို နုတ်၍ပစ်ခြင်း (မရိတ်ရ)

- ဖနောင့်ဖြင့်သာ ရပ်၍နေခြင်း
- ဆောင့်ကြောင့်ထိုင်၍သာ သွားလာနေထိုင်ခြင်း
- ဆူးပေါ်၌ သားရေနယ်ခင်း၍ သွားလာနေထိုင်ခြင်း
- ပျဉ်ချပ်၌ အိပ်ခြင်း
- မြေကွက်မူ၌ အိပ်ခြင်း
- နံပါး တစ်ဖက်ဖြင့်သာ အိပ်ခြင်း
- မြူမှုန် ဖုန် အညစ်အကြေးကို ဆောင်ခြင်း
- အမိုး အကာ မရှိသော လဟာပြင်၌ နေခြင်
- ဒကာတို့ လှူစဉ်က ခင်းခဲ့သည့်အတိုင်းသာ မရွှေ့မပြောင်းဘဲ အခင်းပေါ်၌သာ နေခြင်း
- ကျင်ကြီး (မစင်)ကို စားခြင်း
- ရေအေးကို မသောက်ခြင်း
- တစ်နေ့သုံးကြိမ် ရေသို့ သက်ဆင်း၍ မကောင်းမှုများကို မျှောခြင်း

www.dhammaransi.com



အရှင်ဘုရား ဤအကျင့်တို့သည် ရဟန်း၊ ပုဏ္ဏားတို့၏ အကျင့်များ ဖြစ်ကြပါသည်"

"ကဿပ. . .ဤအကျင့်များကို ကျင့်ကာမျှဖြင့် သီလ၏ ပြည့်စုံမှု၊ တည်ငြိမ်သော သမာဓိစိတ်၏ ပြည့်စုံမှု၊ ဝိပဿနာ မဂ် ဖိုလ် ပညာတို့၏ ပြည့်စုံမှုများကို ပွားများအားထုတ်ခြင်း မဖြစ်နိုင်ပေ။ ထိုသီလ၊ စိတ်၊ ပညာတို့ကို မျက်မှောက်မပြုနိုင်ပေ။ စင်စစ်သော်ကား ရဟန်းတရားမှ အလှမ်းဝေးလှပါသေးသည်။

"ကဿပ. . .တစ်ပါးပါးသော ရဟန်းသည် အမျက်ထွက်ခြင်း (ဒေါသ)၊ စိတ်မချမ်းသာခြင်း (ဒေါမနဿ)တို့ မရှိသော မေတ္တာစိတ်ကို ပွားများ၏။ အာသဝေါတရားတို့ ကုန်ခန်းခြင်းကြောင့် အာသဝတရား မရှိသော စိတ်၏ ကိလေသာတို့မှ လွတ်ရာ (စေတောဝိမုတ္တိ)ပညာဖြင့် ကိလေသာတို့မှ လွတ်ရာ (ပညာဝိမုတ္တိ) အရဟတ္တဖိုလ်ကို မျက်မှောက်ဘဝမှာပင် ကိုယ်တိုင် သိမြင် မျက်မှောက်ပြု၍ နေထိုင်၏။

ထိုရဟန်းမျိုးကိုသာ ရဟန်းစစ်၊ ပုဏ္ဏားစစ်ဟူ၍ ခေါ်ဆိုအပ်ပါသည်"

"အရှင်ဂေါတမ. . .ဤသို့ဆိုက သမဏတရား၊ ဗြာဟ္မဏတရားတို့ကား ခဲယဉ်းလှပါ၏"

"ကဿပ. . .လောက၌ သမဏတရား ဗြာဟ္မဏတရားမှာ ပင်ကိုသဘောအားဖြင့် ခဲယဉ်းခြင်း ဖြစ်လေသည်။ အဝတ်မဝတ်ခြင်း စသော အကျင့်ပုမျှများကို ပြုကျင့်အားထုတ်မှုမျှဖြင့် ခဲယဉ်းခြင်း ဖြစ်ခဲ့ပါမူ သမဏ ဗြာဟ္မဏတရားမှာ ခဲယဉ်းသည်

www.dhammaransi.com



ဟု မဆိုထိုက်ပါ။

အကြောင်းမှာ သူကြွယ်ဖြစ်စေ၊ သူကြွယ်သားဖြစ်စေ အယုတ်ဆုံး အိုးထိန်းသည်တို့၏ ကျွန်မပင်ဖြစ်စေ ငါသည် ယခုပင် အဝတ် မဝတ်ဘဲ နေတော့မည် စသည်ဖြင့် ထိုအကျင့် မျိုးကို ပြုကျင့်နိုင်ရာ၏။

"ကဿပ . . .သမဏ ဗြာဟ္မဏဟုရေးအကျင့်မှာ ဤအဝတ် မဝတ်ခြင်း စသော အကျင့်ပူမျှကို ပြုကျင့်အာ ထုတ်မှုနှင့် တခြားစီသာဖြစ်၍ ခဲယဉ်းခြင်း ဖြစ်ပေသည်။ ထို့ကြောင့် ဤ သမဏ ဗြာဟ္မဏတရားမှာ အမှန်ခဲယဉ်းသည်ဟု ဆိုထိုက်ခြင်း ဖြစ်ပေသည်"

"အရှင်ဂေါတမ . . .ရဟန်း၊ ပုဏ္ဏားစက်မှာ အသိခက်လှပါ သည် ဘုရား"

"ကဿပ . . .လောက၌ သမဏ ဗြာဟ္မဏမှာ ပင်ကို သဘောအားဖြင့် အသိခက်ခြင်း ဖြစ်လေသည်။ အဝတ် မဝတ် ခြင်း စသော အကျင့်ပူများကို ပြုကျင့်အားထုတ်မှုမျှဖြင့် အသိခက် ခြင်း ဖြစ်ခဲ့ပါမူ သမဏ ဗြာဟ္မဏမှာ အမှန်အသိခက်သည်ဟု မဆိုထိုက်ပေ။ အကြောင်းမှာ သူကြွယ်ဖြစ်စေ၊ သူကြွယ်၏သား ဖြစ်စေ အယုတ်အားဖြင့် အိုးထိန်းသည်တို့၏ ကျွန်မပင်ဖြစ်စေ ဤသူသည် အဝတ်မဝတ်ဘဲနေသည် စသည်ဖြင့် သိရှိနိုင်ရာ၏။

"ကဿပ. . .သမဏ ဗြာဟ္မဏ ဖြစ်မှုမှာ ဤအဝတ် မဝတ်ခြင်း စသော အကျင့်ပူများကို ပြုကျင့်အားထုတ်မှုဖြင့် တခြားစီသာဖြစ်၍ အသိခက်ခြင်း ဖြစ်ပါသည်။ ထို့ကြောင့်ပင်

ဤသမဏ ဗြာဟ္မဏမှာ အမှန်အသိခက်ခြင်း ဖြစ်သည်ဟု ဆိုထိုက်ခြင်း ဖြစ်ပါသည်"

"အရှင်ဂေါတမ. . . သီလနှင့် ပြည့်စုံခြင်း၊ သမာဓိနှင့် ပြည့်စုံခြင်း၊ ပညာနှင့် ပြည့်စုံခြင်းတို့မှာ အဘယ်အရာတို့ ဖြစ်ကြပါသနည်း"

"ကဿပ. . . အခြေခံ သီလသုံးပါး၊ ဣန္ဒြေခြောက်ပါးတို့၌ လုံခြုံသော တံခါးရှိခြင်း၊ မှတ်ခြင်း၊ သိခြင်း၊ ရောင့်ရဲလွယ်ခြင်းများနှင့် ပြည့်စုံခြင်းများသည် သီလနှင့် ပြည့်စုံခြင်း ဖြစ်ပါသည်။

ဤသို့ သီလနှင့် ပြည့်စုံ၍ ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်တို့ကို ရရှိပြည့်စုံစေခြင်းသည် သမာဓိ စိတ်နှင့် ပြည့်စုံခြင်း ဖြစ်ပါသည်။

ဤသို့ ဈာန်သမာပတ်များကို ရရှိပြီးနောက် ဝိပဿနာ ဉာဏ်အမြင် စသော ဉာဏ်ရှစ်ဆယ်ပါးနှင့် ပြည့်စုံခြင်းသည် ပညာနှင့် ပြည့်စုံခြင်းပင် ဖြစ်ပါသည်။

ဤသီလ၊ သမာဓိ၊ စိတ်၊ ပညာတို့ထက် သာလွန်မွန်မြတ်သော သီလ၊ သမာဓိ၊ ပညာဟူ၍ မရှိတော့ပြီ။

"ကဿပ. . . သီလဝါဒ ရှိကြကုန်သော ရဟန်းပုဏ္ဏားအချို့တို့သည် သီလ၏ ဂုဏ်ကျေးဇူးတော်ကို များစွာသော အကြောင်းတို့ဖြင့် ပြောဆို ချီးမွမ်းကြကုန်၏။ သီလအပေါင်းတွင် ဖြူစင်မြင့်မြတ်ဆုံးသော လောကုတ္တရာ သီလအရာ၌ ငါဘုရားနှင့် တူသောသူကို မြင်တော်မမူ။ သာလွန်သောသူကား အဘယ်မှာ ရှိနိုင်ပါအံ့နည်း။

www.dhammaransi.com



"ကဿပ . . . ကိလေသာ ဖြစ်ပွားမှုကို စက်ဆုပ်သဖြင့် ပြင်းထန်စွာ ကျင့်ကြံသော (တစ်ပေါဓိကုစ္ဆ) ဝါဒရှိကြကုန်သော ရဟန်း၊ ပုဏ္ဏားအချို့တို့သည် ကိလေသာကို အပူတိုက်၍ စက်ဆုပ်သော အကျင့်၏ ဂုဏ်ကျေးဇူးကို များစွာသော အကြောင်းတို့ဖြင့် ပြောဆိုချီးမွမ်းကြပါကုန်၏။ ကိလေသာကို အပူတိုက်၍ စက်ဆုပ်သော ထိုအကျင့်တရားအပေါင်းတွင် ဖြူစင်မြင့်မြတ်ဆုံးဖြစ်သော မဂ်ဖိုလ်နှင့်ယှဉ်သော အကျင့်အရာ၌ ငါဘုရားနှင့်တူသော သူကို မြင်တော်မမူ။ သာလွန်သူကား အဘယ်မှာရှိပါအံ့နည်း။

"ကဿပ . . . ပညာဝါဒ ရှိကြကုန်သော ရဟန်း၊ ပုဏ္ဏားအချို့တို့သည် ကမ္မဿကတာပညာ၊ ဝိပဿနာပညာဟူသော ပညာ၏ဂုဏ်ကျေးဇူးကို များစွာသော အကြောင်းတို့ဖြင့် ပြောဆိုချီးမွမ်းကြကုန်၏။ ထိုပညာအပေါင်းတွင် ဖြူစင်မြင့်မြတ်ဆုံးဖြစ်သော၊ မဂ်ဖိုလ်နှင့်ယှဉ်သော ပညာအရာ၌ ငါဘုရားနှင့်တူသောသူကို မြင်တော်မမူ။ သာလွန်သောသူကား အဘယ်မှာရှိပါအံ့နည်း။

"ကဿပ . . . ဝိမုတ္တိဝါဒ ရှိကြကုန်သော ရဟန်း၊ ပုဏ္ဏားအချို့တို့သည် ကိလေသာတို့မှ လွတ်မြောက်ခြင်း၏ ဂုဏ်ကျေးဇူးကို များစွာသော အကြောင်းတို့ဖြင့် ပြောဆို ချီးမွမ်းကြကုန်၏။ ထိုကိလေသာမှ လွတ်မြောက်ခြင်းတို့တွင် ဖြူစင်မွန်မြတ်ဆုံးဖြစ်သော သမုစ္ဆေဒဝိမုတ္တိ၊ ပဋိပဿဒ္ဓိဝိမုတ္တိ၊ နိဿရဏဝိမုတ္တိဟူသော မဂ်ဖိုလ်ဖြင့် ကိလေသာမှ လွတ်မြောက်ရာမှ ငါဘုရားနှင့်တူသောသူကို မြင်တော်မမူ။ သာလွန်သောသူကား အဘယ်မှာ

www.dhammaransi.com



ရှိပါအံ့နည်း။

"ကဿပ . . . ဖြစ်နိုင်စရာ အကြောင်းရှိသည်မှာ တစ်ပါးသော တိတ္ထိ၊ ပရိဗိုဇ်တို့သည် ရဟန်းဂေါတမကား ခြင်္သေ့ဟောက် ကြုံးဝါးသံကိုမူ ကြုံးဝါးပြောဆို၏၊ သို့ရာတွင် ထိုကြုံးဝါးသံကို ဆိတ်ငြိမ်ရာ အရပ်၌သာ ကြုံးဝါးသည်၊ ပရိသတ်တို့အလယ်၌ ကြုံးဝါးသည်မဟုတ်ဟု ပြောဆိုကြမည့်အကြောင်း ရှိပေသည်။ ထို့ပြင် ပရိသတ်အလယ်၌ ကြုံးဝါးသော်လည်း ရဲရဲရင့်ရင့် ကြုံးဝါးသည်မဟုတ်၊ ပရိသတ်၌ ရဲရဲရင့်ရင့် ကြုံးဝါးပါသော်လည်း ထိုရဟန်းဂေါတမကို မည်သူကမျှ ပြဿနာ မမေးလာကြ၊ ပြဿနာမေးလာသော်လည်း မဖြေဆိုနိုင်၊ ဖြေဆိုနိုင်သော်လည်း နှစ်သက်ကျေနပ်မှု မရှိကြ၊ ကျေနပ်မှုရှိသော်လည်း နောက်ထပ် နာထောင်လိုစိတ် မရှိကြ၊ နာထောင်လိုစိတ် ရှိကြသော်လည်း နာထောင်ပြီးလျှင် မကြည်ညိုကြ၊ ကြည်ညိုကြသော်လည်း ကြည်ညိုသော အခြင်းအရာ အပြုအမူကို မပြုကြ၊ ပြုကြသော်လည်း ဟောသည့်တရားအတိုင်း မကျင့်ကြ၊ ကျင့်ကြသော်လည်း ကျင့်၍ တရားထူးမရကြဟု ပြောဆိုစရာ အကြောင်းရှိလေသည်။

"ကဿပ . . . ထိုတိတ္ထိ ပရိဗိုဇ်တို့ကို ဤသို့ပြောဆိုရာသည်။ ရဟန်းဂေါတမသည် ခြင်္သေ့ဟောက် ကြုံးဝါးသံကို မြွက်ဆို ကြုံးဝါး၏၊ ထိုသို့ ကြုံးဝါးသည်မှာ ပရိသတ်အလယ်၌ ကြုံးဝါးသည်၊ ရဲရဲရင့်ရင့် ကြုံးဝါးသည်၊ ပြဿနာလည်း မေးလာကြသည်၊ မေးလာသူတိုင်းကိုလည်း ဖြေကြားနိုင်သည်၊ ဖြေကြားခြင်းဖြင့်လည်း နှစ်သက်ကျေနပ်စေသည်၊ နာယူစိတ်လည်း ရှိကြ

www.dhammaransi.com



သည်၊ တရားကို နာယူရန်လည်း ကြည်ညိုကြသည်၊ ကြည်ညိုသော အပြုအမူကိုလည်း ပြုကြသည်၊ ဟောသည့်တရားအတိုင်း အမှန်ကိုသိရန်လည်း ကျင့်ကြံကြသည်၊ ကျင့်ကြံသောသူတို့လည်း တရားထူးရပြီး ကျေနပ်မှုရှိကြသည်ဟု ပြောဆိုရာ၏။

"ကဿပ. . . ငါဘုရားသည် ရာဇဂြိုဟ်ပြည်၊ ဂိဇ္ဈကုတ်တောင်၌ နေစဉ် ကိလေသာ မဖြစ်အောင် ကျင့်လေ့ရှိသော နိဂြောဓပရိဗိုဇ်သည် ကိလေသာကို စက်ဆုပ်၍ အပြင်းအထန် ကျင့်သော အကျင့်မျိုး၌ ပြဿနာကို မေးမှု၏။ သူ၏အမေး ပြဿနာကို ဖြေဆိုသောအခါ အတိုင်းထက်အလွန် နှစ်သက် ဝမ်းမြောက်ခဲ့သည်"

"မြတ်စွာဘုရား. . . အရှင်ဘုရား၏ တရားတော်ကို ကြားနာရလျှင် အဘယ်သူသည် အတိုင်းထက်အလွန် မနှစ်သက်ဘဲ ရှိပါအံ့နည်း။ အရှင်ဘုရား. . . ကျွန်ုပ်သည် အတိုင်းထက်အလွန် နှစ်သက်လှပါသည်။

"အရှင်ဘုရား. . . အလွန်နှစ်သက်ဖွယ်ရှိလှပါသည်။ ဥပမာအားဖြင့် မှောက်ထားသောအရာကို လှန်၍ပြသကဲ့သို့၊ ဖုံးလွှမ်းထားသောအရာကို ဖွင့်လှစ်၍ပြသကဲ့သို့၊ မျက်စိလည် လမ်းမှားသောသူအား ခရီးလမ်းကို ညွှန်ကြားသကဲ့သို့၊ မျက်စိအမြင်ရှိသူသည် ရူပါရုံတို့ကို မြင်ရလိမ့်မည် ဟူသော သဘောဖြင့် အမိုက်မှောင်ထု၌ ဆီမီးတိုင်ကို ညှိထွန်းသကဲ့သို့ များလှသော အကြောင်းဖြင့် တရားကို ဟောကြားတော်မူပါ၏။ ကျွန်ုပ်သည် ရတနာသုံးပါးကို ကိုးကွယ်ရာဟူ၍ ဆည်းကပ် သိမှတ်ပါ၏။

www.dhammaransi.com



အရှင်ဘုရားထံ၌ ရဟန်းပြုခွင့် ပေးတော်မူပါဘုရား"

"ကဿပ . . .သာသနာတော်မှအပ တိတ္ထိဖြစ်ဖူးသောသူသည် ရှင်ရဟန်း ပြုလိုလျှင် လေးလ ပရိဝါသ် နေရမြဲဖြစ်သည်။ လေးလလွန်မှ ရဟန်းတော်တို့ စိတ်ကျေနပ်ခြင်း ရှိခဲ့လျှင် ရှင်ရဟန်းပြုပေးကြသည်။ သို့သော် ပရိဝါသ်နေသင့် မနေသင့်သူများကို ငါဘုရား သိတော်မူသည်"

"မြတ်စွာဘုရား. . .အရှင်ဘုရား မိန့်တော်မူသည့်အတိုင်းဖြစ်ပါလျှင် လေးလသာမက လေးနှစ်ပင် ပရိဝါသ်နေပါမည်။ လေးနှစ်လွန်သော် ရှင်ရဟန်းပြုပေးတော်မူပါဘုရား"

(ပရိဝါသ်–သီးခြားကျင့်သုံးနေထိုင်ခြင်းဟု အဓိပ္ပာယ်ရပြီး ကျင့်ဝတ် (၈)ပါးကို စောင့်ထိန်းစေပြီး လေးလနေရသည်၊ စိတ်ချရအောင် ကျင့်ဝတ်ပေး၍ အကဲခတ်ခြင်းဖြစ်သည်။)

ဤသို့ ကဿပတက္ကတွန်းက လျှောက်ထားသောအခါ အလွန်ထက်သန်သော အာသီသဆန္ဒ ရှိသည်ကို သိမြင်တော်မူသဖြင့် ဗုဒ္ဓသည် ကဿပတက္ကတွန်းကို ပရိဝါသ်မနေစေဘဲ ချက်ချင်း ရဟန်းပြုပေးတော်မူသည်။

အရှင်ကဿပသည် တစ်ပါးတည်း ဆိတ်ငြိမ်ရာ၌နေလျက် ရဟန်းတရားကို အားထုတ်ရာ မကြာခင် ရဟန္တာအဖြစ်သို့ ရောက်လေသည်။

(ဒီဃနိကာယ၊ မဟာသီဟနာဒသုတ်)

www.dhammaransi.com



## ဗုဒ္ဓနှင့် အစေလက ကဿပ တက္ကတွန်း (ဆင်းရဲဖြစ်ပေါ်မှုနှင့် ဆင်းရဲချုပ်ရာမေးမှု)

ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေချိန် ဖြစ်သည်။ တစ်နံနက်တွင် ဗုဒ္ဓသည် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းအလို့ငှာ ကြွသည်ရှိသော် အစေလက ကဿပသည် ဗုဒ္ဓကို အဝေးမှမြင်၍ ဗုဒ္ဓထံ ချဉ်းကပ်လာကာ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကားပြောပြီး မေးခွန်းတစ်ခု မေးရန် ဗုဒ္ဓထံ ခွင့်ပန်သည်။ ဗုဒ္ဓက ဆွမ်းခံချိန်ဖြစ်ကြောင်း မိန့်ကြားသည်။

အစေလက ကဿပသည် ဗုဒ္ဓက ထိုသို့ပြောသည်ကို မရဘဲ "အရှင်ဂေါတမကို များစွာမမေးလိုပါ" ဟု အတင်းအကျပ် လျှောက်ထားသဖြင့် ဗုဒ္ဓက မေးရန် ခွင့်ပြုလိုက်လေသည်။

"အရှင်ဂေါတမ...ဆင်းရဲကို ကိုယ်တိုင် ပြုအပ်ပါသလော"

"ကဿပ...ဤသို့ မဆိုလင့်"

"အရှင်ဂေါတမ...ဆင်းရဲကို သူတစ်ပါး ပြုအပ်ပါသလော"

"ကဿပ...ဤသို့ မဆိုလင့်"

"အရှင်ဂေါတမ... ဆင်းရဲကို ကိုယ်တိုင်လည်းပြုအပ်၊ သူတစ်ပါးလည်း ပြုအပ်ပါသလော"

"ကဿပ...ဤသို့မဆိုလင့်"

"အရှင်ဂေါတမ ဆင်းရဲကို ကိုယ်တိုင် ပြုအပ်သည်လည်း မဟုတ်၊ သူတစ်ပါး ပြုအပ်သည်လည်း မဟုတ်၊ အကြောင်းမဲ့ ဖြစ်ပါသလော"

"ကဿပ...ဤသို့ မဆိုလင့်"

www.dhammaransi.com



"အရှင်ဂေါတမ...အသို့နည်း၊ ဆင်းရဲသည် မရှိပါသလော"

"ကဿပ...ဆင်းရဲသည် မရှိမဟုတ်၊ ရှိသည်သာတည်း"

"ဤသို့ဖြစ်လျှင် အရှင်ဂေါတမသည် ဆင်းရဲကို မသိမမြင်ပါသလော"

"ကဿပ...ဆင်းရဲကို ငါသည် မသိမမြင်သည် မဟုတ်၊ သိမြင်ပါ၏"

"အရှင်ဂေါတမ...ဤသို့ဆိုလျှင် ဆင်းရဲကို ကျွန်ုပ်အား ဟောကြားပေးတော်မူပါလော့"

"ကဿပ...ထိုသူသည် ပြု၏၊ ခံစား၏ဟူ၍ အစကပင် ရှိခဲ့သော် ဆင်းရဲကို ကိုယ်တိုင်ပြုအပ်၏ဟူ၍ ဆိုသောသူသည် မြဲ၏ (သဿတ)အယူသို့ ရောက်၏။ ကဿပ...သူတစ်ပါး ပြု၏၊ ခံစား၏ဟူ၍ အစက ရှိခဲ့သော် ဝေဒနာနှိပ်စက်စဉ် သူတစ်ပါးပြုအပ်၏ဟူ၍ ဆိုသောသူသည် ပြတ်၏ (ဥစ္ဆေဒဒိဋ္ဌိ) သို့ ရောက်၏။

"ကဿပ...ထိုအစွန်းနှစ်ပါး မကပ်ရောက်မူ၍ အလယ် အလတ်အားဖြင့် ငါဘုရားသည် ဟောတော်မူ၏။ မသိမှု (အဝိဇ္ဇာ)အကြောင်းခံကြောင့် ပြုပြင်မှု (သင်္ခါရ)တို့ ဖြစ်ကုန်၏။ ပြုပြင်မှု(သင်္ခါရ)အကြောင်းခံကြောင့် သိမှု(ဝိညာဏ်)တို့ ဖြစ်ကုန်၏။ သိမှု(ဝိညာဏ်)အကြောင်းခံကြောင့် နာမ်ရုပ် (နာမရူပ)တို့ ဖြစ်၏။ နာမ် ရုပ် (နာမရူပ)အကြောင်းခံကြောင့် အာယတန ခြောက်ပါး (သဠာယတန)တို့ဖြစ်၏။

www.dhammaransi.com



- အာယတနခြောက်ပါး အကြောင်းခံကြောင့် တွေ့ထိမှု (ဖဿ)တို့ဖြစ်၏။
- တွေ့ထိမှု (ဖဿ)အကြောင်းခံကြောင့် ခံစားမှု(ဝေဒနာ) တို့ ဖြစ်၏။
- ခံစားမှု(ဝေဒနာ)အကြောင်းခံကြောင့် စွဲလမ်းမှု (ဥပါဒါန်) တို့ ဖြစ်၏။
- တပ်မက်မှု (တဏှာ)အကြောင်းခံကြောင့် စွဲလမ်းမှု (ဥပါဒါန်) တို့ဖြစ်၏။
- စွဲလမ်းမှု (ဥပါဒါန်)အကြောင်းခံကြောင့်ဖြစ်မှု (ဘဝ) တို့ ဖြစ်၏။
- ဖြစ်မှု(ဘဝ)ကြောင့် ပဋိသန္ဓေနေရမှု(ဇာတိ)တို့ ဖြစ်၏။
- ပဋိသန္ဓေနေမှု(ဇာတိ)ကြောင့် အိုခြင်း(ဇရာ)၊ သေခြင်း (မရဏ)၊ စိုးရိမ်ခြင်း(သောက)၊ ငိုကြွေးခြင်း(ပရိဒေဝ)၊ ဆင်းရဲခြင်း (ဒုက္ခ)၊ နှလုံးမသာမယာခြင်း (ဒေါမနဿ)၊ ပူပန်ခြင်း (ဥပါယာသ) ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစုတို့သည် ဖြစ်ပေါ်လာရ၏။

မသိမှု (အဝိဇ္ဇာ)၏သာလျှင် အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ချုပ်ခြင်းကြောင့် ပြုပြင်စီရင်မှု (သင်္ခါရ)တို့ ချုပ်ကုန်၏၊ ပြုပြင်စီရင်မှု (သင်္ခါရ)ချုပ်ခြင်းကြောင့် သိမှုဝိညာဏ်ချုပ်၏ ... ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ချုပ်ကုန်၏"

ဤသို့ ဗုဒ္ဓက ပဋိစ္စသမုပ္ပာဒ် စက်ရဟတ်ဖြစ်ပုံကြောင့် ဆင်းရဲရပုံ၊ ချုပ်ခြင်းကြောင့် ဆင်းရဲချုပ်ပုံတို့ကို ဟောပြောပြ

www.dhammaransi.com



တော်မူရာ အစေလက ကဿပတက္ကတွန်းသည် အလွန်နှစ်သက် သဘောကျသဖြင့် ဗုဒ္ဓထံ ရဟန်းပြုခွင့်တောင်းလေသည်။

ဗုဒ္ဓသည် သာသနာပ အယူရှိကြကုန်သော ပုဂ္ဂိုလ်များ ဓမ္မဝိနယဟူသော ဗုဒ္ဓသာသနာဝင်လိုက ပရိဝါသ်(၄)လ ဆောက်တည်ရပုံကို မိန့်ကြားသောအခါ ကဿပက လေးလမက လေးနှစ်ဆိုလည်း ဆောက်တည်ပါမည်၊ ရဟန်းပြုခွင့်သာပေးပါ ဟု လျှောက်ထားသည်။

ဗုဒ္ဓသည် ကဿပ၏ ပါရမီအနုအရင့်ကို သိ၍ ရဟန်း အဖြစ်ကို ချက်ချင်း ပြုခွင့်ပေးလိုက်သည်။

အရှင်ကဿပသည် ဗုဒ္ဓထံတော်၌ ရဟန်းပြုခွင့်ရပြီးသော် ဗုဒ္ဓထံမှ ကမ္မဋ္ဌာန်းကိုယူကာ ဆိတ်ငြိမ်ရာ၌ တစ်ယောက်တည်း နေလျက် နိဗ္ဗာန်သို့ စေလွှတ်သောစိတ်ဖြင့် တရားကို အားထုတ်ရာ မကြာခင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ပြီး ရဟန္တာဖြစ်ရ လေသည်။

(နိဒါနဝဂ္ဂသံယုတ်၊ နိဒါနသံယုတ်၊
အစေလကကဿပသုတ်)

## ဗုဒ္ဓနှင့် ဥပကတက္ကတွန်း (၁)
## (ဗုဒ္ဓက ဘုရားဟု ဝန်ခံပြောပြခြင်း)

ဗုဒ္ဓသည် ဘုရားဖြစ်တော်မူပြီးနောက် မိမိဒုက္ကရစရိယ ကျင့်နေစဉ် အချိန်က မိမိအား ပြုစုခဲ့သော ကျေးဇူးများသော ပဉ္စဝဂ္ဂီငါးဦးတို့အား တရားဦးဟောရန် ဝါဆိုလဆန်း (၁၅)ရက်

www.dhammaransi.com



နေ့ နံနက်စောစောတွင် (၈)ယူဇနာကွာဝေးသော ဗာရဏသီ မိဂဒါဝုန်တောသို့ ကြွတော်မူသည်။

ထိုအချိန်တွင် ဥပကတက္ကတွန်းသည်လည်း ဗုဒ္ဓဂယာနှင့် မဟာဗောဓိအကြား ခရီးသွားနေပြီး လမ်းတွင် ဗုဒ္ဓနှင့်ဆုံမိသည်။

"ငါ့ရှင်...သင်၏ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်-ဟူသော ဣန္ဒြေခြောက်ပါးတို့သည် ကြည်လင်ကြကုန်၏။ ကိုယ်ရေအဆင်းသည်လည်း သန့်ရှင်းစင်ကြယ်လျက် ပြိုးပြိုးပြက်ပြက် ရှိပေ၏။ ငါ့ရှင်... သင်သည် အဘယ်ဆရာကို ရည်မှန်း၍ ရဟန်းပြုခဲ့ပါသနည်း။ သင်၏ ဆရာကား အဘယ်သူနည်း။ အဘယ်သူ၏တရားကို သင်နှစ်သက်ပါသနည်း"

ဟု မေးလေသည်။

"ဥပက... ငါဘုရားသည် ဘုံသုံးပါး၌ဖြစ်သော တရားအားလုံးတို့ကို လွှမ်းမိုးစိုးအုပ်နိုင်သူဖြစ်ပြီး တရားအားလုံးကိုလည်း အကြွင်းမဲ့သိသူ ဖြစ်၏။ ခပ်သိမ်းသော ဘုံသုံးပါး၌ဖြစ်သော တပ်မက်မှု၊ ပြစ်မှားမှု၊ တွေဝေမှု အစရှိသော ကိလေသာလိမ်းကျံခြင်းမှ ကင်းစင်သူဖြစ်၏။ တဏှာကုန်ရာ နိဗ္ဗာန်သို့ ရောက်နေသူဖြစ်၏။ တရားအလုံးစုံကို ဆရာမရှိ မိမိအလိုလို ထိုးထွင်းသိမြင်သူ ဖြစ်သောကြောင့် အဘယ်မည်သော သူတစ်ယောက်ကို ဤသူကား ငါ၏ဆရာဟူ၍ ညွှန်းပြဖွယ်ရာ မရှိပါ။

"ငါဘုရားအား ဆရာမရှိ၊ ငါ့ထက်မြတ်သူကို မဆိုထားဘိ၊ ငါနှင့် တူသူပင် မရှိ။ နတ်နှင့်တကွသော ဤသတ္တလောက၌ သီလ စသော ဂုဏ်ကျေးဇူးတို့ဖြင့် ငါဘုရား ကိုယ်စားပြုလောက်

www.dhammaransi.com



သူ မရှိ။

"ငါသည် လောက၌ ပူဇော်အထူးကို ခံထိုက်သူ အရှင်ဖြစ်၏။ လူ နတ်တို့၏ ဆရာဖြစ်၏။ တရားအလုံးစုံကို ကိုယ်ပိုင်ဉာဏ်ဖြင့် ထိုးထွင်းသိသူဖြစ်၏။ ကိလေသာငြိမ်း ပြီးသော ငြိုငြင်ဘက်မရှိ တစ်ဆူတည်းသောဘုရားဖြစ်၏။

"ငါဘုရားသည် ဓမ္မစကြာတရားကို ဟောကြားခြင်းငှာ ကာသိတိုင်း ဗာရာဏသီပြည်၊ ဣသိပတန မိဂဒါဝုန်သို့ သွားပေအံ့။ ပညာမျက်စိမရှိ သူကန်းသဖွယ်ဖြစ်သော နတ်လူအပေါင်းကို တရားဒေသနာတည်းဟူသော အမြိုက်စည်ကြီးကို ရိုက်တီးဆော်ရွမ်းရန် ကြွအံ့"

"ငါ့ရှင် သင်ဝန်ခံသည့်အတိုင်းသာဆိုလျှင် သင်သည် အနန္တဉာဏ်ရှင် မာရ်ငါးပါးကို အောင်မြင်သူဖြစ်မှာပဲ"

"ဥပက...ငါကဲ့သို့သော ဘုရားသည် အာသဝေါတရားတို့ကုန်ရာ အရဟတ္တမဂ်ဉာဏ်သို့ ရောက်ပြီး ယုတ်မာဆိုးဝါးသော အကုသိုလ်တရားတို့ကို ပယ်ရှားအောင်မြင်ကာ ဓိနအမည်ရှိပါ၏"

"ငါ့ရှင်...သင်ပြောသည့်အတိုင်း လည်း ဟုတ်တန်ရာ၏"

ဥပကသည် ဤသို့ပြောဆိုလျက် ဦးခေါင်းကိုညိတ်ပြီးလျှင် လမ်းခရီးကို ဖယ်၍ ဝင်္ကဟာရဇနပုဒ်သို့ သွားလေသည်။

ဥပက၏ နောင်အခါ ရဟန်းပြုရန် အထောက်အပံ့အတွက် ဗုဒ္ဓသည် ဥပကနှင့်တွေ့ရန် တမင် ခြေကျင်ကြွခြင်း ဖြစ်သည်။ ဥပကသည် အဓိကရ ကောင်းမှုရှိထားသူဖြစ်သည်။

www.dhammaransi.com



## ဗုဒ္ဓနှင့် ဥပကတက္ကတွန်း (၂)
## (ဥပက အကျွတ်တရား ရသွားခြင်း)

ဥပကတက္ကတွန်းသည် ဝင်္ကပါဒရဇနပုဒ်၌ မုဆိုးရွာငယ်တစ်ခုကို အမှီပြု၍ ထိုမုဆိုးများ၏ ကိုးကွယ်ပူဇော်မှုကို ခံယူကာ နေသည်။ ထိုဇနပုဒ်သည် မုဆိုးကြမ်းသော ထူပြောလှသောကြောင့် ဥပကကို ကြီးမားသော အိုးစရည်းကြီးတစ်လုံး၌ နေစေသည်ဟု ဆိုပါသည်။

တစ်နေ့ မုဆိုးခေါင်းဆောင်ကြီးသည် ဝေးလှသော သမင်တောသို့ သွားလိုသဖြင့်–

"သမီး...စာပါ...ငါတို့ဆရာ ရဟန္တာအရှင်မြတ်အား လျောက်ပတ် ကောင်းမွန်စွာ ပြုစုလုပ်ကျွေးပါလေ၊ မမေ့မလျော့ပါနှင့်"

ဟု မှာခဲ့ပြီး သားများ၊ ညီများနှင့်အတူ တောသို့သွားလေသည်။

မုဆိုးကြီး၏သမီး စာပါသည်ကား ရုပ်အဆင်း တင့်တယ်လှပ၍ မိန်းမတို့၏ ကိုယ်အင်္ဂါအစိတ်အပိုင်း အဖို့အစုနှင့်ပြည့်စုံသူဖြစ်သည်။

ဖခင်မုဆိုးကြီး ခရီးထွက်ရာ နောက်တစ်နေ့၌ ဥပကတက္ကတွန်းသည် မုဆိုးကြီးအိမ်သို့ ဆွမ်းစားရန် ကြွလာသော် ဆွမ်းပြင်ဆင်ပေးပြီး ဆွမ်းလာကပ်သော စာပါကို အနီးကပ်မြင်ရသော် ရာဂဖြင့် နှိပ်စက်ခံရသဖြင့် ဆွမ်းမစားနိုင် ဖြစ်ရလေသည်။

www.dhammaransi.com



"စာပါကိုရမှ ငါ အသက်ရှင်တော့မည်၊ မရလျှင် ငါ သေတော့မည်"ဟု အောက်မေ့ကာ ဆွမ်းစားမကြွတော့ဘဲ အိပ်ရာထဲ၌ လှဲ၍ အိပ်စက်နေလေသည်။

ခုနစ်ရက်မြောက်သောနေ့၌ မုဆိုးကြီးသည် အိမ်သို့ ပြန်ရောက်လာပြီး သမီးစာပါကို ဆရာဥပက၏ အကြောင်းခြင်းရာကို မေးမြန်းသည်။

"ဖခင်...ဖခင်ဆရာ ဥပကသည် တစ်နေ့သော ဆွမ်းစာကြွပါသည်။ နောက်ထပ် မလာတော့ပါ"

ဟု ပြောပြသောအခါ မုဆိုးကြီးသည် အဝတ်အစားပင် မလဲလှယ်နိုင်ဘဲ ဆရာဥပက ကျောင်းသို့ ချက်ချင်းလိုက်သွားလေသည်။

ထို့နောက် ဆရာဥပကကို ချဉ်းကပ်၍-

"ဆရာ အဘယ်ကဲ့သို့ မကျန်းမာခြင်း ဖြစ်ပါသလဲ"

ဟု ခြေတို့ကို စမ်းသပ်ဆုပ်နယ်ကာ မေးသည်။

ဥပကသည် အဖြေကို ချက်ချင်းမပြောကြားသေးဘဲ ညည်းတွား၍သာ ဘယ်စောင်း ညာစောင်း လူးလဲ၍နေလေသည်။

"ပြောသာပြောပါ အရှင်ဘုရား၊ ကျွန်ုပ်ပြုလုပ်နိုင်သော အရာခပ်သိမ်းကို ပြုလုပ်ပေးပါမည်"

"မုဆိုးကြီး ငါသည် စာပါကိုရမှ အသက်ရှင်ပါတော့မည်၊ မရလျှင် ဤနေရာ၌ သေရခြင်းက မြတ်၏"

ထိုအခါ မုဆိုးကြီးသည် ဆရာဥပကတက္ကတွန်းအပေါ်၌ သနားခြင်း၊ ကြည်ညိုခြင်းရှိသူပီပီ သမီးစာပါကို ပေးရန် ဆုံးဖြတ်

www.dhammaransi.com



လေသည်။

"အရှင်ဘုရား... တစ်စုံတစ်ခုသော အတတ်ပညာကို တတ်ပါသလော"

"မတတ်ပါ"

"အရှင်ဘုရား...တစ်စုံတစ်ခုသော အတတ်ပညာကိုမျှ မတတ်သိသောသူသည် အိမ်ထောင်မှုကို စီမံခန့်ခွဲ၍ သားမယားကို လုပ်ကျွေးနိုင်မည် မဟုတ်ပါ"

"မှဆိုးကြီး...ငါသည် တစ်စုံတစ်ခုသော အတတ်ပညာ မတတ်ပါသော်လည်း သင်တို့ရရှိသော အသားများကို ထမ်းပိုး၍ ရောင်းချမှုကို ပြုလုပ်နိုင်ပါလိမ့်မည်"

"ကောင်းပြီ...ငါသည်လည်း ဤသို့ အသားထမ်း၍ ရောင်းသူကို အလိုရှိနေပါ၏"

မှဆိုးကြီးသည် ဥပကတက္ကတွန်းကို အပေါ်ရုံအဝတ်ကိုပေး၍ လှုဝတ်လဲစေပြီးသော် အိမ်သို့ခေါ်ဆောင်လာကာ သမီးစာပါကို ဥပကနှင့် ထိမ်းမြားလက်ထပ်ပေးလေသည်။

ဥပကနှင့် စာပါတို့ ဇနီးမောင်နှံ ဆက်ဆံပေါင်းသင်းမှုကို အစွဲပြု၍ သားတစ်ယောက် မွေးဖွားခဲ့ရာ ထိုသားကို သုဘဒ္ဒဟု အမည်ပေးထားကြသည်။

စာပါသည် သားကလေးငယ်စဉ် ငိုကြွေးပါက-

"အမဲသားထမ်း၊ တက္ကတွန်းရဟန်းလူထွက်သား၊ မုဆိုးနောက်လိုက်၊ ငါ့ကိုကြိုက်၊ အမိုက်လူထွက်သား၊ မိခင်ချော့သိပ်၊ အငိုတိတ်၊ မောင်အိပ်ပါတော့လား"

www.dhammaransi.com



ဤသို့ စသည်ဖြင့် မြည်တွန်တောက်တီး ပြောဆိုကာ သားချော့ သီချင်းဖြင့် ဥပကကို ထိပါးစောင်းချိတ်ကာ ပြက်ရယ်ပြောင်လှောင်မှု ပြုလေသည်။

ထိုနောက် စာပါက–

"မြကြိုးလိမ် စိန်ပုခက်ကယ်နှင့်၊ စက်ပါတော့ သားရွှေစင်၊
ပျော်ကြောင်းငယ်မာယာနှင့် ဖွဲ့ဆိုကာ အမေလွဲမယ်ပ၊
ရွှေခဲ အင်္ဂုတိတ်၊ မင်းအိပ်စေချင်။
မောင့်ဖခင်၊ လူတွင် နောက်ဆုံး။
သည်နှယ်ကို ရှောင်ခွာလို့၊
နောက်နောင်ခါ လွတ်အောင်ရှားပါတော့
မွေးမယ်တော် ခုမှာထားလိုက်မယ်
သားလုရွှေတုံး။ ။

**(မန်လည်ဆရာတော်၏ စီကုံးထားမှု)**

ဟူ၍ ဆက်လက်၍ သားကိုချော့သလိုလိုနှင့် ဥပကကို ဆက်လက် စောင်းချိတ်ဆိုသောအခါ ဥပကသည် သတိစိတ်ဝင်လာသည်။ စာပါကို ပြန်ပြောလိုစိတ် ပေါ်လာသည်။

"ရှင်မ...သင်သည် ငါ့ကို ကိုးကွယ်ရာမဲ့ မှတ်ပါသလော၊ ငါ့မှာ အနန္တဇိန အမည်ရှိသော မိတ်ဆွေကောင်းကြီး ရှိပါသည်။ သင်သာ ဤကဲ့သို့ စောင်းချိတ်ဆိုနေလျှင် ငါ၏မိတ်ဆွေကြီး အနန္တဇိနထံသို့ ထွက်သွားရပါလိမ့်မည်"

ဤသို့ စောင်းချိတ်ထိပါး ပြောကြားလျှင် ဤဥပကသည် နာကျည်း ကြင်နာ မခံသာ ရှိပေသည်ဟု စာပါက သိလေလျှင်

www.dhammaransi.com



ထိုသားချော့သီချင်းကို ခဏ ခဏ သီဆိုပေးလေသည်။

ထိုသို့ စာပါက ဤသို့ အဖန်ဖန် စောင်းချိတ်သီဆို၍ ကလေးသိပ်လေသော် တစ်နေ့တွင် ဥပကသည် စာပါကို အသိမပေးဘဲ မပြောကြားဘဲ မဇ္ဈိမဒေသ ဗုဒ္ဓရှိရာသို့ ထွက်ခွာခဲ့လေသည်။

ထိုအချိန်တွင် ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေချိန် ဖြစ်သည်။

"ရဟန်းတို့...အနန္တဇိန ဟူ၍ မေးမြန်းသူ လာရောက်သည်ရှိသော် ထိုသူအား ငါဘုရားကို ပြကြကုန်လော့"

ဟူ၍ ရဟန်းတို့ကို စောစောကပင် ကြိုတင် မှာကြားထားလေသည်။

"အနန္တဇိနသည် အဘယ်အရပ်၌ နေပါသနည်း"

ဟု လမ်းတစ်လျှောက် တွေ့မြင်သူများကို မေးမြန်းစုံစမ်းလျက် လာခဲ့ရာ အစဉ်သဖြင့် သာဝတ္ထိပြည်သို့ ရောက်၍ ဇေတဝန်ကျောင်းသို့ ရောက်ရှိလာခဲ့သည်။

ဇေတဝန်ကျောင်းလယ်၌ ရပ်ပြီးလျှင်-

"အရှင်တို့...အနန္တဇိနသည် အဘယ်၌နေပါသနည်း"

ဟု ရဟန်းတို့ကို မေးမြန်းလျှောက်ထားသော် ရဟန်းတို့သည် ဗုဒ္ဓက ကြိုတင်မှာထားပြီး ဖြစ်သဖြင့် ဥပကတက္ကတွန်းကို ဗုဒ္ဓထံသို့ ခေါ်ဆောင် ပို့ပေးကြသည်။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ အရှင်ဘုရားသည် တပည့်တော်ကို မှတ်မိ သိရှိပါသေးလားဘုရား"

www.dhammaransi.com



ဟု ဥပကသည် ဗုဒ္ဓကို မြင်လျှင်မြင်ချင်း အားရဝမ်းသာဖြင့် နှုတ်ဆက်မေးမြန်း လျှောက်ထားလေသည်။

"ဥပက...ငါဘုရားသည် သင့်ကို မှတ်မိ သိရှိပါ၏၊ သင်သည် ယခု အဘယ်အရပ်၌ နေပါသနည်း"

ဟု မေးသော် ဥပကသည် မိမိနေထိုင်ရာ ဝင်္ကဟာရဇနပုဒ်နှင့် မိမိ၏ဇနီး စာပါ၊ သားသုဘဒ္ဒတို့ ဘဝအကြောင်းစုံကို လျှောက်ထားပြလေသည်။

"ဥပက...သင်သည် အသက်အရွယ်ကြီးရင့်သူ ဖြစ်ခဲ့လေပြီ၊ သင် ယခု ရဟန်းပြုနိုင်ပါမည်လော"

"မြတ်စွာဘုရား...တပည့်တော် ရဟန်းပြုပါမည်ဘုရား"

ထိုသို့ ဥပက က ရဟန်းပြုရန် ဝန်ခံကတိပေးသောအခါ ဗုဒ္ဓက ရဟန်းပြုပေးပြီးလျှင် သင့်လျော်ရာ ကမ္မဋ္ဌာန်းကိုပေး၍ တရားကိုကျင့်စေရာ မကြာမီ အနာဂါမိဖိုလ်၌ တည်လေသည်။

ဤဘဝမှ စုတေသော် သုဒ္ဓါဝါသ ဗြဟ္မာ (၅)ဘုံတို့တွင် အောက်ဆုံး (ပထမ)ဘုံဖြစ်သော အဝိဟာဘုံ၌ဖြစ်လေသည်။ ထိုအဝိဟာဘုံ၌ဖြစ်ပြီးလျှင် မကြာမီပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေသည်။

စာပါသည်လည်း ဥပက ထွက်ခွာသွားသောအခါ လူ့ဘောင်ကို ငြီးငွေ့သဖြင့် သားငယ်ကို အဘိုးအား အပ်နှံပြီး ဥပက သွားသော လမ်းခရီးအတိုင်း သွား၍ သာဝတ္ထိသို့ ရောက်သော် ဘိက္ခုနီမတို့ထံ၌ ရဟန်းမပြုပြီး တရားအားထုတ်လေရာ မကြာခင် အရဟတ္တဖိုလ်ဆိုက်ပြီး ရဟန္တာမ ဖြစ်လေသည်။ ထေရီတို့

www.dhammaransi.com



တွင် စာပါထေရီဟူ၍ ထင်ရှားလေသည်။

**(ထေရီအဋ္ဌကထာ၊ စာ၂၃၁)**

## ဗုဒ္ဓနှင့် နိဂဏ္ဌာတက္ကတွန်းတပည့် ဥပါလိသူကြွယ် (ကံနှင့်ဒဏ် ပညတ်မှု)

ဗုဒ္ဓသည် နာဠန္ဒမြို့ ပါဝါရိကသူဌေး၏ သရက်ဥယျာဉ်၌ သီတင်း သုံးနေချိန် ဖြစ်သည်။

ထိုအချိန်တွင် ဒီဃတပဿီမည်သော နိဂဏ္ဌာသည် ဗုဒ္ဓထံ ချဉ်းကပ်ရောက်လာပြီး ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကား ပြောကြားပြီးလျှင် နိမ့်သောနေရာ၌ ထိုင်နေလေသည်။

"အချင်းတပဿီ... သင်၏ဆရာ နိဂဏ္ဌနာဋပုတ္တသည် မကောင်းမှုကိုကို ပြုခြင်း ဖြစ်ခြင်းတို့၌ မည်မျှသောကံတို့ကို ပညတ်ခဲ့ပါသနည်း"

ဟု ဗုဒ္ဓက မေးသည်။

"အရှင်ဂေါတမ... ကျွန်ုပ်၏ဆရာ နိဂဏ္ဌနာဋပုတ္တသည် ကံဟု ပညတ်လေ့မရှိ၊ ဒဏ်ဟူ၍သာ ပညတ်လေ့ရှိပါသည်"

"အချင်းတပဿီ... နိဂဏ္ဌနာဋပုတ္တသည် မကောင်းမှုပြုခြင်း ဖြစ်ခြင်း၌ မည်မျှသောဒဏ်တို့ကို ပညတ်ပါသနည်း"

"အရှင်ဂေါတမ... နိဂဏ္ဌနာဋပုတ္တသည် မကောင်းမှု ဖြစ်ခြင်း၊ ပြုခြင်း၌ ကာယဒဏ်၊ ဝစီဒဏ်၊ မနောဒဏ်ဟူသော ဒဏ်သုံးပါးကို ပညတ်ပါသည်"

"အချင်းတပဿီ... ထိုဒဏ်သုံးပါးတို့သည် တစ်ပါးနှင့်

www.dhammaransi.com



တစ်ပါး ကွဲပြားခြားနားကြပါသလော"

"အရှင်ဂေါတမ... ထိုဒဏ်သုံးပါးတို့သည် တစ်ပါးနှင့် တစ်ပါး ကွဲပြားခြားနားကြပါသည်"

"အချင်းတပဿီ... ထိုကွဲပြားခြားနားသော ဒဏ်သုံးပါး တို့တွင် အဘယ်ဒဏ်ကို အပြစ်အကြီးဆုံးဟု နိဂဏ္ဌနာဋပုတ္တက ပညတ်ခဲ့ပါသနည်း"

"အရှင်ဂေါတမ... ဒဏ်သုံးပါးတွင် ကာယဒဏ်ကို အပြစ် အကြီးဆုံးဟု ပညတ်ထားပါသည်"

ဗုဒ္ဓက ထိုအဖြေကို ခိုင်မြဲစေရန် သုံးကြိမ်တိုင်အောင် ထပ်၍ မေးသည်။

ဒီဃတပဿီတက္ကတွန်းကလည်း ဗုဒ္ဓကို ထပ်၍မေးသည်။

"အရှင်ဂေါတမ .. အသင်ကရော မကောင်းမှုပြုခြင်း ဖြစ်ခြင်း၌ မည်မျှသောဒဏ်ကို ပညတ်ပါသနည်း"

"အချင်းတပဿီ... ငါသည် ဒဏ်ဟု ပညတ်လေ့မရှိ၊ ကံကောင်းမှု ပြုခြင်း ဖြစ်ခြင်း၌ ကံဟူ၍သာ ပညတ်လေ့ ရှိပါ သည်"

"အရှင်ဂေါတမ... အသင်သည် မည်သို့သော ကံတို့ကို ပညတ်ပါသနည်း"

"အချင်းတပဿီ... ငါသည် မကောင်းမှုပြုခြင်း ဖြစ်ခြင်း၌ ကာယကံ၊ ဝစီကံ၊ မနောကံဟူသော ကံသုံးပါးကိုသာ ပညတ် ပါ၏"

"အရှင်ဂေါတမ... ထိုကံသုံးပါးသည် တစ်ပါးနှင့်တစ်ပါး

www.dhammaransi.com



ကွဲပြားခြားနားကြပါကုန်သလော"

"အရှင်းတပဿီ... ကွဲပြားခြားနားကြပါ၏"

"အရှင်ဂေါတမ... ကွဲပြားခြားနားသော ကံသုံးပါးတို့တွင် အဘယ်ကံက အပြစ်အကြီးဆုံးနည်း"

"အရှင်းတပဿီ... ကံသုံးပါးတွင် မနောကံသည် အပြစ်အကြီးဆုံး ဟူ၍ ငါပညတ်ပါ၏"

ဒီဃတပဿီသည် ဗုဒ္ဓ၏ ထိုအဖြေကို ခိုင်မြဲစေရန် သုံးကြိမ်ပင် ထပ်မေးလေသည်။ ဗုဒ္ဓကလည်း သုံးကြိမ်တိုင်အောင်ပင် တစ်ထပ်တည်း ဖြေဆိုပြလေသည်။

ဗုဒ္ဓထံမှ ထိုအဖြေကိုရသော် ဒီဃတပဿီသည် ဗုဒ္ဓကို နှုတ်ဆက်ကာ ဗုဒ္ဓထံမှ ထွက်ခွာခဲ့ပြီး မိမိ၏ဆရာဖြစ်သော နာဋပုတ္တထံသို့ ပြန်သွားလေသည်။

ထို့နောက် မိမိနှင့် ဗုဒ္ဓတို့ ဆွေးနွေးချက်များကို အပြည့်အစုံ ပြန်ပြောပြသည်။ နာဋပုတ္တသည် အလုံးစုံကြားပြီးသောအခါ ဒီဃတပဿီ၏ ပြောဆိုချက်များကို လွန်စွာနှစ်သက်လှသဖြင့်...

"တပည့်ကောင်းပီသလှပေသည်"

ဟူ၍ ချီးကျူးလေသည်။

ထိုအခါ နာဋပုတ္တထံ၌ ရောက်နေကြသော နာဋပုတ္တ၏ တပည့် ပရိသတ်ထဲတွင် ဥပါလိသူကြွယ်သည် ဒီဃတပဿီ၏ လျှောက်ထားချက်ကို အားကျပြီးလျှင် မိမိသည် ရဟန်းဂေါတမ ထံ သွား၍ သူ၏ဝါဒကို ချေဖျက်လိုကြောင်း ခွင့်တောင်းသည်။

"အရှင်ဘုရား... ဒီဃတပဿီသည် ကောင်းလေစွ၊

www.dhammaransi.com



ကောင်းလေစွ၊ အကြားအမြင် ဗဟုသုတရှိသော ဆရာ၏ အဆုံးအမကို ကောင်းစွာသိသော၊ တပည့်၏ ထုံးတမ်းစဉ်လာအတိုင်းသာလျှင် ဒီဃတပဿီ အရှင်ကောင်းသည် ရဟန်းဂေါတမအားဖြေကြားခဲ့ပေ၏။ ဤသို့ ကြီးကျယ်သော ကာယဒဏ်ကိုထောက်ဆ၍ သေးငယ်သော မနောဒဏ်သည် အဘယ်မှာပြောပလောက်မည်နည်း။ အမှန်အားဖြင့် ကာယဒဏ် သည်သာလျှင် မကောင်းမှုပြုခြင်း၌ မကောင်းမှုဖြစ်ခြင်း၌ ကြီးကျယ်သောအပြစ်ရှိ၏။ ဝစီဒဏ်နှင့် မနောဒဏ်သည် ထိုကဲ့သို့ မကြီးကျယ်။

"အရှင်ဘုရား… ကျွန်ုပ် ယခုသွားပါအံ့။ ဤစကားအရာ၌ ရဟန်းဂေါတမအား အပြစ်တင်ချေပါအံ့။ ဒီဃတပဿီ အရှင်ကောင်းသည် တည်စေအပ်သကဲ့သို့ ထို့အတူ ရဟန်းဂေါတမသည် အကျွန်ုပ်အား အကယ်၍ တည်စေလတ္တံ့သည်ဖြစ်ငြားအံ့။ အားရှိသောယောကျ်ားသည် အမွေးရှည်သောသိုးကို အမွေးတို့၌ကိုင်တွယ်၍ ရှေ့နောက်ထက်ဝန်းကျင် ဆွဲငင်သကဲ့သို့ ကျွန်ုပ်သည် ရဟန်းဂေါတမကို မိမိ၏အယူဝါဒဖြင့် ရဟန်းဂေါတမ၏အယူဝါဒကို ရှေ့နောက် ထိုမှ ဤမှ ဆွဲငင်ပြပါအံ့။

"တစ်နည်း အားခွန်ရှိသော သေတင်းကုပ်အမှုကိစ္စ ပြုလုပ်သော ယောကျ်ားသည် သေတင်းကုပ်၌ ခင်းထားသော ဖျာများကို ရေအိုင်၌ချ၍ အစွန်း၌ကိုင်ကာ ရှေ့တူရူမှလည်းကောင်း၊ ထက်ဝန်းကျင်မှလည်းကောင်း ဆွဲငင်သကဲ့သို့ ကျွန်ုပ်သည် ရဟန်းဂေါတမကို မိမိ၏အယူဝါဒဖြင့် ရဟန်းဂေါတမ၏ အယူဝါဒကို ထက်ဝန်းကျင်မှ ထိုမှ ဤမှ ဆွဲငင်ပါအံ့။

www.dhammaransi.com



"ဥပမာ တစ်နည်း ခွန်အားရှိသော သေသောက်ကြူးသည် ခွက်ကို အစွန်း၌ ကိုင်တွယ်၍ အောက်သို့နှိပ်၍ ပွတ်တိုက်ရာသကဲ့သို့လည်းကောင်း၊ အထက်သို့ မြှောက်၍ ပွတ်တိုက်ရာသကဲ့သို့လည်းကောင်း၊ ခါထုတ်ရာသကဲ့သို့လည်းကောင်း ကျွန်ုပ်သည် ရဟန်းဂေါတမ၏ဝါဒကို မိမိ၏ အယူဝါဒဖြင့် အောက်သို့နှိမ့်၍ ပွတ်တိုက်ပါအံ့။ အပေါ်မြှောက်၍ ပွတ်တိုက်ပါအံ့၊ ခါထုတ်မွှေ့ယမ်းပါအံ့။

"ဥပမာတစ်နည်းသော်ကား အသက်ခြောက်ဆယ်ရှိပြီး အားနည်းသော ဆင်ပြောင်ကြီးသည် နက်လှသော လေးထောင့်ကန်သို့ သက်ဆင်း၍ သာဏဓောဝိကမည်သော ကစားမျိုးကို ကစားလေရာသကဲ့သို့ ကျွန်ုပ်သည် ရဟန်းဂေါတမကို သာဏဓောဝိကမည်သော ကစားနည်းဖြင့် ကစားပေအံ့။

"အရှင်... ယခုသွား၍ ရဟန်းဂေါတမကို အပြစ်တင်ပါမည်"

ဟု ဥပါလိသူကြွယ်က ဥပမာတို့ဖြင့် ပြောဆိုကာ ခွင့်တောင်းသည်။

ဥပါလိ၏ တောင်းဆိုချက်ကို ဆရာကြီး နာဋပုတ္တက ခွင့်ပြုလိုသော်လည်း ဒီဃတပဿီက သဘောမတူချေ။

"ရဟန်းဂေါတမသည် စိတ်ညို့ပညာ တတ်မြောက်သူဖြစ်၍ ယင်းပညာဖြင့် ဥပါလိကို မိမိ၏တပည့် ဖြစ်သွားအောင် ညို့ယူထားမည်ကို စိုးရိမ်ပါကြောင်း"

ကန့်ကွက်ပြောဆိုလေသည်။

www.dhammaransi.com



သို့သော် နာဋပုတ္တက...

"ဥပါလိသည် ရဟန်းဂေါတမ၏တပည့်ဖြစ်ရန် အကြောင်းလည်း မရှိ၊ ရဟန်းဂေါတမသည်သာလျှင် ဥပါလိတပည့် ဖြစ်ပေလိမ့်မည်"

ဟု ပြောဆိုပြီး ဥပါလိသူကြွယ်ကို ဗုဒ္ဓထံ စေလွှတ်ရန် ခွင့်ပြုလိုက်လေသည်။

ဥပါလိသည် ဗုဒ္ဓထံသို့ သွားရောက်ပြီး ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကား ပြောဆိုပြီး သင့်ရာနေရာ၌ ထိုင်သည်။

"အရှင်ဘုရား... ဒီဃတပဿီ ဤနေရာသို့ ရောက်လာပါသလော"

ဟု မေးလျှောက်သည်။ ဗုဒ္ဓက ရောက်ခဲ့ကြောင်း ပြောပြပြီး မိမိနှင့် အပြန်အလှန် ဆွေးနွေးကြပုံ အကြောင်းစုံကိုပါ ပြန်လည် မိန့်ကြားသည်။

ထိုအခါ ဥပါလိက...

"ဒီဃတပဿီသည် မိမိဆရာ၏ အဆုံးအမကို ကောင်းစွာ တတ်သိ နားလည်သော တပည့်ကောင်း ပီသစွာ ပြောဆိုဆွေးနွေးခဲ့ပါသည်"

ဟု ချီးကျူးစကား ဗုဒ္ဓရှေ့တွင် ပြောကြားပြီး ဒဏ်သုံးပါးတွင် ကာယဒဏ်သည်သာ အပြစ်အကြီးဆုံးဖြစ်ကြောင်း ထပ်မံ ပြောဆိုလေသည်။

ထိုအခါ ဗုဒ္ဓက ဥပါလိအား စကားလမ်းကြောင်းသို့ ရောက်လာစေရန် လမ်းဖွင့်ပေးသည်။ မေးရှင်းပေးသည်။

www.dhammaransi.com



"သူကြွယ်... သင်သည် ဤနေရာ၌ အမှန်တရား၌ တည်၍ အကယ်၍ ဆွေးနွေးမည်ဆိုပါက ဤအရာ၌ သင်နှင့်ငါ ဆွေးနွေးဖွယ် ရှိပါသည်"

"အရှင်ဘုရား ... တပည့်တော်သည် အမှန်တရား၌တည်၍ ဆွေးနွေးပါမည်။ ဆွေးနွေးမှုကို ပြုပါလေလော့"

"သူကြွယ်... သင် မည်သို့ထင်သနည်း။ ပြင်းပြစွာ နာမကျန်းဖြစ်နေ၍ ရေအေးကိုပယ်ပြီး ရေနွေးကိုသာ မှီဝဲနေရသော နိဂဏ္ဌ တစ်ယောက်သည် ရေအေးကို မရသည်ဖြစ်၍ သေလွန်ရာ၏။ ထိုနိဂဏ္ဌသည် မည်သည့်ဘုံဘဝ၌ ဖြစ်သည်ဟု သင်၏ဆရာ နာဋပုတ္တက ပညတ်ပါသနည်း"

"အရှင်ဘုရား... မနောသတ္တမည်သော နတ်တစ်မျိုး ရှိပါသည်။ ထိုနိဂဏ္ဌသည် ထိုနတ်မျိုး၌ ဖြစ်ပါသည်။ အကြောင်းမှာ စိတ်နှင့် တွယ်တာကပ်ငြိသည်ဖြစ်၍ သေသောကြောင့် ဖြစ်ပါသည်"

"သူကြွယ်... သင်သည် စဉ်းစား၍ပြောပါ၊ သင်၏စကားသည် ရှေ့နောက် မညီညွတ်။ သင်သည် အမှန်တရား၌ တည်၍ ဆွေးနွေးပါမည်ဟု ပြောဆိုခဲ့၏"

"အရှင်ဘုရား... မည်သို့ပင်ဆိုစေကာမူ မကောင်းမှုပြုခြင်း ဖြစ်ခြင်း၌ စင်စစ်အားဖြင့် ကာယဒဏ်သည်သာ အပြစ်အကြီးဆုံး ဖြစ်ပါသည်"

"သူကြွယ်... သင် မည်သို့ထင်သနည်း။ စောင့်စည်းခြင်း လေးမျိုးဖြင့် စောင့်စည်း၍နေသော နိဂဏ္ဌသည် ရှေ့သို့သွားခြင်း၊

www.dhammaransi.com



နောက်သို့ဆုတ်ခြင်း ပြုရာဝယ် များစွာသော သတ္တဝါကလေးများကို သေကြေပျက်စီးခြင်းသို့ ရောက်စေရာ၏။ ထိုသို့ သေကြေပျက်စီးခြင်းသို့ ရောက်စေသူအား မည်သို့ အကျိုးကို နာဠပုတ္တ ပညတ်ပါသနည်း"

"အရှင်ဘုရား…စေ့ဆော်မှုမပါသော အမှုကို အပြစ်ကြီးလေး၏ဟူ၍ နာဠပုတ္တ မပညတ်ပါ"

"သူကြွယ်… အကယ်၍ စေ့ဆော်မှုပါခဲ့သော် မည်သိဖြစ်မည်နည်း"

"အရှင်ဘုရား… စေ့ဆော်မှုပါသော် အပြစ်ကြီးလေ့ပါသည်"

"သူကြွယ်… စေ့ဆော်မှုကို နာဠပုတ္တက မည်သည့်ဒဏ်ဟု ပညတ်ပါသနည်း"

"အရှင်ဘုရား… စေ့ဆော်မှုကို မနောဒဏ်ဟု ပညတ်ပါသည်"

"သူကြွယ်…သင်စဉ်းစား၍ဖြေလော့၊ သင်၏စကား သည်ရှေ့နောက် မညီညွတ်ပါ"

"အရှင်ဘုရား… မည်သို့ဆိုစေကာမူ မကောင်းမှုပြုခြင်းဖြစ်ခြင်း၌ စင်စစ် ကာယဒဏ်သာ အပြစ်အကြီးဆုံး ဖြစ်ပါသည်"

"သင် မည်သို့ထင်ပါသနည်း။ လူဦးရေ ထူပ်မျာ ပြည်ကားလှတဲ့ ဤနာဠန္ဒမြို့ကို သန်လျက်စွဲကိုင်သော ယောကျာ်းတစ်ယောက် လာပြီး 'ငါသည် ဤနာဠန္ဒမြို့၌ ရှိသမျှသော

www.dhammaransi.com



သတ္တဝါတို့ကို တစ်ခဏချင်းဖြင့် အသားစု အသားပုံ ဖြစ်သွားအောင် ပြုလုပ်အံ့'ဟု ဆိုရာ၏။ ထိုသူဆိုတိုင်း ပြုလုပ်နိုင်ပါမည်လော"

"အရှင်ဘုရား... ယောကျ်ားတစ်ယောက်တည်းကို မဆိုထားဘိ၊ လေးဆယ် ငါးဆယ်မျှသော ယောကျ်ားတို့သည်ပင် ဤနာဠန္ဒတစ်မြို့လုံးကို တစ်ခဏချင်းဖြင့် အသားစု အသားပုံ ဖြစ်အောင် ပြုလုပ်ရန် စွမ်းနိုင်ကြမည် မဟုတ်ပါ"

"သူကြွယ်... တန်ခိုးနှင့်ပြည့်စုံ၍ မိမိစိတ်ကို လိုသလို စေစားနိုင်သော ရဟန်း ပုဏ္ဏား တစ်ပါးပါးက တစ်ကြိမ်စိတ်ဆိုးရုံမျှဖြင့် ဤနာဠန္ဒ တစ်မြို့လုံးကို ပြာဖြစ်အောင် ပြုအံ့ဟု ဆိုရာ သူဆိုတိုင်း ပြုလုပ်နိုင်ပါမည်လော"

"အရှင်ဘုရား... ထိုတန်ခိုးရှင်က ဤနာဠန္ဒမြို့ကလေး တစ်မြို့ကို မဆိုထားဘိ၊ အလားတူ မြို့လေးဆယ် ငါးဆယ် တို့ကိုပင် ပြာဖြစ်အောင် ပြုလုပ်နိုင်ပါသည်"

"သူကြွယ်... သင် စဉ်းစား၍ဖြေလော့၊ သင်၏စကားသည် ရှေ့နောက် မညီပါ"

"အရှင်ဘုရား... မည်သို့ပင်ဆိုစေကာမူ မကောင်းမှုပြုခြင်း ဖြစ်ခြင်း၌ စင်စစ်အားဖြင့် ကာယဒဏ်သည်သာလျှင် အပြစ်အကြီးဆုံး ဖြစ်ပါသည်"

"သူကြွယ်... သင်သည် ဒဏ္ဍကီတောအုပ်၊ ကလိင်္ဂတောအုပ်၊ မဇ္ဈတောအုပ်၊ မာတင်္ဂတောအုပ်တို့ တောအုပ်အတိ ဖြစ်ခဲ့ရပုံကို ကြားဖူးပါ၏လော"

www.dhammaransi.com



"အရှင်ဘုရား... တပည့်တော် ကြားဖူးပါသည်"

"သူကြွယ်... ထိုတောအုပ်တို့သည် အဘယ်အကြောင်းကြောင့် တောအုပ်အတိ ဖြစ်လာခဲ့သည်ဟု သင်ကြားဖူးပါသနည်း"

"အရှင်ဘုရား... ရသေ့တို့ စိတ်ဆိုးခြင်းကြောင့် မြို့ကြီးများ ပျက်စီး၍ တောအုပ်အတိ ဖြစ်ရသည်ဟု ကြားဖူးပါသည်"

"သူကြွယ်...သင် စဉ်းစား၍ဖြေလော့၊ သင်၏စကားသည် ရှေ့နောက် မညီညွတ်ပါ"

ဗုဒ္ဓက ဤသို့မိန့်ကြားသောအခါ...

"အရှင်ဘုရား... တပည့်တော်သည် ပထမဦးဆုံး ဥပမာဖြင့်ပင် ဗုဒ္ဓ၏ ဖြေကြားချက်များကို ကျေနပ်နှစ်သက်ခဲ့ပါသည်။ ဆက်လက်၍ ဆန်းကြယ်သော ဖြေကြားချက်များကို ထပ်မံနာကြားလိုသောကြောင့်သာ ဆန့်ကျင်ဘက်ပြု၍ ပြောဆိုခဲ့ခြင်း ဖြစ်ပါသည်ဘုရား။ တပည့်တော်အား ခွင့်လွှတ်၍ ဥပါသကာအဖြစ် မှတ်ယူတော်မူပါ"

ဟု လျှောက်ထားလေသည်။

"သူကြွယ်... သင်သည် စဉ်းစားဆင်ခြင်၍ ပြုပါလော့။ သင်ကဲ့သို့ ထင်ရှားကျော်စောသူတစ်ဦးအဖို့ စဉ်းစားဆင်ခြင်၍ ပြုခြင်းသည် ကောင်းပါ၏"

ဟု ဗုဒ္ဓက သတိပေးစကား မိန့်ကြားသည်။

ဥပါလိသူကြွယ်သည် ဗုဒ္ဓထံမှ ထိုစကားကို ထပ်မံကြားပြန်သော် အလွန်ပင် ကြည်နူးမြတ်နိုးသောစိတ်များ တဖွားဖွား

www.dhammaransi.com



ဖြစ်ပေါ်ပြီး ဗုဒ္ဓ၏ ဥပါသကာအဖြစ် ခံယူပါကြောင်း ထပ်မံ လျှောက်ထားပြန်သည်။

"သူကြွယ်... သင်၏အိမ်ကား နိဂဏ္ဌတက္ကတွန်းတို့၏ ရေတွင်း ရေကန်သဖွယ် ဖြစ်နေသောအိမ် ဖြစ်သောကြောင့် သင်သည် နိဂဏ္ဌ တက္ကတွန်းတို့အားလည်း ဆွမ်းကို လောင်းလှူ၍ စဉ်းစားသင့်လေ၏"

ဗုဒ္ဓက ထိုသို့မိန့်ကြားသောအခါ ဥပါလိသည် ရဟန်းဂေါတမသည် မိမိနှင့် မိမိ၏တပည့်များအား လှူမှသာ အကျိုးရှိသည်ဟု ဟောကြားနေရှိကြောင်း ကြားဖူးထားသူဖြစ်၍ ဗုဒ္ဓထံမှ နိဂဏ္ဌတက္ကတွန်းတို့အား ဆွမ်းကို လှူရန် စဉ်းစားပါဟု မိန့်ကြားသံကို ကြားလိုက်ရသောအခါ အတိုင်းထက်အလွန် ဝမ်းမြောက်ဝမ်းသာဖြစ်ကာ...

"အရှင်ဘုရား... ပေကာမံ ဖွင့်ကြဲ လှူဒါန်းရေး၌ အခါအခွင့်ကို တပည့်တော် သိပါပြီဘုရား"

ဟု လျှောက်ကြားသည်။

ထိုအခါ ဗုဒ္ဓသည် ဥပါလိသူကြွယ်အား ဒါနနှင့်စပ်သော တရား၊ သီလနှင့်စပ်သောတရား၊ နတ်ပြည်နှင့်စပ်သောတရား၊ ကာမဂုဏ်တို့၏ အပြစ်၊ ယုတ်ညံ့ခြင်း ညစ်ညူးခြင်း၊ ကာမဂုဏ်တို့မှ ထွက်မြောက်ခြင်း၌ အကျိုးတို့ကို ဟောကြား ပြသတော်မူရာ ဥပါလိသူကြွယ်၌ သင့်လျော်သောစိတ်၊ နူးညံ့သောစိတ်၊ အပိတ်အပင်ကင်းသောစိတ်၊ တက်ကြွသောစိတ်၊ ယုံကြည်သောစိတ် ရှိသည်ကို သိသောအခါ ဗုဒ္ဓကိုယ်တော်တိုင် သိအပ်သော

www.dhammaransi.com



ဆင်းရဲမှု၊ ဆင်းရဲဖြစ်မှုအကြောင်း၊ ဆင်းရဲချုပ်ရာ ဆင်းရဲချုပ်ရာသို့ ရောက်စေကြောင်းအကျင့် မဂ္ဂင်ရှစ်ပါးတည်းဟူသော သစ္စာလေးပါး တရားကို ဆက်လက်ဟောပြောပြသည်။

မည်းညစ်ခြင်းကင်းသော ဖြူစင်သော အဝတ်သည် ဆိုးရည်ကို ကောင်းစွာခံယူသကဲ့သို့ ဥပါလိသူကြွယ်သည် ထိုနေရာ၌ပင်...

"ဖြစ်ခြင်းသဘောရှိသော တရားအလုံးစုံသည် ချုပ်ခြင်းသဘောရှိ၏"

ဟု ကိလေသာမြူ အညစ်အကြေးကင်းသော မျက်စိသော တရားပတ္တိ မင်္ဂညာဏ်သည် ဖြစ်ပေါ်လာသည်။

ဥပါလိသူကြွယ်သည် တရားကို သိပြီး မြင်ပြီး သက်ဝင်ပြီ ယုံမှားခြင်းကင်းပြီး သို့လော သို့လော တွေးတောခြင်း ကင်းပြီ ဖြစ်၍ ဗုဒ္ဓ၏ သာသနာတော်၌ ရဲရင့်ခြင်းသို့ ရောက်ကာ သူတစ်ပါးကို အားထားယုံကြည်မှု မရှိတော့ဘဲ မိမိကိုယ်တိုင် သိမြင်ခံစားပြီး ဖြစ်လေသည်။

"အရှင်ဘုရား... ယခုအခါ တပည့်တော်တို့သည် များသော ကိစ္စ ရှိပါသဖြင့် သွားခွင့်ပြုတော်မူပါဘုရား"

"သူကြွယ်... သွားရန်မှာ သင်၏အလိုအတိုင်းသာ ဖြစ်၏"

ထိုအခါ ဥပါလိသူကြွယ်သည် ဗုဒ္ဓ၏စကားကို နှစ်သက် ဝမ်းမြောက်၍ နေရာမှထကာ ဗုဒ္ဓကို အရိုအသေပြုပြီး ပြန်ခဲ့လေသည်။

အိမ်သို့ရောက်သော် တံခါးစောင့်ကိုခေါ်ကာ..

www.dhammaransi.com



"အချင်းတံခါးစောင့်... ယနေ့မှစ၍ နိဂဏ္ဌယောကျ်ား မိန်းမတို့ လာက တံခါးဖွင့်မပေးလေနှင့်။ ဗုဒ္ဓ၏ ရဟန်း ရဟန်းမ များ၊ ဒါယကာ ဒါယိကာမများအတွက်သာ တံခါးဖွင့်ပေးပါ။ အကယ်၍ တစ်စုံတစ်ယောက်သော နိဂဏ္ဌ လာပါက ဤသို့ပြော ကြားပါလော့။ 'အသင် ရပ်ဦးလော့၊ မဝင်ပါလင့်၊ ယနေ့မှစ၍ ဥပါလိသူကြွယ်သည် ရဟန်းဂေါတမ၏ တပည့်အဖြစ်သို့ ကပ် ရောက်သွားပြီဖြစ်၏။ နိဂဏ္ဌတို့အတွက် တံခါးပိတ်ထားပါ၏။ ဗုဒ္ဓ၏သာဝကများအတွက်သာ တံခါးဖွင့်ထားပါ၏။ အကယ်၍ အရှင်သည် ဆွမ်းအလိုရှိပြားအံ့၊ ဤနေရာ၌သာ ရပ်ပါလော့၊ ဤနေရာ၌ပင်လျှင် အရှင့်အတွက် ဆွမ်းကို ယူဆောင်ပေးပါအံ့' ဟူ၍ ပြောကြားပါလေ"ဟု မှာကြားထားလေသည်။

"ဥပါလိသူကြွယ်သည် ရဟန်းဂေါတမ၏တပည့် ဖြစ် သွားပြီ"

ဟူသော သတင်းသည် နာဋပုတ္တထံသို့ ပျံ့နှံ့သွား သည်။

ထိုသတင်းကိုကြား၍ ဒီဃတပဿီသည် နာဋပုတ္တထံသို့ သွားကာ ဥပါလိသူကြွယ် ရဟန်းဂေါတမ၏တပည့် ဖြစ်သွားပြီ ဖြစ်ကြောင်း ပြောပြသည်။ နာဋပုတ္တကား မယုံ။

"ဥပါလိသူကြွယ်သည် ရဟန်းဂေါတမ၏တပည့်အဖြစ်သို့ ရောက်ရာသော အကြောင်းမရှိ၊ ရဟန်းဂေါတမသည်သာ ဥပါလိ သူကြွယ်၏ တပည့်အဖြစ် ရောက်ဖို့အကြောင်း ရှိလေ၏"

ဟု နာဋပုတ္တက ပြောဆိုလေသည်။

www.dhammaransi.com



ဒီဃတပဿီက မည်သို့ပင်ပြောပြော နာဋပုတ္တက လက်မခံ ရှဲ...

"အရှင်... ဤသို့ဆိုလျှင် ဥပါလိသူကြွယ်သည် ရဟန်းဂေါတမ၏ တပည့်ဖြစ်သည် မဖြစ်သည်ကို သိရန် တပည့်တော် ယခု သွားရောက်စုံစမ်းပါမည်"

ဟု ခွင့်တောင်းရာ နာဋပုတ္တက ခွင့်ပြုလေသည်။

ဒီဃတပဿီသည် ဥပါလိအိမ်သို့ လာခဲ့သည်။ အိမ်ဝ ရောက်သော် တံခါးစောင့်က ဥပါလိသူကြွယ် မှာထားသည့် အတိုင်း ပြောပြပြီး တံခါးဖွင့်မပေးချေ။ ဆွမ်းအလိုရှိက ဆောင် ယူပေးမည်ဟု ပြောဆိုသည်။

"အချင်းတံခါးစောင့် ငါသည် ဆွမ်းကို အလိုမရှိ"

ဟု ပြောဆိုကာ ဆရာနာဋပုတ္တထံသို့ ပြန်လာခဲ့ပြီး ဥပါလိသူကြွယ် ရဟန်းဂေါတမ၏တပည့် ဖြစ်သွားသည်မှာ မှန်ကန်ကြောင်းနှင့်...

"အရှင်... ဥပါလိသူကြွယ်က ရဟန်းဂေါတမကို အပြစ် တင်မည်ကို ကျွန်ုပ် မနှစ်သက်ခဲ့ပါ၊ ရဟန်းဂေါတမသည် စိတ် ညှို့၍ လှည့်ပတ်ခြင်း အတတ်ကို တတ်ပါ၏၊ ယင်းအတတ်ဖြင့် အယူတစ်မျိုးရှိသော သူတို့၏ တပည့်တို့ကို ညှို့တတ်ပါသည်ဟု အသင့်အား ကျွန်ုပ် တားမြစ်ပါလျက် မရခဲ့လေတကား။ ယခု သင်၏ဥပါလိသူကြွယ်ကို ရဟန်းဂေါတမက စိတ်ညှို့လှည့်ပတ် ခြင်းဖြင့် လှည့်ပတ်ထားခံရလေပြီတကား"

ဟု ဒီဃတပဿီက ပြစ်တင်ပြောဆိုသောအခါ နာဋပုတ္တက

www.dhammaransi.com



လက် မခံ။ ရဟန်းဂေါတမသာ ဥပါလိတပည့် ဖြစ်ရမည်ဟု အကြောက်အကန် ငြင်းဆန်ပြောဆိုလေသည်။

ဒီဃတပဿီက အကြိမ်ကြိမ် ထပ်မံပြောဆိုသောအခါ နာဋပုတ္တသည် ငါကိုယ်တိုင် သွားရောက်စုံစမ်းမည်ဟု ပြောဆိုပြီး တက္ကတွန်းပရိသတ်နှင့်အတူ ဥပါလိသူကြွယ်၏အိမ်သို့ လာခဲ့လေသည်။

ဥပါလိအိမ် တံခါးဝသို့ရောက်သော် တံခါးစောင့်က ဥပါလိမှာကြားထားသည့်အတိုင်း ပြောဆိုကာ တံခါးဖွင့်မပေးဘဲ ဆွမ်းကိုလိုက လိုက ဆောင်ယူပေးမည်ဟု ပြောဆိုကာ တားမြစ်၏၊ ဝင်ခွင့်မပြုချေ။

"အချင်းတံခါးစောင့် ဆွမ်းကို အလိုမရှိပါ၊ နာဋပုတ္တဆရာကြီး ကိုယ်တိုင် ပရိသတ်နှင့် လာပါသည်၊ ဥပါလိကို တွေ့လိုကြောင်း ပြောပေးပါ"

ဟု နာဋပုတ္တက တံခါးစောင့်ကို ပြောသောအခါ တံခါးစောင့်က 'ကောင်းပါပြီ'ဟု ဝန်ခံ၍ ဥပါလိထံသို့သွားကာ အကျိုးအကြောင်း ပြောပြသည်။

ထိုအခါ ဥပါလိက တံခါးစောင့်ကို အလယ်တံခါးမုခ်၌ နေရာတို့ကို ခင်းစေသည်။ ခင်းပြီးသောအခါ ဥပါလိသည် ထိုနေရာသို့ သွားပြီးလျှင် အမွန်မြတ်ဆုံးသော နေရာ၌ ထိုင်နေပြီးနောက် တံခါးစောင့်ကို နိဂဏ္ဌာတို့ ဝင်လာလိုက ဝင်လာစေရန် သွားပြောပြခိုင်းသည်။

ထိုအခါ နာဋပုတ္တနှင့် တက္ကတွန်းပရိသတ်တို့သည် ဥပါလိ

www.dhammaransi.com



သူကြွယ်၏ အလယ်တံခါးမုခ်သို့ ချဉ်းကပ်ရောက်လာကြသည်။

ဥပါလိသူကြွယ်သည် ရှေးအခါကဆိုမူ နာဋပုတ္တကို အဝေးမှ လာသည် မြင်က မြင်ရာအရပ်မှ ခရီးဦးကြိုဆိုသည်။ အမွန်မြတ်ဆုံးသော နေရာကို ကိုယ်ဝတ်အပေါ်ရုံဖြင့် ပွတ်တိုက်၍ ဖေးမကိုင်တွယ်ပြီး ထိုင်စေသည်။ ယခုအခါ၌မူကား ဥပါလိသူကြွယ်က မကြိုဆိုသည့်ပြင် အမွန်မြတ်ဆုံး နေရာ၌ ထိုင်နေသည်။

"အရှင်... နေရာတို့ ခင်းထားပါ၏၊ အလိုရှိပါမူ ထိုင်ကြပါကုန်"

ဟုဆိုရာ နာဋပုတ္တသည် ရှက်ကလေးသည့် ရှက်၊ ဒေါသကလည်း ထွက်ပြီးလျှင်-

"သူကြွယ်... သင်ရူးသလော၊ မိုက်နေသလော။ ယခင်က ရဟန်းဂေါတမကို အပြစ်တင်ချေပါအံ့ဟုဆိုပြီး သွားပါလျက် ယခုမူ များစွာသော ဝါဒအပေါင်းဖြင့် အစွပ်ခံပြီး ပြန်လာခဲ့၏။ သူကြွယ်...ဥပမာသော်ကား ဝှေးသင်းသမား ယောကျာ်းသည် သွား၍ ဝှေးစေ့အထုတ်ခံပြီး ပြန်လာခဲ့ရ သကဲ့သို့ မျက်လုံးထုတ်သမား ယောကျာ်းသည် မျက်လုံးအထုတ်ခံပြီး ပြန်လာခဲ့ရ သကဲ့သို့ သင်သည် ဤဥပမာနည်းတူ ပြန်လာခဲ့ရသူ ဖြစ်ခဲ့၏။ ရဟန်းဂေါတမ၏ စိတ်ညို့လှည့်ပတ်ခြင်းဖြင့် လှည့်ပတ်ထားခြင်း ခံနေရပေပြီ"

ဟု ပြစ်တင်ပြောဆိုလေသည်။

"အရှင်... အရှင်ဂေါတမ၏ စိတ်ညို့လှည့်ပတ်ခြင်းသည် အလွန်မွန်မြတ်ကောင်းမွန်လှပါ၏။ ကျွန်ုပ်၏ ချစ်လှစွာသော

www.dhammaransi.com



နွေမျိုးသားချင်းတို့သည် ဤကဲ့သို့သော စိတ်ညို့လှည့်ပတ်ခြင်း ခံရမည်ဆိုပါက ရှည်စွာ ကာလပတ်လုံး စီးပွားချမ်းသာမှု ဖြစ်ကြပါမည်။ အလုံးစုံသော မင်း၊ ပုဏ္ဏား၊ ကုန်သည်၊ ဆင်းရဲသားတို့သည် ဤစိတ်ညို့လှည့်ပတ်ခြင်းခံရပါက ရှည်စွာကာလပတ်လုံး စီးပွားချမ်းသာမှု ဖြစ်ကြပါမည်။ နတ်၊ မာရ်နတ်၊ ဗြဟ္မာနှင့် တကွသော သြကာသလောက အလုံးစုံသည်လည်းကောင်း၊ ရဟန်းပုဏ္ဏား၊ နတ်လူနှင့်တကွသော သတ္တလောကသည်လည်းကောင်း ဤစိတ်ညို့လှည့်ပတ်ခြင်းခံကြရပါက ကြာမြင့်စွာသော ကာလပတ်လုံး စီးပွားချမ်းသာခြင်းငှာ ဖြစ်ရာ၏။

"အမှန် ဤလောက၌ အချို့သော ပညာရှိတို့သည် ဥပမာဖြင့် အနက်သဘောကို သိကြသဖြင့် ဥပမာအားဖြင့် ပြောပါမည်။

အရွယ်ရင့်အိုသော ပုဏ္ဏားအိုကြီးတစ်ယောက်၌ နုပျို၍ ကိုယ်ဝန်ရှိနေသော မယားငယ်တစ်ယောက် ရှိပါ၏။ ထို မယားငယ်က ပုဏ္ဏားအိုကြီးကို ဈေးမှ သူ့သားနှင့်ကစားရန် အတွက်ဆိုကာ မျောက်ရုပ်ငယ်တစ်ခုကို ဝယ်ခိုင်းခဲ့ပါသည်။

ပုဏ္ဏားအိုကြီးက မယားငယ်ကို သင်က သားယောကျ်ား ဖွားမည်လား၊ သမီးမိန်းကလေး ဖွားမည်လားဟု မသိသေး၊ စောင့်ပါဦး၊ သားမွေးက မျောက်ထီးရုပ်၊ သမီးမွေးက မျောက်မရုပ်ကို ဈေးက ဝယ်ပေးပါမည်ဟု ပြော၏။

ထိုသည်ကို ကိုယ်ဝန်ဇနီးငယ်က လက်မခံ အတင်းထပ်မံ ဝယ်ခိုင်းသဖြင့် လင်ပုဏ္ဏားအိုကြီးက သြော်...သူ၌ တပ်မက်စွဲလမ်းစိတ် ရှိနေသည် ဖြစ်မည်ဟု စဉ်းစားကာ ဈေးမှ မျောက်ရုပ်

www.dhammaransi.com



ယယ်ကို ဝယ်လာပြီး ဇနီးငယ်အား ကလေးကစားရန်ဟုဆိုကာ ပေးသည်။

ထိုအခါ ဇနီးက ထိုမျောက်ရုပ်ငယ်ကို ဆေးဆိုးသမားထံ သွားစေပြီး ရိုက်နှက်ဖွပ်လျှော်၍ နှစ်ဖက်လုံးချောမွေ့အောင်ပြုကာ အဝါရောင်ဆေး ဆိုးခဲ့ပါဟု မှာကြားပြီး ပုဏ္ဏားအိုကို ဆက်လက်ခိုင်းစေသည်။

ပုဏ္ဏားအိုသည် ထိုအရုပ်ကိုယူ၍ ဆေးဆိုးသမားထံသို့ သွားကာ မျောက်ရုပ်ကို ဆေးဆိုးပေးရန် အကျိုးအကြောင်း ပြောပြသည်။ ဆေးသမားက အသင်ပုဏ္ဏားအို သင်၏မျောက်ရုပ်ကား ဆေးဆိုးက ခံနိုင်၏၊ ရိုက်နှက်ဖွပ်လျှော်မှုကိုကား မခံနိုင်ပါ၊ ပွတ်တိုက်ခြင်းကိုလည်း မခံနိုင်ပါဟု ပြောဆိုလွှတ်သည်။

"အရှင်... ဤနည်းတူသာလျှင် မိုက်မဲကုန်သော နိဂဏ္ဌတို့၏ အယူဝါဒသည် လူမိုက်တို့၏အစွဲကိုသာ ခံနိုင်ပါ၏၊ ပညာရှိတို့၏အစွဲကို မခံနိုင်၊ စိစစ်မှုကို မခံနိုင်၊ အစမ်းသပ်ကို မခံနိုင်ပါ။

"အရှင်... ထိုပုဏ္ဏားအိုသည် နောင်အခါ၌ ပုဆိုးအသစ်တစ်စုံကို ယူဆောင်၍ ထိုဆေးဆိုးဆရာထံသို့သွားကာ ဤပုဆိုးကို ရိုက်နှက် ဖွပ်လျှော်၍ နှစ်ဖက်ချော အဝါရောင်ဆေးဆိုးပေးပါဟု ပြောဆိုအပ်နှံသောအခါ ဆေးဆိုးသမားက ဤပုဆိုးကား ဆေးဆိုးလည်း ခံနိုင်၏၊ ရိုက်နှက်ဖွပ်လျှော်လည်း ခံနိုင်၏၊ အပွတ်အတိုက်လည်း ခံနိုင်၏ဟု ပြောဆိုပြီး လက်ခံဆောင်ရွက်ပေးခဲ့သည်။

www.dhammaransi.com



"အရှင်... ဤအတ္တသာလျှင် ပူဇော်အထူးကို ခံယူထိုက်ပြီး အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိထားသော ဗုဒ္ဓ၏ အယူဝါဒသည်ကား ပညာရှိတို့၏ အစွဲကို ခံနိုင်၏၊ လူမိုက်တို့ စွပ်စွဲ၍မရ၊ အစိစစ် အစမ်းသပ်ခံနိုင်ပါ၏"

"သူကြွယ်... မင်းနှင့်တကွသော ပရိသတ်သည် ဥပါလိ သူကြွယ်သည် နာဋပုတ္တ၏တပည့်ဟု သိထားကြပါသည်။ ယခု သင့်ကို မည်သူ၏ တပည့်ဟူ၍ မှတ်ရမည်လော့"

ထိုအခါ ဥပါလိသူကြွယ်သည် ထိုင်ရာမှ ထ၍ ဗုဒ္ဓရှိရာ ဘက်သို့ မျက်နှာမူ လက်အုပ်ချီကာ...

"အရှင်... ထိုသို့ဖြစ်မူ ကျွန်ုပ်သည် မည်သူ၏တပည့် ဖြစ်သည်ကို နားထောင်ပါလော့။

"အကျွန်ုပ်သည် မြဲမြံသော ပညာရှိတော်မူသော၊ မောဟ ကင်းဝေးပြီးသော၊ ငြောင့်တံသင်းကို ဖျက်ဆီးတော်မူပြီးသော၊ အောင်ပြီးသော အောင်ပွဲရှိတော်မူသော၊ ဆင်းရဲကင်းဝေးတော်မူ ပြီးသော၊ ညီမျှသောစိတ် ရှိတော်မူပြီးသော၊ ကြီးပွားသော အကျင့် သီလ ရှိတော်မူသော၊ ကောင်းမြတ်သော၊ ပညာရှိတော်မူသော၊ ရာဂ အစရှိသော အညစ်အကြေးကင်းစင် လွန်မြောက်ပြီး သော ထိုဗုဒ္ဓ၏တပည့် ဖြစ်ပါ၏။

"အကျွန်ုပ်သည် တွေးတောယုံမှားခြင်း ကင်းတော်မူသော၊ နှစ်သက်သောစိတ် ရှိတော်မူသော၊ လောကသားတို့၏ တပ်မက် စရာ ဟူသမျှတို့ကို ထွေးအန်ပြီးသော၊ မုဒိတာတရား ရှိတော်မူ သော၊ ပြုပြီးသော ရဟန်းကိစ္စ ရှိတော်မူသော၊ လူသားတို့တွင်

www.dhammaransi.com



ထူးကဲပြီး တစ်ယောက်တည်းသာရှိသော၊ အဆုံးဘဝ ကိုယ်ကာယကို ဆောင်ထားသော၊ ထူးမြတ်သောလူ ဖြစ်တော်မူသော၊ ခိုင်းနှိုင်းစရာ ဥပမာရှိတော်မမူသော၊ ကိလေသာမြူကြေး ကင်းစင်တော်မူသော ထိုဗုဒ္ဓ၏တပည့် ဖြစ်ပါ၏။

"ကျွန်ုပ်သည် ယုံမှားမှုမရှိသော၊ လိမ္မာယဉ်ကျေးတော်မူသော၊ သတ္တဝါတို့၏ ရှေ့ဆောင်တစ်ဆူ ဖြစ်တော်မူသော၊ မြတ်သောရထားထိန်း ဖြစ်တော်မူသော၊ မိမိထက် လွန်ကဲလွန်သူ မရှိ၊ စင်ကြယ်သောတရားရှိသော၊ ပညာရောင်ဖြင့် ထွန်းပြောင်တောက်ပတော်မူပြီးသော၊ မာန်တံခွန်ကို ကုန်စင်အောင် ဖြတ်တော်မူပြီးသော၊ လုံ့လကြီးတော်မူသော ထိုဗုဒ္ဓ၏ တပည့် ဖြစ်ပါ၏။

"ကျွန်ုပ်သည် ရဲရင့်သူတို့တွင် ပြိုင်ဘက်ကင်းတော်မူသော၊ နှိုင်းယှဉ်အပ်သူ ရှိတော်မမူသော၊ နက်နဲသောဂုဏ် ရှိတော်မူသော၊ အရဟတ္တ မဂ်ဉာဏ်သို့ ရောက်တော်မူပြီးသော၊ ဘေးမဲ့ခြင်းကို ပြုတော်မူတတ်သောဉာဏ်နှင့် ပြည့်စုံတော်မူပြီးသော၊ တရားတော်၌သာ တည်တော်မူသော၊ စောင့်စည်းထားသော ကိုယ်စိတ်ရှိတော်မူသော၊ ရာဂ အစရှိသော ကပ်ငြိခြင်းကို လွန်မြောက်အောင်မြင်ပြီးသော ထိုဗုဒ္ဓ၏တပည့် ဖြစ်ပါ၏။

"ကျွန်ုပ်သည် အကြောင်းလေးပါးဖြင့် အပြစ်ကင်းတော်မူသော၊ ဆိတ်ငြိမ်သော ကျောင်းနေရာ၌သာ နေတော်မူသော၊ ကုန်ပြီးသော သံယောဇဉ် ရှိတော်မူသော၊ ခပ်သိမ်းသောဆင်းရဲမှ လွန်မြောက်ပြီးသော၊ ဟိုင်းပင်းသင့်သောပညာ ရှိတော်မူသော၊ ခါထုတ်အပ်ပြီးသော ကိလေသာ ရှိတော်မူသော၊ ချထားပြီးသော

www.dhammaransi.com



မာန်ရှိသော၊ ရာဂကင်းပြီးသော၊ ယဉ်ကျေး ပြီးသော၊ ပပဉ္စတရားတို့ကို ပယ်ရှားပြီးသော ထိုဗုဒ္ဓ၏တပည့် ဖြစ်ပါ၏။

"ကျွန်ုပ်သည် ဝိပဿီ စသော ဘုရားရှင်တို့တွင် ခုနစ်ဆူမြောက်ဖြစ်သော၊ ကောက်ကျစ်စဉ်းလဲခြင်းမှ ကင်းဝေးတော်မူပြီးသော၊ ဝိဇ္ဇာဉာဏ် သုံးပါးနှင့် ပြည့်စုံတော်မူသော၊ မြတ်သောသဗ္ဗညုတဉာဏ်အဖြစ်သို့ ရောက်တော်မူသော၊ ကိလေသာအညစ်အကြေးတို့ကို ဆေးကြောသုတ်သင်တော်မူပြီးသော၊ ဂါထာဖွဲ့ခြင်း၌ လိမ္မာတော်မူသော၊ ကိုယ်စိတ်နှစ်ပါး ငြိမ်းအေးတော်မူပြီးသော၊ သိသင့်သည်တို့ကို သိတော်မူသော၊ ဓမ္မဒါနအလှူကို ရှိသေစွာပေးလှူတော်မူတတ်သော၊ သည်းခံခြင်းငှာစွမ်းနိုင်သော ထိုဗုဒ္ဓ၏တပည့် ဖြစ်ပါ၏။

"ကျွန်ုပ်သည် သူမြတ်ဖြစ်တော်မူသော၊ ပွားပြီးသောစိတ်ရှိတော်မူသော၊ ရသင့်ရအပ်, ရောက်သင့် ရောက်အပ်သောဂုဏ်ကျေးဇူးတို့ကို ရတော် ရောက်တော်မူပြီးသော၊ အနက်အဓိပ္ပာယ် သဘာဝတို့ကို အကျယ်ချဲ့၍ ပြတော်မူတတ်သော၊ သတိနှင့် ပြည့်စုံတော်မူသော၊ ထူးသောဉာဏ်ဖြင့် ရှုမြင်တော်မူတတ်သော၊ ကာမဂုဏ်တို့၌ ညွတ်ခြင်း တိမ်းခြင်း ကင်းတော်မူသော၊ တဏှာမှ ကင်းဝေးတော်မူပြီးသော၊ စိတ်တန်ခိုးရှိသည်အဖြစ်သို့ ရောက်တော်မူပြီးသော ထိုဗုဒ္ဓ၏တပည့် ဖြစ်ပါ၏။

"ကျွန်ုပ်သည် ကောင်းစွာ ထင်ရှားကျော်စောတော်မူသော၊ ဈာန်တရားကို ဝင်စားတော်မူလေ့ရှိသော၊ ကိလေသာတို့သို့ အစဉ်မလိုက်သောစိတ်ရှိပြီး ကိလေသာအညစ်အကြေးတို့မှ စင်ကြယ်

www.dhammaransi.com



ကာ ကိလေသာအနှောင်အဖွဲ့တို့မှ ကင်းဝေးတော်မူသော၊ အကျိုး စီးပွားကို ပြုတော်မူသော၊ သံသရာဝဋ်ဆင်းရဲမှ ကူးမြောက်တော် မူပြီးသော၊ သတ္တဝါတို့ကို သံသရာမှ ကူးမြောက်စေတတ်သော ထိုဗုဒ္ဓ၏တပည့် ဖြစ်ပါ၏။

"ကျွန်ုပ်သည် ငြိမ်သက်သောကာယကံ ရှိတော်မူသော၊ မြေကြီး ပမာ ကြီးကျယ်သောပညာ၊ များမြတ်သော ပညာရှိတော်မူသော၊ ကင်းဝေးသော လောဘ ရှိတော်မူသော၊ ရှေးဘုရားရှင်တို့နှင့်တူစွာ လာခြင်း ဖြစ်ခြင်း ရှိတော်မူသော၊ ကောင်းသောစကားကိုသာ ဆိုတော်မူတတ်သော၊ တုဖက်ကင်းပြီး တစ်ဦးတည်းသော ပုဂ္ဂိုလ် မြတ် ဖြစ်တော်မူသော၊ ကေသရာဇာ ခြင်္သေ့မင်းကဲ့သို့ ပြိုင်ဘက် ကင်းပြီး ရဲတင်းသောစိတ် ရှိတော်မူသော၊ နူးညံ့သိမ်မွေ့သော ပညာရှိတော်မူသော ထိုဗုဒ္ဓ၏တပည့် ဖြစ်ပါ၏။

"ကျွန်ုပ်သည် ဖြတ်ပြီးသောတဏှာ ရှိတော်မူသော၊ ညေယျခံ တရား ငါးပါးကို သိတော်မူပြီးသော၊ ကင်းပြီးသော ကိလေသာ အငွေ့အသက် ရှိတော်မူသော၊ တဏှာဒိဋ္ဌိတို့ဖြင့် မလိမ်းကျံသော၊ အဝေးမှ ဆောင်ယူ၍ လှူအပ်သော အလှူကို ခံတော်မူထိုက် သော၊ ပူဇော်အပ်သော နတ်ဖြစ်တော်မူသော၊ ပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ် မြတ်ဖြစ်သော၊ အတုမရှိ လောကအားလုံးတွင် အကြီးဆုံး ဖြစ်တော်မူသော၊ ရအပ် ရောက်အပ်ပြီးသော အခြံအရံ အကျော် အစောရှိသော ထိုဗုဒ္ဓ၏တပည့် ဖြစ်ပါ၏"

ဟူ၍ ဥပါလိသူကြွယ်က ဗုဒ္ဓ၏ဂုဏ်ကျေးဇူးအစုံစုံကို ဖွဲ့ဆို၍ ပူဇော်ပြလေသည်။

www.dhammaransi.com



"သူကြွယ်... သင်သည် ရဟန်းဂေါတမ၏ ဂုဏ်ကျေးဇူးများကို အဘယ်အခါက ဖွဲ့ဆိုသီကုံးထားပါသနည်း"

"အရှင်... ဥပမာသော်ကား အထူးထူးသော ပန်းတို့ဖြင့် စုပေါင်းထားအပ်သော ပန်းစု ပန်းပုံသည် ရှိရာ၏။ ထိုပန်းပုံကို ပန်းကုံးခြင်း၌ လိမ္မာသော ပန်းသည်သည်လည်းကောင်း၊ ထိုပန်းသည်၏ တပည့်သည် လည်းကောင်း ဆန်းကြယ်သော ပန်းကုံးကို သီကုံးရာလေသကဲ့သို့ ဤအတူသာလျှင် ဗုဒ္ဓသည် များစွာသော ဂုဏ်ကျေးဇူး ရှိတော်မူ၏။ အရာမက များပြားလှသော ဂုဏ်ကျေးဇူး ရှိတော်မူ၏။ ချီးကျူးထိုက်သူ၏ ဂုဏ်ကျေးဇူးကို အဘယ်သူ မချီးကျူးဘဲ နေနိုင်ပါအံ့နည်း"

ထိုသို့ ဥပါလိသူကြွယ်က ဗုဒ္ဓ၏ဂုဏ်ကျေးဇူး ချီးကျူးမှု အဖုံဖုံတို့ကို ပြောသောအခါ သည်းခံနိုင်စွမ်းမရှိသော နာဋပုတ္တသည် ထိုနေရာ၌ပင် ခံတွင်းမှ လောလောပူသော သွေးများ အန်ထွက်ကျလေသည်။

**(မဇ္ဈိမပဏ္ဏာသ၊ ဂဟပတိဝဂ်၊ ဥပါလိသုတ်)**

## ဗုဒ္ဓနှင့် ကောရခတ္တိယတက္ကတွန်း၊ ကဠာရမဋကတက္ကတွန်း၊ ပါထိကတက္ကတွန်း (လောက၏အစကို သိသောသူ)

ဗုဒ္ဓသည် မလ္လတိုင်း၊ မလ္လမင်းတို့၏ အနုပိယမည်သော နိဂုံး၌ သီတင်းသုံးနေစဉ်အချိန် ဖြစ်သည်။

ထိုမြို့၌ ဘဂ္ဂဝပရိဗိုဇ်သည် အခြံအရံနှင့်တကွ နေသည်။ တစ်နေ့တွင် ဗုဒ္ဓသည် နံနက်အချိန် အနုပိယနိဂုံးသို့ ဆွမ်းခံဝင်ရန်

www.dhammaransi.com



ကြွလာစဉ် အချိန်စောနေသေး၍ ဘဂ္ဂဝပရိဗိုဇ်အရာမ်သို့ ကြွခဲ့သည်။

ဘဂ္ဂဝပရိဗိုဇ်သည် ဗုဒ္ဓကို ကောင်းစွာကြိုဆို၍ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကားပြောပြီး နေရာထိုင်ခင်းပေး၍ ဗုဒ္ဓကို ထိုင်စေသည်။

ထို့နောက် ဘဂ္ဂဝပရိဗိုဇ်က–

"အရှင်ဂေါတမ ယခင့်ယခင်နေ့တို့၌ လိစ္ဆဝီမင်းသား သုနက္ခက်သည် ကျွန်ုပ်ထံသို့လာပြီး သူသည် ဗုဒ္ဓကို စွန့်လွှတ်ခဲ့ပြီး ဗုဒ္ဓကို ဆရာဟု မမှတ်တော့ကြောင်း လာပြောပါသည်၊ ဤစကား မှန်ပါသလားဘုရား"

"ဘဂ္ဂဝ...သုနက္ခက်ဆိုသည့်အတိုင်း မှန်ပါ၏"

ဗုဒ္ဓက ဤသို့ဝန်ခံမိန့်ကြားပြီး မိမိအား ဆရာအဖြစ် စွန့်လွှတ်ကြောင်း သုနက္ခတ္တ လာရောက်လျှောက်ထားပုံ၊ မိမိက သုနက္ခတ္တအား ပြန်လည်မိန့်ကြားပုံ အကြောင်းစုံကို ရှင်းလင်းမိန့်ကြား ပြောပြသည်။

သုနက္ခတ္တက ဗုဒ္ဓကို ဆရာဟု ရည်ညွှန်းခြင်း ပြုတော့မည် မဟုတ်ပါဟု လာရောက်လျှောက်ထားသောအခါ ဗုဒ္ဓက သုနက္ခတ္တကို–

"သုနက္ခတ္တ...လာလော့၊ ငါ့ကို ဆရာဟူ၍ ရည်ညွှန်း၍နေလော့ဟု ဆို၊ မဆို"

"သင်ကကော ငါ့ကို ဆရာဟု ရည်ညွှန်းနေပါမည်ဟု ငါ့ကို ဆိုဖူးသလော"ဟု မေးသည်။ ထိုအခါ သုနက္ခတ္တက

www.dhammaransi.com



ဗုဒ္ဓကလည်း သူ့ကို မဆိုခဲ့သလို သူကလည်း မဆိုခဲ့ကြောင်း ဝန်ခံသည်။

"အချည်းနှီးသောယောကျ်ား...သို့ဖြစ်လျှင် သင်သည် ဘယ်သူဖြစ်၍ ဘယ်သူ့ကို စွန့်ပစ်ဘိသနည်း။ သင်ကျူးလွန်သော အပြစ်ကို ရှုလော့"ဟု မိန့်ကြားခဲ့ပုံကို ဗုဒ္ဓက ဘဂ္ဂဝကို ရှင်းပြသည်။

တစ်ဖန် ဗုဒ္ဓက သုနက္ခတ္တလိစ္ဆဝီမင်းသားနှင့် ပတ်သက်၍ ပြဿနာဖြစ်မှုကို ဆက်လက်မိန့်ကြားသည်။

သုနက္ခတ္တက ဗုဒ္ဓကို လူတို့တရားထက် သာလွန်သော တန်ခိုးပြာဋိဟာကို ပြခိုင်းသည်ကို ဗုဒ္ဓက သင့်ကို တန်ခိုးပြာဋိဟာကို ပြမည်၊ သင်သည် ငါ့ကို ဆရာအဖြစ် ရည်ညွှန်း၍နေလော့ဟု ပြော, မပြော၊ သုနက္ခတ္တကလည်း ဗုဒ္ဓကို တန်ခိုးပြာဋိဟာပြမှ ဆရာတော်မည်ဟု ပြော, မပြော မေးပုံ၊ ထိုအခါ၌လည်း သုနက္ခတ္တသည် ထိုကဲ့သို့ ခံဝန်ပြောဆိုမှု မရှိကြောင်း ဝန်ခံသဖြင့် ဗုဒ္ဓက အချည်းနှီးသောယောကျ်ား... ဘယ်သူက ဘယ်သူ့ကို စွန့်သနည်း။ မိမိကျူးလွန်သော အပြစ်ကို သိလော့ဟု မိန့်ကြားခဲ့ပုံကို ရှင်းပြသည်။

တစ်ဖန် သုနက္ခတ္တက ဗုဒ္ဓကို လောက၏အစဟု သိအပ်သော တရားကို ဟောခိုင်းသည်။ ထိုအခါ ဗုဒ္ဓက ငါက သင့်ကို ဤတရားဟောမည့် ဆရာအဖြစ် ရည်ညွှန်း၍နေပါဟု ပြော, မပြော၊ သုနက္ခတ္တကလည်း ထိုတရားဟောမှ ဆရာတော်မည်ဟု ပြော, မပြော မေးရာ သုနက္ခတ္တက ထိုကဲ့သို့ ဝန်ခံပြောဆိုချက်

www.dhammaransi.com



မရှိကြောင်း ပြောပြသည်။

ထိုအခါ ဗုဒ္ဓက အချည်းနှီးသောယောက်ျား...အဘယ်သူက အဘယ်သူကို စွန့်သနည်းဟု မိန့်ကြားပြီး ဗုဒ္ဓက–

"သုနက္ခတ္တ...လောက၏အစကို ဟောသည်ဖြစ်စေ မဟောသည်ဖြစ်စေ ဆင်းရဲကုန်ခြင်းအကျိုးငှာ ငါဟောအပ်သော တရားကို ဟောသည့်အတိုင်း ကျင့်သူအား ဆင်းရဲကုန်ကြောင်း၊ လောက၏ အစကို ဟောနေခြင်းဖြင့် အကျိုးမရှိကြောင်း" ရှင်းပြသည်။

သို့သော် သုနက္ခတ္တက ဗုဒ္ဓကို စွန့်လွှတ်၍ လူထွက်ရန်သာ စိတ်သန်နေသည့်အတွက် ဗုဒ္ဓက–

"သုနက္ခတ္တ...သင်သည် အကြောင်းအမျိုးမျိုးဖြင့် ငါဘုရား၏ဂုဏ်၊ တရား၏ဂုဏ်၊ သံဃာ၏ဂုဏ်များကို ဝဇ္ဇီမင်းတို့၏ မြို့ရွာများ၌ သင်ပြောဆိုခဲ့ဖူးသည်။ ယခု ငါဘုရားထံမှ ဖဲခွာထွက်သော် သင့်ကို ဂေါတမဗုဒ္ဓထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးရန် မစွမ်းနိုင်သဖြင့် သိက္ခာချ လူထွက်လာသူဟူ၍ ဝဇ္ဇီမင်းတို့က ကဲ့ရဲ့လိမ့်မည်"

ဟု မိန့်ကြားခဲ့သော်လည်း သုနက္ခတ္တသည် သာသနာ ဘောင်၌ မပျော်ပိုက်၍ လူထွက်သွားပုံကို ဗုဒ္ဓက ဘဂ္ဂဝပရိဗိုဇ်ကို ရှင်းပြသည်။

www.dhammaransi.com



## သုနက္ခတ္တ၏ခွေးအကျင့် ကျင့်မှုကို အားကျမှု

ဗုဒ္ဓက သုနက္ခတ္တ ရဟန်းဘဝ၌ရှိစဉ် ထုလ္လုဖနပုဒ် ဥတ္တရကာ နိဂုံး၌ နေစဉ် နံနက် သုနက္ခတ္တရဟန်းနှင့်အတူ ဆွမ်းခံထွက် ခဲ့သည်။

ထိုအခါ အဝတ်မဝတ်၊ ခွေးကဲ့သို့ကျင့်၊ ခွေးလို လေးဘက် တွားသွားကာ မြေ၌ချထားသော အစာကို ပါးစပ်ဖြင့်သာဟပ်၍ စားသော ကောရခတ္တိယ အမည်ရှိသော တက္ကတွန်းကို မြင်၍ သုနက္ခတ္တရဟန်းက–

"အချင်းတို့... လေးဘက်ထောက်လျက်သွားသော မြေ၌ ချထားသော အစာကို ပါးစပ်ဖြင့်သာဟပ်၍စားသော ဤရဟန်း ကား ချီးမွမ်းအံ့ဩဖွယ် ကောင်းလေစွတကား"

ဟု အကြံဖြစ်လေသည်။

ဗုဒ္ဓသည် သုနက္ခတ္တ၏ စိတ်အကြံကို သိ၍–

"မဂ်ဖိုလ်မှ အချည်းနှီးယောကျ်ား...သင်သည် သာကီဝင် မင်းသား ဘုရား၏သားရဟန်းဟု ဝန်ခံနေဘိ၏"

ဟု မိန့်ကြားသောအခါ သုနက္ခတ္တက–

"အရှင်ဘုရားသည် အဘယ်ကြောင့် ဤသို့မိန့်ပါသလဲဟု မေးသောအခါ ဗုဒ္ဓက ခွေးကျင့် ကျင့်သော ကောရခတ္တိယ တက္ကတွန်းကို ချီးကျူးသောအကြံ သင့်မှာဖြစ်နေသည် မဟုတ် လော"

ဟု ပြန်မေးခဲ့သည်။

"မှန်ပါသည်အရှင်ဘုရား၊ အရှင်ဘုရားသည် အဘယ်

www.dhammaransi.com



ကြောင့် အရဟတ္တဖိုလ်ကို ဝန်တိုပါသနည်း"

ဟု ပြန်လျှောက်သည်။

"မင်ဖိုလ်မှ အချည်းနှီးယောက်ျား...ငါသည် အရဟတ္တဖိုလ်ကို ဝန်မတို၊ စင်စစ် သင့်အားသာလျှင် ဤယုတ်မာသော မိစ္ဆာအယူ ဖြစ်ပေါ်နေ၏။ ထိုအယူကို စွန့်ပါလော့။ သင့်အား ကြာမြင့်စွာ အစီးအပွား မဲ့ခြင်းငှာ ဆင်းရဲခြင်းငှာ မဖြစ်စေလင့်"

ကောရခတ္တိယတက္ကတွန်းကို ဤရဟန်းကား ချီးမွမ်းအံ့ဩဖွယ် ကောင်းစွတကားဟု သင်ထင်နေဘိ၏။ ထိုသူသည် ခုနစ်ရက်မြောက်သောနေ့၌ စားပိုးနင့်သောရောဂါဖြင့် သေရလတ္တံ့၊ သေပြီးသော် အယုတ်ဆုံးသော အသုရာဘုံ၌ ကာလကဉ္စိကာမည်သော အသုရာဖြစ်လတ္တံ့။ သေပြီးသော် ထိုသူကို ပြိန်းမြက်တောရှိသော သချိုင်း၌ စွန့်ပစ်လတ္တံ့။ သင်အလိုရှိလျှင် ထိုအချိန်၌ အဝတ်မဝတ်သော ကောရခတ္တိယ တက္ကတွန်းထံ ချဉ်းကပ်၍–

"ငါ့ရှင်ကောရခတ္တိယ မိမိ၏လားရာကို သိသလောဟု မေးပါ။ သူက သင့်ကို မိမိလားရာကို သိပါသည်၊ အယုတ်ညံ့ဆုံး အသုရာဘုံ၌ ကာလကဉ္စိကအသုရာ ဖြစ်နေသည်"

ဟု ဖြေပါလိမ့်မည်။

"ငါသည် သုနက္ခတ္တကို သူချီးမွမ်းသော အဝတ်မဝတ်သော ကောရခတ္တိယတက္ကတွန်းနှင့် ပတ်သက်၍ ကြိုတင်နိမိတ်ကို ပြောပြခဲ့သည်။

သုနက္ခတ္တသည် ဗုဒ္ဓကြိုတင်မိန့်ကြားသော အကြောင်းအရာ

www.dhammaransi.com



တို့ကို ကောရခတ္တိယတက္ကတွန်းထံသို့ သွားရောက်ပြောပြသည်။

"ငါ့ရှင် ကောရခတ္တိယ... ရဟန်းဂေါတမ၏စကားက လွဲမှားခဲ့သည်၊ လွဲမှားစေရန် အစာကို အတိုင်းအရှည်နှင့် ယှဉ်၍ စားပါ၊ သောက်ပါ"

ဟု ထပ်ဆင့်မှာခဲ့သည်။

ကောရခတ္တိယသည် သုနက္ခတ္တ၏စကားကြောင့် အစာမစားဘဲနေသည်။ ခုနစ်ရက်မြောက်သောနေ့တွင် သူ့ကို ဆည်းကပ်သော ဒါယကာတစ်ဦးက ငါ့ဆရာထံ မွန်မြတ်သောအစာမပို့၊ မလှူဒါန်းရသည်မှာ ကြာလေပြီဟု အောက်မေ့ကာ ထိုနေ့တွင် မွန်မြတ်သော ဆွမ်းကို ချက်ပြီး သွားရောက်ကျွေးမွေးလေသည်။ ခုနစ်ရက်လုံး အစာကို ဝအောင်မစား၊ ဆင်ခြင်စားနေရသော ကောရခတ္တိယသည် ထိုဒကာ၏ အရသာရှိသောဆွမ်းကို ရလာသောအခါ ရသာတဏှာကို မထိန်းသိမ်းနိုင်ဘဲ အလွန်အကျွံ စားမိလေရာ ထို(၇)ရက်မြောက်နေ့တွင် စားပိုးနင့်ပြီး သေဆုံးလေသည်။

သုနက္ခတ္တသည် ကောရခတ္တိယကို (၇)ရက် အခြေအနေ စောင့်ကြည့်ခဲ့သည်။ ဗုဒ္ဓပြောသည့်အတိုင်း (၇)ရက် သေလွန်၍ သူ၏တပည့်များက ပြိန်းမြက်တောသင်္ချိုင်း၌ ပစ်ထားခဲ့ကြသည်။

သုနက္ခတ္တသည် ထိုသင်္ချိုင်းသို့ လိုက်သွားပြီး ကောရခတ္တိယ အလောင်းကို လက်ဖြင့် သုံးကြိမ်ပုတ်နှိုးသည်။ ကောရခတ္တိယ လူသေကောင်သည် နိုးထလာသည်။ သုနက္ခတ္တသည် ကောရခတ္တိယ၏ လားရာကို မေးရာ ကောရခတ္တိယက အသုရာဘုံ၌

www.dhammaransi.com



ကာလကဋ္ဌိကပြိတ္တာ ဖြစ်နေကြောင်း ပြောပြပြီး ပြန်လဲကျသွား လေသည်။

ထိုအခါ သုနက္ခတ္တသည် ဗုဒ္ဓထံ ပြန်လာပြီး ရှိခိုးကာ ထိုင်နေသည်။

"သုနက္ခတ္တ...ကောရခတ္တိယတက္ကတွန်းနှင့် ပတ်သက်၍ ငါ ကြိုတင်ဟောကြားသော စကားသည် မှန်ပါသလော"

ဟု ဗုဒ္ဓက ဆီး၍မေးသည်။

"အရှင်ဘုရား မှန်ပါသည်"

"သုနက္ခတ္တ...ထိုသို့ဖြစ်လျှင် ငါသည် လူတို့၏ ကုသိုလ်ကမ္မပထ တရားထက် သာလွန်သော တန်ခိုးပြာဋိဟာကို ပြသသည် မည်သလော၊ မမည်သလော"

"အရှင်ဘုရား... တန်ခိုးပြာဋိဟာ ပြသည် မည်ပါသည် ဘုရား"

"အချည်းနှီးသောယောကျ်ား...သို့ဖြစ်လျက် ဘုရားသည် ငါ့ကို တန်ခိုးပြာဋိဟာ မပြဟု သင်ဆိုဘိ၏။ သင်၏အပြစ်ကို ရှုသိပါလော့"

"ဘဂ္ဂဝ...ဤသို့ပင် ငါဆိုသော်လည်း အပါယ်ငရဲ လားထိုက်သူသည် ဖဲသွားသကဲ့သို့ လိစ္ဆဝီမင်းသား သုနက္ခတ္တသည် ဤသာသနာတော်မှ ဖဲခွာသွားသည်သာ ဖြစ်ပါသည်"

## သုနက္ခတ္တရဟန်း၏ ကဥ္စာရမဋ္ဋကတက္ကတွန်းကို အားကျမှု

ဘဂ္ဂဝ...ငါသည် ဝေသာလီပြည် မဟာဝုန်တောရှိ ပြာသာဒ်

www.dhammaransi.com



ပေါက်သော ကျောင်း၌ နေစဉ်အချိန်က ဖြစ်သည်။

ကဋ္ဌာရမင္ဂကမည်သော တက္ကတွန်းသည် ဝေသာလီပြည် ဝဇ္ဇီမင်းတို့၏ လာဘ်များဖြင့် အခြံအရံများပြီး အထွတ်အထိပ်သို့ ရောက်နေသောအချိန် ဖြစ်သည်။ သူသည်

- အသက်ထက်ဆုံး အဝတ်မဝတ်သူ ဖြစ်အံ့၊ အဝတ်ကို မဝတ်အံ့။
- အသက်ထက်ဆုံး မြတ်သောအကျင့်ကို ကျင့်သူဖြစ်အံ့၊ မေထုန်အကျင့်ကို မမှီဝဲအံ့။
- အသက်ထက်ဆုံး သေသောအသားတို့ဖြင့်သာ မျှတအံ့၊ ထမင်း မုန့်ကို မစားအံ့။
- ဝေသာလီပြည် အရှေ့ရပ်ရှိ ဥဒေနစေတီ (နတ်ကွန်း) ကို လွန်၍ မသွားအံ့။
- ဝေသာလီပြည် တောင်အရပ်ရှိ ဂေါတမစေတီ (နတ်ကွန်း)ကို လွန်၍ မသွားအံ့။
- ဝေသာလီပြည် အနောက်အရပ်ရှိ သတ္တမ္ဗစေတီ (နတ်ကွန်း)ကို လွန်၍မသွားအံ့။
- ဝေသာလီပြည် မြောက်အရပ်ရှိ ဗဟုပုတ္တစေတီ (နတ်ကွန်း)ကို လွန်၍မသွားအံ့။

ဟု ကျင့်ဝတ် (၇)ပါးကို ဆောက်တည်ကျင့်သုံးခဲ့သဖြင့် လိစ္ဆဝီမင်းတို့၏ ရိုသေလေးစား ပူဇော်မှုတို့ကို ခံခဲ့ရသည်။

ဘဂ္ဂဝ...တစ်နေ့တွင် သုနက္ခတ္တလိစ္ဆဝီမင်းသားသည် ကဋ္ဌာရမင္ဂက တက္ကတွန်းထံသွားပြီး ပြဿနာသွားမေးသည်။

www.dhammaransi.com



သူ၏မေးခွန်းကို တက္ကတွန်းက မဖြေနိုင်သည့်အပြင် သူ့ကိုပင် ချက်ထွက် စိတ်ပျက် မနှစ်သက်သော အမူအရာကို ပြသလေသည်။

"အချင်းတို့...ချီးမွမ်းအံ့သြဖွယ်ကောင်းသော ရဟန္တာကို ထိပါးမိလေစွတကား။ ငါတို့အား ကြာမြင့်စွာ အစီးအပွား မဲ့ခြင်းငှာ ဆင်းရဲခြင်းငှာ မဖြစ်စေလင့်"

ဟု သုနက္ခတ္တသည် အကြံဖြစ်ပေါ်ခဲ့ပြီး ဗုဒ္ဓထံသို့ လာခဲ့သည်။ ထိုအခါ ဗုဒ္ဓက-

"မဂ်ဖိုလ်မှ အချည်းနှီးဖြစ်သောယောကျ်ား...သင်သည် သာကီဝင်မင်းသား ဘုရား၏တပည့်သား ရဟန်းဟု ဝန်ခံဘိ၏"

ဟု ဆို၍ မိန့်ကြားလေသော် သုနက္ခတ္တက အဘယ်ကြောင့် ဤသို့ မိန့်ဆိုပါသလဲဟုမေးသည်။ ဗုဒ္ဓက သုနက္ခတ္တ၏ ကဠာရမင္ဒက တက္ကတွန်းနှင့် ပတ်သက်၍ ဖြစ်ပေါ်ခဲ့သော အကြံကြောင့် ဤသို့မိန့်ကြားကြောင်း မိန့်ကြားသည်။

ထိုအခါ သုနက္ခတ္တက ဗုဒ္ဓကို အဘယ်ကြောင့် အရဟတ္တ ဖိုလ်ကို ဝန်တိုပါသလဲ-ဟု ပြန်လျှောက်သည်။ ထိုအခါ ဗုဒ္ဓက-

"ငါသည် အရဟတ္တဖိုလ်ကို ဝန်မတို၊ စင်စစ် သင့်အား သာလျှင် ယုတ်မာသော မိစ္ဆာအယူသည် ဖြစ်ပေါ်နေသည်။ ထိုအယူကို စွန့်ပါ၊ သင့်အား ကြာမြင့်စွာ အကျိုးစီးပွားမဲ့ခြင်းငှာ ဆင်းရဲခြင်းငှာ မဖြစ်သင့်ပါ။ သင်ကား ဤအဝတ်မဝတ်သော ကဠာရမင္ဒက တက္ကတွန်းကို ချီးမွမ်းဖွယ် အံ့သြဖွယ်ကောင်းသည် ဟု ဆိုနေသည်။ ထိုသူသည် မကြာခင် လူအဝတ်ကို ဝတ်လျက်

www.dhammaransi.com



ခင်ပွန်းမနှင့်အတူ လှည့်လည်ကာ ထမင်း၊ မုန့်ကို စားပြီးလျှင် အားလုံးသော ဝေသာလီပြည် နတ်ကွန်းတို့ကို ကျော်လွန်၍ အခြံအရံ ဆုတ်ယုတ်လျက် သေလတ္တံ့."

ဟု မိန့်ကြားခဲ့သည်။

ဘဂ္ဂဝ…ထိုနောက် မကြာမြင့်မီ ကဠာရမဋ္ဋက တက္ကတွန်းသည် သချိုင်း၌ အမျိုးသမီးတစ်ဦးနှင့် ငြိစွန်းပြီး လူဝတ်လဲကာ လှည့်လည်သည်၊ ထမင်း မုန့်တို့ကို စားပြီး ဝေသာလီပြည်ရှိ စေတီ (နတ်ကွန်း)များကို ကျော်လွန်၍သွားခဲ့ရာ အကျင့်ပျက်သဖြင့် အခြံအရံ ဆုတ်ယုတ်ပြီး သေလေသည်။

ထိုကဠာရမဋ္ဋကတက္ကတွန်း သေသောသတင်းကို ကြားသော် သုနက္ခတ္တသည် ငါဘုရားထံ ချဉ်းကပ်လာခဲ့၍ ငါဘုရားက ငါကြိုတင်ပြောသည့်အတိုင်း ဟုတ် မဟုတ် မေးရာ ဟုတ်မှန်ကြောင်း ဝန်ခံခဲ့သည်။

သုနက္ခတ္တကို ဆက်လက်၍ ငါသည် လူတို့၏ ကုသိုလ်ကမ္မပထ တရားဆယ်ပါးထက် သာလွန်သော တန်ခိုးပြာဋိဟာကို ပြသည်မည်, မမည် မေးရာ ပြသည်မည်ကြောင်း ဝန်ခံခဲ့ပါသည်။ ထိုအခါ ငါက သင်သည် ငါ့ကို အဘယ်ကြောင့် တန်ခိုးပြာဋိဟာ မပြဟူ၍ ပြစ်မှားပါသလဲဟု ပြောဆိုခဲ့ပါသည်။

## ဗုဒ္ဓနှင့် တန်ခိုးပြိုင်လိုသော ပါထိကတက္ကတွန်း

"ဘဂ္ဂဝ…ဝေသာလီပြည်၌ လိစ္ဆဝီမင်းတို့၏ အပူဇော်ခံရပြီး လာဘ်လာဘ အခြံအရံပေါများ ကျော်ကြားကာ အထွတ်အထိပ်

www.dhammaransi.com



ရောက်နေသော ပါထိကအမည်ရှိ တက္ကတွန်းတစ်ယောက် ရှိလေသည်”

တစ်နေ့တွင် ပါထိကတက္ကတွန်းက လိစ္ဆဝီပရိတ်သတ်ကြား၌-

“ရဟန်းဂေါတမသည် သဗ္ဗညုတဉာဏ်ကို ဝန်ခံ၏။ ငါသည်လည်း သဗ္ဗညုတဉာဏ်ကို ဝန်ခံ၏။ သဗ္ဗညုတဉာဏ်ကို ဝန်ခံသော ပုဂ္ဂိုလ်နှစ်ဦးသည် ယှဉ်ပြိုင်၍ တန်ခိုးပြရန် ထိုက်တန်ပါသည်။ ရဟန်းဂေါတမသည် ခရီးတစ်ဝက်သွားက ငါသည်လည်း ခရီးထက်ဝက်သွားအံ့။ ထိုနေရာ၌ ငါတို့နှစ်ဦးစလုံး လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော တန်ခိုးပြာဋိဟာကို ပြအံ့။ အကယ်၍ ရဟန်းဂေါတမသည် တန်ခိုးပြာဋိဟာတစ်ခုပြလျှင် ငါသည် နှစ်ခုပြအံ့။ ရဟန်းဂေါတမက နှစ်ခုပြလျှင် ငါက လေးခုပြအံ့။ ရဟန်းဂေါတမက တန်ခိုးပြာဋိဟာ လေးခုပြလျှင် ငါက ရှစ်ခုပြအံ့။ လွန်မြတ်သော တန်ခိုးပြာဋိဟာကို ရဟန်း ဂေါတမ ပြတိုင်း ပြတိုင်းထက် ငါသည် နှစ်ဆ နှစ်ဆတက်၍ပြအံ့”

ဟု ကြုံးဝါးသောစကားကို ဆိုခဲ့သည်။

“ဘဂ္ဂဝ...ဤစကားကို သုနက္ခတ္တက ငါ့ကို လာရောက်လျှောက်ပြသည်”

“သုနက္ခတ္တ...အဝတ်မဝတ်သော ပါထိကတက္ကတွန်းသည် ထိုစကားကို မရုပ်သိမ်း၊ ထိုစိတ်ကို မပယ်၊ ထိုအယူကို မစွန့်မူ၍ ငါ၏မျက်မှောက်သို့လာရန် မထိုက်။ အကယ်၍ ငါ့ထံသွားအံ့ဟု

www.dhammaransi.com



အကြံသည်ဖြစ်သော် သူ၏ဦးခေါင်းသည် ပြတ်၍ကျလိမ့်မည်"

"အရှင်ဘုရား...ဤစကားကို စောင့်စည်းတော်မူပါ"

"သုနက္ခတ္တ...အဘယ်ကြောင့် ဤစကားကို ဆိုပါသနည်း"

"အရှင်ဘုရားသည် ဤစကားကို မချအားဖြင့်ဆို၏။ ပါထိကပုတ္တ တက္ကတွန်းသည် ထိုစကားကို မရုပ်သိမ်း၊ မစွန့်လွှတ်ဘဲ လာခဲ့သော် အရှင်ဘုရား၏ စကားသည် မှားရာ၏"

"သုနက္ခတ္တ...ငါတို့ဘုရားမည်သည် နှစ်ခွသောစကားကို ပြောရာသလော"

"အရှင်ဘုရား... ပါထိကတက္ကတွန်းသည် ထိုစကားကို မရုပ်သိမ်းဘဲ၊ ထိုအယူကို မစွန့်ဘဲ ဗုဒ္ဓရှေ့မှောက်သို့ လာရောက်ရန် မထိုက်ဟူသော အကြောင်းကို စိတ်ဖြင့် ပိုင်းခြား၍ သိပါသလော။ သို့တည်းမဟုတ် နတ်တို့ကပင် လာရောက်လျှောက်ထားပါသလော"

"သုနက္ခတ္တ... ထိုအကြောင်းကို ငါဘုရားသည် စိတ်ဖြင့်လည်း ပိုင်းခြားသိ၏။ လူ့ပြည်မှ သေလွန်၍ တာဝတိံသာနတ်ပြည်သို့ ရောက်နေသော အဇိတမည်သော လိစ္ဆဝီစစ်သူကြီးကလည်း ထိုအကြောင်းကို ငါ့အား လာ၍လျှောက်ထား၏"

"သုနက္ခတ္တ... ငါသည် ဝေသာလီပြည်၌ ဆွမ်းခံလှည့်လည်၍ ဆွမ်းစားပြီးသော် ပါထိကတက္ကတွန်း ကျောင်းသခ်မ်းသို့ ချဉ်းကပ်အံ့။ ဤအကြောင်းကို သင်ပြောကြားလိုသူတို့အား ပြောကြားပါလေ"·

ထို့နောက် ဗုဒ္ဓသည် ဝေသာလီပြည် ဆွမ်းခံ ဆွမ်းစားပြီး

www.dhammaransi.com



နောက် ပါထိကတက္ကတွန်းကျောင်းသို့ သွားလေသည်။

သုနက္ခတ္တသည် ဝေသာလီပြည်တွင်းသို့ ဆောလျင်စွာဝင်၍ ထင်ရှားသော လိစ္ဆဝီမင်းများနှင့် သူဌေး သူကြွယ်များ၊ အယူဝါဒ အမျိုးမျိုးရှိသော ရဟန်းပုဏ္ဏားတို့အား...

"အချင်းတို့... သွားကြကုန်လော့။ အံ့ဩဖွယ်၊ ချီးမွမ်းဖွယ်ကောင်းသော ရဟန်းနှစ်ပါး၏ တန်ခိုးပြာဋိဟာပြခြင်းသည် ဖြစ်လိမ့်မည်"

ဟု ပြောကြားတိုက်တွန်း နှိုးဆော်လေသည်။

သုနက္ခတ္တ၏ တိုက်တွန်းနှိုးဆော်မှုကြောင့် ပါထိကတက္ကတွန်း၏ ကျောင်းသခ်မ်း၊ မင်းပုဏ္ဏားတို့အစ ရာထောင်မကသော ပရိသတ်တို့သည် ပြည့်လျှံ၍သွားလေသည်။

ထိုအခါ ပါထိကတက္ကတွန်းသည် ထိတ်လန့်ကြောက်ရွံ့ဖြစ်ကာ မိမိ၏ကျောင်းမှ တိတ်တဆိတ် ထွက်ခွာပြီး တိမ်းရှောင်သွားလေသည်။

ယင်းသို့ ပါထိကတက္ကတွန်း တိမ်းရှောင်နေကြောင်း လူထုပရိသတ်တို့ သိရှိကြလျှင် သူ့ထံသို့ လူတစ်ယောက်ကို စေလွှတ်၍ ပင့်ခေါ်ခိုင်းခဲ့သည်။

"အရှင်ပါထိက... အရှင်သည် ရဟန်းဂေါတမထက် နှစ်ဆတန်ခိုးပြာဋိဟာကို ပြမည်ဟု ပရိသတ်အလယ်၌ ပြောသွားပါသည်။ ယခု ရဟန်းဂေါတမသည် အရှင့်ကျောင်းသခ်မ်းသို့ ရောက်နေပါပြီ၊ အရှင်သည် တန်ခိုးပြိုင်ရန်ကြွပါ"

ဟု လိုက်ခေါ်သူက ပင့်လျှောက်သည်။

www.dhammaransi.com



"ငါလိုက်ခဲ့ပါမည်၊ ငါလိုက်ခဲ့ပါမည်"

ဟု ပါထိကသည် နှုတ်ကပြောဆိုလျက် ကိုယ်ကမူ ထ,မရဘဲ ထိုနေရာ၌ လူးလွန့်နေလေသည်။

"အရှင်ပါထိက... သင်၏တင်ပါးတို့သည် ထိုင်ခုံ၌ ကပ်ငြိနေပါ သလော"

ဟု မေးမြန်းသော်လည်း မည်သို့မျှပြန်ပြောမရ၊ မစွမ်းနိုင်ချေ။ သူ့အား လာရောက်ပင့်ဖိတ်သူသည် ပါထိက ယင်းကဲ့သို့ မထနိုင်ဘဲ ဖြစ်နေသည်ကို လူထုပရိသတ်ကြီးရှိရာသို့ ပြန်လာပြီး ပြောကြားသည်။

ထိုအခါ ဗုဒ္ဓက ပရိသတ်ကို ပါထိကတက္ကတွန်းသည် မိမိ၏စကားကို မရုပ်သိမ်း၊ မစွန့်လွှတ်ဘဲ မိမိရှေ့မှောက်သို့ လာရောက်ရန် မထိုက်ကြောင်း မိန့်ကြားတော်မူသည်။

ဘဂ္ဂဝ... ထိုအခါ လိစ္ဆဝီအမတ်ကြီးတစ်ဦးသည် နေရာမှ ထ၍...

"အရှင်တို့...ဤသို့ဖြစ်လျှင် ကျွန်ုပ်ပြန်လာသည့်တိုင်အောင် ခဏမျှ ဆိုင်းငံ့ကြပါဦး။ ကျွန်ုပ်သည် ပါထိကတက္ကတွန်းကို ဤနေရာသို့ ခေါ်လာနိုင်ရန် တတ်နိုင်မည်ထင်ပါသည်"

ဟုပြောပြီး ပါထိကတက္ကတွန်းထံသို့ သွားကာ...

"ငါ့ရှင် ပါထိကပုတ္တ... ကြွလာပါ၊ ကြွလာခြင်းသည် သင့်အား ကောင်းမြတ်၏။ ထင်ရှားကုန်သော လိစ္ဆဝီမင်းတို့နှင့် ထင်ရှားကုန်သော ပုဏ္ဏားများ၊ သူဌေးများ၊ အယူအမျိုးမျိုးရှိကုန်သော ရဟန်းပုဏ္ဏားတို့လည်း ကြွလာပါကုန်၏။ ရဟန်းဂေါတမ

www.dhammaransi.com



သည် ရောက်နေပါ၏။

အစရှိသည်ဖြင့် ပါထိကတက္ကတွန်း ယခင်ပြောခဲ့သော စကားများ၊ ဗုဒ္ဓကပြောပြသော စကားများကို ပြန်လည်ပြောပြ ပြီး...

"ငါ့ရှင်ပါထိကပုတ္တ... ကြွလာပါ၊ ကြွလာရုံမျှဖြင့် သင့်ကို အနိုင်၊ ရဟန်းဂေါတမကို အရှုံးပြုကြပါကုန်အံ့"

ဟု ပြောဆိုသည်။

"ဘဂ္ဂဝ... ဤသို့ဆိုသော် ပါထိကတက္ကတွန်းသည် 'ငါ့ရှင် လာပါအံ့၊ ငါ့ရှင် လာပါအံ့'ဟု နှုတ်ကသာဆို၍ ကိုယ်ကမူ မထနိုင်၊ လူးလွန့်၍သာနေသည်"

"ငါ့ရှင်ပါထိကပုတ္တ... သင်၏တင်ပါးသည် ထိုင်ခုံ၌ ငြိကပ်နေပါသလော။ ထိုင်ခုံသည်ပင် သင်၏တင်ပါး၌ ငြိကပ် နေပါသလော။ ငါ့ရှင် လာမည်သာ ဆိုနေသည် နေရာကမူ မထနိုင်ပါချေ"

ဟု ပြောသောအခါ ပါထိကတက္ကတွန်းသည် နှုတ်ကသာ ရေရွတ်နေသည်၊ ကိုယ်ကမူ မထနိုင်။

ထိုအခြေအနေကို လိစ္ဆဝီအမတ်ကြီးသည် သိသဖြင့် ပရိသတ် ထံ ပြန်လာကာ ပရိသတ်ကို အကြောင်းအကျိုး ပြန်ရှင်းပြသည်။

ထိုအခါ ဗုဒ္ဓကလည်း ယခင်အတိုင်းပင် ပါထိက မိမိစကား ကို မရုပ်သိမ်းက မလာနိုင်ပုံကို ပရိသတ်ကို မိန့်ကြားသည်။

ထိုအခါ ဒါရုပတ္တိကပရိဗိုဇ်တပည့် ဇာလိယသည် ပရိသတ် ကို လိစ္ဆဝီအမတ်ကြီး ပြောသကဲ့သို့ ပရိသတ်ကို ခဏစောင့်ရန်

www.dhammaransi.com



သူသွားခေါ် မည်ဟုပြောပြီး ပါထိကပုတ္တတက္ကတွန်းထံသွား၍ ထပ်မံခေါ်ပြန်သည်။ သူပြောခဲ့သောစကား၊ ဗုဒ္ဓပြောသောစကား များကို ပြောပြကာ ခေါ်သည်။ ပါထိကသည် ယခင်ကလိုပင် နှုတ်ကသာ လာပါသည်ဟု ပြောသည်၊ ကိုယ်ကမူ လုံးဝမထ နိုင်သေး။

ထိုအခါ ဇာလိယက ပါထိကတက္ကတွန်းကို ရှေးက ခြင်္သေ့ နှင့် မြေခွေးတို့အကြောင်းကို ပြောပြသည်။

ခြင်္သေ့မင်းသည် တောအုပ်တစ်ခုကိုမှီ၍နေ၏။ ညနေချမ်း အခါ ခိုအောင်းရာနေရာမှ ထွက်၍ ကိုယ်လက်ဆန့်တန်းပြီးလျှင် အရပ်လေးမျက်နှာကို လှည့်လည်ကြည့်ရှုပြီး ရဲရင့်သောအသံဖြင့် သုံးကြိမ်ဟောက်ပြီး အစာရှာထွက်သည်။ ကောင်းကုန် ကောင်း ကုန်သော သားအပေါင်းတို့ကို သတ်၍ နူးညံ့ နူးညံ့ကုန်သော အသားတို့ကို စားပြီးလျှင် ခိုအောင်းရာဂူသို့ ပြန်လာ၏။

"ငါ့ရှင်ပါထိက...ထိုခြင်္သေ့မင်း၏ စားကြွင်းကို စားပြီး ကြီးပွားသော၊ ဝလည်းဝ အားလည်းကောင်းသော မြေခွေးအို တစ်ကောင်သည် ရှိ၏။ ထိုမြေခွေးအိုသည် ငါလည်း ခြင်္သေ့မင်း လို ပြုရသော် ကောင်း၏ဟု အကြံဖြစ်ပြီး ခြင်္သေ့မင်းလုပ်သလို လိုက်လုပ်၏။ သို့သော် ဟောက်သော အသံကား မြေခွေးဟောင် သံသာ ထွက်သည်။ ငှက်ဆိုးသံသာ မြည်၏။ ဤ၌ မြေခွေး ယုတ်ကား အဘယ်သူနည်း။ ခြင်္သေ့ကား အဘယ်သူနည်း"

"ငါ့ရှင်ပါထိကပုတ္တ... သင်သည်လည်း ဤအတူ ဘုရား သာသနာတော်ဖြစ်သော သိက္ခာတို့၌မှီ၍ အသက်ရှင်လျက်

www.dhammaransi.com



ဘုရား၏ စားကြွင်းများကို စားလျက် ပူဇော်အထူးကို ခံထိုက်သော၊ အလုံးစုံသော တရားတို့ကို ကိုယ်တိုင် မှန်ကန်စွာသိသော ဗုဒ္ဓကို ပုတ်ခတ်လိုက်သည်ဟု ထင်ဘိသည်။ ယုတ်သောပါထိက ပုတ္တကား အဘယ်သူနည်း။ ဗုဒ္ဓကား အဘယ်သူနည်း”

ဟု ဓာလိယက ပြောဆိုသည်။

ဤစကားဖြင့်လည်း ပါထိကကို ထနိုင်ရန် မတတ်နိုင်သော အခါ ပါထိကပုတ္တအား မြေခွေးသည် မိမိကိုယ်ကို ခြင်္သေ့ဟု ထင်သည်သာမက ငါကား သားတကာတို့၏ ဘုရင်ဖြစ်၏ဟု ထင်၏။ ထိုသို့ထင်သော်လည်း ထိုမြေခွေးသည် ငယ်စဉ်က အတိုင်း မြေခွေး၏ ဟောင်ခြင်းကိုသာ ဟောင်၏။ မြေခွေးယုတ် ကား အဘယ်သူနည်း။ ခြင်္သေ့ကား အဘယ်သူနည်း။

“ပါထိကပုတ္တ... ဤအတူ သင်သည် ဘုရားသာသနာ တော်ဖြစ်သော သိက္ခာတို့၌ မှီလျက် အသက်ရှင်နေပါလျက် ဘုရား၏ စားကြွင်းစားကျန်ကို စားနေပါလျက် ဗုဒ္ဓကို ပုတ်ခတ် လိုက်သည်ဟုထင်ပြီး ပုတ်ခတ်ခြင်းကား အဘယ်နည်း”

ဟု ဆိုပြောသည်။

ထိုသို့ပြောသော်လည်း ပါထိကပုတ္တက ထိုနေရာမှ မရွေ့နိုင်။ ဓာလိယက ဆက်ပြောသည်။

“မြေခွေးသည် သူတစ်ပါးနောက်လိုက်ဖြစ်သော မိမိကိုယ်ကို ရေကြွင်းရေကျန်၌ကြည့်ရာ မိမိကိုယ်ကို ဟုတ်မှန်သည့်အတိုင်း မမြင်သမျှ ခြင်္သေ့ဟု ထင်မှတ်နေ၏။ ထိုသို့ထင်မှတ်နေသော် လည်း ငယ်စဉ်ကလိုပင် မြေခွေးဟောင်ခြင်းကိုသာ ဟောင်တတ်

www.dhammaransi.com



ပါ၏"

ဟု ဥပမာပြောပြီး ဘုရားကို ပုတ်ခတ်ခြင်းကား အဘယ် နည်းဟု အထက်ပါအတိုင်း မေး၍ ပြောဆိုပြန်သည်။

"ပါထိကပုတ္တသည် ထိုနေရာမှ မရွေ့နိုင်ပြန်။ ထိုအခါ ဇာလိယက ဆက်၍ပြောပြန်သည်။ ဖားများ၊ လယ်ကြွက်များ သင်္ချိုင်း၌ ပစ်ထားသော အကောင်ပုပ်ကိုစား၍ တော၌ကြီးပွား နေသော မြေခွေးသည် ငါကား ခြင်္သေ့ဟု ထင်နေ၏။ ထိုသို့ ထင်သော်လည်း ဟောင်သောအခါ မြေခွေးသံသာ ထွက်၏"

ဟု ဥပမာပြုပြောပြီး ဗုဒ္ဓကို အဘယ်ကြောင့် ပုတ်ခတ်ဘိ သနည်းဟု မေး၍ ပြောဆို၏။

မည်သို့ပင် ဥပမာဖြင့်ပြောပြော ပါထိကပုတ္တသည် နေရာမှ ထနိုင်မည့်အခြေအနေကို မမြင်ရသောအခါ ဇာလိယသည်လည်း လက်လျှော့ပြီး ပြန်လာကာ ပရိသတ်ကို အကျိုးအကြောင်း ပြန်ရှင်းပြသည်။

ဗုဒ္ဓကလည်း ပါထိကပုတ္တသည် မိမိ၏စကားကို မရုပ်သိမ်း သမျှ မိမိထံ မလာနိုင်ကြောင်း ထပ်မံမိန့်ကြားပြီး ပရိသတ်အား တင့်တယ်လျောက်ပတ်သောတရားကို ဟောကြားဆုံးမလေသည်။

ထို့နောက် ဗုဒ္ဓသည် တေဇောကသိုဏ်းကို ဝင်စားပြီး ကောင်းကင်သို့ ထန်းခုနစ်ဆင့် ပျံတက်သည်။ နောက် ထန်းခုနစ် ဆင့် မီးလျှံမီးခိုးများ ဖြစ်ပေါ်စေပြီး ကူဋာဂါရကျောင်းသို့ ပြန်ကြွ တော်မူသည်။

ထိုအခါ လိစ္ဆဝီမင်းသား သုနက္ခတ္တသည် ဗုဒ္ဓထံ ရောက်

www.dhammaransi.com



လာပြီး ရှိခိုး၍နေသည်။

"သုနက္ခတ္တ...ပါထိက တက္ကတွန်းကို အကြောင်းပြု၍ ငါဟောထားသည့်အတိုင်း ထိုစကား၏အကျိုးသည် ဖြစ်သလော၊ တစ်မျိုးတစ်ဖုံ ဖြစ်သွားလော"ဟု မေးသည်။

"အရှင်ဘုရား... တစ်မျိုးတစ်ဖုံမဖြစ်ပါ။ အရှင်ဘုရားပြော သော ဝကားအတိုင်း အကျိုးဖြစ်ပါ၏"

"သုနက္ခတ္တ... ယင်းသို့ဖြစ်သော် ငါဘုရားသည် လူတို့၏ ကုသိုလ် ကမ္မပထတရားဆယ်ပါးထက်လွန်သော တန်ခိုးပြာဋိဟာ ကို ပြသည်မည်သလော၊ မပြသည်မည်သလော"

"အရှင်ဘုရား... ပြသည်မည်ပါသည်"

"မဂ်ဖိုလ်မှ အချည်းနှီးယောကျ်ား၊ ထိုသို့ဖြစ်လျက် သင် သည် ငါ့ကို တန်ခိုးပြာဋိဟာ မပြဟု ပြောဆိုကာ အပြစ်ကို ကျူးလွန်ဘိ၏။ သင်၏အပြစ်ကို သိလေလော့"

## အစဟုသိသော တရားကို ပညတ်ခြင်း

"ဘဂ္ဂဝ...ငါသည် လောက၏အစဟု သိအပ်သော တရား ကိုလည်း သိ၏။ ထိုထက်လွန်မြတ်သော တရားကိုလည်း သိ၏။ ထိုသို့သိသော်လည်း များသောအားဖြင့် မသုံးသပ်။ ထိုသို့ မသုံးသပ်သောကြောင့် ငါသည် မိမိ၌ ကိလေသာငြိမ်းခြင်းကို ကိုယ်တိုင်သာလျှင်သိ၍ ငါဘုရားသည် ဆင်းရဲခြင်းသို့ မရောက်။

"ဘဂ္ဂဝ... လောက၏အစသည် ဖန်ဆင်းရှင် ဗြဟ္မာဖြစ် သည်ဟု ဟောကြားကြကုန်သော ရဟန်း၊ ပုဏ္ဏားတို့သည် ရှိကြ

www.dhammaransi.com



ကုန်၏။ ငါသည် ထိုသူတို့ထံ ချဉ်းကပ်၍ ငါ့ရှင်တို့ သင်တို့သည် လောက၏အစသည် ဖန်ဆင်းရှင် ဗြဟ္မာဖြစ်၏ဟူသော ဝါဒကို မည်သို့သော အစဉ်အလာအားဖြင့် ပြောဆိုပညတ်ကြပါသနည်း ဟု မေးခဲ့သည်။

ထိုသူတို့သည် မဖြေဆိုနိုင်ကြဘဲ ငါ့ကိုသာ ပြန်မေးကြသည်။ ငါသည် ထိုရဟန်းပုဏ္ဏားတို့ကို ဤသို့ အဖြေပေးခဲ့ပါသည်"

"ငါ့ရှင်တို့... အလွန်ရှည်သောကာလ လွန်သော် တစ်ရံတစ်ခါ၌ ဤလောကသည် ပျက်စီး၏။ ဤလောက ပျက်လတ်သော် သတ္တဝါတို့သည် များသောအားဖြင့် အာဘဿရဘုံ၌ ဖြစ်ကြကုန်၏။ ထိုသူတို့သည် ထိုဘုံ၌ ဈာန်စိတ်ကြောင့် ဖြစ်ကုန်၏။ နှစ်သိမ့်ခြင်း (ပီတိ)လျှင် အစာ ရှိကုန်၏။ မိမိတို့ကိုယ်ရောင်ဖြင့် လင်းလက်ကုန်၏။ ကောင်းကင်၌ ကျက်စား၏။ တင့်တယ်သောနေရာ ရှိကုန်၏။ ရှည်စွာသောကာလ ပတ်လုံးတည်ကုန်၏။

"ငါ့ရှင်တို့...ထိုရှည်သောကာလ လွန်ပြန်သော် တစ်ခါတစ်ရံ ဤလောကသည် ပြန်၍ဖြစ်ပြန်၏။ ဤလောက ပြန်ဖြစ်သော် သတ္တဝါမှ ဆိတ်သော ဗြဟ္မာဗိမာန်သည် ထင်ရှားဖြစ်ပေါ်လာ၏။

ထိုအခါ တစ်ဦးတစ်ယောက်သော သတ္တဝါသည် အသက်ကုန်သောကြောင့်လည်းကောင်း၊ ကောင်းမှုကံ ကုန်သောကြောင့်လည်းကောင်း အာဘဿရဘုံမှ သေခဲ့၍ သတ္တဝါမှဆိတ်သော

www.dhammaransi.com



ဗြဟ္မာဗိမာန်၌ လာဖြစ်၏။ ထိုသူသည် ထိုဘုံ၌ ဈာန်စိတ်ကြောင့် ဖြစ်၏။ နှစ်သိမ့်ခြင်းလျှင် အစာရှိ၏။ မိမိကိုယ်ရောင်ဖြင့် လင်းလျက်ရှိ၏။ ကောင်းကင်၌ ကျက်စား၏။ တင့်တယ်သော နေရာ ရှိ၏။ ကြာရှည်သောကာလပတ်လုံး တည်၏။

ထိုဘုံ၌ ထိုသူသည် တစ်ယောက်ထီးတည်း ကာလရှည်စွာ နေရသောကြောင့် မပျော်မွေ့သည်ဖြစ်၍ အခြားသတ္တဝါတို့သည် ဤဘုံသို့ ရောက်လာဘိမူ ကောင်းလေစွဟု တောင့်တ၏။

ထိုအခါ တစ်ယောက်သောသတ္တဝါသည် သက်တမ်းကုန်၍ ဖြစ်စေ၊ ကောင်းမှုကံကုန်၍ဖြစ်စေ အာဘဿရာဘုံမှ သေခဲ့ပြီး ထိုသတ္တဝါ၏ အပေါင်းအဖော်အဖြစ်ဖြင့် ဗြဟ္မာဘုံ၌ လာဖြစ်၏။

ထိုအခါ ရှေးဦးစွာ ဖြစ်ပေါ်နှင့်သော သတ္တဝါကား...

"ငါသည် ဗြဟ္မာဖြစ်၏။ မဟာဗြဟ္မာဖြစ်၏။ လွှမ်းမိုးနိုင်သူ ဖြစ်၏။ မည်သူကမျှ မလွှမ်းမိုးနိုင်သူ ဖြစ်၏။ အလုံးစုံကို မြင်သူ ဖြစ်၏။ အလိုရှိသည့်အတိုင်း ဖြစ်စေနိုင်သူ ဖြစ်၏။ အစိုးရသူ ဖြစ်၏။ ပြုသူ ဖြစ်၏။ ဖန်ဆင်းသူ ဖြစ်၏။ စီမံသူ ဖြစ်၏။ အမြတ်ဆုံး ဖြစ်၏။

ဈာန်၌ လေ့လာပြီး ဖြစ်၏။ ဖြစ်ပြီး ဖြစ်ဆဲသော သတ္တဝါ တို့၏ အဖဖြစ်၏။ ဤသတ္တဝါတို့ကို ငါဖန်ဆင်းထား၏။ အဘယ်ကြောင့်ဆိုသော် တစ်ပါးသော သတ္တဝါတို့သည် ဤဘုံသို့ ရောက်လာမူ ကောင်းလေစွဟု ငါသည် ရှေးက အကြံဖြစ်ခဲ့၏။ ငါ့အားလည်း ဤသို့ တောင့်တခြင်းသည် ဖြစ်ခဲ့ပြီး ယခု ဤ သတ္တဝါတို့သည် ဤဗြဟ္မာဘုံသို့ ရောက်လာသောကြောင့် ဖြစ်၏

www.dhammaransi.com



ဟူ၍ အကြံဖြစ်ပေါ်လေသည်။

နောက်မှဖြစ်ပေါ်လာသော ထိုသတ္တဝါတို့ကလည်း...

"ဤအရှင်သည် ဗြဟ္မာ ဖြစ်၏။ မဟာဗြဟ္မာ ဖြစ်၏။ လွှမ်းမိုးနိုင်သူ ဖြစ်၏။ မည်သူကမျှ မလွှမ်းမိုးနိုင်သူ ဖြစ်၏။ အလုံးစုံမြင်သူ ဖြစ်၏။ အလိုရှိတိုင်း ဖြစ်စေနိုင်သူ ဖြစ်၏။ အစိုးရသူ ဖြစ်၏။ ပြုသူ၊ ဖန်ဆင်းသူ၊ စီမံသူ ဖြစ်၏။ အမြတ်ဆုံး ဖြစ်၏။ ရာန္တဲ့ လေ့လာပြီးသူ ဖြစ်၏။ ဖြစ်ပြီး ဖြစ်ဆဲသတ္တဝါ တို့၏အဖ ဖြစ်၏။ ငါတို့ကို ဤအရှင် ဗြဟ္မာ ဖန်ဆင်းအပ်၏။ အဘယ်ကြောင့်ဆိုသော် ဤဘုံ၌ ဤဗြဟ္မာကြီးသည် ရှေးဦးစွာ ဖြစ်ပေါ်နေသည်ကို ငါတို့ မြင်ရကုန်၏။ ငါတို့က နောက်မှ ဖြစ်ပေါ်လာကုန်၏"ဟူ၍ အကြံဖြစ်ပေါ်ကြသည်။

"ငါ့ရှင်တို့... ထိုသတ္တဝါတို့တွင် ရှေးဦးစွာဖြစ်ပေါ်လာနှင့်သော ထိုသတ္တဝါသည် အသက်လည်း သာလွန်ရှည်၏။ အဆင်းလည်း သာလွန်လှ၏။ တန်ခိုးလည်း သာလွန်ကြီး၏။ နောက်မှ ဖြစ်ပေါ်လာသော သတ္တဝါတို့က ထိုရှေးဦးသတ္တဝါနှင့် နှိုင်းစာလျှင် အသက်လည်း တိုကုန်၏။ အဆင်းလည်း မလှကုန်။ တန်ခိုးလည်း နည်းကုန်၏။

"ငါ့ရှင်တို့... ဤသို့သော အကြောင်းသည် ရှိပြန်သေး၏။ တစ်ဦးတစ်ယောက်သော သတ္တဝါသည် ထိုဗြဟ္မာဘုံမှ သေခဲ့၍ ဤလူ့ဘုံသို့ ရောက်လာပြီး ဤလူ့ဘောင်ရှိ ရသေ့ ရဟန်းဘောင်သို့ ဝင်ပြီးလျှင် ပြင်းစွာအားထုတ်ခြင်း၊ မြဲမြံစွာ အားထုတ်ခြင်း၊ အဖန်ဖန် အားထုတ်ခြင်း၊ မမေ့မလျော့ခြင်း၊ ကောင်းစွာ နှလုံး

www.dhammaransi.com



ငြ င်းခြင်းကို စွဲ၍ ထိုသို့သော သဘောရှိသော စိတ်တည်ကြည်ခြင်းကို ရရှိသည်။ ယင်းသို့ စိတ်တည်ကြည်သော် ရှေးကနေခဲ့ဖူးသော ထိုဗြဟ္မာဘဝကို အောက်မေ့နိုင်သည်။ ထိုထက်လွန်၍ မအောက်မေ့နိုင်။

ထိုသို့ အောက်မေ့နိုင်သဖြင့် ထိုသူသည် အကြင်အရှင်သည် ဗြဟ္မာ ဖြစ်၏၊ ငါတို့ကို ဖန်ဆင်းထားသေး၏ စသည်ဖြင့်ဆိုကာ ထိုဗြဟ္မာကြီးသည် ဖြစ်ပေါ်ခြင်း မရှိမူ၍ မြဲ၏။ သေခြင်းမရှိ၍ ခိုင်မြဲ၏။ ထာဝစဉ်ရှိနေ၍ တည်မြဲ၏။ ဖောက်ပြန်ခြင်း သဘောမရှိ၊ ထို့ကြောင့် မြဲသောအရာ တို့နှင့်တူစွာ တည်မြဲတိုင်းပင် တည်လတ္တံ့။

ထိုဗြဟ္မာဖန်ဆင်းပေးထားသော ငါတို့သည်ကား ဖြစ်ပေါ်ခြင်းရှိ၍ မမြဲကုန်။ သေခြင်းရှိ၍ မခိုင်မြဲကုန်။ ထာဝစဉ် မရှိ၍ မတည်မြဲကုန်၊ အသက်တိုကုန်၏။ သေခြင်းသဘော ရှိကုန်၏။ ထို့ကြောင့် ဤလူ့ဘုံသို့ ရောက်လာကုန်၏။

ဟူ၍ ဆိုလေသည်။ ဤသို့ထင်မြင်လေသည်။

"ငါ့ရှင်တို့... လောက၏အစသည် ဖန်ဆင်းရှင် ဗြဟ္မာဖြစ်သည်ဟူသော ပြောဆိုပညတ်ခြင်းဖြင့် သင်တို့၏ဆရာ ဝါဒကို သင်တို့ ဟောကြားကြကုန်သလော"

ဟု မေးခဲ့သည်။ ထိုရဟန်းပုဏ္ဏားတို့က...

"ငါ့ရှင်ဂေါတမ... ငါ့ရှင်ဂေါတမ ဟောသည့်အတိုင်း ငါတို့ကြားဖူးကုန်၏"

ဟူ၍ အဖြေပေးခဲ့ကြပါသည်။

www.dhammaransi.com



"ဘဂ္ဂဝ... လောက၏အစသည် ခိဍ္ဍာပဒေါသိကနတ်များကို အကြောင်းပြု၍ ဖြစ်ပေါ်လာသည်ဟု ပြောဆိုပညတ်သောရဟန်းပုဏ္ဏားတို့သည်လည်း ရှိကြပါ၏။

ထိုသူတို့ထံ ငါချဉ်းကပ်၍ မေးသော် ထိုသူတို့သည် အကြောင်းရင်း ဇာစ်မြစ်ကို မသိကြဘဲ ငါ့ကိုသာ ပြန်မေးကြသဖြင့် ငါသည် ပြန်၍ အဖြေပေးခဲ့ရပါ၏။

ဘဂ္ဂဝ... ခိဍ္ဍာပဒေါသိကမည်သော နတ်တစ်မျိုးရှိ၏။ ထိုနတ်တို့သည် အလွန်ကြာမြင့်စွာ ကျီစယ်ပျော်ပါး၍နေကြသဖြင့် စားသောက်ရန် သတိမေ့လျော့နေကြသောကြောင့် ထိုနတ်ဘဝမှ သေလွန်ခဲ့ကြပြီး တစ်ဦးတစ်ယောက်သောသူသည် လူ့ပြည်သို့ ရောက်လာကာ ရသေ့ရဟန်း ဝတ်ပြီး တရားအားထုတ်ခဲ့သည်။ ထိုသို့အားထုတ်သဖြင့် ဈာန်အဘိညာဉ် ရပြီးလျှင် မိမိ၏ဘဝဟောင်းကို ပြန်ပြောင်းအောက်မေ့၍ ဆင်ခြင်၏။ ထိုဘဝထက် လွန်၍ မအောက်မေ့၊ မဆင်ခြင်နိုင်။

"အကြင်အရှင်နတ်တို့သည် အလွန်ကြာမြင့်စွာ မကျီစယ်မပျော်ပါးသောကြောင့် စားသောက်ရန် မမေ့သောကြောင့် ထိုနတ်ဘဝမှ မသေကုန်။ ဖြစ်ပေါ်ခြင်းမရှိ၍ မြဲကုန်၏။ သေခြင်းမရှိ၍ ခိုင်မြဲကုန်၏။ ထာဝစဉ် တည်ရှိ၍ တည်မြဲကုန်၏။ ဖောက်ပြန်ခြင်းသဘော မရှိကုန်။ ထို့ကြောင့် မြဲသောအရာတို့နှင့်တူစွာ တည်မြဲတိုင်း တည်ကြကုန်လတ္တံ့။

ငါသည်ကား အလွန်ကြာမြင့်စွာ ကျီစယ်ပျော်ပါးပြီး စားရန် မေ့လျော့ခဲ့သောကြောင့် ထိုနတ်ဘဝမှ သေခဲ့ရ၏။ ဖြစ်ပေါ်ခြင်း

[illegible]၍ မမြဲကုန်။ သေခြင်းရှိ၍ မခိုင်မြဲကုန်။ ထာဝစဉ်မရှိ၍ မတည်မြဲကုန်။ အသက်တိုကုန်၏။ သေခြင်းသဘောရှိကုန်၏။ သို့အတွက် ဤလူ့ဘုံသို့ ရောက်လာရ၏"

ဟု ဆိုကြသည်။

"ငါ့ရှင်တို့... သင်တို့သည် လောက၏အစသည် ခိဍ္ဍာပဒေါသိက နတ်တို့ကို အကြောင်းပြု၍ ဖြစ်ပေါ်လာသည်ဟူသော ဆရာတို့၏ အယူဝါဒကို ယူ၍ ဟောကုန် ပညတ်ကုန်သလော"

ဟု မေးခဲ့ပါသည်။ ထိုအခါ ထိုအရှင်တို့က...

"ငါ့ရှင်ဂေါတမ... ငါ့ရှင်ဂေါတမ ဟောသည့်အတိုင်း ကြားဖူးပါ၏"

ဟု ပြောဆိုကြပါသည်။

"ဘဂ္ဂဝ...လောက၏ အစသည် မနောပဒေါသိကနတ်တို့ကို အကြောင်းပြု၍ ဖြစ်ပေါ်လာသည်ဟု အချို့သော ရဟန်းပုဏ္ဏားတို့သည် အယူဝါဒရှိကြပါသည်။ ထိုရဟန်းပုဏ္ဏားတို့ထံသို့ ငါသည် ချဉ်းကပ်၍ ထိုဝါဒ၏ အကြောင်းရင်းဇာစ်မြစ်ကို မေးမြန်းသောအခါ ထိုရဟန်း ပုဏ္ဏားတို့သည် မဖြေဆိုနိုင်ဘဲ ငါ့ကိုသာ ပြန်မေးကြသည်။ ငါသည် ထိုသူတို့အား ဤကဲ့သို့ အဖြေပေးခဲ့ပါသည်။

ဘဂ္ဂဝ...မနောပဒေါသိကမည်သော နတ်တို့သည် တစ်ဦးကိုတစ်ဦး ဟစိမ်းစိမ်းကြည့်ရှုသဖြင့် အချင်းချင်း ဒေါသစိတ်ဖြစ်ကုန်၍ ကိုယ်စိတ် ပင်ပန်းသောကြောင့် ထိုနတ်ဘဝမှ သေခဲ့ရ၏။ ယင်းသို့ သေလွန်သူများအနက် တစ်ဦးတစ်ယောက်သည်

www.dhammaransi.com



လူ့ဘုံသို့ ရောက်လာပြီး ရသေ့ ရဟန်း ဝတ်ကာ တရားအားထုတ်သဖြင့် ဈာန်အဘိညာဉ်တို့ကို ရရှိလေသည်။

ထိုသူသည် ဈာန်အဘိညာဉ်အစွမ်းဖြင့် မိမိ၏ဘဝဟောင်းကို ပြန်ပြောင်း၍ ဆင်ခြင်အောက်မေ့၏။

အကြင်အရှင်နတ်တို့သည် အလွန်ကြာမြင့်စွာ တစ်ဦးနှင့်တစ်ဦး အချင်းချင်း တစိမ်းစိမ်း မကြည့်ကုန်သဖြင့် အချင်းချင်း ဒေါသစိတ် မဖြစ်ကုန်၍ ကိုယ်စိတ်မပင်ပန်းကုန်ကြသောကြောင့် ထိုနတ်ဘဝမှ မသေကုန်။ ဖြစ်ပေါ်ခြင်းမရှိ၍ မြဲကုန်၏။ သေခြင်းမရှိ၍ ခိုင်မြဲကုန်၏။ ထာဝစဉ်ရှိနေ၍ တည်မြဲကုန်၏။ ဖောက်ပြန်ခြင်းသဘော မရှိကုန်။ ထို့ကြောင့် မြဲသောအရာတို့နှင့်တူစွာ တည်မြဲတိုင်းပင် တည်မြဲလတ္တံ့။ ငါတို့သည်ကား အလွန်ကြာမြင့်စွာ တစ်ဦးနှင့်တစ်ဦး အချင်းချင်း တစိမ်းစိမ်းကြည့်သဖြင့် ဒေါသဖြစ်ကာ ကိုယ်စိတ်ပင်ပန်းမှု ဖြစ်ကြပြီး သေခဲ့ရ၏။ ဖြစ်ပေါ်ခြင်းရှိ၍ မမြဲကုန်၊ သေခြင်းရှိ၍ မခိုင်မြဲကုန်၊ ထာဝစဉ်မရှိ၍ မတည်မြဲကုန်၊ အသက်တိုကုန်၏။ သေခြင်းသဘော ရှိကုန်ပြီး ဤလူ့ဘုံသို့ ရောက်လာကုန်၏ဟု ဆိုသည်။

"ငါ့ရှင်တို့... ဤလောက၏ အစသည် မနောပဒေါသိကနတ်တို့ကို အကြောင်းပြု၍ ဖြစ်ပေါ်လာသည်ဟူသော ဆရာတို့၏ အယူဝါဒကို ယူ၍ ဟောကုန်၊ ပညတ်ကုန်သလော"

ဟု မေးခဲ့သည်။ ထိုအရှင်တို့က...

"ငါ့ရှင်ဂေါတမ...ငါတို့သည် ငါ့ရှင်ဂေါတမ ဟောသည့်အတိုင်းသာ ကြားဖူးပါ၏"ဟု ပြောဆိုကြသည်။

www.dhammaransi.com



"ဘဂ္ဂဝ... လောက၏အစသည် အကြောင်းမဲ့ ဖြစ်ပေါ်လာသည်ဟု ပြောဆိုယူဆသော ရဟန်းပုဏ္ဏားတို့သည် ရှိကြပါ၏။ ငါသည် ထိုပုဏ္ဏားတို့ထံ ချဉ်းကပ်၍ ထိုဝါဒအကြောင်းရင်း ဇာစ်မြစ်ကို မေးမြန်းသည့်အခါ ထိုရဟန်းပုဏ္ဏားတို့သည် မဖြေဆိုနိုင်ကြဘဲ ငါ့ကိုသာ ပြန်မေးကြပါသည်။ ငါသည် ထိုသူတို့အား အဖြေပေးခဲ့ရပါသည်။

"ငါ့ရှင်တို့... သိမှတ်မှုသညာ ကင်းမဲ့သော အသညသတ်ဗြဟ္မာတို့ ရှိကြသည်။ ထိုဗြဟ္မာတို့သည် သက်တမ်းကုန်သောအခါ ပဋိသန္ဓေသညာ ဖြစ်ပေါ်ခြင်းကြောင့် ထိုဗြဟ္မာဘုံမှ သေခဲ့ရ၏။

"ငါ့ရှင်တို့... ဤသို့သော အကြောင်းသည် ရှိသေး၏။ တစ်ဦးတစ်ယောက်သောသူသည် ဤလူ့ဘုံသို့ ရောက်လာကာ ရသေ့ ရဟန်းပြုပြီး ပြင်းစွာအားထုတ်သဖြင့် ဈာန်အဘိညာဉ်ရပြီး မိမိ၏ဘဝကို အောက်မေ့နိုင်သည်။ ထိုဘဝထက် လွန်၍ မအောက်မေ့နိုင်။

အတ္တသည်လည်းကောင်း၊ လောကသည်လည်းကောင်း အကြောင်းမဲ့ ဖြစ်ပေါ်လာ၏။ အဘယ်ကြောင့်ဆိုသော် ငါသည် ရှေး၌ မရှိခဲ့၊ ထိုငါသည် မရှိခဲ့ဘဲလျက် ယခု ထင်ရှားစွာရှိလာခဲ့၏ဟု ဆိုသည်။

"ငါ့ရှင်တို့... သင်တို့သည် ဤလောက၏ အစသည် အကြောင်းမဲ့ ဖြစ်ပေါ်လာသည်ဟု ပြောဆိုသော ရှေးဆရာတို့၏ အယူဝါဒကို ယူ၍ ဟောကုန် ပညတ်ကုန်သလောဟု မေးသည်

www.dhammaransi.com



ရှိသော် ထိုအရှင်တို့က…

"ငါ့ရှင်ဂေါတမ… ငါတို့သည် ငါ့ရှင်ဂေါတမ ဟောသည့် အတိုင်းသာ ကြားဖူးပါ၏"

ဟု ပြောဆိုကြပါ၏။

"ဘဂ္ဂဝ… ငါသည် လောက၏အစဟု ဆိုအပ်သော တရားကိုလည်း သိပါ၏။ ထိုထက်လွန်မြတ်သော တရားကိုလည်း သိပါ၏။ ထိုသို့ သိသော်လည်း များသောအားဖြင့် မသုံးသပ်သောကြောင့် ငါသည် မိမိသန္တာန် ကိလေသာငြိမ်းခြင်းကို သိ၏။ ယင်းသို့သိသောငါသည် ဆင်းရဲခြင်းသို့ မရောက်တော့ပေ။

"ဘဂ္ဂဝ… ဤသို့ဆိုလေ့ ဟောလေ့ရှိသော ငါ့ကို အချို့သော ရဟန်း ပုဏ္ဏားတို့သည် ထင်ရှားမရှိသော အချည်းနှီးသော ချွတ်ယွင်းသော မဟုတ်မမှန်သော စကားဖြင့် ရဟန်းဂေါတမသည် ဖောက်ပြန်သောသညာ ရှိ၏။ ရဟန်းဂေါတမသည် တင့်တယ်သည်ဟု ဆိုအပ်သော ဝိမောက္ခစျာန် ဝင်စား၍နေသော အခါ အလုံးစုံ (မတင့်တယ်သော၊ တင့်တယ်သောအာရုံ)ကို မတင့်တယ်ဟု သိမှတ်၏ဟူ၍လည်းကောင်း စွပ်စွဲကြလေ့ ရှိကြပါသည်။

"ဘဂ္ဂဝ… ငါသည် ထိုကဲ့သို့ မဟော၊ တင့်တယ်သည်ဟု ဆိုအပ်သော ဝိမောက္ခစျာန်ကို ဝင်စား၍နေသောအခါ တင့်တယ်၏ ဟူ၍သာ သိမှတ်၏ဟု ဤသို့သာ ငါဟော၏"

"အရှင်ဘုရား… ဗုဒ္ဓနှင့် ဗုဒ္ဓသာဝကတို့ကို ဖောက်ပြန်သောအားဖြင့် စွပ်စွဲကြသော ထိုသူတို့သာ ဖောက်ပြန်ကုန်၏။ ကျွန်ုပ်

www.dhammaransi.com



သည် ဗုဒ္ဓ၌ ကျွန်ုပ်သည် တင့်တယ်သည်ဟု ဆိုအပ်သော ဝိမောက္ခရျာန်ကို ဝင်စား၍ နေထိုင်သည့်တိုင်အောင် ဗုဒ္ဓသည် ကျွန်ုပ်အား တရားဟောရန် စွမ်းနိုင်ပါ၏ဟု ကြည်ညိုပါ၏။

အရှင်ဘုရား... အယူတစ်မျိုး၊ အလိုတစ်မျိုး၊ အကြိုက်တစ်မျိုး၊ အားထုတ်မှုတစ်မျိုး၊ ဆရာတစ်မျိုးရှိသော ကျွန်ုပ်သည် တင့်တယ်သည်ဟု ဆိုအပ်သော ထိုဝိမောက္ခရျာန်ကို ဝင်စား၍ နေရန် အကယ်၍ ခဲယဉ်းပါလျှင် ဗုဒ္ဓ၌ ကျွန်ုပ်၏ကြည်ညိုခြင်းကိုသာ ကျွန်ုပ် ကောင်းစွာစောင့်ထိန်းပါအံ့"

ဟု ဘဂ္ဂဝက လျှောက်ထားသည်။

ဘဂ္ဂဝသည် တရားတော်၌ နှစ်သက်ဝမ်းမြောက်စွာ ခံယူလေသည်။

**(ပါထိကဝဂ်၊ ပါထိကသုတ်)**

## ဗုဒ္ဓနှင့် ဇမ္ဗုကတက္ကတွန်း (ဝဋ်ကြွေးကြောင့် မစင်စားနေရမှု)

ရာဇဂြိုဟ်ပြည်၌ ဥစ္စာပေါများသော မိဘတစ်ဦးက သားလေးတစ်ယောက်ကို မွေးဖွားခဲ့သည်။ ထိုသားငယ်ကို ဇမ္ဗုကဟု အမည်မှည့် ခေါ်ကြသည်။

ထိုဇမ္ဗုက ခြေဖြင့်သွားနိုင်သော အရွယ်မှစ၍ အိပ်ရာ၌ မအိပ်၊ ထမင်းကို မစား၊ မိမိကိုယ်မှထွက်သော မစင်(ချေး)ကိုသာ စားသည်။

မိဘဆွေမျိုးတို့က ငယ်သေးသောကြောင့် မသိရှာ၍သာ

www.dhammaransi.com



ဤသို့ ပြုရာ၏ဟု အောက်မေ့ကာ ဇမ္ဗုကအား သုတ်သင်ပေးကြသည်။

ထိုသူငယ်သည် အသက်အရွယ် ကြီးပြင်းလာသောအခါ၌လည်း အဝတ်ကိုမဝတ်၊ ကိုယ်တုံးလုံး လှည့်လည်သွား၏။ မြေ၌သာ အိပ်သည်။ မိမိမစင်ကိုသာ စားသည်။

"ဤသူကား ငါတို့ကဲ့သို့သော အမျိုးကောင်းအိမ်နှင့်မလျော်။ ဤသူကား သက်သက် အရှက်မဲ့သောသူသာဖြစ်၍ တက္ကတွန်းတိတ္ထိတို့နှင့်သာ သင့်လျော်လျောက်ပတ်၏"

ဟု မိဘတို့က စဉ်းစားကြပြီး တက္ကတွန်းကျောင်းသို့ ခေါ်ဆောင်သွားကြပြီး ဤသူငယ်ကို ရှင်ပြုပေးကြပါဟု ဆိုကာ အပ်နှံကြလေသည်။

တက္ကတွန်းဆရာတို့သည် တက္ကတွန်းတို့ ရှင်ပြုနည်းအတိုင်း ဇမ္ဗုကကို လည်ပင်းပမာဏနက်သော မြေတွင်း၌ ချထားပြီး ပခုံးစွန်းနှစ်ဖက် အပေါ်၌ မရှန်းကန်နိုင်အောင် ပျဉ်ချပ်များ ခင်းထားလျက် ထိုပျဉ်ချပ်ပေါ်တွင် ထိုင်ပြီး ထန်းစေ့မှုတ်ပိုင်းဖြင့် ဆံပင်ကို နုတ်ပေးပြီး ရှင်ပြုပေးကြလေသည်။

ထိုသို့ ရှင်ပြုပြီးနောက် မိဘတို့က တက္ကတွန်းတို့ကို နောက်နေ့ ဆွမ်းအတွက် ပင့်ဖိတ်၍ ပြန်သွားကြလေသည်။

"ဇမ္ဗုက...လာလော့၊ ရွာတွင်းသို့ ဆွမ်းအတွက် ဝင်ကြစို့"

ဟု နံနက်ဆွမ်းအတွက် ခေါ်သော် ဇမ္ဗုက မလိုက်ချေ။

"သွားကြကုန်လော့၊ ငါကား ဤတက္ကတွန်းကျောင်း၌သာ နေရစ်ခဲ့မည်"

www.dhammaransi.com



ဟုပြောကာ ငြင်းဆန်လေသည်။

အတန်တန်ခေါ်၍ မရသောအခါ ဇမ္ဗုက ဆန္ဒအတိုင်း ကျောင်း၌ ထားခဲ့ပြီး မိမိတို့က ဇမ္ဗုက၏ မိဘအိမ်သို့ ဆွမ်းစား ကြွကြသည်။

ဇမ္ဗုကသည် တက္ကတွန်းများ ဆွမ်းစားကြွသွားသောအခါ အိမ်သာ၌ တွင်းအဖုံးပျဉ်ချပ်ကို ဖွင့်လှစ်ပြီး တွင်းထဲသို့ဆင်းကာ လက်နှစ်ဖက်တို့ဖြင့် မစင်များ ကောက်ယူပြီး အားရပါးရ စား သောက်လေသည်။

ထိုအကြောင်းကို မသိကြသည့်အပြင် တက္ကတွန်းဆရာကြီး တို့က အစာထမင်းကို ကျောင်းကို ပို့ပေးစေသည်။ သို့သော် ထိုဆွမ်းကို မစား၊ တက္ကတွန်းများက ပြန်လာ၍ စားရန် တိုက်တွန်းသော်လည်း လက်မခံ၊ ငြင်းဆန်၍...

"ငါ့အတွက် အစာအာဟာရ ရအပ်ပြီ၊ ဤဆွမ်းများကို အလိုမရှိတော့ပါ"

ဟု ဆိုလေသည်။

"အစာအာဟာရကို အဘယ်ကရသနည်း"

"ဤကျောင်းတိုက်ထဲမှာပင် ရအပ်ပါပြီ"

ဤသို့ဖြင့် တစ်နေ့ပြီးတစ်နေ့ ဇမ္ဗုကကို မြို့တွင်း ဆွမ်းစား ခေါ်ရာ ဇမ္ဗုကသည် ခေါ်တိုင်းမလိုက်ဘဲ ငြင်းဆန်၍သာ ကျောင်း မှာပင်နေခဲ့ပြီး ကျောင်းကုဋီရှိ မစင်ကိုသာ စားနေလေသည်။ သို့အတွက် တက္ကတွန်းတို့က ဇမ္ဗုကအပေါ်၌ သံသယဝင်ကြကာ စီမံကြသည်။ တက္ကတွန်း တစ်ပါး နှစ်ပါး တိတ်တဆိတ်

www.dhammaransi.com



ကျောင်းမှာထားခဲ့ပြီး ဇမ္ဗုကာ၏ဆွမ်းရပုံ လှုပ်ရှားမှုကို လေ့လာ အကဲခတ်စေသည်။

ဇမ္ဗုကာသည် ထုံးစံအတိုင်း တက္ကတွန်းဆရာများ ဆွမ်းခံသွားကြသော် ရှေးနည်းအတိုင်း မစင်တွင်သို့ သက်ဆင်းကာ မစင်ကို စားလေသည်။

ချောင်းမြောင်းကြသော တက္ကတွန်းတို့သည် ဇမ္ဗုကာ၏ အပြုအမူတို့ကို တွေ့မြင်ရသောအခါ အလွန်အံ့အားသင့်ကြပြီး ထိုအကြောင်းကို ဆရာတက္ကတွန်းတို့အား ပြောပြကြလေသည်။

"သြော်...ဇမ္ဗုကာအလုပ်က ဝန်လေးလှဘိ၏။ အကယ်၍များ ရဟန်းဂေါတမ၏တပည့်များ ဤအကြောင်းကို သိသွားပါက တက္ကတွန်းတို့သည် မစင်ကိုစား၍ လှည့်လည်နေထိုင်ကြကုန်၏ဟူ၍ ငါတို့၏အရှိန်အဝါမဲ့ကို ထင်ရှားပြောဆိုကြပေလိမ့်မည်။ ဤဇမ္ဗုကာသား ငါတို့နှင့်မသင့်လျော်"

ဟူ၍ တိုင်ပင်ညှိနှိုင်းကြကာ ဇမ္ဗုကာကို မိမိတို့ထံမှ နှင်ထုတ်ကြလေသည်။

တက္ကတွန်းတို့က နှင်ထုတ်လိုက်သောအခါ ဇမ္ဗုကာသည် ရာဇဂြိုဟ် မြို့သူ မြို့သားတို့ ကျင်ကြီးစွန့်ရာ အရပ်အနီး၌ ခင်းထားသော ကျောက်ဖျာကြီးနှင့် ထိုကျောက်ဖျာကြီးအနီး ရေဆိုးများထုတ်သော ကျောက်ပြွန်အနီး၌ သွားရောက် နေထိုင်လေသည်။

ကျောက်ဖျာအပြင်ကို အမှိုက်ပြုကာ အကာအကွယ်ပြု၍ မြို့သူမြို့သားများက မစင်စွန့်ကြသည်။ ဇမ္ဗုကာသည် ညဉ့်အခါ၌

www.dhammaransi.com



လူတို့စွန့်အပ်သော မစင်ကို စား၍ နေ့အခါ လူတို့ မစင်စွန့်ရန် လာသောအခါ၌ လက်တစ်ဖက်ဖြင့် ကျောက်ဖျာအစွန်းကို ထောက်၍ ခြေတစ်ဖက်ကိုမြှောက်ကာ ဒူးတစ်ဖက်၌ တင်ထားပြီး လျှင် အထက်သို့ ရှေးရှုလျက် ခံတွင်းကို ဖွင့်ဟကာနေလေသည်။

မစင်စွန့်ရန် လာကြသောသူတို့က ဇမ္ဗုကာ၏ အပြုအမူကို မြင်ကြသော် အနီးသို့ ချဉ်းကပ်လာပြီး ရှိခိုးကြကာ...

"အရှင်သည် အဘယ်ကြောင့် ခံတွင်းကို ဖွင့်ဟ၍ ရပ်တည် နေပါသနည်း"

ဟု မေးကြသည်။

"ငါသည် လေကိုသာစားသူ ဖြစ်၏။ ငါ့မှာ လေမှတစ်ပါး အခြား အစာအာဟာရ မရှိပါ"

ဟု ဝါကြွား ပလွှား ပြောဆိုလေသည်။

"အရှင်ဘုရား... ထိုသို့ဖြစ်လျှင် အဘယ်ကြောင့် ခြေ တစ်ဖက်ကို မြှောက်ကာ ဒူးထက်၌ ထား၍ ရပ်တည်နေပါ သနည်း"

"ငါကား ထက်မြက်ပြင်းထန်သော အကျင့်ရှိသူ ဖြစ်လေ သည်။ ငါသည် ခြေနှစ်ဖက်လုံးတို့ဖြင့် မြေကြီးကို နင်းအပ်သည် ရှိသော် မြေကြီးသည် ငါ၏ဂုဏ်ကို မခံနိုင်ဘဲ ပြင်းစွာ တုန်လှုပ် လိမ့်မည်။ သို့အတွက် ငါသည် ခြေတစ်ဖက်ကို မြှောက်၍ ထိုခြေကို ဒူးထက်၌ ရပ်တည်၍ နေရသည်။ ထို ငါဆိုခဲ့သော မြေလှုပ်မှုအကြောင်းကြောင့် ညဉ့်ရောနေ့ပါ ငါသည် ရပ်လျက် သာ အချိန်ကို ကုန်စေရ၏။ ထိုင်လည်း မထိုင်၊ အိပ်လည်း

www.dhammaransi.com



မအိပ်ပါ”

ဟု တစ်ဖန် ဝါကြွားပလွှား ပြေပြန်လေသည်။

လူ့သဘာဝ စဉ်းစားတွေးခေါ်မှု အားနည်းပြီး အထူးအဆန်းဆိုက ကြည့်ခြင်း၊ ယုံကြည်ခြင်းစိတ် အားများကြသူများပီပီ…

“သြော်…အံ့သြဖွယ်ရှိလေစွ။ ဤမျှလောက် ထက်မြက်ပြင်းထန်သော အကျင့်ရှိသည့် ပုဂ္ဂိုလ်ကို ငါတို့ ရှေးက မမြင်ဖူး၊ မကြားဖူးကြကုန်”

ဟူ၍ ချီးမွမ်းစကား ပြောဆိုကြသည်။

ဤသို့ဖြင့် ဇမ္ဗုကာ၏သတင်းသည် ဘင်္ဂတိုင်းသူ ပြည်သားများ၊ မာဂဓတိုင်းသူပြည်သားများအတွင်း ချောက်ချားတုန်လှုပ်အုတ်အုတ်ကျွက်ကျွက် ဖြစ်ပြီးလျှင် ဇမ္ဗုကာထံသို့ ဆည်းကပ်ကြ၍ လတိုင်း လတိုင်း ကြီးစွာသော ပူဇော်သက္ကာယမှု ပြုခြင်းကို ခံရလေသည်။

ဇမ္ဗုကာသည် လူအများက ပူဇော်သက္ကာယ ပြုကြသော အခါ…

“ငါသည် လေကိုသာ စား၏။ လေမှတစ်ပါး အခြားသော အစာကို ငါမစား၊ လေမှတစ်ပါး အခြားသောအစာကို စားမိသည်ရှိသော် ငါ၏ အကျင့်သည် ပျက်စီး၏”

ဟု ပြောဆိုကာ လူအများ ယူဆောင်ဆက်ကပ်လာသော အစာအာဟာရကောင်း တစ်စုံတစ်ခုကိုမျှ အလိုမရှိဘဲ ငြင်းဆန်ပယ်လွှတ်လေသည်။

“အရှင်ဘုရား… တပည့်တော်တို့ကို မပျက်စီး မဆုံးရှုံးပါစေ

www.dhammaransi.com



လင့်၊ အရှင်ဘုရားကဲ့သို့ အကျင့်ပြင်းထန်သောပုဂ္ဂိုလ် သုံးဆောင် ပေးအပ်သည်ရှိသော် တပည့်တော်တို့အတွက် ကာလရှည်ကြာ စီးပွားချမ်းသာ တိုးတက်ဖို့ရန် ဖြစ်နိုင်ပါသည်"

ဟု အဖန်ဖန်တောင်းပန်ကြလေသည်။

ဇမ္ဗုကသည် လူအများက ဤသို့ အတင်းအကျပ်တောင်းပန် လာသဖြင့် ထိုလူများ ယူဆောင်လာသော ထောပတ်တင်လဲ စသည်တို့ကို သမန်းမြက်ဖျားဖြင့် ခပ်ယူကာ လျှာဖျား၌ထားပြီး လျှင်...

"ယူသွားကြလော့၊ သင်တို့တွက်တာ ဤမျှလောက်ဆိုလျှင် စီးပွားချမ်းသာ တိုးတက်ဖို့ရန် ဖြစ်လောက်ပြီ"

ဟု ပြောဆိုကာ ပြန်လွှတ်လေသည်။ လူအများကလည်း ဤမျှကိုပင် ကျေနပ်နှစ်သက်ကြလေသည်။

ဇမ္ဗုကသည် ဤသို့သောနည်းဖြင့် (၅၅)နှစ်ကြာ ကာလပတ် လုံး အတိတ်က ရဟန္တာကို ဆဲရေးခဲ့သော ဝဋ်ကြွေးကို ပေးဆပ်ရ သည်။

ဇမ္ဗုက၏ ဝဋ်ကြွေးမှာ ကဿပဘုရားရှင် လက်ထက်၌ သူကြွယ်တစ်ဦးက ကိုးကွယ်ခံရသော မထေရ်တစ်ပါးဖြစ်ခဲ့သည်။ တစ်နေ့ ရဟန္တာ အာဂန္တုတစ်ပါး ကြွလာ တည်းခိုသည်ကို မိမိ၏ ကျောင်းဒါယကာက အလွန်ကြည်ညိုသဖြင့် ထိုရဟန္တာ အတွက် ဆံပင်ရိတ်ပေးခြင်း၊ သင်္ကန်းကပ်လှူခြင်း၊ အိပ်ရာခုတင် လှူခြင်း၊ ဆွမ်းစားပင့်ခြင်းတို့၌ မနာလို ဝန်တိုစိတ်ဖြစ်ကာ ထိုရဟန္တာမထေရ်ကို....

- ငါ့ကျောင်းဒကာအိမ်၌ ဆွမ်းကို စားရသည်ထက် မစင်ကို စားရခြင်း ကား မြတ်တုံသေး၏။
- ငါ့ကျောင်းဒကာ ခေါ်လာခဲ့သော သတ္တာသည်ဖြင့် ဆံချရခြင်းထက် ထန်းစေ့မှုတ်ဖြင့် ဆံပင်တို့ကို နုတ်စေခြင်းက မြတ်တုံသေး၏။
- ငါ့ကျောင်းဒကာလှူသော သင်္ကန်းကို ဝတ်ရုံရခြင်းထက် ကိုယ်တုံးလုံးနေ၍ လှည့်လည်ခြင်းက မြတ်တုံသေး၏။
- ငါ့ကျောင်းဒကာ ယူဆောင်လာသော ညောင်စောင်း၌ လျောင်းစက်ရခြင်းထက် မြေကြီးပေါ်၌ အိပ်စက်ခြင်းက မြတ်တုံသေး၏။

ဟူ၍ လေးမျိုးသောအခြင်းအရာစကားဖြင့် ဆဲရေးခဲ့သည်။

အနှစ် နှစ်သောင်း တရားအားထုတ်ခဲ့ဖူးသော်လည်း ရဟန္တာကို စော်ကားမိသော အကုသိုလ်ကံ အားကြီးမှုကြောင့် သေလွန်သောအခါ မဟာအဝီစိငရဲ၌ ကျရောက်ခဲ့ရပြီး ကဿပဘုရားနှင့် ဂေါတမဘုရားအကြား ရှည်စွာသော ကာလပတ်လုံး ငရဲ၌ ခံခဲ့ရသည်။

ယခု ဂေါတမဘုရား ပွင့်လာသောအခါ လူလာဖြစ်ပြီး ဤကဲ့သို့သော ဝဋ်ကြွေးကို ပေးဆပ်နေရခြင်းဖြစ်သည်။

တစ်နေ့နံနက်တွင် ဗုဒ္ဓသည် မဟာကရုဏာဉာဏ်တော်ဖြင့် လောကကို ကြည့်သည်ရှိသော် ဇမ္ဗုကာတက္ကတွန်း ကျွတ်တမ်းဝင်မည်ကို မြင်တော်မူ၍ ထိုနေ့ညနေချမ်း အချိန်ဝယ် ဇမ္ဗုကထံသို့

www.dhammaransi.com



ကိုယ်တော်တစ်ပါးတည်း ကြွတော်မူလေသည်။

ဇမ္ဗုကနေရာသည် မြင်မကောင်း ရှုမကောင်း ကျင်ကြီး ကျင်ငယ် အနံ့တို့ဖြင့် ပုပ်ဟောင်စပ်နေသော နေရာဖြစ်၍ နတ်တို့က ဘုရားမကြွခင် ထိုကျောက်ဖျာတစ်ဝိုက်၌ မိုး သည်းစွာ ရွာသွန်းပြီး သန့်ရှင်းပေးလေသည်။

ဗုဒ္ဓသည် ဇမ္ဗုကထံသို့ ရောက်သောအခါ...

"ဇမ္ဗုက"ဟူ၍ အသံပြုခေါ်လိုက်သည်။ ထိုအသံကို ကြားသော ဇမ္ဗုကသည်...

"ငါ့ကို ဇမ္ဗုကဟူ၍ အမည်တပ်ကာ ရင့်သီးစွာခေါ်လိုက်သူကား မည်သူနည်း"

ဟု ကြံစည် အမျက်ထွက်ကာ...

"ငါ့ကို ယခုခေါ်သူကား မည်သူနည်း"

ဟု ခပ်ထန်ထန်မေး လိုက်သည်။

"ငါကား ရဟန်း သူမြတ်တည်း"

"ရဟန်းကြီး... အဘယ်ကိစ္စရှိသနည်း"

"ယနေ့တစ်ညဉ့်တာ ဤအရပ်၌ ငါ့အား နေခွင့်ရရန် တစ်နေရာ ပေးစေလိုပါသည်"

"ရဟန်းကြီး... ဤနေရာ၌ သင့်အား ပေးရန် နေရာမရှိပါ"

"ဇမ္ဗုက...ဤသို့မပြုပါလင့်၊ တစ်ညဉ့်တာအတွက် ငါ့အား နေရာဌာနကို ပေးစေချင်ပါသည်။ ရဟန်းတို့မည်သည် ရဟန်းကို တောင့်တကြစမြဲ ဖြစ်ကြပါသည်။ လူကို့သည် လူကို တောင့်တ စမြဲ ဖြစ်ပါသည်။ သားကောင်တို့သည် သားကောင်ကို တောင့်တ

www.dhammaransi.com



စမြဲ ဖြစ်ပါသည်"

"အသို့နည်း၊ သင်သည် ရဟန်းလော"

"မှန်ပေ၏။ ငါကား ရဟန်းသူမြတ်တည်း"

"အကယ်၍ သင်သည် ရဟန်းသူမြတ်ဖြစ်ခဲ့လျှင် သင်၏ဘူး၊ မီးမွှေယောက်မ၊ ယဇ်ပူဇော်သော ချည်ဝတို့ကား အဘယ်မှာပါနည်း"

"ငါမှာ သင်မေးသောဘူး၊ မီးမွှေယောက်မ၊ ယဇ်ပူဇော်သော ချည်များ ရှိပါသည်။ ထိုဝတ္ထုများကို အသီးသီး ယူဆောင်ကာ လှည့်လည်သွားလာရခြင်းသည် ဆင်းရဲလှ၏ဟု စဉ်းစားမိ၍ ကိုယ်တွင်းဖြင့်သာလျှင် ယူဆောင်လျက် လှည့်လည်သွားလာနေပါ၏"

"သင်ကား ရဟန်းဖြစ်လျက် ထိုရဟန်းအသုံးအဆောင်ဘူး စသည်ကို မယူဆောင်ဘဲ လှည့်လည်ကျက်စား သွားလာဘိ၏"

ဟု ပြင်းစွာ အမျက်ထွက်၍ အပြစ်ပြောလေသည်။

"ရှိပါစေ ဇမ္ဗုက... ငါ့အား အမျက်မထွက်ပါလင့်၊ ငါ့အား နေရာ ဌာနကိုသာ ပြောကြားပေးစေချင်ပါသည်"

ဟု ဗုဒ္ဓက သာယာညင်းပျောင်းစွာပင် ဆိုပါသော်လည်း...

"ရဟန်းကြီး... သင့်အတွက် ဤအရပ်၌ နေစရာနေရာဌာန မရှိ"

ဟူ၍ ပြတ်ပြတ်တောင်းတောင်းပင် ပြောကြားပြန်ပါသည်။

ဇမ္ဗုက၏ နေရာဌာနမှ မနီးမဝေး၌ တောင်ဝှမ်းတစ်ခု

www.dhammaransi.com



ရှိခဲ့လသည်။ ဗုဒ္ဓက ထိုတောင်ဝှမ်းကို ညွှန်ပြလျက်…

“ဇမ္ဗူက ထိုတောင်ဝှမ်း၌ အဘယ်သူ နေသနည်း”ဟု မေး သည်။

“ရဟန်းကြီး… ထိုတောင်ဝှမ်း၌ နေထိုင်သူ တစ်ဦးတစ်ယောက်မျှ မရှိပါ”

“ဇမ္ဗူက ထိုသို့ဆိုက ယိုနေရာ၌ ငါ့အား နေရာပေးစေလိုပါ၏”

“ရဟန်းကြီး… ထိုတောင်ဝှမ်း၌ နေသင့် မနေသင့်ကို သင်သာလျှင် ဆင်ခြင်သိပါလေ”

ဟုဆိုကာ တာဝန်ကိုကား မယူ၊ ခွင့်ပြုရုံသာ ခွင့်ပြုသော စကားကို ပြန်ကြားပြောဆိုလေသည်။

ဗုဒ္ဓသည် ထိုတောင်ဝှမ်းသို့သွား၍ နိသီဒိုင်အခင်းကို ခင်းပြီးလျှင် ထိုင်နေတော်မူသည်။

ညဥ့်ဦးယံအခါ စတုမဟာရာဇ်နတ်မင်းကြီး လေးပါးသည် အရပ် လေးမျက်နှာကို အရောင်အလင်း တစ်စပ်တည်းဖြစ်အောင် ပြုလုပ်ကြလျက် ဗုဒ္ဓထံ ဆည်းကပ်ရန် ရောက်လာကြသည်။

“ဤအရောင်အလင်းများကား အဘယ်သို့သော အရောင်အလင်းများနည်း”

ဟု ဇမ္ဗူကသည် ထိုအရောင်အဆင်းများ ကြည့်ရှု၍ ဆင်ခြင် စဉ်းစားနေမိသည်။

မစ္ဈိမယံ၌ သိကြားမင်းသည် ဗုဒ္ဓထံ ဆည်းကပ်ရန်လာသော အခါ၌လည်း ဇမ္ဗူကသည် ရှေးနည်းတူ စဉ်းစားမိပြန်သည်။

www.dhammaransi.com



ပစ္ဆိမယာမ်၌ လက်တစ်ချောင်းဖြင့် စကြဝဠာတစ်တိုက်၊ လက်နှစ်ချောင်းဖြင့် စကြဝဠာနှစ်တိုက်၊ လက်ဆယ်ချောင်းဖြင့် စကြဝဠာဆယ်တိုက်တို့ကို ထွန်းလင်းတောက်ပစေခြင်းငှာ စွမ်းနိုင်သော မဟာဗြဟ္မာကြီးသည် တောအုပ်ကြီးတစ်ခုလုံးကို တစ်စပ်တည်း ထွန်းလင်းအောင်ပြုလျက် ဆည်းကပ်ရန် လာရောက်လေသည်။

ဇမ္ဗုကသည် ထိုအလင်းရောင်ကိုလည်း မြင်၍ အဘယ်သို့သော အရောင်အလင်းနည်းဟု ကြံစည်စဉ်းစားနေလေသည်။

နံနက်စောစောတွင် ဇမ္ဗုကတက္ကတွန်းသည် ဗုဒ္ဓထံသို့ သွား၍ နှုတ်ဆက်စကားပြောပြီး သင့်ရာ၌ရပ်လျက်...

"ရဟန်းကြီး...ညဉ့်ဦးယံအခါ၌ အရပ်လေးမျက်နှာတို့ကို အသီးသီး ထွန်းလင်းတောက်ပစေကုန်လျက် သင့်ထံ လာရောက်ကြသောသူတို့ကား အဘယ်သူတို့နည်း"

"ဇမ္ဗုက ထိုသူတို့ကား စတုမဟာရာဇ်နတ်မင်းကြီးလေးဦးတို့ ဖြစ်ပါ၏"

"အဘယ်ကြောင့် လာရောက်ကြပါသနည်း"

"ငါဘုရားကို ဆည်းကပ်ခစား ပြုစုလုပ်ကျွေးရန် လာရောက်ကြပါသည်"

"အို...ရဟန်းကြီး၊ အသို့နည်း၊ သင်ကား စတုမဟာရာဇ်နတ်မင်းကြီး လေးပါးထက် သာလွန်မြင့်မြတ်ပါသလော"

"ဇမ္ဗုက... ဟုတ်ပေ၏။ ငါကား ထိုနတ်မင်းကြီး လေးဦးထက် သာလွန်မြင့်မြတ်သော တရားမင်း ဖြစ်လေသည်"

"ရဟန်းကြီး...ဒါဆို မဇ္ဈိမယာမ်၌ လာသူတို့ကား အဘယ်သူ

www.dhammaransi.com



နည်း"

"ဇမ္ဗူက...သူကား သိကြားမင်း ဖြစ်လေသည်"

"ရဟန်းကြီး... သူကရော အဘယ်အကြောင်းကြောင့် လာပါသနည်း"

"ဇမ္ဗူက... ငါဘုရားကို ဆည်းကပ်ခစား ပြုစုလုပ်ကျွေးရန် လာရောက်လေသည်"

"အိုရဟန်းကြီး...အသို့နည်း။ သင်သည် သိကြားမင်းထက် သာလွန်မြင့်မြတ်ပါသလော"

"ဇမ္ဗူက...မှန်ပေ၏။ ငါသည်ကား သိကြားမင်းထက် သာလွန်မြင့်မြတ်သူ ဖြစ်လေသည်။ ထိုသိကြားမင်းက ငါဘုရား၏ သူနာပြု၊ ကပ္ပိယကာရက သာမဏေနှင့်တူသောပုဂ္ဂိုလ် ဖြစ်ပေ၏"

"ရဟန်းကြီး...ပစ္ဆိမယံ၌ တောအားလုံးတို့ကို ကိုယ်ရောင် ကိုယ်ဝါဖြင့် တောက်ပလျက်လာသူကား မည်သူနည်း"

"ဇမ္ဗူက...ထိုလာသူကား လောက၌ ပုဏ္ဏား အစရှိသူတို့ ချေဆတ်သောအခါ ချွတ်ချော်တိမ်းလဲသောအခါများ၌ မဟာ ဗြဟ္မာကို ရှိခိုးပါ၏။ (နမော မဟာဗြဟ္မုနော)ဟူ၍ တမ်းတ မြွက်ဆို ပြောကြားအပ်သည့် မဟာဗြဟ္မာကြီး ဖြစ်ပေ၏"

"အို...ရဟန်းကြီး၊ သင်သည် ထိုမဟာဗြဟ္မာကြီးထက်ပင် သာလွန် မြင့်မြတ်ပါသလော"

"ဇမ္ဗူက...ငါကား ဗြဟ္မာကြီးထက်သာလွန်မြင့်မြတ်သော မဟာဗြဟ္မာမင်း ဖြစ်ပါသည်"

www.dhammaransi.com



"အိုရဟန်းကြီး...သင်ကား လက်ဖျစ်တီး၍ အံ့ချီးထိုက်သူဖြစ်ပါ၏။ နှစ်ပေါင်း (၅၅)နှစ်ကြာ ဤနေရာ၌သာနေ၍ ကျင့်ကြံနေထိုင်သော ငါ့ထံသို့ကား ဤသူများတွင် တစ်ဦးတစ်ယောက်မျှ ဆည်းကပ်ခစားရန် မလာဖူးချေ။ ငါကား (၅၅)နှစ်ကြာ ကာလပတ်လုံး လေကိုသာ စားလျက် ရပ်တည်၍သာ အခါကို လွန်စေခဲ့ပြီး ထိုမျှလောက်ကာလပတ်လုံး ထိုနတ်, သိကြား, ဗြဟ္မာများ ငါ့ထံ ဆည်းကပ်ခစားရန် မလာဖူးကြချေ"

ဟူ၍ ဇမ္ဗုကသည် ဝါကြွားပလွှား ပြောကြားမြဲ ပြောကြားသောအခါ ဗုဒ္ဓက...

"ဇမ္ဗုက...ဤလောက၌ ဉာဏ်ပညာနည်းပါးသူ လူအပေါင်းကို သင်လှည့်ဖြား၍နေသော်လည်း ငါဘုရားကိုမူကား မလှည့်စားလေနှင့်။ သင်ကား နှစ်ပေါင်းငါးဆယ့်ငါးနှစ်တို့ကာလပတ်လုံး မစင်ကိုသာ စားနေသည် မဟုတ်လော။ မြေ၌သာ အိပ်နေသည် မဟုတ်လော။ အဝတ်မစည်း၊ အချည်းနှီးသာနေသည် မဟုတ်လော။ ထန်းစေ့မှုတ်ဖြင့် ဆံပင်တို့ကို ဆင်းရဲကြီးစွာဖြင့် နုတ်နေသည် မဟုတ်လော။ ထိုသို့ဖြစ်ပါလျက် လူအပေါင်းကို လှည့်ဖြားကာ ငါကား လေကိုသာ စားလျက် ခြေတစ်ဖက်ဖြင့်သာ ရပ်တည်၏။ ထိုင်လည်းမထိုင်၊ အိပ်လည်းမအိပ်ဟု ပြောဆိုဘိ၏။ ယခုလည်း သင်သည် ငါဘုရားကို လှည့်ဖြားလိုဘိ၏။

"ဇမ္ဗုက... ရှေးအခါတုန်းကလည်း သင်သည် ယုတ်မာညစ်ညမ်းသော မိစ္ဆာအယူကို အမှီပြု၍ ဤမျှလောက်ကာလကြာအောင် မစင်များကို စားခဲ့၏။ မြေ၌အိပ်ခဲ့ရပြီး အဝတ်မစည်း

www.dhammaransi.com



အချည်းနှီး လှည့်လည်ခဲ့ရပြီ။ ထန်းစေ့မှုတ်ဖြင့် ဆံပင်တို့ကို နုတ်ခဲ့ရပြီ။ သို့ပါလျက် ယခုအခါ၌လည်း ထိုယုတ်မာသော မိစ္ဆာအယူကိုသာ ယူ၍နေဘိ၏”

ဟူ၍ ဗုဒ္ဓက ပွင့်လင်းစွာ အတိအလင်း မိန့်ကြားတော်မူသည်။

“ရဟန်းကြီး...ကျွန်ုပ်သည် အဘယ်သို့သော မကောင်းမှုမျိုးကို ပြုခဲ့မှုပါသနည်း”

ဟု ဇမ္ဗုကက မေးသော် ဗုဒ္ဓက ရှေးကပြုခဲ့သော မကောင်းမှု အကုသိုလ်ကံတို့ကို အကျယ်တဝင့် ဟောပြောပြတော်မူလေသည်။

ထိုအခါ ဇမ္ဗုကာ၏ စိတ်သန္တာန်ဝယ် ပြင်းစွာထိတ်လန့်ခြင်း သံဝေဂတရား ဖြစ်ပွားသလို အရှက်အကြောက်တရား နှစ်ပါးလည်း ဖြစ်ပွား၍ လာလေတော့သည်။ ထိုသို့ ရှက်ကြောက်ခြင်းကြောင့် ကိုယ်အင်္ဂါကို အတတ်နိုင်ဆုံး ဖုံးလွှမ်းစေရန် ဆောင့်ကြောင့် ထိုင်လိုက်လေသည်။

ထိုအခါ ဗုဒ္ဓက ဇမ္ဗုကအား ရေသနုပ်ကို ပေးလိုက်သည်။ ဇမ္ဗုကသည် ထိုရေသနုပ်ကို ဝတ်ကာ ဗုဒ္ဓကို ရှိခိုးပြီးလျှင် အပြစ်လွတ်ရာ၌ ထိုင်နေလေသည်။

ဗုဒ္ဓသည် ဇမ္ဗုကကို ဒါနကထာ၊ သီလကထာ အစရှိသည်တို့ကို ဟောကြားပြီး သစ္စာလေးပါးကို ဆက်လက်ဟောကြားတော်မူရာ ဒေသနာတော်၏ အဆုံးဝယ် ပဋိသမ္ဘိဒါဉာဏ်လေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေသည်။

www.dhammaransi.com



ဇမ္ဗုကက ဗုဒ္ဓထံ ရဟန်းအဖြစ်ကို တောင်းခံလာသောအခါ ဗုဒ္ဓက...

"ဧဟိဘိက္ခုစရဗြဟ္မစရိယံ သမ္မာဒုက္ခဿ အန္တကိရိယာယ"

"ရဟန်း...လာလော့။ အကြွင်းမဲ့ ဝဋ်ဆင်းရဲ အဆုံးကို ပြုလုပ်ရန် သိက္ခာသုံးပါး မြတ်သောအကျင့်ကို ကျင့်လော့"

ဟူ၍ ခေါ်တော်မူလိုက်ရာ ထိုခဏမှာပင် လူအသွင်ပျောက်ပြီး ပရိက္ခရာရှစ်ပါး ဆင်လွယ်ပြီး ဝါခြောက်ဆယ်ရ မထေရ်ကဲ့သို့ ထင်ရှား ဖြစ်ပေါ်လာခဲ့လေသည်။

ထိုနေ့သည်ကား ဘင်္ဂတိုင်းသား မာဂဓတိုင်းသား လူအများက ဇမ္ဗုကအတွက် ပူဇော်ဖွယ်ဝတ္ထုများ ယူဆောင်၍ ပူဇော်ရန် လာသောနေ့ ဖြစ်သည်။ ထိုသူများသည် ဗုဒ္ဓကို ဖူးတွေ့ကြသော်...

"အသို့နည်း...ငါတို့၏ဆရာ ဇမ္ဗုကပင် မြင့်မြတ်သလော၊ သို့မဟုတ် ရဟန်းဂေါတမကပင် မြင့်မြတ်သလော"

ဟု တွေးတောကြံစည် စဉ်းစားကြသည်။

"အကယ်၍သာ ရဟန်းဂေါတမကသာ မြင့်မြတ်သူ ဖြစ်ခဲ့လျှင် ဤဇမ္ဗုကသည် ရဟန်းဂေါတမထံသို့ သွားရာ၏။ ယခုမှာမူ ငါတို့အရှင် ဇမ္ဗုကကသာ သာလွန်မြင့်မြတ်သောကြောင့် ရဟန်းဂေါတမသည် ငါတို့ ဆရာ ဇမ္ဗုကတက္ကတွန်းထံ လာရလေသည်"

ဟူ၍ ကြံစည်မိကြပြန်လေသည်။

ဗုဒ္ဓသည် လူအပေါင်း၏ အကြံအစည်များကို သိမြင်တော်

မှု၍...

"ချစ်သားဇမ္ဗုက သင်၏အလုပ်အကျွေး ဒါယကာများ၏ ယုံမှားချက်ကို သင်ချစ်သားပင် ဖြတ်တောက်လေလော့"

ဟူ၍ မိန့်ကြားတော်မူသည်။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တပည့်တော်သည် ပရိသတ်၏ ယုံမှားမှုကို ပယ်ဖျောက်ရန်ပင် လိုလားတောင့်တ လျက် ရှိပါ၏ဘုရား"

ဟု လျှောက်ထားပြီး စတုတ္ထစျာန်ကို ဝင်စားပြီး ကောင်းကင် သို့ ပျံတက်ကာ...

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ မြတ်စွာဘုရားသည် တပည့်တော်၏ ဆရာသခင် ဖြစ်တော်မူပါ၏။ တပည့်တော်ကား အရှင်ဘုရား၏ တပည့်သာဝက ဖြစ်ပါ၏ဘုရား"

ဟု လျှောက်ထားပြီး မြေသို့သက်ဆင်းခဲ့ပြီး ဗုဒ္ဓကို ရှိသေစွာ ရှိခိုးသည်။

ထို့နောက် ထန်းနှစ်ဆင့်ခန့်၊ သုံးဆင့်ခန့်၊ လေးဆင့်ခန့်၊ ငါးဆင့်ခန့်၊ ခြောက်ဆင့်ခန့်၊ ခုနစ်ဆင့်ခန့် အဆင့်ဆင့်ပျံတက် ပြပြီး မြေသို့သက်လိုက် ဆင်းလိုက်ပြုကာ မိမိသည် တပည့် သာဝကဖြစ်ကြောင်း လူအများ ထင်ရှားသိစေအောင် ဆောင်ရွက် ပြုလုပ်လေသည်။

ထိုအခါကျမှ လူများအပေါင်းသည် ဗုဒ္ဓကို အံ့သြချီးမွမ်းကြ ကာ ဗုဒ္ဓကို အရိုအသေပြုကြလေသည်။ ထိုအခါ ဗုဒ္ဓက...

"ဒါယကာတို့... ဤဇမ္ဗုကသည် ဤမျှ (၅၅)နှစ်တို့ကာလ

www.dhammaransi.com



ပတ်လုံး သင်တို့ယူဆောင်အပ်သော ပုဇော်ဖွယ် ဝတ္ထုများကို သံမန်းမြက်ဖျားဖြင့် လျှာဖျား၌ထားရုံကာ ခြိုးခြံသောအကျင့်ကို ငါကျင့်၏ဟု ပြောဆိုဝါကြွားကာ ဤအရပ်၌ နေထိုင်ခဲ့လေပြီ။

ဤဇမ္ဗုကသည် ထိုနည်းဖြင့် အနှစ်တစ်ရာကာလကြာအောင် အစာမစားဘဲ ခြိုးခြံသောအကျင့်ကို အကယ်၍ ဆက်ကာ ဆက်ကာ ဖြည့်ကျင့်ငြားအံ့၊ ဤဇမ္ဗုက၏ ယခု အရိယာဖြစ်သော အခါဝယ် အချိန်ကိုဖြစ်စေ၊ ဆွမ်းကိုဖြစ်စေ အပ်သလော၊ မအပ် သလောဟု အလိုလို ကုက္ကုစ္စဖြစ်၍ မစားဘဲနေသည့်အတွက် ဖြစ်ပေါ်လာသောဆွမ်းကို ဖြတ်တောက်သည့် အပြစ်မရှိသော စေတနာသည် ရှိခဲ့ငြားအံ့၊ ထိုဖြစ်ပေါ်လာသော အပြစ် ကောင်း သော စေတနာ၏ ၂၅၆ စိတ် စိတ်၍ တစ်စိတ်လောက်မျှ ထိုအနှစ်တစ်ရာ ခြိုးခြံသောအကျင့်သည် အဖိုးမထိုက်ပါချေ"

သစ္စာလေးပါးကို သိမြင်၊ အရိယာအရှင်မြတ်တို့၏ အချိန် နှင့် ဆွမ်းကို သံသယရှိသည့်အတွက် မစားဘဲနေသောအခါ ဖြစ်ပေါ်သည့် အပြစ်ကင်းသော စေတနာတစ်ခု၏ အကျိုးတရား ကို (၁၆)စိတ်၊ (၁၆)ပြန်စိတ်၍ (၂၅၆)စိတ် စိတ်၍ တစ်စိတ်သာ ရှိသည်၊ ထိုတစ်စိတ်သည်သာလျှင် တိတ္ထိရဟန်းတို့ အနှစ်တစ်ရာ ကြာအောင် မှားယွင်းစွာ ခြိုးခြံစွာကျင့်သော အကျင့်ထက် အကျိုး ကြီးမြတ်လှသည်ဟု ဆိုလိုပါသည်။

ဗုဒ္ဓ၏ ထိုဒေသနာတော်အဆုံးဝယ် ပရိသတ်ရှစ်သောင်း လေးထောင်တို့ အကျွတ်တရား အမှန်တရား ရကြလေသည်။

**ဓမ္မပဒအဋ္ဌကထာ၊ ဗာလဝဂ် အာဇီဝကဝတ္ထု၊**

www.dhammaransi.com



## ဗုဒ္ဓနှင့် သေနိယ ပုဏ္ဏဘက္ကတွန်း (ကံလေးမျိုး ဟောကြားမှု)

ဗုဒ္ဓသည် ကောလိယတိုင်း၊ မာလိဒ္ဒသန အမည်ရှိသော နိဂုံး၌ သီတင်းသုံးနေချိန် ဖြစ်သည်။

ကောလိယမျိုးနွယ်ဖြစ်သော နွားအကျင့်ကို ကျင့်သော ပုဏ္ဏားနှင့် ခွေးအကျင့်ကိုကျင့်သော သေနိယတက္ကတွန်း နှစ်ယောက်တို့သည် ဗုဒ္ဓထံသို့ ရောက်လာကြသည်။

သေနိယသည် ဗုဒ္ဓနှင့် ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကား ပြောပြီး နိမ့်သောနေရာ၌ ခွေးကဲ့သို့ ခွေအိပ်နေသည်။ ပုဏ္ဏလည်း ဗုဒ္ဓနှင့် နှုတ်ဆက်စကားပြောပြီး...

"အရှင်ဘုရာ... အဝတ်မဝတ်၊ ခွေးလိုကျင့်နေသော ဤသေနိယသည် ပြုနိုင်ခဲ၊ ကျင့်နိုင်ခဲသောအမှုကို ပြု၏။ မြေ၌ချထားသော အစာကို စား၏။ ထိုအကျင့်ကို ကြာမြင့်စွာသော ကာလပတ်လုံး ပြည့်စုံစွာ ဆောက်တည်ခဲ့၏။ ထိုသေနိယ ကွယ်လွန်သော် သူ၏လားရာဂတိကား အဘယ်သို့ပါနည်း"

ဟု လျှောက်သည်။

"ပုဏ္ဏ... ဤပြဿနာကို မမေးလင့်၊ ဖြေဆိုရန်မသင့်"

ဗုဒ္ဓက ဤသို့ငြင်းပယ်သော်လည်း ပုဏ္ဏသည် ထိုမေးခွန်းကိုသာ ထပ်ကာ ထပ်ကာ မေးနေသဖြင့် ဗုဒ္ဓက...

"ပုဏ္ဏ...ငါသည် သင့်အား မသင့်လျော်ချေ၊ ဤပြဿနာကို ရှိစေဦးလော့၊ ငါ့ကို ဤပြဿနာကို မမေးလင့်ဟု ဆိုသော်လည်း မရခဲ့။ သို့ဖြစ်၍ သင့်အား ငါဖြေကြားပေအံ့။ ဤလောက၌

www.dhammaransi.com



ခွေးတို့၏ အလေ့အကျင့် စိတ်နေစိတ်ထားနှင့် အမူအရာတို့ကို အမြဲမပြတ် ပြီးပြည့်စုံအောင် လေ့ကျင့်ပွားများသူသည် သေလွန်သောအခါတွင် ခွေးတို့၏ အပေါင်းအဖော်အဖြစ် ရောက်၏။ အကယ်၍ ထိုသူကား ငါသည် ဤအကျင့်ဖြင့် ထင်ရှားသော နတ်သော်လည်းကောင်း၊ မထင်ရှားသောနတ်သော် လည်းကောင်း ဖြစ်ရလိမ့်မည်ဟု အယူအစွဲရှိငြားအံ့။ ထိုအယူအစွဲသည် မှားသည်။ မှားသောအယူအစွဲရှိသူအား ငရဲ၊ တိရစ္ဆာန်ဟူသော လားရာဂတိနှစ်မျိုးတွင် တစ်မျိုးမျိုးသော လားရာဂတိသို့ ရောက်၏ဟု ငါဟော၏"

ဗုဒ္ဓက ထိုကဲ့သို့ ဟောလိုက်သောအခါ သေနိယသည် မျက်ရည်တဖြိုင်ဖြိုင်ကျလျက် သည်းစွာငိုကြွေးလေသည်။

"ပုဏ္ဏ...သင့်ကို ငါက ဤပြဿနာကို မမေးရန် တားမြစ်ခဲ့သည်၊ မရခဲ့ချေ"

ဟု မိန့်ကြားသောအခါ သေနိယက...

"အရှင်ဘုရား... ကျွန်ုပ်ကို အရှင်ဘုရား ဤကဲ့သို့ဟော၍ ငိုကြွေးသည် မဟုတ်ပါ။ စင်စစ်အားဖြင့် တပည့်တော်သည် ဤခွေးအကျင့်ကို ရှည်မြင့်စွာကာလပတ်လုံး ပြည့်ပြည့်စုံစုံ ဆောက်တည်ထားမိခဲ့၍ ငိုကြွေးခြင်း ဖြစ်ပါသည် ဘုရား။

"အရှင်ဘုရား... ကောလိယနွယ်ဖွား နွားအကျင့်ကို ကျင့်သော ပုဏ္ဏား၏လားရာဂတိသည် အဘယ်သို့ရှိပါသနည်းဘုရား"

ဟု သေနိယက ဆက်လက်မေးသည်။

ဗုဒ္ဓက ထိုမေးခွန်းကို မမေးရန် တားမြစ်သော်လည်း မရ။

www.dhammaransi.com



ဆက်လက် မေးသဖြင့် ဗုဒ္ဓက နွားအကျင့်ကို ကျင့်သောသူ သည်လည်း သေနိယကဲ့သို့ပင် ငရဲနှင့် တိရစ္ဆာန်ဘဝသို့ လားရာ ဂတိရှိကြောင်း ဟောကြားသည်။

ထိုအခါ ပုဏ္ဏသည်လည်း မျက်ရည်တဖြိုင်ဖြိုင်ကျပြီး သည်းစွာငိုကြွေးလေသည်။ ထိုသို့ငိုကြွေးခြင်းသည်လည်း ထိုနွား အကျင့်ကို ကာလကြာမြင့်စွာ ပြည့်ပြည့်စုံစုံ ဆောက်တည်ထား မိခဲ့၍ ငိုကြောင်း ပုဏ္ဏက လျှောက်ထားသည်။

"အရှင်ဘုရား...တပည့်တော်သည် ဗုဒ္ဓဉ် ဤသို့ ကြည်ညို ယုံကြည်မိပါ၏။ ကျွန်ုပ်သည် နွားအကျင့်ကို စွန့်နိုင်သည့် အခြင်း အရာ၊ သေနိယသည် ခွေးအကျင့်ကို စွန့်နိုင်မည့်အခြင်းအရာ တို့ကို ဗုဒ္ဓသည် ဟောပြောပြသနိုင်လိမ့်မည်ဟု ယုံကြည်မိပါ သည်။ ဟောပြောပေးတော်မူပါဘုရား"

ဟူ၍ ပုဏ္ဏတက္ကတွန်းက ဆက်လက်လျှောက်ထားသည်။

"ပုဏ္ဏ...ငါသည် ကိုယ်ပိုင်ဉာဏ်ဖြင့် ထိုးထွင်းသိ၍ မျက် မှောက်ပြုထား၊ ဟောကြားအပ်သော ကံတို့သည် လေးမျိုး ရှိပါ၏။

- မည်းညစ်၍ မည်းညစ်သောအကျိုးကို ပေးသောကံ
- ဖြူစင်၍ ဖြူစင်သောအကျိုးကို ပေးသောကံ
- မည်းညစ်ခြင်း၊ ဖြူစင်ခြင်း နှစ်ပါးစုံရော၍ နှစ်ပါးစုံ ရောပြွမ်း အကျိုးပေးသောကံ
- မည်းညစ်သည်လည်း မဟုတ်၊ ဖြူစင်သည်လည်း မဟုတ်၊ ယင်းနှစ်ပါးစုံ မဟုတ်သော အကျိုးပေးသောကံ

www.dhammaransi.com



"ပုဏ္ဏ...ဤလောက၌ အချို့သူသည် ဆင်းရဲခြင်းနှင့်တကွ ဖြစ်သော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့ကို ဖြစ်စေ၏။ ထို့ကြောင့် ထိုသူသည် ဆင်းရဲခြင်းနှင့်တကွဖြစ်သော လောကသို့ ရောက်၍ စင်စစ် ဆင်းရဲသော ဝေဒနာကို ခံစားရ၏။ ဥပမာ- ငရဲသို့ ကျရောက်ကြသော သတ္တဝါများ ဖြစ်ကြသည်။

ဤကား မည်းညစ်၍ မည်းညစ်သောအကျိုးရှိသောကံ-ဟု ဆိုပါ၏။

ပုဏ္ဏ... ဤလောက၌ အချို့သောသူသည် ဆင်းရဲခြင်း မရှိသော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့ကို ဖြစ်စေ၏။ ထို့ကြောင့် ထိုသူသည် ဆင်းရဲခြင်းမရှိသော လောကသို့ရောက်၍ စင်စစ် ချမ်းသာသောဝေဒနာကို ခံစားရ၏။ ဥပမာ-သုဘကိဏှာ ဗြဟ္မာများ ဖြစ်ကြ၏။

ဤကံကို ဖြူစင်၍ ဖြူစင်သော အကျိုးရှိသောကံဟု ဆိုအပ်၏။

"ပုဏ္ဏ... ဤလောက၌ အချို့သူသည် ဆင်းရဲခြင်းရှိသော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့ကိုလည်းကောင်း၊ ဆင်းရဲခြင်း မရှိသော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့ကိုလည်းကောင်း ဖြစ်စေ၏။ ထို့ကြောင့် ထိုသူသည် ဆင်းရဲခြင်းရှိသည်လည်းဖြစ်၊ မရှိသည်လည်းဖြစ်သော လောကသို့ရောက်၍ ဆင်းရဲချမ်းသာ ပွမ်းသော ဝေဒနာတို့ကို ခံစားရ၏။ ဥပမာ-လူနှင့် အချို့သော နတ်၊ အချို့သော ဝိနိပါတိက အသူရာတို့ဖြစ်၏။

ဤကံကို မည်းညစ်ခြင်း၊ ဖြူစင်ခြင်း နှစ်ပါးစုံရောသည်

www.dhammaransi.com



ဖြစ်၍ နှစ်ပါးစုံရောသော အကျိုးရှိသောကံဟု ဆိုပါ၏။

"ပုဏ္ဏ...အထက်ပါကံသုံးမျိုးတို့ကို ပယ်သတ်ရန် စေဆော်မှု (မဂ်စေတနာ)ကို မည်းညစ်သည်လည်း မဟုတ်၊ ဖြူစင်သည်လည်း မဟုတ်သည်ဖြစ်၍ ယင်းနှစ်ပါး စုံမဟုတ်သော အကျိုးရှိသောကံဟု ဆို၏"

ဗုဒ္ဓ၏တရားတော်အဆုံးဝယ် နွားအကျင့်ရှိသော ပုဏ္ဏသည် ဗုဒ္ဓ၏ တရားသည် အလွန်နှစ်သက်ဖွယ်ရှိသည်ဟု ချီးကျူး ဝမ်းမြောက်စကား ပြောကြားပြီး ရတနာသုံးပါးကို ဆည်းကပ် ကိုးကွယ်သော ဥပါသကာအဖြစ် ခံယူလေသည်။

အဝတ်မဝတ်၊ ခွေးအကျင့်ကိုကျင့်သော သေနိယကလည်း ဗုဒ္ဓ၏ တရားကို အလွန်နှစ်သက်ဖွယ်ရှိသော တရားဟု နှစ်သက် ရွှင်လန်း ဝမ်းမြောက်ချီးကျူးစကား လျှောက်ထားပြီး ဗုဒ္ဓထံ၌ ရဟန်းပြုခွင့်ကို ခွင့်ပန်လျှောက်ထားလေသည်။

ထိုအခါ ဗုဒ္ဓက အခြားတက္ကတွန်းများကို ရှင်းပြသကဲ့သို့ ပြင်ပမှ အခြားအယူရှိသူများသည် လေးလ ပရိဝါသ်ဆောက် တည်ပြီးမှ သံဃာက ကျေနပ်သော် ရဟန်းပြုခွင့်ပြုကြောင်း မိန့်ကြားသည်။

သေနိယက ရဟန်းပြုခွင့်သာရမည်ဆိုပါက လေးလမက လေးနှစ်လည်း နေပါမည်ဟု လျှောက်ထားသဖြင့် ဗုဒ္ဓက သေနိယ ၏ ပါရမီ ရင့်သန်မှု ထက်သန်သောစိတ်ရှိမှုကို သိရှိကာ ရှင်ရဟန်းပြုပေးလေသည်။

သေနိယသည် ရဟန်းဖြစ်၍ မကြာမမြင့်မီ တစ်ပါးတည်း

www.dhammaransi.com



ဆိတ်ငြိမ်ရာသို့ကပ်၍ မမေ့မလျော့ ပြင်းစွာ တရားအားထုတ်တော်မူရာ မကြာခင် ရဟန္တာဖြစ်လေသည်။

**(မဇ္ဈိမပဏ္ဏာသ၊ ဂဟပတိဝဂ်၊ ကုက္ကုရဝတိကသုတ်)**

## ဗုဒ္ဓနှင့် မတ်တတ်ရပ်ကျင့် နိဂဏ္ဌတက္ကတွန်းများ (ချမ်းသာအစစ်ကို ခံစားရသူ)

ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုတ်တောင်၌ သီတင်းသုံးနေ ထိုင်၏။

များစွာသော နိဂဏ္ဌတို့သည် ကာသိဂိလိတောင်နံဘေး ကျောက်ဖျာထက်ပေါ်၌ ထိုင်နေခြင်းကို ပယ်ကြကုန်လျက် မတ်တတ်ရပ်၍ နေကြကုန်သည်။

အားထုတ်မှုကြောင့်ဖြစ်သော ထက်မြက်ကြမ်းတမ်း စပ်ရှားသော ဆင်းရဲဝေဒနာတို့ကို ခံစားကုန်လျက် ကျင့်နေကြ၏။

ဗုဒ္ဓသည် ညနေချမ်းအချိန်ဝယ် ထိုနိဂဏ္ဌတို့ထံ ကြွရောက်ပြီးလျှင်...

"ငါ့ရှင်နိဂဏ္ဌတို့... အဘယ်ကြောင့် သင်တို့သည် ထိုင်နေခြင်းကို ပယ်၍ မတ်တတ်ရပ်နေကြလျက် အားထုတ်ခြင်းကြောင့်ဖြစ်သော ထက်မြက်ကြမ်းတမ်း စပ်ရှားသော ဆင်းရဲကို ခံစားနေကြကုန်သနည်း"

ဟု မေးသည်။

"ငါ့ရှင်ဂေါတမ... နာဋပုတ္တ၏သား နိဂဏ္ဌသည် အလုံးစုံကို သိ၏။ အလုံးစုံကို မြင်၏။ သွားနေစဉ်၊ ရပ်နေစဉ်၊ အိပ်နေစဉ်၊

www.dhammaransi.com



နိုးနေစဉ် ဉာဏ်အမြင်သည် ငါ့အား အမြဲမပြတ် ရှေးရှုထင်၏ဟု ဉာဏ်အမြင်အကြောင်းကို အကြွင်းမဲ့ဝန်ခံ၏။ သူက ကျွန်ုပ်တို့ကို 'အို...နိဂဏ္ဌတို့...ရှေး၌ပြုထားသော မကောင်းမှုကံသည် ရှိသည်သာတည်း။ ထိုမကောင်းမှုကံကို ဤ၌ စပ်ရှားလှသည့် ပြုနိုင်ခဲသော အကျင့်ကို ကျင့်ခြင်းဖြင့် ခြေဖျက်ကြကုန်လော့။ ယခုဘဝ၌ ကိုယ်ဖြင့် စောင့်စည်းခြင်း၊ နှုတ်ဖြင့်စောင့်စည်းခြင်း၊ စိတ်ဖြင့် စောင့်စည်းခြင်းသည်ပင် နောင်ဘဝ၌ မတိုးပွားခြင်းကြောင့် ကံကုန်၏။ ကံကုန်ခြင်းကြောင့် ဆင်းရဲကုန်၏။ ဆင်းရဲ ကုန်ခြင်းကြောင့် ခံစားခြင်း(ဝေဒနာ) ကုန်၏။ ခံစားခြင်း ကုန်ခြင်းကြောင့် ဆင်းရဲအားလုံးသည် ပျက်ပြုန်းလတ္တံ့'ဟု ဆိုပါသည်။ ထိုစကားကို ငါတို့သည် ကျေနပ်နှစ်သက် ဝမ်းမြောက်ကြပါကုန်၏"

နိဂဏ္ဌတို့က ဤသို့ဖြေကြားသောအခါ ဗုဒ္ဓက ထပ်မံမေးသည်။

"ငါ့ရှင်တို့... သင်တို့သည် ရှေးကဖြစ်ခဲ့ဖူးသည်၊ မဖြစ်ခဲ့ဖူးသည်ကို သိကြပါ၏လော"

"အရှင်ဂေါတမ... ငါတို့သည် ဤသို့ မသိကြပါ"

"ငါ့ရှင်တို့... သင်တို့သည် ရှေးက မကောင်းမှုတို့ကို ပြုခဲ့ဖူး၏၊ မပြုခဲ့ဖူး၏ဟူ၍ သိကြပါသလော"

"အရှင်ဂေါတမ... ဤသို့လည်း မသိကြပါ"

"ငါ့ရှင်တို့... သင်တို့သည် ဤသို့ ဤသို့သော မကောင်းမှုများကို ပြုခဲ့ဖူးကုန်၏ဟူ၍ သင်တို့ သိကြပါသလော"

"အရှင်ဂေါတမ... ဤသို့လည်း မသိကြပါ"

“ငါ့ရှင်တို့... သင်တို့သည် ဤမျှသော ဆင်းရဲကို ခြေဖျက်ပြီးပြီ၊ ဤမျှသောဆင်းရဲကား ကျန်သေး၏ဟူ၍ သိကြပါသလော”

“အရှင်ဂေါတမ...ဤသို့လည်း မသိကြပါ”

“ငါ့ရှင်တို့... ဤမျက်မှောက်ဘဝ၌ပင် အကုသိုလ်တရားတို့၏ ပျောက်ကင်းခြင်းကို ကုသိုလ်တရားတို့၏ ပြည့်စုံခြင်းကို သင်တို့ သိကြကုန်သလော”

“အရှင်ဂေါတမ...ဤအကြောင်းကိုလည်း မသိကြပါ”

“ငါ့ရှင်တို့... ဤဆိုအပ်ခဲ့ပြီးသော အကြောင်းအရာ အချက်အလက်တို့ကို မသိကြသော် လောက၌ ကြမ်းတမ်းရက်စက်၍ သွေးလူး သော လက်ရှိသောသူတို့သည် လူ့ပြည်၌ လူဖြစ်လာကြကာ နိဂဏ္ဌတို့ထံ၌ ရဟန်းပြုနေကြသည် ဖြစ်တန်ရာ၏တကား”

“အရှင်ဂေါတမ... ချမ်းသာဖြင့် ချမ်းသာကို မရနိုင်ပါ။ ဆင်းရဲဖြင့်သာ ချမ်းသာကို ရနိုင်ပါသည်။ အကယ်၍ ချမ်းသာဖြင့် ချမ်းသာကို ရနိုင်ခဲ့သော် မာဂဓတိုင်းကို အစိုးရသော ဗိမ္ဗိသာရမင်းကြီးသည် ချမ်းသာကို ရပေရာ၏။ အဘယ်ကြောင့်ဆိုသော် ထိုမင်းကြီးသည် အရှင်ဂေါတမထက် ပို၍ချမ်းသာစွာနေသူ ဖြစ်သောကြောင့် ဖြစ်ပါသည်”

“ငါ့ရှင်တို့... သင်တို့သည် စကားကို မစူးစမ်း ဆိုသည် ဖြစ်ရာ၏။ စင်စစ် ငါနှင့် ဗိမ္ဗိသာရမင်း နှစ်ဦးတို့တွင် မည်သူက ပို၍ ချမ်းသာစွာနေရသည်ကို ရှေးဦးစွာ ငါ့အား သင်တို့ မေးသင့်၏”

www.dhammaransi.com



"အရှင်ဂေါတမ... ဤသို့ဆိုသော် ယခုပင် မေးပါမည်။ အရှင်ဂေါတမနှင့် ဘုရင်ဗိမ္ဗိသာရ နှစ်ဦးတို့တွင် မည်သူသည် ပို၍ချမ်းသာစွာ နေရပါသနည်း"

"ငါ့ရှင်တို့... သင်တို့ကို ငါတစ်ခု ပြန်မေးပါမည်။ သင်တို့ ကြိုက်သလို ဖြေကြပါလော့။ ဗိမ္ဗိသာရမင်းသည် ကိုယ်ကလည်း မလှုပ်၊ နှုတ်ကလည်း မပြောဘဲ ခုနစ်ရက်ပတ်လုံး စင်စစ် ချမ်းသာခြင်းကို ခံစား၍ နေခြင်းငှာ စွမ်းနိုင်ပါသလော"

"အရှင်ဂေါတမ... စွမ်းနိုင်မည် မထင်ပါ"

"ငါ့ရှင်တို့...ဘုရင်ဗိမ္ဗိသာရသည် တစ်ရက်မျှပင် ဤကဲ့သို့ နေခြင်းငှာ စွမ်းနိုင်ပါသလော"

"အရှင်ဂေါတမ...စွမ်းနိုင်မည် မထင်ပါ"

"ငါ့ရှင်တို့... ငါသည်ကား ကိုယ်ဖြင့်လည်းမလှုပ်၊ နှုတ်ဖြင့် လည်း မမြွက်ဘဲ တစ်ရက်ပတ်လုံးလည်းကောင်း၊ ခုနစ်ရက်ပတ် လုံးလည်းကောင်း စင်စစ်ချမ်းသာခြင်းကို ခံစားလျက်နေခြင်းငှာ စွမ်းနိုင်ပါ၏။ ငါ့ရှင်တို့ သင်တို့ မည်သို့မှတ်ထင်ပါသနည်း။ ငါနှင့် ဘုရင်ဗိမ္ဗိသာရ နှစ်ဦးတွင် အဘယ်သူသည် သာလွန်၍ ချမ်းချမ်းသာသာ နေရပါသနည်း"

"အရှင်ဂေါတမ... ဤသို့ဆိုက အရှင်ဂေါတမကသာ သာလွန်၍ ချမ်းသာစွာနေရသူ ဖြစ်ပါမည်"

ဟု ဝန်ခံကြသည်။

ဗုဒ္ဓသည် ကာမဂုဏ်ငါးပါးသည် ဆင်းရဲတုံ့အတိဖြစ် ကြောင်း အတွင်းသန္တာန်၌ တပ်မက်ခြင်း၊ စိတ်ဆိုးခြင်း၊ တွေဝေ

www.dhammaransi.com



ခြင်းတရားတို့ကို ပယ်သတ်နိုင်ပါက ကာမဂုဏ်တို့ကို ခံစားသဖြင့် ဆင်းရဲဖြစ်ကြောင်း မဟာနာမ်ကို ဟောပြောပြခဲ့ရာမှ ဉာဏ်နိဂဏ္ဌာတို့နှင့် တွေ့ပုံကို ဟောကြားပြခြင်း ဖြစ်ပါသည်။ မဟာနာမ်မင်းက ဗုဒ္ဓကို…

"အရှင်ဘုရား… တပည့်တော်သည် ကာလရှည်မြင့်စွာ တပ်မက်ခြင်း၊ စိတ်ဆိုးခြင်း၊ တွေဝေခြင်းတို့သည် စိတ်၏အညစ်အကြေးများဖြစ်ကြောင်း ဗုဒ္ဓက ဟောကြားခဲ့၍ ကြားနာမိခဲ့ရပါသည်။ သို့ဖြစ်လျက်လည်း တစ်ခါတစ်ရံ ထိုတရားတို့သည် တပည့်တော်၏ စိတ်ကို လွှမ်းမိုးဖိစီးခဲ့ကြပါသည်။

"အရှင်ဘုရား… တပည့်တော်သည် အဘယ်တရားများကို မပယ်စွန့်သဖြင့် ထိုတရားတို့သည် ငါ၏စိတ်ကို လွှမ်းမိုးဖိစီးပါကုန်လိမ့်မည်နည်းဟု စဉ်းစားကြံစည်မိပါသည်"

ဟု လျှောက်ထားသည်။ ထိုအခါ ဗုဒ္ဓက…

"အချင်းမဟာနာမ်… တပ်မက်ခြင်း၊ စိတ်ဆိုးခြင်း၊ တွေဝေခြင်းတို့က သင်၏စိတ်ကို တစ်ခါတစ်ရံ လွှမ်းမိုးဖိစီးခြင်းသည် သင်၏ အတွင်းသန္တာန်၌ ထိုတရားများကို မပယ်ရှားရသေးသောကြောင့် ဖြစ်ပါသည်။ ထိုတရားများကို ပယ်ရှားပြီးကလည်း သင်သည် အိမ်ရာတည်ထောင် လူ့ဘောင်၌ နေတော့မည်မဟုတ်။ ကာမဂုဏ်များ ခံစားတော့မည်မဟုတ်။ မပယ်သေးသောကြောင့် လူ့ဘောင်၌နေပြီး ကာမဂုဏ်ကို ခံစားနေပါ၏။

"မဟာနာမ်… အရိယာ၏တပည့်သည် ကာမဂုဏ်တို့၏ သာယာဖွယ် နည်းပါး၍ ဆင်းရဲပင်ပန်းခြင်း များပုံကို ဟုတ်တိုင်း

www.dhammaransi.com



မှန်စွာ သိမြင်သော်လည်း ဈာန်ကို မရသေးပါက ကာမဂုဏ်တို့၌ ပြန်လှည့်ခြင်းမရှိသူ မဖြစ်နိုင်ပါ။ ဈာန်ရသော် ကာမဂုဏ်တို့၌ ပြန်လှည့်ခြင်းမရှိသူ ဖြစ်ပါမည်။

"အချင်းမဟာနာမ်...ငါသည် သစ္စာလေးပါးကို ထိုးထွင်း၍ မသိသေးသော ဘုရားလောင်းဘဝက ကာမဂုဏ်တို့၏ သာယာဖွယ် နည်းပါး၍ ဆင်းရဲပင်ပန်းခြင်း များပုံကို ဟုတ်တိုင်းမှန်စွာ သိမြင်ခဲ့ပါသော်လည်း ဈာန်ကို မရသေးသမျှကာလပတ်လုံး ကာမဂုဏ်တို့၌ ပြန်လှည့်ခြင်း မရှိသူဟူ၍ ဝန်မခံခဲ့ပါ။ ဈာန်ကို ရရှိသောအခါမှသာ ကာမဂုဏ်တို့၌ ပြန်လှည့်ခြင်း မရှိသူဟူ၍ ဝန်ခံခဲ့ပါသည်"

ဟူ၍ ဗုဒ္ဓက အဖြေပေးခဲ့ပါသည်။

**(မူလပဏ္ဏာသ၊ သီဟနာဒဝဂ်၊ စူဠဒုက္ခက္ခန္ဓသုတ်)**

## ဗုဒ္ဓနှင့် နိဂဏ္ဌာတက္ကတွန်းများ
## (ရှေးဘဝက ပြုခဲ့သောကံကြောင့် ချမ်းသာ၊ ဆင်းရဲ ခံစားရမှု)

ဗုဒ္ဓသည် သာကီဝင်မင်းတို့၏ ဒေဝဒဟမည်သော နိဂုံး၌ သီတင်းသုံးနေချိန် ဖြစ်သည်။

ထိုအခါ ဗုဒ္ဓသည် ရဟန်းများကို မိမိနှင့် နိဂဏ္ဌာတက္ကတွန်းတို့ တွေ့ဆုံပြီး သူတို့၏ ကျင့်စဉ်တရားများနှင့် ပတ်သက်၍ မေးမြန်းစုံစမ်းမှု အခြေအနေတို့ကို ပြန်လည်မိန့်ကြားတော်မူလေသည်။

"ရဟန်းတို့... ပုဂ္ဂိုလ်သတ္တဝါသည် ချမ်းသာမှု၊ ဆင်းရဲမှု၊

www.dhammaransi.com



ချမ်းသာ ဆင်းရဲမဟုတ်သော ခံစားမှု(ဥပေက္ခာ)ဟူသမျှကို ခံစားရခြင်းမှာ ရှေးကပြုခဲ့သော အတိတ်ကံကြောင့်သာ ဖြစ်၏ဟူ၍ ပြောဆိုယူဆလေ့ရှိသော ရဟန်း၊ ပုဏ္ဏားအချို့ ရှိ၏။

အကျင့်ကံဟောင်းများကို ကင်းပျောက်စေပြီး ကံသစ်များကိုလည်း နောက်ထပ်မပြုလုပ်ခဲ့လျှင် နောက်ထပ်ပွားစီးခြင်း မရှိတော့၊ နောက်ထပ် မဖြစ်ပွားခဲ့လျှင် ကံကုန်၏၊ ကံကုန်လျှင် ဆင်းရဲကုန်၏။ ဆင်းရဲ ကုန်လျှင် ခံစားမှု ကုန်၏၊ ခံစားမှု ကုန်လျှင် ဆင်းရဲအားလုံး ကြေပျက်လိမ့်မည်ဟူ၍ ထိုရဟန်း ပုဏ္ဏားတို့က ဆိုကြလေ့ရှိကြသည်။

"ရဟန်းတို့...ငါသည် ထိုသို့ပြောဆိုလေ့ရှိသော နိဂဏ္ဌတို့ ထံသို့ ချဉ်းကပ်ကာ ဤသို့ အမေးအဖြေ ပြုခဲ့သည်"

ဟု ဗုဒ္ဓက မိန့်ကြားကာ အကြောင်းစုံကို ဆက်လက် မိန့်ကြားတော်မူသည်။

"နိဂဏ္ဌဆရာတို့...ခံစားမှုမှန်သမျှ ရှေးကံကြောင့် ဖြစ်သည်ဟု ပြောဆို ကြခြင်းဆိုသည်မှာ မှန်ပါသလော"

"မှန်ပါသည်... ရဟန်းဂေါတမ"

"ငါ့ရှင်တို့... သင်တို့သည် ရှေးက ငါတို့ဖြစ်ဖူးကြကုန်၏ဟု သိကြ ပါသလော"

"အရှင်ဂေါတမ... ကျွန်ုပ်တို့ မသိကြပါ"

"ငါ့ရှင်တို့... သင်တို့သည် ဤသို့သော မကောင်းမှုကံတို့ကို ငါတို့ ပြုဖူးကုန်၏ဟု သိကြပါသလော"

"အရှင်ဂေါတမ... ကျွန်ုပ်တို့ မသိကြပါ"

"ငါ့ရှင်တို့... သင်တို့သည် ဤမျှသော ဆင်းရဲကား ကြေပျက်ပြီ ပြီ၊ ဤမျှသောဆင်းရဲကား ခြေဖျက်ရန် ကျန်သေးသည်၊ ဤမျှသောဆင်းရဲ ကြေပျက်ခဲ့သော် ဆင်းရဲအားလုံး ကြေပျက်လိမ့်မည်ဟု သိကြပါသလော"

"အရှင်ဂေါတမ... ဤသို့လည်း ကျွန်ုပ်တို့ မသိကြပါ"

"ငါ့ရှင်တို့... သင်တို့သည် ယခုမျက်မှောက်ဘဝ၌ပင် အကုသိုလ် တရားများ ကင်းကွာ၍ ကုသိုလ်တရားများ ပြည့်စုံခြင်းကို သိကြပါသလော"

"အရှင်ဂေါတမ... ကျွန်ုပ်တို့ မသိကြပါ"

"ငါ့ရှင်တို့... ဤသို့မသိခဲ့ကြသော် ခံစားမှုဟူသမျှ ရှေးကံကြောင့် ဖြစ်သည်ဟူသော စကားကို ပြောဆိုရန် မသင့်ကြချေ။

"ငါ့ရှင်တို့...ဥပမာအားဖြင့် ဆိပ်လူးမြား စူးခံရသော ယောကျ်ားသည် မြားစူးသောဝေဒနာကြောင့် ပြင်းထန်သော ဆင်းရဲကို ခံစားရရာ၏။ ဆွေမျိုး မိတ်ဆွေတို့က ဆေးဆရာကို ပင့်ခေါ်လာ၍ ထိုဆရာက ဓားငယ်ဖြင့် အနာဝကို ခွဲစိတ်ခဲ့သော် ထိုခွဲစိတ်မှုကြောင့် ပြင်းထန်သောဆင်းရဲကို ခံစားရာ၏။

ထိုဆေးဆရာက ခြောင့်ဆူးကို ရှာဖွေရန် မွှေနှောက်သော် ထိုကြောင့် ပြင်းထန်သောဆင်းရဲကို ခံစားရာ၏။

မြားခြောင့်ကို နုတ်ယူသောအခါ၌လည်း ပြင်းထန်သော ဆင်းရဲကို ခံစားရာ၏။

မြားနုတ်ပြီးနောက် မီးဖုတ်ထားသော သျှစ်သျှားသီးမှုန့်ကို အနာဝ၌ ထည့်ပေးသောအခါ၌လည်း ပြင်းထန်သောဆင်းရဲကို

www.dhammaransi.com



ခံစားရာ၏။

ထို့နောက် ထိုသူသည် အသားနုတက်၍ အသားအရေကောင်းမွန်ပြီး အနာပျောက်ကင်းကာ ချမ်းသာစွာ သွားလာနေထိုင်နိုင်ရာ၏။

ထိုအခါ ထိုသူသည် မြားငြောင့်စူး၍ မိမိဆင်းရဲခံစားရပုံများကို ပြန်လည်စဉ်းစားပြီး ယခု ငါသည် အနာပျောက်ကင်း၍ ချမ်းသာလေပြီဟု ဝမ်းမြောက်ဝမ်းသာ ဖြစ်ရာ၏။

ငါ့ရှင်တို့... ထိုနည်းတူပင် ရှေးက မိမိတို့ဖြစ်ခဲ့ဖူး၏၊ မဖြစ်ခဲ့ဖူး ဟူ၍လည်းကောင်း၊ မကောင်းမှုကို ပြုခဲ့ဖူး၏ မပြုခဲ့ဖူး ဟူ၍လည်းကောင်း၊ မည်သို့သော မကောင်းမှုကံကို ပြုလုပ်ခဲ့ဖူး၏ ဟူ၍လည်းကောင်း သိမှသာလျှင် ခံစားမှုမှန်သမျှ ရှေးကံကြောင့် ဖြစ်၏ဟူ၍ သင်တို့ ပြောဆိုသင့်ကြပေသည်။ ထိုအကြောင်းအရာများကို မသိခဲ့ကြလျှင် ဤကဲ့သို့ မပြောဆိုသင့်ကြပေ”

ဗုဒ္ဓက ဤသို့ပြောဆိုသောအခါ နိဂဏ္ဌာတို့က...

“ငါ့ရှင်... နာဋပုတ္တဆရာကြီးသည် အလုံးစုံကိုသိ၏၊ အလုံးစုံကို မြင်၏၊ ရပ်နေစဉ်၊ သွားနေစဉ်၊ အိပ်နေစဉ်၊ နိုးနေစဉ် ဉာဏ်အမြင်သည် ငါ့အား အမြဲမပြတ် ရှေးရှုထင်၏ဟု ဉာဏ်အမြင်ရှိကြောင်းကို အကြွင်းမဲ့ ဝန်ခံ၏ဟု ပြောဆိုကြသည်။

“တစ်ဖန် ဆရာနိဂဏ္ဌနာဋပုတ္တက ကျွန်ုပ်တို့ကို ငါ့ရှင်နိဂဏ္ဌာတို့... သင်တို့မှာ ရှေး၌ပြုထားသော မကောင်းမှုကံသည် ရှိသည်သာတည်း။ ထိုမကောင်းမှုကံကို ဤစပ်ရှားလှသည့် ပြုနိုင်ခဲသော အမှုကို ပြုခြင်းဖြင့် ခြေဖျက်ကြကုန်လော့။

www.dhammaransi.com



ယခုဘဝ၌ ကိုယ်ဖြင့်စောင့်စည်းခြင်း၊ နှုတ်ဖြင့် စောင့်စည်းခြင်း၊ စိတ်ဖြင့် စောင့်စည်းခြင်းသည်ပင် နောင်ဘဝ၌ မကောင်းမှုကံကို မပြုခြင်းဖြစ်၏၊ ဤအကျင့်ဖြင့် ကံဟောင်းတို့ကို ကင်းပျောက်စေလျက် ကံသစ်တို့ကို မပြုလုပ်ခြင်းကြောင့် နောင်အခါ၌ တိုးပွားခြင်းမဖြစ်၊ နောင်အခါ၌ မဖြစ်ပွားခြင်းကြောင့် ကံကုန်၏၊ ကံကုန်ခြင်းကြောင့် ဆင်းရဲ ကုန်၏၊ ဆင်းရဲ ကုန်ခြင်းကြောင့် ခံစားမှု ကုန်၏၊ ခံစားမှု ကုန်ခြင်းကြောင့် ထိုဆင်းရဲအားလုံးသည် ပျက်ပြုန်းလတ္တံ့ဟူ၍ ပြောဆိုပါသည်။ ထိုသို့ ကျွန်ုပ်တို့ဆရာ နာဋပုတ္တ ပြောသည်ကိုလည်း ကျွန်ုပ်တို့သည် ကျေနပ် နှစ်သက်ဝမ်းမြောက်ကြပါ၏”

ဟူ၍ ပြောဆိုကြပါသည်။

“ငါ့ရှင်နိဂဏ္ဌာတို့... ဆရာ၌ ယုံကြည်ခြင်း၊ နှစ်သက်ခြင်း၊ တစ်ဆင့်ကြားခြင်း၊ အခြင်းအရာကို ကြံစည်ခြင်း၊ အယူကို ရှုစိုက်ကြည့်ရှု၍ ကျေနပ်ခြင်းဟူသော ဤငါးပါးသောတရားတို့သည် မျက်မှောက်ဘဝ၌ပင် ဟုတ်, မဟုတ် နှစ်ပါးသောအကျိုးရှိကုန်၏။

“ငါ့ရှင်နိဂဏ္ဌာတို့... အရှင်တို့၏ အတိတ်ကို စွဲ၍ဖြစ်သော အယူကို ယူရာတွင် ဆရာ၌ ယုံကြည်ခြင်း၊ နှစ်သက်ခြင်း၊ တစ်ဆင့်ကြားခြင်း၊ အခြင်းအရာကို ကြံစည်ခြင်း၊ အယူကို ရှုစိုက်ကြည့်ရှု၍ ကျေနပ်ခြင်း ဟူသည်တို့သည် အဘယ်နည်း။ မှန်သောအကျိုး ရှိသလော၊ မှားသောအကျိုး ရှိသလောဟု မေးမြန်းသောအခါ နိဂဏ္ဌာတို့၌ အကြောင်းခိုင်လုံသော တစ်စုံ

www.dhammaransi.com



တစ်ခုသော ဝါဒတုံ့ပြန်မှုကို မပြုကြချေ”

ထိုအခါ ဗုဒ္ဓက နိဂဏ္ဌာတို့အား ဆက်လက်မေးခွန်းထုတ်ခဲ့ပါသည်။

“ငါ့ရှင်နိဂဏ္ဌာတို့... သင်တို့ မည်သို့မှတ်ထင်ကြပါသနည်း။ ထက်သန်စွာ လုံ့လပြု အားထုတ်အပ်သော အယူဉ် ထက်သန်စွာ လုံ့လပြုသည်ဖြစ်၍ ဆင်းရဲပြင်းထန် အခံရခက်သော ခံစားရမှုကို သင်တို့ ခံစားကုန်ရာသလော။ ထိုသို့မဟုတ် ထက်သန်စွာ လုံ့လမပြု၊ အားမထုတ်အပ်သော အယူဉ် ထက်သန်စွာ လုံ့လပြုသည်ဖြစ်၍ ဆင်းရဲပင်ပန်း အခံရခက်သော ခံစားမှုကို သင်တို့ မခံစားရကုန်သလော”

“အရှင်ဂေါတမ... ကျွန်ုပ်တို့၏ ထက်သန်စွာ လုံ့လပြု အားထုတ်အပ်သော အယူဉ် ထက်သန်စွာ လုံ့လပြုသည်ဖြစ်၍ ဆင်းရဲပြင်းထန် အခံရခက်သော ခံစားမှုကို ခံစားရပါကုန်၏။ ထက်သန်စွာ လုံ့လမပြု၊ အားမထုတ်အပ်သောအယူဉ် ထက်သန်စွာ လုံ့လမပြုသည်ဖြစ်၍ ဆင်းရဲ ပြင်းထန် အခံရခက်သော ခံစားမှုကို မခံစားရပါ”

“ငါ့ရှင်တို့... ယင်းသို့ဖြစ်လျှင် ခံစားမှုဟူသမျှ ရှေးကံကြောင့် ဖြစ်သည်ဟု သင်တို့ မပြောဆိုသင့်၊ ထက်သန်သော လုံ့လပြု အားထုတ်သောအချိန်၌သာ ဆင်းရဲပြင်းထန် အခံရခက်သော ခံစားမှုကို ခံစားရသည်။ ထက်သန်သောလုံ့လ အားထုတ်မှု မပြုသောအချိန်၌ ဆင်းရဲ ပြင်းထန် အခံရခက်သော ခံစားမှုကို မခံစားရဟု သင်တို့ ဆိုသင့်ပေသည်”

www.dhammaransi.com



"ငါ့ရှင်တို့...သင်တို့သည် ထက်သန်စွာ လုံ့လပြု အားထုတ်မှု ဖြစ်ပေါ်လာသောအခါ ဆင်းရဲပြင်းထန် အခံရခက်သော ခံစားမှုကို ခံစား ကြရပြီး အားထုတ်မှု မဖြစ်ပေါ်သောအခါကား ထိုဆင်းရဲပြင်းထန် အခံရခက်သော ခံစားမှုကို မခံစားရသောကြောင့် သင်တို့သည် ကိုယ်တိုင် လုံ့လပြုမှုကြောင့် ဖြစ်ပေါ်သည့် ဆင်းရဲပြင်းထန် အခံရခက်သော ခံစားမှုကို ခံစားကုန်လျက်သာလျှင် မသိခြင်း၊ နားမလည်ခြင်း၊ တွေဝေခြင်းကြောင့် ခံစားမှုဟူသမျှသည် အတိတ်ကံကြောင့်ဖြစ်၏ဟူ၍ ဖောက်ပြန် မှားယွင်းစွာ ယုံကြည်နေကြကုန်ဘိ၏"

ဗုဒ္ဓက ဤသို့မိန့်ဆိုသောအခါ နိဂဏ္ဌာတို့သည် အကြောင်းခိုင်လုံသော တစ်စုံတစ်ခုသော ပါဒတုံ့ပြန်ခြင်း ပြုနိုင်သည်ကို မမြင်ရချေ။

ထို့နောက် ဗုဒ္ဓက နိဂဏ္ဌာများကို ဤသို့ ဆက်လက်ဆွေးနွေးမေးပြန်ပါသည်။

"ငါ့ရှင်တို့...သင်တို့ မည်သို့မှတ်ထင်ပါသနည်း။ မျက်မှောက်ဘဝ၌ အကျိုးခံစားရမည့်ကံကို လုံ့လပြု အားထုတ်ခြင်းဖြင့် တမလွန်ဘဝ၌ အကျိုးခံစားရမည့်ကံ ဖြစ်ပါစေဟု ပြုပြင်၍ ရကောင်းအံ့လော"

"အရှင်ဂေါတမ... မရကောင်းပါ"

"ငါ့ရှင်တို့... တမလွန်ဘဝ၌ အကျိုးခံစားရမည့်ကံကို လုံ့လပြု အားထုတ်ခြင်းဖြင့် မျက်မှောက်ပစ္စုပ္ပန်ဘဝ၌ အကျိုးခံစားရမည့်ကံ ဖြစ်ပါစေဟု ပြုပြင်၍ ရကောင်းအံ့လော"

www.dhammaransi.com



"အရှင်ဂေါတမ... မရကောင်းပါ"

"ငါ့ရှင်တို့... ချမ်းသာအကျိုးခံစားရမည့်ကံကို လုံ့လပြု အားထုတ်ခြင်းဖြင့် ဆင်းရဲအကျိုး ခံစားရမည့်ကံ ဖြစ်ပါစေဟု ပြုပြင်၍ ရကောင်းအံ့လော"

"အရှင်ဂေါတမ... မရကောင်းပါ"

"ငါ့ရှင်တို့... ဆင်းရဲအကျိုး ခံစားရမည့်ကံကို လုံ့လပြု အားထုတ်ခြင်းဖြင့် ချမ်းသာအကျိုး ခံစားရမည့်ကံ ဖြစ်ပါစေဟု ပြုပြင်၍ ရကောင်းအံ့လော"

"အရှင်ဂေါတမ...မရကောင်းပါ"

"ငါ့ရှင်တို့... ရင့်ကျက်သည်ဖြစ်၍ မျက်မှောက်ဘဝ၌ အကျိုးခံစားရမည့်ကံကို လုံ့လပြု အားထုတ်ခြင်းဖြင့် မရင့်ကျက် သေး၍ နောင်မှ အကျိုးခံစားရသည့်ကံ ဖြစ်ပါစေဟု ပြုပြင်၍ ရကောင်းအံ့လော"

"အရှင်ဂေါတမ... မရကောင်းပါ"

"ငါ့ရှင်တို့... မရင့်ကျက်သေးသဖြင့် နောင်မှ အကျိုးခံစား ရမည့် ကံကို လုံ့လပြု အားထုတ်ခြင်းဖြင့် မရင့်ကျက်သေးသဖြင့် ပစ္စုပ္ပန် မျက်မှောက်ဘဝအကျိုး ခံစားရမည့်ကံ ဖြစ်ပါစေဟု ပြုပြင်၍ ရကောင်းအံ့လော"

"အရှင်ဂေါတမ... မရကောင်းပါ"

"ငါ့ရှင်တို့... အကျိုးများစွာ ခံစားရမည့်ကံကို လုံ့လပြု အားထုတ်ခြင်းဖြင့် အကျိုးအနည်းငယ် ခံစားရမည့်ကံ ဖြစ်ပါစေ ဟု ပြုပြင်၍ ရကောင်းအံ့လော"

www.dhammaransi.com



"အရှင်ဂေါတမ... မရကောင်းပါ"

"ငါ့ရှင်တို့...အကျိုးအနည်းငယ်ခံစားရမည့်ကံကို လုံ့လပြု အားထုတ်ခြင်းဖြင့် အကျိုးများစွာ ခံစားရမည့်ကံ ဖြစ်ပါစေဟု ပြုပြင်၍ ရကောင်းအံ့လော"

"အရှင်ဂေါတမ...မရကောင်းပါ"

"ငါ့ရှင်တို့...အကျိုးခံစားရမည့်ကံကို လုံ့လပြု အားထုတ်ခြင်းဖြင့် အကျိုးမခံစားရမည့်ကံ ဖြစ်ပါစေဟု ပြုပြင်၍ ရကောင်းအံ့လော"

"အရှင်ဂေါတမ...မရကောင်းပါ"

"ငါ့ရှင်တို့... အကျိုးမခံစားရမည့်ကံကို လုံ့လပြု အားထုတ်ခြင်းဖြင့် အကျိုးခံစားရမည့်ကံ ဖြစ်ပါစေဟု ပြုပြင်၍ ရကောင်းအံ့လော"

"အရှင်ဂေါတမ... မရကောင်းပါ"

"ငါ့ရှင်တို့... ထိုထိုဆိုခဲ့သော အကျိုးတို့ကို ဖြစ်စေရန် ပြုပြင်၍ မရခဲ့သော် အရှင်တို့၏ လုံ့လပြု အားထုတ်ခြင်းသည် အကျိုးမရှိသည်သာ ဖြစ်ပေသည်"

ဗုဒ္ဓက ရဟန်းများကို ထိုသို့အယူရှိသော နိဂဏ္ဌာတို့၏ အကြောင်းနှင့် တကွဖြစ်သည့် ဆယ်ပါးသောဝါဒ၊ အတူလိုက်သော အယူဝါဒ၊ အနုဝါဒ တို့သည် ကဲ့ရဲ့ဖွယ်အဖြစ်သို့ ရောက်ကုန်သည်ဟူ၍ မိန့်ကြားတော်မူသည်။

"သတ္တဝါတို့သည် အကယ်၍ ရှေးကံကြောင့် ဆင်းရဲချမ်းသာကို ခံစားရကုန်သည်ဖြစ်အံ့၊ နိဂဏ္ဌာတို့သည် ယခုဘဝ၌

www.dhammaransi.com



ဤသို့သဘောရှိသော ဆင်းရဲပြင်းထန် အခံခက်သော ခံစားမှုတို့ကို ခံစားရကုန်သောကြောင့် မချွတ်ကေန် ရှေးက မကောင်းမှုကံကို ပြုခဲ့သူတို့ ဖြစ်ကုန်၏။

သတ္တဝါတို့သည် အကယ်၍ အစိုးရမှု ဖန်ဆင်းခြင်းဟူသော အကြောင်းကြောင့် ချမ်းသာ ဆင်းရဲကို ခံစားရကုန်သည်ဖြစ်အံ့။ နိဂဏ္ဌာတို့သည် ယခုဘဝ၌ ဤသို့သဘောရှိသော ဆင်းရဲပြင်းထန် အခံခက်သော ခံစားမှုကို ခံစားရကုန်သောကြောင့် မချွတ်ကေန် ယုတ်မာဆိုးဝါးသော အစိုးရသူက ဖန်ဆင်းထားသူတို့ ဖြစ်ကုန်၏။

သတ္တဝါတို့သည် အကယ်၍ မြဲခြင်းသဘောဟူသော အကြောင်းကြောင့် ချမ်းသာ ဆင်းရဲကို ခံစားရကုန်အံ့။ နိဂဏ္ဌာတို့သည် ယခုဘဝ၌ ဤသို့သဘောရှိသော ဆင်းရဲချမ်းသာ ပြင်းထန်အခံခက်သော ခံစားမှုကို ခံစားရကုန်သောကြောင့် မချွတ်ကေန် ယုတ်ညံ့သော မြဲခြင်းသဘောရှိသူတို့ ဖြစ်ကုန်၏။

သတ္တဝါတို့သည် အကယ်၍ အမျိုးဇာတ်ထူးခြင်းဟူသော အကြောင်းကြောင့် ချမ်းသာဆင်းရဲကို ခံစားရကုန်အံ့။ နိဂဏ္ဌာတို့သည် ယခုဘဝ၌ ဤသို့သဘောရှိသော ဆင်းရဲပြင်းထန် အခံခက်သော ခံစားမှုတို့ကို ခံစားရကုန်သောကြောင့် မချွတ်ကေန် ယုတ်ညံ့သော အမျိုးဇာတ်ထူးရှိသူတို့ ဖြစ်ကုန်၏။

သတ္တဝါတို့သည် အကယ်၍ မျက်မှောက်ဘဝ၌ လုံ့လပြုခြင်းဟူသော အကြောင်းကြောင့် ချမ်းသာဆင်းရဲကို ခံစားရကုန်အံ့။ နိဂဏ္ဌာတို့သည် ယခုဘဝ၌ ဤသို့သဘောရှိသော ဆင်းရဲပြင်းထန် အခံခက်သော ခံစားမှုတို့ကို ခံစားရကုန်သောကြောင့်

www.dhammaransi.com



မချွတ်ဧကန် မျက်မှောက်ဘဝ၌ လုံ့လပြုခြင်းရှိသူတို့ ဖြစ်ကုန်၏။

သတ္တဝါတို့သည် အကယ်၍ ရေးကံကြောင့် ချမ်းသာ ဆင်းရဲကို ခံစားရကုန်အံ့။ ရေးကံကြောင့် ချမ်းသာဆင်းရဲကို မခံစားရကုန်အံ့။ နိဂဏ္ဌတို့သည် ကဲ့ရဲ့ရှုတ်ချထိုက်ကုန်၏။

သတ္တဝါတို့သည် အကယ်၍ အစိုးရသောသူ ဖန်ဆင်းခြင်းဟူသော အကြောင်းကြောင့် ချမ်းသာဆင်းရဲကို ခံစားရကုန်အံ့။ အစိုးရသောသူ ဖန်ဆင်းခြင်းဟူသော အကြောင်းကြောင့် ချမ်းသာဆင်းရဲကို မခံစားရကုန်အံ့။ နိဂဏ္ဌတို့သည် ကဲ့ရဲ့ရှုတ်ချထိုက်ကုန်၏။

သတ္တဝါတို့သည် အကယ်၍ မြဲခြင်းဟူသော အကြောင်းကြောင့် ချမ်းသာဆင်းရဲကို ခံစားရကုန်အံ့၊ မြဲခြင်းဟူသော အကြောင်းကြောင့် ချမ်းသာဆင်းရဲကို မခံစားရကုန်အံ့။ နိဂဏ္ဌတို့သည် ကဲ့ရဲ့ရှုတ်ချထိုက်ကုန်၏။

သတ္တဝါတို့သည် အကယ်၍ အမျိုးဇာတ် ထူးခြင်းဟူသော အကြောင်းကြောင့် ချမ်းသာ ဆင်းရဲကို ခံစားရကုန်၏။ အမျိုးဇာတ် ထူးခြင်းဟူသော အကြောင်းကြောင့် ချမ်းသာ ဆင်းရဲကို မခံစားရကုန်အံ့။ နိဂဏ္ဌတို့သည် ကဲ့ရဲ့ရှုတ်ချထိုက်ကုန်၏။

သတ္တဝါတို့သည် အကယ်၍ မျက်မှောက်ဘဝ၌ လုံ့လပြုခြင်းဟူသော အကြောင်းကြောင့် ချမ်းသာ ဆင်းရဲကို ခံစားရကုန်အံ့။ လုံ့လပြုခြင်းဟူသော အကြောင်းကြောင့် ချမ်းသာဆင်းရဲကို မခံစားရကုန်အံ့။ နိဂဏ္ဌတို့သည် ကဲ့ရဲ့ရှုတ်ချထိုက်ကုန်၏”

www.dhammaransi.com



ဤသို့လျှင် နိဂဏ္ဌာတို့သည် အကြောင်းနှင့်တကွဖြစ်သည့် ဆယ်ပါးသော အယူဝါဒ၊ ဤအယူဝါဒနှင့် အတုလိုက်သော အယူဝါဒ (အနုဂါဒ)တို့သည် ကဲ့ရဲ့ဖွယ်အဖြစ်သို့ ရောက်ကုန်၏။

ဤသို့လျှင် အကျိုးမရှိသော လုံ့လပြုမှု၊ အကျိုးမရှိသော အားထုတ်မှုသည် ဖြစ်လေ၏"

ဗုဒ္ဓက ဆက်လက်၍ အကျိုးရှိသော လုံ့လပြုမှု အားထုတ်ခြင်းကို ရဟန်းတို့အား ဆက်လျက် ဟောကြားပါသည်။

"ရဟန်းတို့... ဤသာသနာတော်၌ ရဟန်းသည် ဆင်းရဲ အနှိပ်စက်မခံရသော ခန္ဓာကိုယ်ကို ဆင်းရဲမနှိပ်စက်စေ။

တရားနှင့်လျော်သော ချမ်းသာကိုလည်း မစွန့်၊ ထိုချမ်းသာ၌လည်း မမက်မော။

ထိုရဟန်းသည် လွန်ကဲသောဝီရိယကို အားထုတ်သော ငါ့အား ထိုသို့ အားထုတ်ခြင်းကြောင့် ဤဆင်းရဲ၏အကြောင်း (တဏှာ)၏ ကင်းခြင်းဖြစ်၏။

လျစ်လျူရှုသောငါ့အား ထိုသို့လျစ်လျူရှုမှုကို ပွားများခြင်းကြောင့် ဤဆင်းရဲ၏အကြောင်း (တဏှာ)ကင်းခြင်းသည်ဖြစ်၏ဟူ၍ သိငြားအံ့။

ထိုသို့သိမြင်သော် ထိုရဟန်းသည် ဝီရိယကို အားထုတ်ခြင်းဖြင့် အကြင်ဆင်းရဲအကြောင်းတရား (တဏှာ)၏ကင်းကွာခြင်းသည်ဖြစ်၏။ ထိုဆင်းရဲအကြောင်းတရား (တဏှာ)၌ ဝီရိယကို အားထုတ်၏။

လျစ်လျူရှုမှုကို ပွားများခြင်းကြောင့် အကြင်ဆင်းရဲ အကြောင်း

www.dhammaransi.com



တရား (တဏှာ)၏ ကင်းကွာခြင်းသည် ဖြစ်၏။ ထိုလျစ်လျူရှုမှု ဆင်းရဲအကြောင်းတရား၌ လျစ်လျူရှုမှုကို ပွားများ၏။

ဤသို့လျှင် ထိုရဟန်းအား ဝီရိယကို အားထုတ်ခြင်း၊ လျစ်လျူရှုမှုကို ပွားများခြင်းတို့ကြောင့် ဆင်းရဲအကြောင်းတရား (တဏှာ)ကင်းကွာ၍ ထိုဆင်းရဲ(ဒုက္ခ)သည် ကြေပျက်လေတော့သည်။

"ရဟန်းတို့... ဥပမာအားဖြင့် မိန်းမပျိုတစ်ယောက်၌ အလွန်အမင်း တပ်မက် နှစ်သက် စွဲလမ်း တောင့်တနေသော ယောကျ်ားတစ်ယောက်သည် ထိုမိန်းမပျိုက အခြားယောကျ်ားတစ်ဦးနှင့် အတူတကွ သွားလာ နေထိုင် ရယ်မောပြောဆိုနေသည်ကို မြင်တွေ့ရသော် စိတ်နှလုံး မသာယာခြင်းသည် ဖြစ်ရာ၏။

နောက်ကာလ၌ ထိုယောကျ်ားသည် ထိုမိန်းမပျို၌ အလွန်အမင်း တပ်မက်စွဲလမ်း တောင့်တခြင်းကို စွန့်လွှတ်လိုက်ရာ၏။

ယင်းသို့ စွန့်ပစ်လိုက်သောအချိန်မှစ၍ ထိုမိန်းမပျို အခြားယောကျ်ားတစ်ပါးနှင့် သွားလာနေထိုင် ပြောဆိုရယ်မောနေသည်ကို မြင်တွေ့သော်လည်း ထိုယောကျ်ားအား စိတ်နှလုံးမသာမယာ မဖြစ်တော့ပေ။

"ရဟန်းတို့...ထိုနည်းအလားတူ ဝီရိယကို အားထုတ်ခြင်း၊ လျစ်လျူရှုမှုကို ပွားများခြင်းဖြင့် ထိုရဟန်းအား ဆင်းရဲ(တဏှာ)၏ အကြောင်းတရား ကင်းကွာ၍ ဆင်းရဲကြေပျက်ခြင်းသည် ဖြစ်လေ၏။

www.dhammaransi.com



ဤသို့လျှင် အကျိုးရှိသော လုံ့လအားထုတ်ခြင်းသည် ဖြစ်ရပေသည်။

"ရဟန်းတို့... တစ်ဖန် ထို့ပြင်လည်း ထိုရဟန်းသည် ချမ်းသာသလိုနေသော ငါ့အား အကုသိုလ်တရားများ တိုးပွား၍ ကုသိုလ်တရားများ ဆုတ်ယုတ်ကုန်၏၊ ဒုက္ခကိုယ် ဆင်းရဲပင်ပန်းစေရန် အားထုတ်သော ငါ့အား အကုသိုလ်တရားများ ဆုတ်ယုတ်၍ ကုသိုလ်တရားများ တိုးပွားကုန်၏၊ ငါသည် ဒုက္ခကိုယ်ကို ဆင်းရဲပင်ပန်းစေရန် အားထုတ်ရသော် ကောင်းလေစွဟု စဉ်းစား ဆင်ခြင်၏။ ယင်းသို့စဉ်းစား ဆင်ခြင်မိသည့်အတိုင်း ထိုရဟန်းသည် ဒုက္ခကိုယ်ကို ဆင်းရဲပင်ပန်းစေရန် အားထုတ်ရာ အကုသိုလ်တရားများ ဆုတ်ယုတ်၍ ကုသိုလ်တရားများ တိုးပွားကုန်၏။ ထိုအခါ ထိုရဟန်းသည် နောက်ထပ် ဒုက္ခကိုယ် ဆင်းရဲပင်ပန်းစေရန် အားမထုတ်တော့ချေ။

အကြောင်းကား အကုသိုလ်တရား ဆုတ်ယုတ်၍ ကုသိုလ် တိုးပွားခြင်းဟူသော အကျိုးတရား ပြီးမြောက်သွားသောကြောင့် ဖြစ်၏။

ဥပမာ–မြားတံကို ဖြောင့်စင်းစေရန် မီးကင်သော လေးသမားသည် ထိုမြားတံ ဖြောင့်စင်းသွားသောအခါ နောက်ထပ် မီးမကင်တော့သကဲ့သို့ ဖြစ်၏။

"ရဟန်းတို့... ဤသို့လျှင် အကျိုးရှိသော လုံ့လပြုအားထုတ်ခြင်းသည် ဖြစ်လေ၏။

"ရဟန်းတို့...တစ်ဖန် ပြန်လည်၍ ဤလောက၌ ဂုဏ်တော်

www.dhammaransi.com



ကိုးပါးနှင့် ပြည့်စုံသော ဘုရားရှင်သည် ပွင့်တော်မူလာပြီး ဂုဏ်တော်ခြောက်ပါးနှင့် ပြည့်စုံသော တရားတော်ကို ဟောကြားတော်မူ၏။ သီလ၊ သမာဓိ၊ ပညာတို့ကို ကျင့်သုံးဆောက်တည်နိုင်ရန် သီလကျင့်စဉ် သမာဓိကျင့်စဉ် ပညာကျင့်စဉ်တို့ကို အကျယ်တဝင့် ရှင်းလင်းစွာ ဟောကြားထားပေးပါ၏။

ထိုတရားများကို ကြားနာရသော အမျိုးကောင်းသားသည် သီလ၊ သမာဓိ၊ ပညာတို့ကို ဖြည့်ကျင့်ပြီး ဈာန်အဆင့်ဆင့်တို့ကို ကြိုးစားအားထုတ်ခဲ့ရာ ထိုဈာန်တို့နှင့်အတူ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ်တို့ကို မျက်မှောက်ပြုခဲ့ကြရသည်။ ဤသည်လည်း အကျိုးရှိသော လုံ့လပြု အားထုတ်ခြင်းပင် ဖြစ်လေသည်"

ထို့နောက် ဗုဒ္ဓသည် ရဟန်းတို့ကို ချီးမွမ်းဖွယ်အကြောင်း ဆယ်ပါးကို ဆက်လက်ဟောကြားပြပါသည်။

"ရဟန်းတို့... ဤသို့ အယူဝါဒရှိသော မြတ်စွာဘုရားတို့အား အကြောင်းနှင့်တကွဖြစ်သော ဆယ်ပါးသော ချီးမွမ်းဖွယ်တို့သည် ရောက်လာကုန်၏။

သတ္တဝါတို့သည် အကယ်၍ ရှေးကံကြောင့် ချမ်းသာဆင်းရဲကို ခံစားကြရသော် ယခုဘဝ၌ အာသဝေါကင်းသော ချမ်းသာကို ခံစားရသော ဗုဒ္ဓသည် မချွတ်ဧကန်ပင် ရှေးဘဝက ကောင်းမှုကံပြုခဲ့သူ ဖြစ်၏။

သတ္တဝါတို့သည် အကယ်၍ တန်ခိုးရှင် ဖန်ဆင်းမှုကြောင့် ချမ်းသာ ဆင်းရဲကို ခံစားကြရသော် ယခုဘဝ၌ အာသဝေါကင်း

www.dhammaransi.com



သော ချမ်းသာကို ခံစားရသော ဗုဒ္ဓသည် မချွတ်ဧကန် ကောင်းမြတ်သော တန်ခိုးရှင်က ဖန်ဆင်းထားသူ ဖြစ်၏။

သတ္တဝါတို့သည် အကယ်၍ အကြောင်းဆုံစည်းမှုကြောင့် ချမ်းသာ ဆင်းရဲကို ခံစားကြရသော် ယခုဘဝ၌ အာသဝေါကင်းသော ချမ်းသာကို ခံစားရသော ဗုဒ္ဓသည် မချွတ်ဧကန်ပင် ကောင်းမြတ်သော အကြောင်းဆုံစည်းမှုရှိသူ ဖြစ်သည်။

သတ္တဝါတို့သည် အကယ်၍ အမျိုးဇာတ် ထူးခြားမှုကြောင့် ချမ်းသာ ဆင်းရဲကို ခံစားကြရသော် ယခုဘဝ၌ အာသဝေါကင်းသော ချမ်းသာကို ခံစားရသော ဗုဒ္ဓသည် မချွတ်ဧကန်ပင် ကောင်းမြတ်သော အမျိုးဇာတ်ထူးရှိသူ ဖြစ်သည်။

သတ္တဝါတို့သည် အကယ်၍ မျက်မှောက်ဘဝ၌ လုံ့လပြုမှုကြောင့် ချမ်းသာဆင်းရဲကို ခံစားရသော် ယခုဘဝ၌ အာသဝေါကင်းသော ချမ်းသာကို ခံစားရသော ဗုဒ္ဓသည် မချွတ်ဧကန်ပင် ကောင်းမြတ်သော မျက်မှောက်ဘဝ၌ လုံ့လပြုမှုရှိသူ ဖြစ်၏။

"ရဟန်းတို့... သတ္တဝါတို့သည် ရှေးဘဝက ပြုခဲ့သော ကံ စသော အကြောင်းငါးပါးကြောင့် ချမ်းသာဆင်းရဲကို ခံစားရသည်ဖြစ်စေ၊ မခံစား ရသည်ဖြစ်စေ ဗုဒ္ဓသည်ကား ချီးမွမ်းထိုက်သောပုဂ္ဂိုလ်ဖြစ်၏။

ဤသို့လျှင် ဗုဒ္ဓအား အကြောင်းနှင့်တကွဖြစ်သည့် ဆယ်ပါးသော ချီးမွမ်းဖွယ်တို့သည် ရောက်လာကုန်၏"

ဤသို့ ဗုဒ္ဓမြတ်စွာက ဟောကြားတော်မူရာ ရဟန်းတို့သည် ထို ဟောကြားချက်ကို လွန်စွာနှစ်သက်ကြလေသည်။ ။

**(ဥပရိပဏ္ဏာသ၊ ဒေဝဒဟဝဂ်၊ ဒေဝဒဟသုတ်)**

www.dhammaransi.com



## ဗုဒ္ဓနှင့် နိဂဏ္ဌနာဋပုတ္တ၏ တပည့် သီဟစစ်သူကြီး (မပြုထိုက်သော အယူဝါဒရှိသူ)

ဗုဒ္ဓသည် ဝေသာလီပြည် မဟာဝုန်တော၌ သီတင်းသုံးနေချိန် ဖြစ်သည်။

အလွန်ကျော်စောထင်ရှားသော လိစ္ဆဝီမင်းတို့သည် မင်းကွန်း၌ စည်းဝေးနေကြရင်း ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးတို့ကို ပြောဆိုနေကြသည်။

ထိုအခါ နိဂဏ္ဌနာဋပုတ္တ၏ တပည့်ဖြစ်သော သီဟစစ်သူကြီးသည်လည်း ထိုပရိသတ်၌ ထိုင်နေသည်။

"ရဟန်းဂေါတမသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အလုံးစုံသော တရားတော်တို့ကို ကိုယ်တိုင် မှန်ကန်စွာသိတော်မူသောဘုရား ဖြစ်လတ္တံ့။ ထို့ကြောင့်သာလျှင် အလွန်ကျော်စောထင်ရှားသော လိစ္ဆဝီမင်းတို့သည် ဤအစည်းအဝေး၌ ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးတို့ကို ပြောဆိုနေကြခြင်း ဖြစ်မည်။ ငါသည် ထိုဘုရားကို ဖူးမြော်ရန် ချဉ်းကပ်ရမူ ကောင်းပေမည်"

ဟု အကြံဖြစ်သည်။

ထို့နောက် သီဟစစ်သူကြီးသည် မိမိ၏ဆရာဖြစ်သော နိဂဏ္ဌ နာဋပုတ္တထံသို့ သွားရောက်ပြီး ရဟန်းဂေါတမထံ သွားရောက်ဖူးမြော်လိုကြောင်း ခွင့်ပန်သည်။

"သီဟ... အဘယ်ကြောင့် သင်သည် ပြုထိုက်၏ဟူသော အယူ(ကိရိယဝါဒ)ရှိပါလျက် မပြုထိုက်ဟူသောအယူ (အကိရိယ

www.dhammaransi.com



ပါဒ)ရှိသော ရဟန်းဂေါတမကို ဖူးမြော်ရန် ချဉ်းကပ်လိုဘိသနည်း။

"သီဟ... ရဟန်းဂေါတမသည် မပြုထိုက်ဟူသော (အကိရိယဝါဒ) ရှိပြီး မပြုစိမ့်သောငှာ တရားဟော၏၊ ထိုဝါဒဖြင့် တပည့်တို့ကို ဆုံးမ၏"

ဆရာသမား၏ ထိုစကားကြောင့် သီဟစစ်သူကြီးသည် ဗုဒ္ဓက် သွားလိုသော စိတ်ဆန္ဒ ငြိမ်သွားလေသည်။

လိစ္ဆဝီမင်းတို့၏ ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ ဂုဏ်ကျေးဇူးကို ချီးကျူးသံ ကြားသောအခါ ဒုတိယအကြိမ် မိမိဆရာထံသွား၍ ခွင့်ပန်ပြန်သည်။ ဆရာက တားပြန်၍ ငြိမ်သွားပြန်သည်။

သုံးကြိမ်မြောက် အတားခံရသောအခါ သီဟစစ်သူကြီးသည်...

"မြတ်စွာဘုရားသည် စင်စစ်ကေန် ပူဇော်အထူးကို ခံထိုက်ပြီး အလုံးစုံသော တရားတော်တို့ကို ကိုယ်တိုင်မှန်စွာ သိသူဖြစ်သောကြောင့်သာ ဤကျော်စောထင်ရှားသော လိစ္ဆဝီမင်းတို့သည် ချီးကျူးပြောဆိုနေကြခြင်း ဖြစ်သည်။ ငါသည် ဆရာနိဂဏ္ဌကို ပန်ကြားသည်ဖြစ်စေ၊ မပန်ကြားသည်ဖြစ်စေ ဤနိဂဏ္ဌတို့ မည်သို့ပြုပါအံ့နည်း။ ငါသည် မပန်ကြားဘဲသာလျှင် ဘုရားရှင်ထံသို့ ဖူးမြော်ရန် ချဉ်းကပ်သွားမည်"

ဟု စိတ်ဆုံးဖြတ်ပြီး နေမွန်းလွဲသောအခါ ရထားငါးရာတို့ဖြင့် ဝေသာလီပြည်မှ ထွက်ကာ ဗုဒ္ဓရှိရာသို့ လာခဲ့သည်။

ယာဉ်ဖြင့်သွားသင့်သော အရပ်တိုင်အောင် ယာဉ်ဖြင့်သွား၍

www.dhammaransi.com



ယာဉ်မှူးဆင်းကာ ခြေကျင်သာလျှင် ဗုဒ္ဓထံသို့ သွားပြီး ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကား ပြောဆိုရှိခိုးပြီး တစ်နေရာ၌ ထိုင်နေသည်။

"အရှင်ဘုရား... ရဟန်းဂေါတမသည် မပြုထိုက်သော အယူဝါဒရှိပြီး မပြုစိမ့်သောငှာ တရားဟော၏၊ ထိုဝါဒဖြင့် တပည့်တို့ကို ဆုံးမ၏ဟု ကြားရဖူးပါသည်။ ထိုဆိုသောသူတို့သည် အရှင်ဘုရား မိန့်ကြားသည့်အတိုင်းပင် ပြောဆိုကြသည် ဟုတ်ပါသလော၊ မဟုတ်မမှန် စွပ်စွဲပြောဆိုကြပါသလော၊ အရှင်ဘုရားဟောသော တရားကိုပင် တစ်ဆင့်ဟောကြားကြသည် ဟုတ်ပါ၏လော၊ အရှင်ဘုရား၏ မူလရင်းစကားနှင့် ထိုသူတို့၏ တစ်ဆင့်ပြောသောစကားသည် ကွဲရဲ့ဖွယ်အကြောင်း လုံးဝကင်းပါ၏လော၊ ကျွန်ုပ်သည် အရှင်ဘုရားကို စွပ်စွဲရန် အလိုမရှိပါ"

ဟု သီဟစစ်သူကြီးက လျှောက်ထားမေးမြန်းသည်။

"သီဟ...ရဟန်းဂေါတမသည် မပြုထိုက်ဟူသော အယူဝါဒရှိ၏၊ မပြုစိမ့်သောငှာ တရားဟော၏၊ ထိုဝါဒဖြင့် တပည့်သားတို့ကို ဆုံးမ၏ဟု ငါ့ကို ကောင်းစွာပြောဆိုသောသူသည် ပြောဆိုနိုင်ရာ၏။ ဤသို့သော နည်းပရိယာယ်မျိုးသည် ရှိသည်သာ ဖြစ်၏။

"ရဟန်းဂေါတမသည် ပြုထိုက်၏ဟူသော အယူဝါဒရှိ၏၊ ပြုစိမ့်သောငှာ တရားကိုဟော၏၊ ထိုဝါဒဖြင့်လည်း တပည့်သားကို ဆုံးမ၏ဟု ငါ့ကို ကောင်းစွာပြောဆိုသောသူသည် ပြောဆိုနိုင်ရာ၏။ ဤသို့သော နည်းပရိယာယ်မျိုးသည် ရှိသည်သာဖြစ်၏။

www.dhammaransi.com



"ရဟန်းဂေါတမသည် ဖြတ်အပ်၏ဟူသော အယူ(ဥစ္ဆေဒဝါဒ)ရှိ၏။ ဖြတ်စိမ့်သောငှာ တရားကိုဟော၏၊ ထိုဝါဒဖြင့် တပည့်သားတို့ကို ဆုံးမ၏ဟု ငါ့ကို ကောင်းစွာပြောဆိုသူသည် ပြောဆိုနိုင်ရာ၏။ ထိုနည်း ပရိယာယ်မျိုးသည်လည်း ရှိသည်သာ ဖြစ်၏။

"ရဟန်းဂေါတမသည် စက်ဆုပ်ခြင်းသဘောရှိ၏၊ စက်ဆုပ်စိမ့်သောငှာ တရားကိုဟော၏၊ ထိုဝါဒဖြင့် တပည့်သားတို့ကို ဆုံးမ၏ဟု ငါ့ကို ကောင်းစွာပြောဆိုသောသူသည် ပြောဆိုနိုင်ရာ၏။ ထိုသို့သော နည်းပရိယာယ်မျိုးလည်း ရှိသည်သာဖြစ်၏။

"ရဟန်းဂေါတမသည် ဖျက်ဆီးတတ်သော သဘောရှိ၏၊ ဖျက်ဆီးစိမ့်သောငှာ တရားကိုဟော၏၊ ထိုဝါဒဖြင့်လည်း တပည့်သားတို့ကို ဆုံးမ၏ဟု ငါ့ကို ကောင်းစွာပြောဆိုသောသူသည် ပြောဆိုနိုင်ရာ၏။ ထိုသို့သော နည်းပရိယာယ်သည် ရှိသည်သာ ဖြစ်၏။

"ရဟန်းဂေါတမသည် ပူပန်စေတတ်သောသဘော ရှိ၏၊ ပူပန်စိမ့်သောငှာ တရားကိုဟော၏၊ ထိုဝါဒဖြင့်လည်း တပည့်သားတို့ကို ဆုံးမ၏ဟု ငါ့ကို ကောင်းစွာပြောဆိုသောသူသည် ပြောဆိုနိုင်ရာ၏။ ထိုသို့သော နည်းပရိယာယ်မျိုးလည်း ရှိသည်သာဖြစ်၏။

"ရဟန်းဂေါတမသည် နတ်ပြည်သို့ ရောက်ခြင်းငှာ မထိုက်၊ နတ်ပြည်ရောက်ခြင်းမှ ကင်းစိမ့်သောငှာ တရားကိုဟော၏၊ ထိုဝါဒဖြင့်လည်း တပည့်သားတို့ကို ဆုံးမ၏ဟု ငါ့ကို ကောင်းစွာ

www.dhammaransi.com



ပြောဆိုသောသူသည် ပြောဆိုနိုင်ရာ၏။ ထိုသို့သော နည်းပရိယာယ်မျိုးသည် ရှိသည်သာဖြစ်၏။

"ရဟန်းဂေါတမသည် သက်သာရာကို ရှာတတ်၏၊ သက်သာရာကို ရှာစိမ့်သောငှာ တရားကိုဟော၏၊ ထိုဝါဒဖြင့်လည်း တပည့်သားတို့ကို ဆုံးမ၏ဟု ငါ့ကို ကောင်းစွာပြောဆိုသောသူသည် ပြောဆိုနိုင်ရာ၏။ ထိုသို့သော နည်းပရိယာယ်မျိုးသည် ရှိလည်းသာဖြစ်၏။

"သီဟ... ရဟန်းဂေါတမ၏ မပြုထိုက်သော (အကိရိယဝါဒ)ဟူသည် အဘယ်နည်း။

ငါသည် ကိုယ်ဖြင့်ပြုအပ်သော မကောင်းအကျင့် ကာယဒုစရိုက်ကိုလည်းကောင်း၊ နှုတ်ဖြင့် ပြောဆိုအပ်သော မကောင်းသောအကျင့် ဝစီဒုစရိုက်ကိုလည်းကောင်း၊ စိတ်ဖြင့်ကြံစည်အပ်သော မကောင်းသောအကျင့် မနောဒုစရိုက်ကိုလည်းကောင်း မပြုထိုက်ဟု ဟော၏။

များပြားသော ယုတ်ညံ့သော အကုသိုလ်တရားတို့ကို မပြုထိုက်ဟု ဟော၏။

"သီဟ... ရဟန်းဂေါတမ၏ ပြုထိုက်၏ဟူသော (ကိရိယဝါဒ)ဟူသည် အဘယ်နည်း။

ငါသည် ကိုယ်ဖြင့်ပြုအပ်သော ကောင်းသောအကျင့် ကာယသုစရိုက်ကိုလည်းကောင်း၊ နှုတ်ဖြင့် ပြောဆိုအပ်သော ကောင်းသောအကျင့် ဝစီသုစရိုက်ကိုလည်းကောင်း၊ စိတ်ဖြင့်ကြံစည်အပ်သော ကောင်းသောအကျင့် မနောသုစရိုက်ကိုလည်းကောင်း

www.dhammaransi.com



ပြုထိုက်၏ဟု ဟော၏။

"သီဟ...ရဟန်းဂေါတမ၏ ဖြတ်အပ်၏ဟူသော အယူ (ဥစ္ဆေဒဝါဒ)သည် အဘယ်နည်း။

ငါသည် ရာဂ၊ ဒေါသ၊ မောဟတို့ကို ဖြတ်အပ်သည်ဟု ဟော၏။ များပြားသော ယုတ်ညံ့သော အကုသိုလ်တရားတို့ကို ဖြတ်အပ်၏ဟု ဟော၏။

"သီဟ... ရဟန်းဂေါတမသည် စက်ဆုပ်ခြင်းသဘောရှိ၏ ဆိုသည်မှာ အဘယ်နည်း။

- ငါသည် ကိုယ်ဖြင့်ပြုအပ်သော မကောင်းသောအကျင့် ကာယဒုစရိုက်ကိုလည်းကောင်း
- နှုတ်ဖြင့် ပြောဆိုအပ်သော မကောင်းသောအကျင့် ဝစီဒုစရိုက်ကို လည်းကောင်း
- စိတ်ဖြင့်ကြံစည်အပ်သော မကောင်းသောအကျင့် မနောဒုစရိုက်ကို လည်းကောင်း
- များပြားသော အကုသိုလ်တရားတို့သို့ ရောက်ခြင်းကို လည်းကောင်း စက်ဆုပ်တော်မူ၏။

"သီဟ... ရဟန်းဂေါတမ၏ ဖျက်ဆီးတတ်၏ဟူသော အယူသည် အဘယ်နည်း။

- ငါသည် ရာဂ၊ ဒေါသ၊ မောဟတို့ကို ဖျက်ဆီးခြင်းငှာ တရားကို ဟော၏။ များပြားသော ယုတ်ညံ့သော အကုသိုလ်တရားတို့ကို ဖျက်ဆီးခြင်းငှာ တရားကို ဟော၏။

www.dhammaransi.com



"သီဟ... ရဟန်းဂေါတမသည် ပုပန်စေတတ်သောသဘော ရှိ၏ဟူသည် အဘယ်နည်း။

- ငါသည် ယုတ်ညံ့သော အကုသိုလ်တရားတို့ကို ပူပန် စေတတ်၏ဟု ဟော၏။
- ကိုယ်ဖြင့်ပြုသော မကောင်းသောအကျင့် ကာယ ဒုစရိုက်ကို လည်းကောင်း
- နှုတ်ဖြင့်ပြောသော မကောင်းသောအကျင့် ဝစီဒုစရိုက် ကိုလည်းကောင်း
- စိတ်ဖြင့်ကြံစည်သော မကောင်းသောအကျင့် မနော ဒုစရိုက်ကိုလည်းကောင်း ပူပန်စေတတ်၏ဟု ဟော ပါ၏။

ပူပန်စေတတ်၍ ယုတ်ညံ့သော အကုသိုလ်တရားကို ပယ်ပြီး သော၊ အဝိဇ္ဇာတဏှာအမြစ်ကို အကြွင်းမဲ့ဖြတ်ပြီးသော၊ နုတ်ပြီး သော ထန်းပင်ရာကဲ့သို့ ပြုပြီးသော၊ အသစ်မဖြစ်ခြင်းကို ပြုပြီး သော၊ နောင်အခါ၌ ဖြစ်ခြင်းသဘော မရှိသောသူကို ပူပန်စေ တတ်သောအကျင့်ရှိသူဟူ၍ ငါဟော၏။

"သီဟ...ရဟန်းဂေါတမသည် နတ်ပြည်ရောက်ခြင်းငှာ မထိုက်ဟူသော အကြောင်းကား အဘယ်နည်း။

နောင်တစ်ဖန် ပဋိသန္ဓေနေခြင်း၊ ဘဝသစ်ဖြစ်ခြင်းကို ပယ်ပြီးသော၊ အဝိဇ္ဇာတဏှာအမြစ်ကို အကြွင်းမဲ့ဖြတ်ပြီးသော၊ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုပြီးသော၊ အသစ်မဖြစ်ခြင်းကို

www.dhammaransi.com



ပြုပြီးသော၊ နောင်အခါ၌ ဖြစ်ခြင်းသဘော မရှိသောသူကို ပဋိသန္ဓေနေခြင်းမှကင်း၏ (ငါ) နတ်ပြည်မရောက်ထိုက်ဟု ငါဟော၏။

"သီဟ...ငါဘုရားသည် ထိုအရာများအားလုံး ပြည့်စုံပြီး နောင်အခါ၌ ဖြစ်ခြင်းသဘော မရှိပြီ။

"သီဟ... ရဟန်းဂေါတမသည် သက်သာရာကို ရှာတတ်၏ဟူသော အကြောင်းကား အဘယ်နည်း။

ငါသည် မြတ်သော မဂ်ဖိုလ်ဟူသော သက်သာခြင်းဖြင့် သက်သာရာကို ရှာ၏"

ဗုဒ္ဓက ဤသို့ဟောပြသော် သီဟစစ်သူကြီးသည်...

"အရှင်ဘုရား၏ တရားသည် အလွန်နှစ်သက်ဖွယ်ရှိပါ၏။ အရှင်ဘုရားသည် ကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ရတနာသုံးပါးကို ဆည်းကပ်သော ဥပါသကာဟူ၍ မှတ်တော်မူပါ"

ဟု လျှောက်ထားလေသည်။

"သီဟ... စူးစမ်းဆင်ခြင်၍ ပြုလော့။ သင်ကဲ့သို့ ထင်ရှားကျော်စော သောသူအား စူးစမ်းဆင်ခြင်၍ ပြုခြင်းသည် ကောင်း၏"

"အရှင်ဘုရား... အရှင်ဘုရား၏ ဤစကားဖြင့်ပင် ကျွန်ုပ်သည် အရှင်ဘုရားအား အတိုင်းထက်အလွန် နှစ်သက်ပါ၏၊ ဝမ်းမြောက်မိပါ၏။ အရှင်ဘုရား... တစ်ပါးသောအယူရှိသော တိတ္ထိတို့သည် ကျွန်ုပ်ကဲ့သို့ တပည့်ကို ရခဲ့သော် သီဟစစ်သူကြီး

www.dhammaransi.com



သည် ငါတို့၏ တပည့်အဖြစ်သို့ ရောက်၏ဟု နှလုံးသွင်းကာ ဝေသာလီတစ်ပြည်လုံးကို တံခွန်အောင်လံ စိုက်ထူရာ၏။ ထိုသို့ ဖြစ်ပါလျက်လည်း အရှင်ဘုရားသည် တပည့်တော်ကို သီဟ ရှုစမ်းဆင်ခြင်၍ပြုလော့၊ သင်ကဲ့သို့ ထင်ရှားကျော်စောသော သူအား ရှုစမ်းဆင်ခြင်ပြုခြင်းသည် ကောင်း၏ဟု ဆိုဘိ၏။

"အရှင်ဘုရား...ကျွန်ုပ်သည် နှစ်ကြိမ်မြောက်လည်း ရတနာ သုံးပါးကို ဆည်းကပ်ပါ၏။ ကျွန်ုပ်ကို ယနေ့မှစ၍ အသက် ထက်ဆုံး ရတနာသုံးပါးကို ဆည်းကပ်သော ဥပါသကာဟူ၍ မှတ်တော်မူပါ"

"သီဟ... ရှည်စွာသော နေ့ညဥ့်ပတ်လုံး သင်၏အိမ်သည် နိဂဏ္ဌာတို့၏ ရေတွင်းသဖွယ် ဖြစ်ခဲ့သောကြောင့် ကပ်ရောက်လာ သော ထိုနိဂဏ္ဌာတို့အား ဆွမ်းလှူရမည်ကို အောက်မေ့လော့"

"အရှင်ဘုရား... ကျွန်ုပ်သည် အရှင်ဘုရား၏ ဤစကားဖြင့် လည်း အတိုင်ထက်အလွန် ဝမ်းမြောက်နှစ်သက်မိပါ၏။

"အရှင်ဘုရား...ကျွန်ုပ်သည် ဤစကားကို ကြားရဖူးပါ သည်။ ရဟန်းဂေါတမသည် ငါ့အားသာလျှင် အလှူကို လှူအပ် ၏၊ တစ်ပါးသောသူတို့အား အလှူကို မလှူအပ်၊ ငါ၏ တပည့် သားတို့အားသာလျှင် အလှူကို ပေးလှူအပ်၏၊ တစ်ပါးသော သူတို့၏ တပည့်သားတို့အား အလှူကို မပေးလှူအပ်၊ ငါ့အား လှူသော အလှူသည်သာ အကျိုးကြီး၏၊ တစ်ပါးသူတို့အား လှူသော အလှူသည် အကျိုးမကြီး၊ ငါ့တပည့်သားတို့အား လှူသော အလှူသည်သာ အကျိုးကြီး၏၊ တစ်ပါးသောသူတို့၏

www.dhammaransi.com



တပည့်သားတို့အား လျှုသော အလှူသည် အကျိုးမကြီးဟု ဟောတော်မူ၏ဟူသော စကားကို ပြောဖူးပါသည်။ ထိုသို့ဖြစ်ပါလျက်လည်း အရှင်ဘုရားသည် ကျွန်ုပ်ကို နိဂဏ္ဌတို့၌လည်း ပေးလှူခြင်း၌ ဆောက်တည်စေ၏။ အရှင်ဘုရား ... စင်စစ်သော်ကား ကျွန်ုပ်သည် ထိုအလှူပေးခြင်း၌ အခါကာလကို သိပါကုန်အံ့။

"အရှင်ဘုရား ...ကျွန်ုပ်သည် သုံးကြိမ်မြောက်လည်း ရတနာသုံးပါး ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ အရှင်ဘုရားသည် ကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ရတနာသုံးပါး၌ ဆည်းကပ်သော ဥပါသကာဟူ၍ မှတ်တော်မူပါ"

ထိုနောက် ဗုဒ္ဓသည် သီဟာစစ်သူကြီးအား ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ ကာမာနံ အာဒီနဝကထာ စသော တရားတို့ကို အစဉ်အတိုင်း ဟောတော်မူသည်။

သီဟာစစ်သူကြီးသည် ဗုဒ္ဓ၏သာသနာတော်၌ ရဲရင့်သည်၏ အဖြစ်သို့ရောက်၍ ဘုရားမှတစ်ပါး ကိုးကွယ်ရာမရှိ ဖြစ်ခဲ့ပြီးလျှင် ...

"အရှင်ဘုရား ... နက်ဖြန် ဆွမ်းကို ရဟန်းသံဃာနှင့်တကွ တပည့်တော်၏ ဆွမ်းကို လက်ခံပေးတော်မူပါဘုရား"

ဟု လျှောက်ထားသည်။

ဗုဒ္ဓက ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူသည်။ သီဟာစစ်သူကြီးသည် ဗုဒ္ဓက လက်ခံသည်ကို သိသောအခါ နေရာမှ ထကာ ဗုဒ္ဓကို ရှိခိုးပြီးလျှင် အရိုအသေပြုကာ ခွာခဲ့သည်။

www.dhammaransi.com



"အချင်း... သွားချေ၊ အလိုလိုဖြစ်သော အသားကို သိလော့"

ဟု ယောကျ်ားတစ်ယောက်အား အသားကို ဝယ်ခိုင်းလိုက်ပြီး ထိုည ဆွမ်းကို စီမံစေ၍ နောက်နေ့ ဆွမ်းကို စီမံကာ ဗုဒ္ဓထံ ပင့်လျှောက်စေသည်။

ဗုဒ္ဓသည် ရဟန်း သံဃာများနှင့်အတူ သီဟစစ်သူကြီး အိမ်သို့ ဆွမ်းစားကြွလေသည်။

ထိုအခါ များစွာသော နိဂဏ္ဌတို့သည် ဝေသာလီပြည်၌ ခရီးလမ်းမ တစ်ခုမှ ခရီးလမ်းမတစ်ခုသို့လည်းကောင်း၊ လမ်းဆုံ တစ်ခုမှ လမ်းဆုံတစ်ခုသို့လည်းကောင်း သွား၍ လက်သီး လက်မောင်းတန်းကြကာ...

"ယနေ့ သီဟစစ်သူကြီးသည် ဆူဖြိုးသော ကျွဲ၊ နွား၊ ဆိတ်၊ ဝက်တို့ကို သတ်၍ ရဟန်းဂေါတမအား ဆွမ်းလုပ်ကျွေး၏။ ရဟန်းဂေါတမသည် သိလျက် ရည်၍သတ်သော ထိုအသားကို စား၏။ မိမိကိုယ်ကို စွဲ၍ သတ်သော မကောင်းမှုကံကို ရ၏"

ဟူ၍ ကြွေးကြော်ကြကုန်သည်။

ထိုအခါ ထိုအကြောင်းကိုသိသော ယောကျ်ားတစ်ယောက်သည် သီဟစစ်သူကြီးထံ ချဉ်းကပ်၍ ထိုကိစ္စကို တိတ်တဆိတ် ပြောကြားသည်။

"အမောင်... မသင့်လျော်ချေ။ ထိုအရှင်နိဂဏ္ဌတို့သည် ရှည်စွာသော နေ့ညပတ်လုံးလည်း ရတနာသုံးပါး၏ ကျေးဇူးမဲ့ကို

www.dhammaransi.com



အလိုရှိကြကုန်၏။ ထိုအရှင်နိဂဏ္ဌတို့သည် ဗုဒ္ဓကို သက်သေ ထင်ရှား မရှိဘဲ အချည်းနှီး မဟုတ် မမှန်သောစကားဖြင့် စွပ်စွဲကြ ကုန်သည်ကား ယနေ့ထိ မရပ်နိုင်ကြသေးကုန်။ ငါတို့သည်ကား အသက်ဟူသော အကြောင်း ကြောင့်လည်း သေစေလိုသော စေတနာဖြင့် သူတစ်ပါး အသက်ကို မသတ်စေကုန်ရာ”

သီဟစစ်သူကြီးသည် ထိုလျှောက်ချက်အား ဤသို့ပြောပြီးလျှင် ဗုဒ္ဓအမှူးရှိသော သံဃာတော်များကို မွန်မြတ်သော ခဲဖွယ် ဘောဇဉ်တို့ဖြင့် ပြုစုလုပ်ကျွေးလေသည်။

ဆွမ်းစားပြီးသော ဗုဒ္ဓသည် သီဟစစ်သူကြီးကို တရားစကား ဖြင့် အကျိုးစီးပွားကို သံမြင်စေလျက် တရားကို ဆောက်တည်စေ ကာ တရားကျင့်သုံးရန် ထက်သန်ရွှင်လန်းစေပြီးသော် နေရာမှ ထကာ ဖဲကြွတော်မူသည်။

ထို့နောက် ဗုဒ္ဓသည် ဤနိဂဏ္ဌတို့ စွပ်စွဲသော အကြောင်း အရာကို အကြောင်းပြု၍...

“ရဟန်းတို့... သိလျက်နှင့် ရည်ညွှန်း၍ သတ်အပ်သော အသားကို မစားအပ်၊ စားသော ရဟန်းအား ဒုက္ကဋ်အာပါတ် သင့်၏။ ရဟန်းတို့... မမြင်သော၊ မကြားသော၊ ယုံမှားခြင်း မရှိသော၊ အစွန်းသုံးပါးမှ စင်ကြယ်သော ငါးအမဲကို ခွင့်ပြု တော်မူ၏”

ဟူ၍ မိန့်ကြားတော်မူလေသည်။

**(မဟာဝဂ္ဂ၊ ဘေသဇ္ဇက္ခန္ဓက၊ သီဟစစ်သူကြီးဝတ္ထု)**

www.dhammaransi.com



## ဗုဒ္ဓနှင့် နိဂဏ္ဌနာဋပုတ္တ၏တပည့် အဘယရာဇကုမာရ (စကားခြောက်ခွန်းနှင့် ဗုဒ္ဓပြောကြားသောစကား)

ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့၏ အစာကျွေးရာ ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေချိန်ဖြစ်သည်။

တစ်နေ့တွင် အဘယရာဇကုမာရ မင်းသားသည် ဆရာဖြစ်သူ နာဋပုတ္တထံသို့ သွား၍ ရိုသေစွာရှိခိုး၍ တစ်နေရာ၌ ထိုင်နေသည်။

"မင်းသား...လာလော့၊ သင်သည် ရဟန်းဂေါတမကို အပြစ်တင်ချေလော့။ ဤသို့အပြစ်တင်သော် အဘယမင်းသားသည် ဤသို့ တန်ခိုးအာနုဘော်ကြီးသော ရဟန်းဂေါတမကို အပြစ်တင်နိုင်ပေ၏ဟု သင်၏ ကောင်းသော (ကျော်စောသော) သတင်းသည် ပျံ့နှံ့၍ ထွက်လတ္တံ့"

ဟု ပြောဆိုသည်။

"အရှင်... ကျွန်ုပ်သည် ရဟန်းဂေါတမကို အဘယ်သို့ အပြစ်တင်ရမည်နည်း"

"မင်းသား...လာလော့၊ သင်သည် ရဟန်းဂေါတမထံသို့ ချဉ်းကပ်၍ 'အရှင်ဘုရားသည် သူတစ်ပါး မနှစ်သက်ဖွယ်၊ မနှစ်ခြိုက်ဖွယ်ဖြစ်သော စကားမျိုးကို ပြောဆိုရာ၏'ဟု ဤသို့ ပြောလော့"

"သင်က ဤသို့မေးသော် ရဟန်းဂေါတမက ပြောသည်ဟု ဆိုလျှင် သို့ဖြစ်သော် အရှင်ဘုရားအား ပုထုဇဉ်နှင့် ကွဲပြားခြားနားမှု ဘယ်မှာရှိတော့မည်နည်းဟု သင်ကပြောလော့။

www.dhammaransi.com



"သင်က မြတ်စွာဘုရားသည် သူတစ်ပါး မနှစ်သက်သော စကားကို မဆိုဘူး လားဟု မေး၍ ရဟန်းဂေါတမက သူတစ်ပါး မနှစ်သက်သော စကားကို မဆိုဟုဆိုက သို့ဖြစ်လျှင် အရှင်ဘုရား သည် အဘယ်ကြောင့် ဒေဝဒတ်အား အပါယ်ငရဲသို့ကျ၍ တစ်ကမ္ဘာလုံး တည်မည့်သူ၊ ကုစား၍ မရနိုင်သူဖြစ်ကြောင်း အဘယ်ကြောင့် မိန့်ကြားနေဘိသနည်း ဟု သင်က မေးလော့။

"ယင်းသို့မေးခဲ့သော် ရဟန်းဂေါတမသည် ဤပြဿနာကို အစွန်းနှစ်ဖက်လွတ်အောင် ဖြေနိုင်တော့မည်မဟုတ်။ ဥပမာ လည်ချောင်းထဲ၌ သံမှူးခွမှူး ငင်နေသူသည် ထိုသံမှူးခွကို မျိုလည်း မချနိုင်၊ အန်၍လည်း မထုတ်နိုင်သကဲ့သို့ ရဟန်းဂေါတမသည် လည်း မထွေးနိုင် မအန်နိုင် ဖြစ်လတ္တံ့"

နိဂဏ္ဌနာဋပုတ္တက ဤသို့ ညွှန်ကြားစေခိုင်းသောအခါ အဘယရာဇ ကုမာရ မင်းသားသည် 'ကောင်းပါပြီ'ဟု ဝန်ခံကာ ထွက်လာခဲ့သည်။

အဘယရာဇကုမာရ မင်းသားသည် ဗုဒ္ဓထံသို့ရောက်သော် နေကို မော်ကြည့်လိုက်သောအခါ အချိန်မဲ့နေပြီဟု စဉ်းစားမိသော ကြောင့် ဗုဒ္ဓအား နောက်နေ့နံနက်တွင် မိမိနေအိမ်သို့ နောက်ပါ ရဟန်းသုံးပါးနှင့်အတူ ဆွမ်းခံကြွရန် ဆွမ်းဖိတ်ပြီး ပြန်လာခဲ့ သည်။

နောက်နေ့ ဗုဒ္ဓ ဆွမ်းစားကြွလာပြီး ဆွမ်းကိစ္စပြီးသောအခါ နိဂဏ္ဌ ဆရာကြီး သင်ကြားပေးလိုက်သော မေးခွန်းတို့ကို မေး လျှောက်လေသည်။

www.dhammaransi.com



"အရှင်ဘုရား... အရှင်ဘုရားသည် သူတစ်ပါး မနှစ်သက်သော စကားကို ပြောဆိုရာသလော"

"မင်းသား... ဤမေးခွန်း၌ ငါသည် တစ်ယောက်ချ ဖြေဆိုခြင်း မပြုပေ"

ဤသို့ ဗုဒ္ဓက မမျှော်လင့်သော အဖြေဝှက်ကို မိန့်ကြား လိုက်သောအခါ

"အရှင်ဘုရား... နိဂဏ္ဌတို့သည် ဤနေရာ၌ ဖျက်ဆီးကြလေပြီ"ဟု ဆိုကာ နိဂဏ္ဌနာဋ်ပုတ္တ ဆရာကြီးက မိမိအား သင်ကြားလိုက်ပုံများ အကြောင်းစုံကို လျှောက်ထားပြသည်။

ထိုအချိန်တွင် မင်းသား၏ရင်ခွင်၌ ကလေးငယ်တစ်ယောက် သည် ပက်လက်အိပ်နေသည်။ ဗုဒ္ဓက ထိုကလေးငယ်ကို ရည်ညွှန်း ကာ...

"မင်းသား... ဤကလေးငယ်သည် အကယ်၍ အထိန်းတော်များ အမှတ်တမဲ့ဖြစ်နေစဉ် သစ်သားစကိုဖြစ်စေ၊ ကျောက်ခဲကိုဖြစ်စေ ပါးစပ်ထဲသို့ ထည့်သွင်းမိခဲ့သော် သင်မည်သို့ပြုလုပ်မည်နည်း"

"အရှင်ဘုရား... ကလေးပါးစပ်ထဲက အရာကို ကျွန်ုပ် ထုတ်ယူပါမည်။ အလွယ်တကူ ထုတ်၍မရခဲ့သော် ဘယ်ဘက် လက်ဖြင့် ခေါင်းကို ကိုင်ပြီး ညာဘက်လက်ဖြင့် လက်ချောင်းကို ကောက်ကွေ့ကာ သွေးသံရဲရဲဖြင့်ပင်ထုတ်ယူရပါမည်။ အကြောင်းမှာ ကလေးငယ်အပေါ် သနား ကြင်နာမှု ရှိနေသောကြောင့် ဖြစ်ပါသည်"

www.dhammaransi.com



"မင်းသား ဤနည်းတူပင် ငါဘုရားသည်

- အကြင်စကားသည် မဟုတ်မှန်၊ အကျိုးမရှိ၊ သူတစ်ပါးတို့လည်း မနှစ်သက်၊ ထိုစကားမျိုးကို ငါဘုရားသည် မပြောဆို။
- အကြင်စကားသည် ဟုတ်မှန်၏၊ အကျိုးမရှိ၊ သူတစ်ပါးတို့လည်း မနှစ်သက်၊ ထိုစကားကို ငါဘုရားသည် မပြောဆို။
- အကြင်စကားသည် ဟုတ်မှန်၏၊ အကျိုးလည်းရှိ၏၊ သူတစ်ပါးတို့ကား မနှစ်သက်၊ ထိုစကားကို အခါအားလျော်စွာ ငါဘုရားသည် ပြောဆို၏။
- အကြင်စကားသည် မဟုတ်မှန်၊ အကျိုးလည်းမရှိ၊ သူတစ်ပါးတို့ကား နှစ်သက်၏၊ ထိုစကားကို ငါဘုရားသည် မပြောဆို။
- အကြင်စကားသည် ဟုတ်မှန်၏။ အကျိုးမရှိ။ သူတစ်ပါးတို့ကား နှစ်သက်၏။ ထိုစကားကိုလည်း ငါဘုရားသည် မပြောဆို။
- အကြင်စကားသည် ဟုတ်မှန်၏။ အကျိုးရှိ၏။ သူတစ်ပါးတို့လည်း နှစ်သက်၏။ ထိုစကားကို အခါအားလျော်စွာ ငါဘုရားသည် ပြောဆို၏။ အဘယ်ကြောင့် ပြောသနည်းဆိုသော် ငါဘုရားသည် သတ္တဝါတို့အပေါ်ဝယ် သနားကြင်နာမှုရှိသောကြောင့် ဖြစ်ပါ၏"

"အရှင်ဘုရား... မင်း၊ ပုဏ္ဏား၊ ရဟန်းပညာရှိတို့သည်

www.dhammaransi.com



ပြဿနာမျိုးစုံကို ပြုလုပ်စီစဉ်၍ မြတ်စွာဘုရားအား မေးလျှောက်လေ့ရှိကြပါသည်။ ဤသို့မေးလျှောက်သောအခါ မြတ်စွာဘုရားသည် ထိုပြဿနာများကို ဖြေဆိုရန် ကြိုတင်၍ ကြံစည်စိတ်ကူးထားပါသလော။ သို့မဟုတ် တစ်ခဏချင်း ဖြင့်ပင် ပြဿနာ၏အဖြေသည် ဉာဏ်၌ထင်မြင်လာပါသလော"

"မင်းသား...သင်သည် ရထား၏ အစိတ်အပိုင်းတို့၌ ကျွမ်းကျင်ပါသလော"

"ကျွမ်းကျင်ပါသည် ဘုရား"

"မင်းသား... အကယ်၍ တစ်စုံတစ်ယောက်သောသူက ဤအစိတ်အပိုင်းကို မည်သို့ခေါ်သနည်းဟု မေးခဲ့သော် ထိုအမေးကို ဖြေရန် သင့်မှာ ကြိုတင်၍ ကြံစည်စိတ်ကူးထားခြင်း ရှိပါသလော။ သို့မဟုတ် တစ်ခဏချင်းဖြင့်ပင် သင့်ဉာဏ်၌ အဖြေပေါ်လာပါသလော"

"အရှင်ဘုရား... တစ်ခဏချင်းဖြင့်ပင် ကျွန်ုပ်၏ဉာဏ်၌ အဖြေပေါ်လာပါသည်"

"မင်းသား... ဤနည်းတူပင် ပညာရှိများက ငါ့ထံလာ၍ ပြဿနာမေးမြန်းကြသောအခါ ထိုပြဿနာ၏ အဖြေသည် တစ်ခဏချင်းဖြင့်ပင် ငါ့ဉာဏ်၌ ထင်မြင်လာ၏။ အကြောင်းကား... ယင်းသို့ တစ်ခဏချင်း ထင်မြင်လာစေနိုင်သော ဓမ္မဓာတ်ကို ငါသည် ကောင်းစွာ ထိုးထွင်း၍ သိမြင်ပြီးဖြစ်သောကြောင့်တည်း"

"အရှင်ဘုရား၏ တရားသည် အလွန်နှစ်သက်ဖွယ်ရှိလှ

www.dhammaransi.com



ပါ၏"

ဟု ပြောဆိုကာ ဗုဒ္ဓထံ၌ ဥပါသကာအဖြစ် ခံယူလေသည်။

**(မဇ္ဈိမပဏ္ဏာသ၊ ဂဟပတိဝဂ်၊ အဘယရာဇကုမာရသုတ်)**

## ဗုဒ္ဓနှင့် နိဂဏ္ဌနာဋပုတ္တ၏ တပည့် အသိဗန္ဓကပုတ္တ၏သား ရွာသူကြီး (ဗုဒ္ဓကို ဝါဒတင်လာမှု)

ဗုဒ္ဓသည် သံဃာတော်များစွာဖြင့် ကောသလတိုင်းသို့ ခရီးလှည့်လည်စဉ် နာဠန္ဒမြို့သို့ ရောက်ရှိလာပြီး ပါဝါရိက သူဌေး၏ သရက်ဥယျာဉ်၌ သီတင်းသုံး နေချိန်၌ ဖြစ်သည်။

ထိုအချိန်တွင် နာဠန္ဒမြို့၌ နိဂဏ္ဌနာဋပုတ္တ ဆရာကြီးသည်လည်း များစွာသော နိဂဏ္ဌပရိသတ်နှင့်အတူ နာဠန္ဒမြို့၌ နေလေသည်။

ထိုအချိန်ကာလဝယ် နာဠန္ဒမြို့သည် အစားအစာရှားပါးငတ်မွတ်ခေါင်းပါးသောဘေး ဆိုက်ရောက်နေပြီး လူတို့ ခွဲတမ်းဖြင့် အစားအစာကို စားနေရသည်။ အစာငတ်၍ သေသူကလည်း များလှသည့်အချိန် ဖြစ်နေသည်။

တစ်နေ့တွင် နိဂဏ္ဌနာဋပုတ္တ၏တပည့် အသိဗန္ဓကပုတ္တ၏သား ရွာသူကြီးသည် ဆရာထံသို့ လာရောက်ဖူးတွေ့သည်။ ရှိခိုးပြီး သင့်ရာ တစ်နေရာ၌ ထိုင်နေသည်။

"ရွာသူကြီးလာလော့... ရဟန်းဂေါတမကို ဝါဒတင်ချေလော့၊ ဤသို့ ဝါဒတင်သော် သင်သည် ဤသို့ တန်ခိုးအာနုဘော်ကြီးသော ဂေါတမကို ဝါဒတင်နိုင်သောသူဟူ၍ သင့်အား

www.dhammaransi.com



ကောင်းသောကျော်စောသံသည် ပျံ့နှံ့သွားလိမ့်မည်”

“အရှင်... တန်ခိုးကြီးသော ရဟန်းဂေါတမကို အဘယ်သို့ ဝါဒတင်ရပါအံ့နည်း”

“ရှာသူကြီး... သင်သည် ရဟန်းဂေါတမထံသွား၍ အရှင်ဘုရားသည် အကြောင်းအမျိုးမျိုးတို့ဖြင့် အမျိုးသာတို့အား အစဉ်သနားခြင်း၊ အစဉ် စောင့်ရှောက်ခြင်း၊ ငဲ့ညှာခြင်းကို ချီးမွမ်းတော်မူသည် မဟုတ်ပါလောဟု ဆိုပါ။ ဤသို့ အမေးခံရ၍ ရဟန်းဂေါတမက မှန်၏ဟု အဖြေပေးခဲ့သော် ထိုသို့ဖြစ်လျက် အဘယ်ကြောင့် ရဟန်းသံဃာ များစွာနှင့် အစားအစာ ငတ်မွတ်ခေါင်းပါးနေသော ဤဒေသသို့ လာရောက်ရပါသနည်း။ အရှင်ဘုရားသည် အမျိုးတို့၏ ငတ်ပြတ်ခြင်း၊ အကျိုးမဲ့ခြင်း၊ အမျိုးတို့ ပျက်စီးခြင်းငှာ ကျင့်ပါသလောဟု ပြောဆိုပါ။ ထိုအခါ ရဟန်းဂေါတမသည် အစွန်းနှစ်ဖက်ရှိသော ပြဿနာကို အမေးခံရသော် ထွေးအန်ခြင်းငှာလည်းကောင်း၊ မျိုချခြင်းငှာလည်းကောင်း မစွမ်းနိုင်လတ္တံ့”

“အရှင်... ကောင်းပါပြီ၊ ယခုပင် သွား၍ ဝါဒတင်ပါမည်”

ရှာသူကြီးသည် ဤသို့ပြောဆိုပြီး နိဂဏ္ဌနာဋပုတ္တကို ရှိခိုးပြီး ဗုဒ္ဓထံသို့ လာရောက်လေသည်။ ဗုဒ္ဓနှင့် နှုတ်ဆက်စကားပြောပြီး တစ်နေရာ၌ ထိုင်ကာ ဗုဒ္ဓကို မိမိဆရာ သင်ပေးလိုက်သော စကားကို ဝါဒအဖြစ် ဟင်၍ လျှောက်ထားစွပ်စွဲသည်။

“ရှာသူကြီး... ဤကမ္ဘာမှ နောက်ကိုးဆယ့်တစ်ကမ္ဘာသို့ တိုင်အောင် ငါအောက်မေ့သည်ရှိသော် ချက်ပြီးဆွမ်းကို လောင်း

www.dhammaransi.com



လျှုရုံမျှဖြင့် ပျက်စီးမှု သော အမျိုးသား တစ်ဦးတစ်ယောက်ကိုမျှ ငါမသိ၊ စင်စစ် ကြွယ်ဝ ချမ်းသာသောသူ ဟူသမျှတို့သည် ပေးလှူခြင်းကြောင့် ကြီးပွားကုန်၏။ သစ္စာမှန်ကန်မှုကြောင့် ကြီးပွားကုန်၏။ အကျင့်သီလကြောင့် ကြီးပွားကြကုန်ပါ၏။

"ရွာသူကြီး ... အမျိုးတို့၏ ပျက်စီးကြောင်း အကြောင်း အထောက်အပံ့သည် (၈)မျိုး ရှိပါသည်။

အမျိုးတို့သည် မင်း၊ ခိုးသား၊ တေး၊ ပြ၊ မီး၊ ရေ၊ မြှုပ်ထားသော ဥစ္စာနေရာမှ ရွေ့သွားမှု၊ အားထုတ်မှု မကောင်းသဖြင့် လုပ်ငန်းပျက်စီးမှု၊ အမျိုးတို့၌ ထိုစည်းစိမ်တို့ကို ကြဲဖြန်း မှုတ်လွင့် ဖျက်ဆီးတတ်သူ အမျိုး မီးခဲဟူ၍ အကြောင်းပေါ်လာမှု၊ မမြဲမှု ဤရှစ်မျိုးသော အကြောင်းတို့တွင် တစ်မျိုးမျိုးကြောင့် အမျိုးတို့သည် ပျက်စီးခြင်းသို့ ရောက်ရ၏။

"ရွာသူကြီး ... ဤရှစ်မျိုးသော အကြောင်းအထောက်အပံ့များ ရှိပါကုန်လျက် ငါဘုရားသည် အမျိုးတို့ တော်ပြတ်ခြင်းငှာ၊ အကျိုးမဲ့ငှာ၊ ပျက်စီးခြင်းငှာ ကျင့်၏ဟု ဆိုသောသူသည် ထိုစကားကို မပယ်လျှင်၊ ထိုစိတ်ကို မပယ်လျှင်၊ ထိုအယူကို မစွန့်လျှင် ဆောင်ယူခဲ့သော ဝန်ထုပ်ကို ပစ်ချလိုက်သကဲ့သို့ နည်းတူ ငရဲသို့ ကျရောက်ရာ၏"

"အရှင်ဘုရား၏ တရားသည် အလွန်နှစ်သက်ဖွယ်ရှိပါ၏။ အရှင်ဘုရား တပည့်တော်အား ယနေ့မှစ၍ ရတနာသုံးပါးကို အသက်ထက်ဆုံး ဆည်းကပ်ကိုးကွယ်သော ဥပါသကာဟူ၍ မှတ်တော်မူပါဘုရား"

www.dhammaransi.com



ဟူ၍ လျှောက်ထားလေသည်။

**(သဠာယတနဝဂ္ဂ၊ ဂါမဏိသံယုတ်၊ ကုလသုတ်)**

## ဗုဒ္ဓနှင့် အသိဗန္ဓကာ၏သား ရွာသူကြီး
## (နိဂဏ္ဌနာဋပုတ္တ၏တရားနှင့် ဗုဒ္ဓ၏တရား နှိုင်းယှဉ်ချက်)

ဗုဒ္ဓသည် နာဠန္ဒမြို့ ပါဝါရိကသူဌေး၏ သရက်ဥယျာဉ်၌ သီတင်း သုံးနေစဉ် အသိဗန္ဓကာ၏သား ရွာသူကြီးသည် ဗုဒ္ဓထံ ထပ်မံရောက်လာပြီး ဗုဒ္ဓနှင့် နှုတ်ဆက်စကား ပြောဆိုပြီး တစ်နေရာ၌ ထိုင်သည်။

"ရွာသူကြီး... နိဂဏ္ဌနာဋပုတ္တသည် တပည့်တို့အား အဘယ်သို့ တရားဟောပါသနည်း"

"အရှင်ဘုရား... နိဂဏ္ဌနာဋပုတ္တဆရာသည် အသက်ကို သတ်သူ ဟူသမျှ အပါယ်ငရဲကျ၏။ မပေးသည်ကို ခိုးယူသူ မှန်သမျှ အပါယ်ငရဲကျ၏။ ကာမတို့၌ မှားယွင်းစွာကျင့်သူ မှန်သမျှ အပါယ်ငရဲကျ၏။ မမှန်မကန် ပြောဆိုသူမှန်သမျှ အပါယ်ငရဲကျ၏။ များသော ထိုထိုကံတို့က ဆောင်ယူသွား၏ ဟူ၍ တရားဟောပါသည်"

"ရွာသူကြီး...နိဂဏ္ဌနာဋပုတ္တ၏ စကားအရ များသော ထိုထိုကံက ဆောင်ယူသွားသည်မှန်သော် တစ်ဦးတစ်ယောက်မျှ အပါယ်ငရဲကျသူ မဖြစ်တော့လတ္တံ့။

"ရွာသူကြီး...ထိုအရာကို အဘယ်သို့ မှတ်ထင်ပါသနည်း။ ယောကျ်ား တစ်ယောက်သည် ညဉ့်၌ဖြစ်စေ၊ နေ့၌ဖြစ်စေ

သူ့အသက်ကို သတ်၏။ သူ့ဥစ္စာကို ခိုး၏။ ကာမကျူးလွန်၏။ လိမ်ညာပြောဆို၏။ ထိုသူ အသက်သတ်ခြင်းအချိန်၊ သူ့ဥစ္စာခိုးသောအချိန်၊ ကာမကျူးလွန်သောအချိန်၊ လိမ်ညာပြောဆိုသော အချိန်တို့တွင် ပြုလုပ်ဆောင်ရွက်သော အချိန်နှင့် မပြုလုပ်သော အချိန် အဘယ်အချိန်က များပါသနည်း”

“အရှင်ဘုရား ...မပြုလုပ်သောအချိန်က များပါသည်”

“ရွာသူကြီး ...နိဂဏ္ဌနာဋပုတ္တ၏ စကား အရမျှသော ထိုထို ကံက ဆောင်သွားခဲ့သော် တစ်ဦး တစ်ယောက်မျှ အပါယ်ငရဲ ကျသူ မဖြစ်တော့အံ့။

“ရွာသူကြီး ... ဤလောက၌ အသက်သတ်၊ ခိုးသူ၊ ကာမ ကျူးလွန်သူ၊ လိမ်ညာသူတို့သည် အပါယ်ငရဲကျ၏ဟု အချို့ သော ဆရာတို့သည် ဆိုလေ့ ယူလေ့ရှိ၏။

ထိုဆရာကို ကြည်ညိုသော တပည့်သည် ငါ၏ဆရာက သူ့အသက် သတ်မှု စသည် ပြုသူအား အပါယ်ငရဲကျသည်ဟု ဆို၏။ ငါသည်လည်း သတ်မှုစသည်တို့ ပြုမိ၏။ ငါသည်လည်း အပါယ်ငရဲကျသူဖြစ်၏ဟု အယူများကို ယူဆယုံကြည်မိ၏။ ထိုစကား ထိုစိတ်ကို မပယ်လျှင် ထိုအယူကို မစွန့်လျှင် ဆောင် ယူခဲ့သော ဝန်ထုပ်ကို ပစ်ချအပ်သကဲ့သို့ ငရဲသို့ ကျရပေမည်။

“ရွာသူကြီး ...ဤလောက၌ ပုဇော်အထူးကို ခံယူထိုက်ပြီး အလုံးစုံသော တရားတို့ကို သိတော်မူသော ဗုဒ္ဓသည် ပွင့်ထွန်း ပေါ်လာခဲ့ပြီး ထိုဗုဒ္ဓသည် သူ့အသက်သတ်ခြင်း စသည်တို့ကို အကြောင်း အမျိုးမျိုးတို့ဖြင့် ကဲ့ရဲ့၏။ အသက်သတ်ခြင်း စသော

www.dhammaransi.com



အမှုတို့ကို မပြုလုပ်ရန် ရှောင်ကြဉ်ကြရန် ဟောတော်မူ၏။

"ရှာသူကြီး... ထိုဆရာ၌ အလွန်ကြည်ညိုသော တပည့်သည် ဗုဒ္ဓသည် အကြောင်းအမျိုးမျိုးဖြင့် သူ့အသက် သတ်ခြင်းစသည်များကို ကဲ့ရဲ့တော်မူ၏။ အထူးကဲ့ရဲ့ပြီး မပြုလုပ်ရန်၊ ရှောင်ကြဉ်ရန် ဟောတော်မူ၏။ ငါသည် ဤမျှေ ဤမျှ သူ့အသက်သတ်ခြင်း စသော အမှုတို့ကို ပြုလုပ်မိ၏။ ထိုသို့ပြုလုပ်မှုသည် မကောင်း။ သို့သော်လည်း ငါသည် ဤအကြောင်းကြောင့် နှလုံးမသာမယာ ဖြစ်ခဲ့ပါလျှင် ထိုမကောင်းမှုကို ငါမပြုဟူ၍ ဖြစ်နိုင်လိမ့်မည် မဟုတ်ဟု ဆင်ခြင်မိပြီး သူ့အသက်သတ်မှု စသည်တို့ကို စွန့်လွှတ်၏။ နောင်အခါ၌လည်း သူ့အသက် သတ်ခြင်း စသည်တို့ကို ရှောင်ကြဉ်၏။ မကောင်းမှုများကို ပယ်၏။ ထိုမကောင်းမှုမှ လွန်မြောက်၏။

ထိုသူသည် သူ့အသက်သတ်ခြင်း စသည့် ဒုစရိုက်ဆယ်ပါးတရားမှ ရှောင်ကြဉ်လျက် သုစရိုက်တရား ဆယ်ပါးကို ပြုခြင်းဟူသော ကောင်းသောအယူ ရှိလျက်နေ၏။

"ရှာသူကြီး...ထိုအရိယာတပည့်သည် ထိုဒုစရိုက်ဆယ်ပါး ကင်းသည်ဖြစ်၍ မတွေဝေသော ဆင်ခြင်ဉာဏ် (သမ္ပဇဉ်)၊ အောက်မေ့မှု (သတိ)ရှိလျက် အရပ်ဆယ်မျက်နှာရှိ သတ္တဝါအားလုံးကို မိမိနှင့်ထပ်တူပြု၍ ပြန့်ပြောသော၊ မြင့်မြတ်သော၊ အတိုင်းအရှည်မရှိသော၊ ရန်မရှိသော၊ ငြိုငြင်ခြင်းမရှိသော မေတ္တာ၊ သနားခြင်း ကရုဏာ၊ ဝမ်းမြောက်ခြင်း မုဒိတာ၊ လျစ်လျူရှုခြင်း ဥပေက္ခာဟူသော ဗြဟ္မစိုရ်တရားလေးပါးဖြင့် ပျံ့နှံ့စေ၍

www.dhammaransi.com



နေ့၏။

"ရှာသူကြီး ... ဥပမာအားဖြင့် အားရှိသော ခရသင်းမှုတ်သမားသည် မပင်ပန်းဘဲသာလျှင် အရပ်လေးမျက်နှာကို သိစေနိုင်သကဲ့သို့ ဤဖြဟ္မစိုရ် အကြိမ်များစွာပြုသည်ရှိသော် နှိုင်ယှဉ်ခြင်း ကို ပြုတတ်သော ကာမာဝစရကံသည် မဟဂ္ဂုတ်ကံ၌ပင် မတည်နိုင်ပါ"

"အရှင်ဂေါတမ... အရှင်ဘုရား တရားသည် အလွန်နှစ်သက်ဖွယ် ရှိပေစွ။ အရှင်ဘုရားသည် တပည့်တော်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုကွယ်ဆည်းကပ်သော ဥပါသကာဟူ၍ မှတ်တော်မူပါ"

ဟု လျှောက်ထား လေသည်။

**(သင်္ဂါယနတနဝဂ္ဂသံယုတ်၊ ဂါမဏိသံယုတ်၊ သင်္ခမသုတ်)**

## ဗုဒ္ဓနှင့် အသိဗန္ဓက၏သား ရွာသူကြီး (အချို့ကို ကောင်းမွန်တရား ဟောမှု၊ အချို့ကို ကောင်းမွန်တရား မဟောမှု)

ဗုဒ္ဓသည် နာဠန္ဒမြို့ ပါဝါရိကသူဌေး၏ သရက်ဥယျာဉ်၌ သီတင်းသုံးနေစဉ်ဖြစ်သည်။ နိဂဏ္ဌနာဋပုတ္တ၏တပည့် အသိဗန္ဓက၏သား ရွာသူကြီးသည် ဗုဒ္ဓထံရောက်လာပြီးလျှင် ရှိခိုးကာ တစ်နေရာ၌ ထိုင်နေသည်။

"အရှင်ဘုရားသည် ခပ်သိမ်းသော သတ္တဝါတို့၏ အကျိုးစီးပွားကို လိုလားလျက်နေတော်မူသည် မဟုတ်ပါလော"

www.dhammaransi.com



"ရှာသူကြီး... နေတော်မူသည်မှာ မှန်၏"

"အရှင်ဘုရား...ထိုသို့ဖြစ်လျက် အရှင်ဘုရားသည် အဘယ်ကြောင့် သတ္တဝါအချို့အား ကောင်းမွန်စွာ တရားဟော၍ အချို့အား အဘယ်ကြောင့် ကောင်းမွန်စွာ မဟောကြားပါသနည်း"

"ရှာသူကြီး... ဤသို့ဆိုလျှင် ဤနေရာ၌ သင့်ကိုပင် ပြန်မေးရပါမည်။ သင်နှစ်သက်သလို ဖြေပါ။

"ဤလောက၌ လယ်သမားဖြစ်သော သူကြွယ်အား အကောင်းစား လယ်တစ်ကွက်၊ အလတ်စား လယ်တစ်ကွက်၊ ကြပ်တီးကုန်း ဆားမြေ မြေညံ့လယ်တစ်ကွက်ဟူ၍ လယ်သုံးကွက်ရှိရာ၏။ ထိုလယ်သမား သူကြွယ်သည် မျိုးစေ့ကို စိုက်ပျိုးလိုသော် ရှေးဦးစွာ အဘယ်လယ်၌ စိုက်ပျိုးမည်နည်း"

"အရှင်ဘုရား... ထိုလယ်သမားသူကြွယ်သည် ရှေးဦးစွာ အကောင်းစား လယ်၌ မျိုးစေ့တို့ကို စိုက်ပျိုးရာ၏။ ထို့နောက်မှ အလတ်စားလယ်၌ စိုက်ပျိုးရာ၏။ နွားစာမျှအတွက် အညံ့စားမြေ၌ စိုက်ပျိုးလိုသော်လည်း စိုက်ပျိုးမည်၊ မစိုက်ပျိုးလိုသော်လည်း စိုက်ပျိုးမည် မဟုတ်ပါ"

"ရှာသူကြီး... ငါ၏ ရဟန်း ရဟန်းမတို့သည် အကောင်းစား လယ်နှင့် တူကုန်၏။ ထိုသူတို့သည် ငါသာလျှင် မှီခိုရာ၊ လဲလျောင်းရာ၊ ပုန်းအောင်းရာ၊ ကိုးကွယ်ရာ ရှိနေသောကြောင့် ထိုသူတို့အား အစ၊ အလယ်၊ အဆုံး ကောင်းခြင်းရှိသော အနက်သဒ္ဒါနှင့် ပြည့်စုံသော တရားကို ငါဟော၏။ အလုံးစုံ ပြည့်စုံပြီး ထက်ဝန်းကျင် စင်ကြယ်သော အကျင့်မြတ်ကို ငါပြပေး၏။

"ရှာသူကြီး ... ငါ၏သီတင်းသည် ဥပါသကာ ဥပါသိကာမတို့သည် အလတ်စား လယ်နှင့် တူကုန်၏။ ထိုသူတို့သည်လည်း ငါသာလျှင် မှီခိုအားထားရာ ကိုကွယ်ရာ ရှိနေသောကြောင့် အစ၊ အလယ်၊ အဆုံး ကောင်းခြင်း ရှိသော အနက်သဒ္ဒါနှင့် ပြည့်စုံသော တရားကို ငါဟော၏။ အလုံးစုံ ပြည့်စုံသော၊ ထက်ဝန်းကျင် စင်ကြယ်သော အကျင့်မြတ်ကို ငါပြပေ၏။

"ရှာသူကြီး ... တိတ္ထိမှ တစ်ပါးကုန်သော ငါ၏ ရဟန်း၊ ပုဏ္ဏားတို့သည် အညံ့စား လယ်နှင့် တူကုန်၏။ တစ်ပုဒ်မျှကို သော်လည်း သိကြပါမူ ထိုသူတို့အား ရှည်စွာသော ကာလပတ်လုံး စီးပွားချမ်းသာအလို့ငှာ ဖြစ်ရာ၏ ဟူသော ရည်ရွယ်ချက်ဖြင့် ထိုသူတို့အားလည်း အစ၊ အလယ်၊ အဆုံး ကောင်းခြင်း ရှိသော အနက်သဒ္ဒါနှင့် ပြည့်စုံသော တရားကို ငါဟော၏။ အလုံးစုံ ပြည့်စုံပြီး ထက်ဝန်းကျင် စင်ကြယ်သော အကျင့်မြတ်ကို ငါပြ၏။

"ရှာသူကြီး ... ဥပမာတစ်နည်း သော်ကား ယောကျ်ားတစ်ယောက်အား ရေလှောင်အိုးကြီး သုံးလုံးရှိ၏။ တစ်လုံးက မပေါက်မယိုမစိမ့်၊ တစ်လုံးက မပေါက်၊ ယိုစိမ့်၏။ တစ်လုံးက ပေါက်၏၊ ယိုစိမ့်၏။ ထိုယောကျ်ားသည် ရေထည့်လိုသော် အဘယ်အိုး၌ ရှေးဦးစွာထည့်မည်နည်း"

"အရှင်ဘုရား ... ထိုယောကျ်ားသည် မပေါက် မယို မစိမ့်သောအိုး၌သာ ရေကို ဦးစွာထည့်ပါမည်။ ထို့နောက် ယိုစိမ့်သော အိုး၌ ထည့်ပါမည်။ ထို့နောက် အသုံးအဆောင် ဆေးကြောခြင်းမျှ

www.dhammaransi.com



ဖြစ်လတ္တံ့ဟူသော ရည်ရွယ်ချက်ဖြင့် ပေါက်သောအိုး၊ ယိုစိမ့်သော အိုး ဒွ ထည့်ရာ၏။ မထည့်ဘဲလည်း ထားရာ၏"

"ရွာသူကြီး... ဤဥပမာအတူ ငါ၏ ရဟန်း ရဟန်းမ တို့သည် မပေါက် မယို မစိမ့်သော ရေလှောင်အိုးကြီးနှင့် တူကုန်၏။ ထိုသူတို့သည် ငါသာလျှင် မှီခိုအားထား ကိုးကွယ်ရာ ရှိကြ၍ ထိုသူတို့အား ငါသည် အစ၊ အလယ်၊ အဆုံး ကောင်း ခြင်း ရှိသော၊ အနက်သဒ္ဒါနှင့် ပြည့်စုံသော တရားကို ငါဟော၏။ အလုံးစုံပြည့်စုံ၍ ထက်ဝန်းကျင် စင်ကြယ်သော အကျင့်မြတ်ကို ငါပြ၏။

"ရွာသူကြီး...ငါ၏ သီတင်းသည် ဥပါသကာ ဥပါသိကာမ တို့သည် မပေါက်မူ၍ ယိုစိမ့်သော ရေလှောင်အိုးကြီးနှင့် တူကုန် ၏။ ထိုသူတို့သည်လည်း ငါသာလျှင် မှီခိုအားထား ကိုးကွယ်ရာ ရှိကြ၍ အစ၊ အလယ်၊ အဆုံး ကောင်းခြင်း ရှိသော၊ အနက် သဒ္ဒါနှင့် ပြည့်စုံသော တရားကို ငါဟော၏။ အလုံးစုံပြည့်စုံ၍ ထက်ဝန်းကျင် စင်ကြယ်သော အကျင့်မြတ်ကို ငါပြ၏။

"ရွာသူကြီး...တိတ္ထိမှ တစ်ပါးကုန်သော ငါ၏ရဟန်း၊ ပုဏ္ဏားတို့သည် ပေါက်၍ ယိုစိမ့်သောအိုးနှင့်တူကုန်၏။ တစ်ပုဒ်မျှ ကိုသော်လည်း သိကြပါမူ ထိုသူတို့အား ရှည်စွာသော ကာလပတ် လုံး စီးပွားချမ်းသာ အလို့ငှာ ဖြစ်ရာ၏ဟူသော ရည်ရွယ်ချက်ဖြင့် အစ၊ အလယ်၊ အဆုံး ကောင်းခြင်းရှိသော၊ အနက်၊ သဒ္ဒါနှင့် ပြည့်စုံသော တရားကို ငါဟော၏။ အလုံးစုံပြည့်စုံပြီး ထက် ဝန်းကျင် စင်ကြယ်သော အကျင့်မြတ်ကို ငါပြ၏"

www.dhammaransi.com



"အရှင်ဘုရား၏ တရားသည် အလွန်နှစ်သက်ဖွယ် ရှိလှပါ၏။ တပည့်တော်ကို အရှင်ဘုရားသည် ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သော ဥပါသကာဟူ၍ မှတ်တော်မူပါဘုရား"

(သဉ္ဇာယတနဝဂ္ဂသံယုတ်၊ ဂါမဏိသံယုတ်၊
ခေတ္တူပမာသုတ်)

## ဗုဒ္ဓနှင့် အသိဗန္ဓကၡ၏သား ရွာသူကြီး (သေသူတို့၏ လားရောက်ရာကို ဟောကြားမှု၊ မဟောကြားမှု)

ဗုဒ္ဓသည် နာဠန္ဒမြို့ ပါဝါရိကသူဌေး၏ သရက်ဥယျာဉ်၌ သီတင်းသုံးနေချိန် ဖြစ်သည်။

အသိဗန္ဓကၡ၏သား ရွာသူကြီးသည် ဗုဒ္ဓထံသို့ ရောက်လာပြီး ရှိခိုးကာ တစ်နေရာ၌ ထိုင်သည်။

"အရှင်ဘုရား... တရားကို ကိုင်ဆောင်ပြီး မော်ပန်းကို ဆင်မြန်းကာ ရေသို့ သက်ဆင်းတတ်သော၊ မီးကိုလုပ်ကျွေးတတ်ကုန်သော ပစ္ဆာဘူမိ၌ နေကုန်သော ပုဏ္ဏားတို့သည် သေလွန်သူတို့ကို အထက်သို့ ရောက်စေနိုင်ကုန်၏။ ကောင်းစွာ သိစေနိုင်ကုန်၏။ နတ်ပြည်သို့ ရောက်စေနိုင်ကုန်၏။

အရှင်ဘုရားသည် ပူဇော်အထူးကို ခံယူထိုက်ပြီး အလုံးစုံသိသော ဘုရားရှင်သည်ကား လူအားလုံးကို သေပြီးသည်မှ နောက်၌ ကောင်းသောလားရာ နတ်ပြည်လောကသို့ရောက်

www.dhammaransi.com



အောင် ပြုပြင်ခြင်းငှာ စွမ်းနိုင်ပါ၏လော"

"ရွာသူကြီး... ဤသို့ဖြစ်လျှင် သင့်ကိုပင် ပြန်မေးပါမည်။ သင်ကြိုက်နှစ်သက်သလို ဖြေပါ။

ဤလောက၌ ယောကျ်ားသည် သူ့အသက်သတ်ခြင်း စသော ဒုစရိုက်ဆယ်ပါး အမှုတို့ကို ပြုလုပ်ထား၏။ ထိုသူ သေသော် လူအပေါင်းတို့က စုဝေး၍ ဤသူသည် ကောင်းသော လားရာ နတ်ပြည်သို့ ရောက်ပါစေဟူ၍ တောင်းပန်ရာ၏၊ ချီးမွမ်းရာ၏၊ လက်အုပ်ချီပြီး အဖန်တလဲလဲ ဆုတောင်းရာ၏။ ဤသို့ပြုလုပ်ခြင်းကြောင့် ထိုသေသူ ကောင်းသောလားရာ နတ်ပြည်သို့ ရောက်ပါမည်လော"

"အရှင်ဘုရား... မရောက်နိုင်ပါ"

"ရွာသူကြီး... ဥပမာသော် ယောကျ်ားတစ်ယောက်သည် ကြီးစွာသော ကျောက်တုံးကြီးကို နက်စွာသော ရေအိုင်သို့ချရာ၏။ ထိုကျောက်တုံးကို လူက်အများစုဝေးပြီး 'ကျောက်တုံး ထ,လော့၊ ပေါ်လော့၊ ကုန်းပေါ်တက်လော့'ဟု တောင်းပန်ဆုတောင်းကြသော် ထိုကျောက်တုံးသည် ရေနက်ထဲမှ ပေါ်ထွက်လာမည်လော"

"အရှင်ဘုရား... ဤသို့မဖြစ်နိုင်ပါ"

"ရွာသူကြီး... ဤနည်းတူ သူ့အသက်သတ်ခြင်း စသော ဒုစရိုက်ဆယ်ပါး ပြုထားသူတို့သည် အများက မည်မျှပင် ကောင်းရာနတ်ပြည် ရောက်ပါစေဟု ဆုတောင်းကြသော်လည်း မကောင်းသောလားရာ၊ ပျက်စီးကျရောက်ရာ အပါယ်ငရဲသို့သာ

www.dhammaransi.com



ကျရောက်ပါမည်။

"ရွာသူကြီး... ဤလောက၌ သုစရိုက်ဆယ်ပါး တရားကို ကျင့်နေပြီးသောသူ သေ၍ လူအများက စုဝေးပြီး ဤသူ မကောင်းသောလားရာ၊ ပျက်စီးကျရောက်ရာ အပါယ်ငရဲသို့ ကျရောက်ပါစေဟု ဆုတောင်းကြသော် အပါယ်ငရဲသို့ ရောက်ပါ မည်လော"

"အရှင်ဘုရား... မရောက်နိုင်ပါ"

"ရွာသူကြီး... ဥပမာအား ဖြင့် ထောပတ်အိုး၊ ဆီအိုးကို နက်စွာသော ရေအိုင်၌ နှစ်မြှုပ်ပြီးခဲ့သော် အိုးခြမ်းတို့သည် ရေအောက်သို့ကျ၍ ထောပတ်ဆီတို့သည် အထက်သို့ တက်ရာသည်။ လူအပေါင်း စုဝေ၍ ထောပတ်ဆီတို့ ရေအောက် နစ်မြုပ်ပါစေဟု ဆုတောင်းကြသော် ထိုထောပတ်ဆီတို့သည် ရေအောက်နစ်မြုပ်ပါမည်လော"

"အရှင်ဘုရား... မဖြစ်နိုင်ပါ"

"ရွာသူကြီး... ဤနည်းတူ သူ့အသက်သတ်ခြင်း စသည်မှ ရှောင်ကြဉ်၍ သုစရိုက်တရားဆယ်ပါး ပြုထားသူတို့သည် အများ က မည်မျှပင် အပါယ်ငရဲကျပါစေဟု ဆုတောင်းကြသော်လည်း ထိုသူသည် ကောင်းသောလားရာ နတ်ပြည်လောကသို့ ရောက် ရာ၏"

"အရှင်ဘုရား၏ တရားသည် အလွန်နှစ်သက်ဖွယ်ကောင်း လှပါ၏။ အရှင်ဘုရားသည် တံပည့်တော်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သော

www.dhammaransi.com



ဥပါသကာဟူ၍ မှတ်တော်မူပါဘုရား"

(သဠာယတနဝဂ်သံယုတ်၊ ဂါမဏိသံယုတ်၊
အသိဗန္ဓကပုတ္တသုတ်)

## အရှင်ဗာကုလနှင့် အစေလကတက္ကတွန်း
## (အရှင်ဗာကုလမထေရ်၏ အံ့သြဖွယ်ရာများ)

အရှင်ဗာကုလသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေချိန်ဖြစ်သည်။

ထိုအခါ အရှင်ဗာကုလ၏ ရှေးလူဖြစ်စဉ်က မိတ်ဆွေဖြစ်ခဲ့သော အစေလက ကဿပတက္ကတွန်းသည် အရှင်ဗာကုလထံသို့ ရောက်လာပြီး ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကားပြောပြီး သင့်ရာနေရာ၌ ထိုင်နေသည်။

"အရှင်ဗာကုလ... ရဟန်းပြုသည်မှာ အဘယ်မျှကြာပြီနည်း"

"ငါ့ရှင်... ငါရဟန်းပြုသည်မှာ အနှစ် ၈၀ ရှိပါပြီ"

"အရှင်ဗာကုလ... ဤအနှစ်ရှစ်ဆယ်အတွင်း ဘယ်နှကြိမ် မေထုန်အကျင့်ကို သင်မှီဝဲခဲ့ပါသနည်း"

"ငါ့ရှင်ကဿပ...ငါ့အား အရှင်ဗာကုလ ဤအနှစ်ရှစ်ဆယ် အတွင်းမှာ ဘယ်နှကြိမ် ကာမဂုဏ်နှင့်စပ်သောသညာ ဖြစ်ဖူးသနည်းဟု မေးသင့်သည်။

"ငါ့ရှင်ကဿပ... အနှစ်ရှစ်ဆယ်လုံး ရဟန်းပြုခဲ့သော ငါ့အား ကာမဂုဏ်နှင့်စပ်သောသညာ ဖြစ်ဖူး၏ဟူ၍ မသိစဖူး။

www.dhammaransi.com



ထိုမသိခြင်းကိုလည်း အံ့ဩဖွယ်ဟူ၍လည်းကောင်း၊ မဖြစ်စဖူး သူ့သောသဘောဟူ၍ လည်းကောင်း ငါမှတ်ရပါကုန်၏။ သူတစ်ပါးအား ဖျက်ဆီးလိုမှုနှင့် စပ်သော သညာ၊ သူတစ်ပါးအား ညှဉ်းဆဲလိုမှုနှင့်စပ်သော သညာဖြစ်မှု၏ဟူ၍ မသိစဖူး။ ကာမဂုဏ်နှင့်စပ်သော ကြံစည်ခြင်း ဖြစ်မှု၏ဟူ၍ မသိစဖူး။ သူတစ်ပါးအား ဖျက်ဆီးလိုမှုနှင့်စပ်သော ဗျာပါဒဝိတက်၊ သူတစ်ပါးအား ညှဉ်းဆဲလိုမှုနှင့်စပ်သော ဝိဟိံသဝိတက် ဖြစ်မှု၏ဟူ၍ ငါမသိစဖူး။

"ဒါယကာတို့ လှူဒါန်းသော သင်္ကန်းကိုသာ သာယာမှု၏ဟူ၍ မသိစဖူး။ သင်္ကန်းကို ဓားဖြင့် ဖြတ်မှု၏ ဟူ၍လည်း မသိစဖူး။

"သင်္ကန်းကို အပ်ဖြင့်ချုပ်မှု၏ဟူ၍ မသိစဖူး။ သင်္ကန်းကို ဆိုးရည်ဖြင့် ဆိုးရ၏ဟူ၍ မသိစဖူး။

- ကထိန်သင်္ကန်း ချုပ်မှု၏ ဟူ၍လည်း မသိစဖူး။
- သီတင်းသုံးဖော်တို့၏ သင်္ကန်းချုပ်ရာ၌ စီရင်မှု၏ဟူ၍ မသိစဖူး။
- ပင့်ဖိတ်သော ဆွမ်းကို သာယာမှု၏ဟူ၍ မသိစဖူး။
- တစ်စုံတစ်ယောက်သော ဒါယကာသည် ငါ့ကိုပင့်ဖိတ်မှုကောင်းလေစွ၊ ဤသို့သဘောရှိသော စိတ်ဖြစ်မှု၏ဟူ၍ မသိစဖူး။
- ရွာတွင်း၌ ထိုင်မှု၏ဟူ၍ မသိစဖူး။
- ရွာတွင်း၌ စားမှု၏ဟူ၍ မသိစဖူး။

www.dhammaransi.com



- မာတုကာမအား မိန်းမဟူသော အမှတ်လက္ခဏာအား ဖြင့် ကြည့်ရှုမှု၏ဟူ၍ မသိစဖူး။
- မာတုကာမအား အယုတ်ဆုံးအားဖြင့် လေးပါဒရှိသော ဂါထာမျှဖြင့် တရားကို ဟောဖူး၏ဟူ၍ မသိစဖူး။
- ဘိက္ခုနီမကျောင်းသို့ ချဉ်းကပ်ဖူး၏ဟူ၍ မသိစဖူး။
- ဘိက္ခုနီမအား တရားဟောဖူး၏ဟူ၍ မသိစဖူး။
- သိက္ခမာန်မအာ တရားဟောဖူး၏ဟူ၍ မသိစဖူး။
- သာမဏေမအာ တရားဟောဖူး၏ဟူ၍ မသိစဖူး။
- ဥပဇ္ဈာယ်ပြု၍ ရှင်ပြုဖူး၏ဟူ၍ မသိစဖူး။
- ဥပဇ္ဈာယ်ပြုလျက် ရဟန်းခံပေးဖူး၏ဟူ၍ မသိစဖူး။
- နိဿရည်းပေးဖူး၏ဟူ၍ မသိစဖူး။
- သာမဏေကို လုပ်ကျွေးစေဖူး၏ဟူ၍ မသိစဖူး။
- ရေချိုးဆိပ်၌ ရေချိုးဖူး၏ဟူ၍ မသိစဖူး။
- ရေချိုးကသယ်ဖြင့် ရေချိုးဖူး၏ဟူ၍ မသိစဖူး။
- သီတင်းသုံးဖော်တို့၏ ကိုယ်ကို ဆုပ်နယ်မှု၌ စီရင်ဖူး၏ ဟူ၍ မသိစဖူး။
- အယုတ်သဖြင့် နွားနို့တစ်ညှစ်ခန့်မျှလည်း အနာဖြစ်ဖူး၏ ဟူ၍လည်း မသိစဖူး။
- အယုတ်သဖြင့် သျှစ်သျှားသီးပိုင်းမျှလည်းဖြစ်သော ဆေးကို သုံးဆောင်ဖူး၏ဟူ၍ မသိစဖူး။
- တံကဲပျဉ်ကို မှီ၍ အိပ်ဖူး၏ဟူ၍ မသိစဖူး။
- အိပ်ရာ၌ အိပ်ဖူး၏ဟူ၍ မသိစဖူး။

www.dhammaransi.com



- ရှာနိ ကျောင်း၌ ဝါကပ်မှုအါပ္ပ၍ မသိစမှု။
- ရဟန်း ဖြစ်၍ မနုစ်ရက်သာလျှင် ကိလေသာရှိသော ပုထုဇဉ်ဖြစ်၍ တိုင် ပြည်၏ ဆွမ်း ကို စား ခဲ့မှု ၏။

ဟိုနောက် ရှစ်ရက်မြောက်သောနေ့၌ အရဟတ္တဖိုလ်သည် ထင်ရှား ဖြစ်၏။ ထိုသည်များကို အံ့ဩဖွယ်ရာဟူ၍ လည်းကောင်း၊ မဖြစ်စဖူး ထူးသောသဘော ဟူ၍လည်းကောင်း ငါတို့ မှတ်ရပါကုန်၏”

ဟု အရှင်ကဿပက မိန့်ကြားသောအခါ အစေလက ကဿပကလည်း ဝန်ခံ သည်. .

“ငါ့ရှင်ဗာကုလ...ကျွန်ုပ်လည်း ဤသုတ်၊ ဒီဃနိကာယ၊ ဝိနည်းဟူသော ဗုဒ္ဓသာသနာတော်၌ ရှင်ရဟန်း အဖြစ်ကို ရလိုပါ၏”

ဟု လျှောက်ထားလေသည်။

အရှင်ဗာကုလသည် အစေလက ကဿပကို ရဟန်း ပြုပေးသည်။ အရှင်ကဿပသည် ဆိတ်ငြိမ်ရာ၌ ကပ်၍ မမေ့မလျော့သော သတိတရား ဖြင့် လုံ့လပြုကာ တရား အားထုတ်သဖြင့် မကြာမြင့်မီ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေသည်။

အရှင်ကဿပသည်...

လူ့ဘောင်မှ ရဟန်းဘောင်၌ ရဟန်းပြုကြသော အမျိုးကောင်းသားများ မျှော်လင့်ထားခဲ့ကြသော အတုမဲ့ မြတ်သော အကျင့်၏ ဆုံးခန်းတိုင်သို့ ရောက်မှုကို ကိုယ်တိုင် ထူးသော ဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုကာ ပြည့်စုံစေ၍နေသည်။

- ပဋိသန္ဓေနေမှုကုန်ပြီ

www.dhammaransi.com



- မြတ်သောအကျင့်ကို ကျင့်သုံးမှုပြီးပြီ
- ပြုဖွယ်ကိစ္စကို ပြုပြီးပြီ
- အရဟတ္တဖိုလ်ဟူသော အကျိုးမှာ တစ်ပါးသောပြုဖွယ် ကိစ္စ မရှိပြီ

ဟူ၍ သိလေတော့သည်။

ထို့နောက် အခါတစ်ပါး၌ အရှင်ဗာကုလသည် သံကောက်ကို ယူ၍ တစ်ကျောင်းမှ တစ်ကျောင်းသို့ ချဉ်းကပ်ပြီး လျှင်...

"အရှင်ဘုရားတို့... ရှေ့သို့တက်ကုန်လော့။ ယနေ့ ကျွန်ုပ်၏ ပရိနိဗ္ဗာန်စံဝင်ခြင်းသည် ဖြစ်လတ္တံ့"

ဟူ၍ ပြောဆိုခြင်းကိုလည်း အရှင်ဗာကုလ၏ အံ့ဩဖွယ်ဟူ၍လည်းကောင်း၊ မဖြစ်စဖူး ထူးသောသဘော ဟူ၍လည်းကောင်း အကျွန်ုပ်တို့ မှတ်ရပါ၏။

အရှင်ဗာကုလသည် ရဟန်းအပေါင်းအလယ်၌ ထိုင်လျက်သာလျှင် စံဝင်၏။ ထိုသည်ကိုလည်း အရှင်ဗာကုလ၏ အံ့ဩဖွယ်ဟူ၍လည်းကောင်း၊ မဖြစ်စဖူး ထူးသောသဘော ဟူ၍လည်းကောင်း ငါတို့ မှတ်ရပါကုန်၏။

**(ဥပရိပဏ္ဏာသ၊ သုညတဝဂ်၊ ဗာကုလသုတ်)**

## နိဂဏ္ဌနာဋပုတ္တ၏ ဘဝနိဂုံးနှင့် နိဂဏ္ဌတို့၏အစ

နာဠန္ဒမြို့ရှိ ဥပါလိသူကြွယ်သည် မူလက နိဂဏ္ဌနာဋပုတ္တ၏ အားထားရသော တပည့်ရင်း၊ ပစ္စည်းလေးပါး ဒကာရင်းဖြစ်သည်။ ဗုဒ္ဓနှင့် တွေ့ဆုံခဲ့သော နိဂဏ္ဌ၏တပည့် ဒီဃတပဿီ

www.dhammaransi.com



၏ ပြောကြားချက်အရ မိမိတို့က ဒဏ်၊ ဗုဒ္ဓဂေါတမက ကံဟုဆိုသည်ကို ဥပါလိက ဗုဒ္ဓဂေါတမထံ ကိုယ်တိုင်သွားပြီး ဝါဒတင်မည်ဟုဆိုကာ ဆရာနိဂဏ္ဌ နာဋပုတ္တထံ ခွင့်ပန်သည်။

ဒီဃတပဿီက ရဟန်း ဂေါတမသည် လှည့်ပတ်တတ်သော မာယာအတတ်ရှိ၍ ဥပါလိကို သွားခွင့်မပြုရန် တားမြစ်သည်။

ဆရာနိဂဏ္ဌနာဋပုတ္တက ရဟန်းဂေါတမသည် ဥပါလိ သူကြွယ်၏ တပည့် ဖြစ်လာလိမ့်မည်၊ ဝါဒသွား တင်ပါစေဟု ခွင့်ပြုခဲ့သည်။

ဥပါလိသူကြွယ်သည် ဗုဒ္ဓနှင့်တွေ့သော် ဒဏ်အယူပျောက်ပြီး ကံအယူကို လက်ခံကာ ယောဟာပန်ဖြစ်ခဲ့သလို ဗုဒ္ဓ၏တပည့် လည်း ဖြစ်သွားခဲ့လေသည်။

ထိုအတွက် ဆရာကြီးနိဂဏ္ဌနာဋပုတ္တသည် တပည့် ဒီဃတ ပဿီ၏ သတိပေးချက်အရ ဥပါလိသူကြွယ်အိမ်သို့ တပည့် အပေါင်း ခြံရံလျက် သွားရောက်ကာ တွေ့ဆုံသည်။

ဥပါလိသူကြွယ်သည် ယခင်က ဆရာနိဂဏ္ဌကို နွေးနွေး ထွေးထွေး ရိုရိုသေသေ ကြိုဆိုကာ မြင့်မြတ်သောနေရာ၌ထားပြီး လုပ်ကျွေးပြုစုလေ့ရှိခဲ့သည်။ ယခုမူ ထိုကဲ့သို့ မကြိုဆို၊ သာမန် လာတွေ့သူ သဘောထားကာ နေရာမပေး၊ အလယ်တံခါးပေါက် ၌သာ တွေ့ဆုံသည်။ မိမိကမူ မြင့်မြတ်သောနေရာ၌ နေရာယူပြီး နိဂဏ္ဌဆရာကြီးကို ကြမ်းပြင်၌သာ ထိုင်စေခဲ့သည်။

ဆရာကြီးနိဂဏ္ဌက အပြစ်တင်ပြောဆိုသောအခါ ဥပါလိ သူကြွယ်က ဗုဒ္ဓရှိရာဘက်သို့ လက်အုပ်ချီရှိခိုးပြီး ဂါထာ (၁၀)

www.dhammaransi.com



ဂါထာဖြင့် ဗုဒ္ဓ၏ဂုဏ်ကို ချီးကျူးရွတ်ဆိုခဲ့သည်။

ဆရာကြီးနိဂဏ္ဌာသည် မိမိရှေ့၌ ဗုဒ္ဓ၏ဂုဏ် ရွတ်ဆိုသည်ကို ကြားရသောအခါ ဗုဒ္ဓအပေါ် မနာလိုသော ဒေါသစိတ်၊ မိမိအတွက် ဝမ်းနည်းစိတ်၊ ရှက်စိတ်နှင့် သောကစိတ်များ ဖြစ်ပေါ်လာကာ ကိုယ်တွင်းနှလုံး ပူလောင် ကြေမွပြီး သွေးများအန်ထွက်လေသည်။

ထိုအခါ တပည့်များသည် မကျန်းမာတော့သော ဆရာကို သယ်ယူပြီး နာဠန္ဒမြို့မှ ပါဝါပြည်သို့ သယ်ခဲ့ကြသည်။

ဆရာနိဂဏ္ဌနာဋပုတ္တသည် ထိုသွေးအန်သောရောဂါဖြင့် သေခါနီးကာလဝယ် စဉ်းစားမိသည်။

"ငါ၏အယူဝါဒသည် ဝဋ်မှ မထွက်မြောက်တတ်။ တရားထွက်မြောက်လျှင် တရားရှင်ပုဂ္ဂိုလ်လည်း ထွက်မြောက်ပြီး ဖြစ်ရမည်။ ငါ၏အယူဝါဒသည် အနှစ်မှကင်း၏။ ယခု ငါမှုကား ပျက်စီးရလေပြီ။ ကျန်သောလူအပေါင်းသည်လည်း အပါယ်သို့ ပြည့်စေသောသူတို့ မဖြစ်ကြပါစေကုန်လင့်။ ငါ၏အဆုံးအမသည် ဝဋ်ဆင်းရဲမှ မထွက်မြောက်တတ်ဟု အကယ်၍ ပြောဆိုလိုက်အံ့။ တပည့်တို့သည် လတ်တလော ယုံကြည်ကြလိမ့်မည် မဟုတ်။ ငါသည် နှစ်ယောက်သောသူတို့ကို တစ်ခုတည်းသော အခြင်းအရာနည်းအားဖြင့် ခံယူစေရပါမူ ကောင်းလေစွ။ သင်မပေးရလျှင် ကောင်းလေမည်။ ထိုသူနှစ်ယောက်သည် ငါ ကွယ်လွန်သောအခါ၌ အချင်းချင်း ဆန့်ကျင်ဘက် ပြောကြ ငြင်းကြလိမ့်မည်။ မြတ်စွာဘုရားသည် ထိုငြင်းခုံမှုကို အကြောင်း

www.dhammaransi.com



ပြု၍ တစ်မျိုးသော တရားစကားကို ဟောတော်မူလိမ့်မည်။ ထိုသို့ဟောတော်မူခြင်း ကြောင့် ထိုသူတို့သည် အဆုံးအမ၏ ကြီးကျယ်မြင့်မြတ်သည်၏ အဖြစ်ကို သိကြလိမ့်မည်"

ထိုသို့စဉ်းစားနေစဉ် ကိုဆရာနိဂဏ္ဍနာဋပုတ္တထံသို့ အနီးနေ တပည့်တစ်ယောက်သည် ရောက်လာပြီ ...

"အရှင်... အရှင်သည် အားအင်မရှိတော့ပါ။ ကျွန်ုပ်အား လည်း နိဂဏ္ဌတို့၏ ဆိုင်ရာဓမ္မ၌ အာစရိယမုဋ္ဌိဖြစ်၍ ပမာဏပြု လောက်သော အနှစ်သာရကို မိန့်ကြားပေးတော်မူပါကုန်"

ဟု လျှောက်ထားသည်။

"ငါ့ရှင်...သင်သည် ငါကွယ်လွန်သောအခါ၌ အတ္တနှင့် လောကသည် အခါခပ်သိမ်း မြဲသည်ဟူ၍ မှတ်ယူပါလေ"

ဟု အဖြေပေးသည်။

အခြားတပည့်တစ်ယောက် ရောက်လာ၍ သေခါနီး အနှစ် သာရရှိသော တရားကို ဟောကြားပေးပါဟု လျှောက်ထားသော အခါ ထိုသူကိုမူ

"အတ္တနှင့် လောကသည် သေလျှင် ပြတ်၏-ဟူသော အယူကို ယူပါ"

ဟု ပြောကြားအဖြေပေးလေသည်။

ဤသို့လျှင် နိဂဏ္ဍနာဋပုတ္တဆရာကြီးသည် တစ်မျိုးတည်း သော အယူဝါဒရှိသည်ကို မဟောကြားမပြုလုပ်ဘဲ များစွာသော လူတို့ကို များစွာသော အယူတို့သို့ ယူအောင် အခြင်းအရာ နည်းအမျိုးမျိုးဖြင့် သင်ပေးပြီးနောက် ကွယ်လွန်သွားလေသည်။

www.dhammaransi.com



နိဂဏ္ဍနာဋပုတ္တ၏ တပည့်တို့သည် ဆရာကြီး၏ အသုဘ သင်္ဂြိုဟ်မှုကိစ္စကို ပြုပြီးနောက် စည်းဝေးကြကာ...

"ငါ့ရှင်တို့... အဘယ်သူကား ဆရာသည် တရားအနှစ်ကို ပြောခဲ့သနည်း" ဟူ၍ မေးလေသည်။

ထိုအခါ တပည့်တစ်ယောက်သည် ထ၍...

"ငါ့အား ဆရာသည် တရားအနှစ်ကို ပြောကြားခဲ့ပါသည်"

ဟု ပြောဆိုသည်။

"သင့်ကို ဆရာပြောကြားသော တရားအနှစ်ကား အဘယ်နည်း၊ ပြောကြားပါလော့"

"ငါ့ရှင်တို့...အတ္တနှင့် လောကသည် အခါခပ်သိမ်းမြဲ၏။ 'သဿတဝါဒ' ဟု ဆရာသည် အနှစ်တရားကို ဟောကြားခဲ့ပါသည်"

ထိုအခါ အခြားတပည့်တစ်ယောက်က ထ၍ ကန့်ကွက်ကာ "ငါ့အား ဆရာသည် အတ္တနှင့် လောကသည် သေလျှင်ပြတ်၏" ဟူသော တရားအနှစ်သာရကို ဟောခဲ့သည်"

ဟု ပြောပြန်လေသည်။

ဤသို့ဖြင့် တပည့်တို့သည် ဆရာက ငါ့ကို တရား၏ အနှစ်သာရသည် အဘယ်ဖြစ်သည်၊ ငါသည် အကြီးအကဲတည်း ...စသည်ဖြင့် ဝါဒအငြင်းအခုံ ဖြစ်ကြသည်။ ဝါဒငြင်းခုံရာမှ ဒေါသဖြစ်ကြပြီး ဆဲရေးကြသည်၊ ရိုက်ပုတ်ကြသည်အထိ ဖြစ်လာခဲ့ကြကာ အုပ်စုများ ကွဲသွားကြလေသည်။

www.dhammaransi.com

# အခန်း ( ၃ )

# ဗုဒ္ဓသာသနာ၏ အနှစ်သာရများ

## ရှင်အာနန္ဒာနှင့် စုန္ဒသမဏုဒ္ဒေသတို့ ဗုဒ္ဓထံ လျှောက်ထားခြင်း

ဗုဒ္ဓသည် သက္ကတိုင်း၊ ဝေခညမည်သော သာကီဝင်မင်းမျိုးတို့၏ သရက်ဥယျာဉ်ပြာသာဒ်၌ သီတင်းသုံးနေချိန်ဖြစ်သည်။

ထိုအချိန်တွင် နိဂဏ္ဌနာဋပုတ္တသည် ပါဝါပြည်၌ ကွယ်လွန်ပြီ စအချိန် ဖြစ်သည်။

နိဂဏ္ဌနာဋပုတ္တ သေဆုံးသောအခါ သူ၏တပည့် တက္ကတွန်းတို့သည်

"သင်သည် ဤဓမ္မဝိနယကိုမသိ၊ ငါသည် သိ၏။ သင်သည် မှားသောအကျင့် ရှိသူဖြစ်၏။ ငါသည် မှန်သောအကျင့် ရှိသူဖြစ်၏။ ငါ၏စကားသည် စေ့စပ်၏၊ သင်၏စကားသည် မစေ့စပ်။ သင်သည် ရှေးဦးစွာ ဆိုသင့်သည်ကို နောက်မှဆို၏၊ နောက်မှ ဆိုသင့်သည်ကို ရှေးဦးစွာဆို၏။ သင် ကြာမြင့်စွာ လေ့လာသောဝါဒသည် ပြောင်းလဲလေပြီ၊ သင်၏အယူ၌ရှိသော အပြစ်ကို ငါတင်ပြပြီ။ သင် အရေးနိမ့်ပြီ၊ ငါတင်ပြသောအပြစ်မှ

www.dhammaransi.com



လွတ်မြောက်ရန် ရှာကြံချေဦးလော့။ အကယ်၍ စွမ်းနိုင်လျှင် ယခုပင် ဖြေရှင်ပါလော့"

ဟူ၍ တစ်ဦးနှင့်တစ်ဦး ငြင်းခုံကြ၊ ခိုက်ရန်ဖြစ်ကြ၊ နှုတ်လှန်ထိုးကြပြီး အုပ်စုနှစ်စု ကွဲကုန်ကြသည်။

"မကောင်းသဖြင့် ဟောအပ်သော၊ မကောင်းသဖြင့် သိစေအပ်သော၊ ဝဋ်မှထွက်မြောက်ကြောင်း မဟုတ်သော၊ ကိလေသာငြိမ်းချမ်းမှုကို မဖြစ်စေတတ်သော၊ ဘုရားမဟုတ်သူတို့ ဟောအပ်သော၊ ထောက်တည်ရာ မှီခိုရာ မရှိသော၊ အဆုံးအမ သာသနာ၌ ငြီးငွေ့ခြင်းသဘော၊ အကြည်ညိုကင်းခြင်းသဘော၊ အရိုအသေ ဆုတ်ယုတ်ခြင်းသဘော ရှိကုန်သကဲ့သို့ နာဋပုတ္တ၏ တပည့်ဖြစ်ကုန်သော၊ အဝတ်ဖြူဝတ်ကုန်သော လူတို့သည်လည်း နာဋပုတ္တ၏ တပည့်ဖြစ်သော နိဂဏ္ဌာတို့၌ ငြီးငွေ့ခြင်းသဘော၊ အကြည်ညိုကင်းခြင်းသဘော၊ အရိုအသေ ဆုတ်ယုတ်ခြင်းသဘော ရှိကုန်ကြသည်"

ထိုအချိန်တွင် စုန္ဒသမဏုဒ္ဒေသသည် ပါဝါပြည်၌ ဝါကျွတ်ပြီးသော် သာမမည်သော ရွာ၌ သီတင်းသုံးနေသော ရှင်အာနန္ဒာထံသို့ ရောက်လာပြီး ထိုနိဂဏ္ဌာနာဋပုတ္တ၏ တပည့်များ ငြင်းခုံ အုပ်စုကွဲပုံ အလုံးစုံကို ပြောပြ လျှောက်ထားသည်။

"ငါ့ရှင်စုန္ဒ... ဤအကြောင်းအရာကား ဗုဒ္ဓကို ဖူးမြော်ပြီး လျှောက်ထားရန် သင့်သော အခြေခံအကြောင်းတည်း။ ဗုဒ္ဓထံသွား၍ ဤအကြောင်းကို လျှောက်ထားကြစို့"

ဟူ၍ ရှင်အာနန္ဒာက မိန့်ကြားသည်။

www.dhammaransi.com



ထို့နောက် စုန္ဒသမုဒ္ဒေသနှင့် ရှင်အာနန္ဒာမထေရ်တို့သည် ဗုဒ္ဓထံသို့ သွားရောက်အသည့်ကပ်ကြပြီး ကိုနိဂဏ္ဌနာဋပုတ္တတို့၏ တပည့်များ ငြင်းခုံကွဲပြဲပြီး နှစ်ဖို့ နှစ်စု ဖြစ်ကြပုံ အကြောင်း စုကို လျှောက်ထား ပြသည်။

ထိုအခါ ဗုဒ္ဓက စုန္ဒသမုဒ္ဒေသမထေရ်ကို မည်သို့သော ဆရာ၊ မည်သို့သော တပည့်ကို ချီးမွမ်းအပ်၊ ကဲ့ရဲ့အပ်၊ မိုဝဲအပ်၊ မမိုဝဲအပ် စသည်တို့ကို ဟောကြား ပြသတော်မူသည်။

## ဘုရားမဟုတ်သူ ဟောအပ်သော သာသနာ

"စုန္ဒ... မကောင်းသဖြင့် ဟောအပ်သော၊ မကောင်းသဖြင့် သိစေအပ်သော၊ ဝဋ်မှထွက်မြောက်ကြောင်း မဟုတ်သော၊ ကိလေသာငြိမ်းမှုကို မဖြစ်စေတတ်သော၊ ဘုရားမဟုတ်သူ ဟောအပ်သော၊ ထောက်တည်ရာ မှီခိုရာမရှိသော အဆုံးအမ၌ ဤသို့ငြိငွေ့ခြင်း စသည် သည် ဖြစ်မြဲပေတည်း။

ဤလောက၌ ဆရာသည် အလုံးစုံသောတရားကို ကိုယ်တိုင် မှန်စွာသိသူမဟုတ်၊ တရားသည်လည်း မကောင်းသဖြင့် ဟောအပ် သိစေအပ်သောတရား ဖြစ်၏။

- မဂ်ဖိုလ် ဆိုက်ရောက်ကြောင်း တရားမဟုတ်
- ကိလေသာငြိမ်းမှုကို ဖြစ်စေတတ်သောတရားမဟုတ်
- ဘုရားမဟုတ်သူ ဟောအပ်သောတရားဖြစ်၏။

ထိုသည်ကို သိသော တပည့်သည်ကား ထိုအဆုံးအမ (သာသနာ)၌ ထိုဆရာဟောအပ်သော ဝိမုတ္တိဓမ္မအားလျော်သော

www.dhammaransi.com



အကျင့်ကို ရှိသော်စွာ ကျင့်ရှုမနေ၊ တိုးဆောင်၏ တရားနှင့်အညီ ကျင့်ရှုမနေ။ ထိုတရားမှ ရှောင်ဖယ်၍ ကျင့်နေ၏။

"စုန္ဒ... ဤအဆုံးအမ၌ ဆရာကိုလည်း ကဲ့ရဲ့အပ်၏။ အဆုံးအမတရား၌လည်း ကဲ့ရဲ့အပ်၏။ ထိုအဆုံး အမ(သာသနာ)၌ တပည့်ကိုကား ချီးမွမ်းအပ်၏။

"စုန္ဒ... အကြင်ဆရာသည် တပည့်ကို အကြင်အခြင်းအရာအားဖြင့် ငါသည် တရားကို ဟောအပ်၊ ပညတ်အပ်၏၊ ထိုအခြင်းအရာဖြင့် ကျင့်လော့ဟုဆိုကာ မိမိ၏ မကောင်းသဖြင့် ဟောအပ် သိစေအပ်သော မဂ်ဖိုလ်ဆိုက်ရောက်ကြောင်း မဟုတ်သော ကိလေသာငြိမ်းမှုကို မဖြစ်စေတတ်သော၊ ဘုရားမဟုတ်သူ ဟောအပ်သော တရားအဆုံး အမ၌ ဆောက်တည်စေ၏။ ကျင့်စေ၏။

ထိုတပည့်ကလည်း ထိုဆရာ၏ဆန္ဒအတိုင်း တည်၍ ကျင့်၏။ ဒီလိုဆိုသော ဆိုဆရာတပည့်တို့သည် များစွာသော မကောင်းမှုကို ဖြစ်ပွားစေကုန်၏။

"စုန္ဒ...ဤလောက၌ ဆရာသည် အလုံးစုံသော တရားကို ကိုယ်တိုင်မှန်စွာ သိသူမဟုတ်၊ တရားသည်လည်း မကောင်းသဖြင့် ဟောအပ် သိစေအပ်သော တရားဖြစ်၏။ မဂ်ဖိုလ်ရောက်ကြောင်းတရား မဟုတ်၊ ကိလေသာငြိမ်းမှုကို ဖြစ်စေတတ်သော တရားမဟုတ်၊ ဘုရားမဟုတ်သူ ဟောအပ်သောတရားဖြစ်၏။

ဆရာသည် တပည့်ကို ထိုအဆုံးအမ၌ တည်၍ ကျင့်စေသဖြင့် တပည့်က လိုက်နာ၍ ကျင့်၏။

ဤအဆုံးအမ(သာသနာ)၌ ဆရာကိုလည်းကောင်း၊ တပည့်

www.dhammaransi.com



ကို လည်းကောင်း၊ တရားကိုလည်းကောင်း ကဲ့ရဲ့အပ်၏။

"စုန္ဒ... ဆရာသည် တပည့်ကို ငါ့ရှင်သည် ဝိမုတ္တိဓမ္မသို့ ရောက်ကြောင်း အသိဉာဏ်အကျိုးငှာ ကျင့်၍နေ၏။ ဝိမုတ္တိသို့ ရောက်ကြောင်း အသိဉာဏ်သည် ပြီးဆုံးခြင်းသို့ ရောက်လတ္တံ့ဟုဆိုကာ ဆရာကလည်း ချီးမွမ်း၊ တပည့်ကိုလည်း ချီးမွမ်းသဖြင့် တပည့်က အတိုင်ထက်အလွန် လုံ့လကို အားထုတ်၏။ အလုံးစုံသော ထိုသူတို့သည် မကောင်းသဖြင့် ဟောအပ်သော တရားကို ကျင့်သဖြင့် များစွာသော မကောင်းမှုကို ဖြစ်ပွားစေကုန်၏"

## ဘုရားအစစ်ဟောအပ်သော အဆုံးအမ (သာသနာ)

"စုန္ဒ... ဤအဆုံးအမ (သာသနာတော်)၌ ဆရာသည်လည်း အလုံးစုံသော တရားတော်တို့ကို ကိုယ်တိုင် မှန်ကန်စွာ သိသူဖြစ်၏။ တရားသည်လည်း ကောင်းစွာဟောအပ် သိစေအပ်သော တရားဖြစ်၏။ မဂ်ဖိုလ်ရောက်ကြောင်း တရားဖြစ်၏။ ကိလေသာငြိမ်းစေမှုကို ဖြစ်စေတတ်သော တရားဖြစ်၏။ ဘုရားစစ်စစ် ဟောအပ်သော တရားဖြစ်၏။

သို့သော် တပည့်သည်ကား ထိုအဆုံးအမ (သာသနာ)၌ မဂ်ဖိုလ် တရားအားလျော်စွာ အကျင့်ကို ကျင့်၍မနေ၊ ထိုတရားကို ရှောင်ဖယ်၍ ကျင့်၏။

"စုန္ဒ...ဤအဆုံးအမ (သာသနာ)၌ ဆရာကိုလည်း ချီးမွမ်းအပ်၏။ တရားကိုလည်း ချီးမွမ်းအပ်၏။ တပည့်ကိုကား ကဲ့ရဲ့အပ်၏။

www.dhammaransi.com



"စုန္ဒ... ဆရာသည် တပည့်ကို အကြောင်းအခြင်းအရာအားဖြင့် ပါဆရာသည် တရားကိုဟော၏၊ ပညတ်၏၊ ထိုအခြင်းအရာအားဖြင့် ကျင့်လော့ဟု ဆို၍ ဆောက်တည်စေ၏။ တပည့်ကလည်း ဆောက်တည်ကျင့်၏။ အလုံးစုံသော ထိုသူတို့သည် ကောင်းစွာဟောအပ်၊ မဂ်ဖိုလ်ရောက်အပ်၊ ကိလေသာငြိမ်းအပ်၊ ဘုရားစစ်ဟောအပ်သော တရားအဆုံးအမ၌ တည်ပြီး ကျင့်သောကြောင့် များစွာသော ကောင်းမှုကို ဖြစ်ပွားစေကုန်၏။

"စုန္ဒ... ဤအဆုံးအမ (သာသနာ)၌ ဆရာသည်လည်း အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာသိသော ဘုရားစင်စစ် ဖြစ်၏။ တရားကို ကောင်းစွာဟောအပ် သိစေအပ်၏။ မဂ်ဖိုလ်ရောက်ကြောင်း ကိလေသာငြိမ်းမှုကို ဖြစ်စေသော ဘုရားစင်စစ် ကဟောသော တရား ဖြစ်၏။

တပည့်သည် ထိုအဆုံးအမ၌ မဂ်ဖိုလ်အား လျော်သော အကျင့်ကို တရားနှင့်အညီ ရိုသေစွာကျင့်သုံးဆောက်တည်၏။

"စုန္ဒ... ထိုအဆုံးအမ (သာသနာ၌) ဆရာကိုလည်း ချီးမွမ်းအပ်၏။ တရားကိုလည်း ချီးမွမ်းအပ်၏။ တပည့်ကိုလည်း ချီးမွမ်းအပ်၏။

ဆရာကလည်း ချီးမွမ်း၊ တပည့်ကလည်း ချီးမွမ်းသည့် အတိုင်း အတိုင်းထက်အလွန် လုံ့လပြု၍ အားထုတ်၏။ ထိုဆရာ တပည့်တို့သည် ဘုရားစစ်စစ် ကောင်းစွာဟောအပ် သိစေအပ်သော တရားစစ် တရားမှန်ကို အားထုတ်ကျင့်ကြံသောကြောင့် များစွာသော ကောင်းမှုတို့ ဖြစ်ပွားစေကုန်၏"

## တပည့်တို့ ပျံ့ပွားအပ်သောဆရာ၊ မပျံ့ပွားအပ်သောဆရာ

"ဗုဒ္ဓ... ယခုလောက၌ ပူဇော်အထူးကို ခံယူထိုက်ပြီး အလုံးစုံသော တရားတို့ကို ကိုယ်တိုင် မှန်ကန်စွာသိသော ဗုဒ္ဓသည် ထင်ရှားပွင့်ပေါ်မှုလာ၏။ တရားကိုလည်း ကောင်းစွာ ဟောအပ် သိစေအပ်သော တရား ဖြစ်၏။ ဝဋ်မှထွက်မြောက်ကြောင်း ကိလေသာငြိမ်းမှုကို ဖြစ်စေတတ်သော တရားစစ်စစ် ဟောထားအပ်သော တရား ဖြစ်၏။

သို့သော် ဗုဒ္ဓ၏ အဆုံးအမ(သာသနာ)၌ တပည့်တို့သည် ကာ ..

- သစ္စာလေးပါးကို မသိကြသေး
- အလုံးစုံပြည့်စုံသော မြတ်သောအကျင့်ကို ထင်ရှား ပေါ်လွင်အောင် မပြုရသေး
- အလုံးစုံသော အဆုံးအမ၏ သဘောကို ပေါင်းစုသော ပုဒ်တို့ဖြင့် တပေါင်းတည်း ဖြစ်အောင် မပြုရသေး
- ဝဋ်ဆင်းရဲမှ ထုတ်ဆောင်သော တရားနှင့်တကွ မပြုအပ်သေး
- လူ့ပြည်မှ နတ်ပြည်အထိ ပျံ့နှံ့အောင် ကောင်းစွာမပြုအပ်သေး

ထိုအချိန် ထိုဆရာ ကွယ်လွန်သော် ထိုသို့သော အကြောင်းများ ဖြစ်ပေါ်မှု မပြီးပြည့်စုံသေးဘဲ ဆရာကွယ်လွန်သောကြောင့် တပည့်တို့အား ပူပန်ခြင်းကို ဖြစ်စေရသည်။

ထိုအကြောင်းအရာများ အားလုံးပြည့်စုံပြီးမှ ဆရာသည် ကွယ်လွန်သည်ရှိသော် တပည့်များအား ပူပန်ခြင်း မဖြစ်တော့ပေ။

## ပြည့်စုံသော အဆုံးအမ (သာသနာ)

"စုန္ဒ... အကြင်အဆုံးအမ (သာသနာ)သည် သူကျွမ်းတော အစရှိသော အင်္ဂါတို့နှင့် ပြည့်စုံ၏။

- ဆရာသည်လည်း ထေရညာဏ်နှင့် ပြည့်စုံ၍ ရဟန်းဝါရင့်သော၊ ရဟန်း သက်ရှည်သော၊ ရှေးမီသော၊ နောက်ဆုံး အရွယ် ရောက်နေသော ဆရာဖြစ်၏။
- ထိုဆရာ၏ တပည့်ဖြစ်သော ရဟန်း ရဟန်းမ၊ ဥပါသကာ ဥပါသိကာမ တို့သည်လည်း မိမိတို့ဆရာ၏ အကျင့်လမ်းစဉ်၌ ယှဉ်ကျင့်လိမ္မာ၍ ကောင်းစွာဟော ပြောခြင်းငှာ စွမ်းနိုင်ကုန်၏။
- ထိုဆရာ၏ အဆုံးအမသည်လည်း မှန်ဖြိုးစည်ပင်၍ လူပြည် နတ်ပြည်အထိ ပြည့်စုံ၍ ဖြစ်၏။
- ထိုအဆုံးအမ (သာသနာ)သည် အင်္ဂါနှင့်ပြည့်စုံသော သာသနာဖြစ်၏။

"စုန္ဒ... ယခုအခါ ငါသည် ပူဇော်အထူးကို ခံထိုက်၍ အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိမြင်သော ဆရာ အဖြစ်ဖြင့် လောက၌ ဖြစ်ပေါ်လာ၏။

- တရားသည်လည်း ကောင်းစွာဟောကြားအပ်သော တရား ဖြစ်၏။
- ငါ၏တပည့်တို့သည်လည်း သစ္စာလေးပါးတရားကို သိခြင်းသို့ ရောက်ကြပြီ။
- ဆရာဖြစ်သော ငါသည်လည်း ထေရညာဏ်နှင့် ပြည့်စုံ၍

www.dhammaransi.com



ရဟန်းသက် ရှည်ခဲ့ပြီဖြစ်၏။

- ငါ၏အကျင့်မြတ်သည်လည်း လူ့ပြည်မှ နတ်ပြည် အထိ ပျံ့နှံ့ခဲ့လေပြီ။
- ယခုအခါ ငါ၏အကျင့်လမ်းစဉ်၌ ကျွမ်းကျင်လိမ္မာ၍ ကောင်းစွာ ဟောခြင်းငှာ စွမ်းနိုင်သော ရဟန်း ရဟန်းမ၊ ဥပါသကာ ဥပါသိကာမတို့ ရှိနေကြပြီး ဖြစ်၏။
- ယခုအခါ ငါဘုရားနှင့်တကွ တပည့်သံဃာအပေါင်း တို့သည် လာဘ်လာဘပေါများခြင်း၏ အထွတ် အထိပ်သို့ ရောက်နေခဲ့ကြပြီး ဖြစ်၏။
- ငါ့တပည့်သား သံဃာတို့သည် ဂိုဏ်းနှင့်လည်း ပြည့်စုံ ခဲ့ပြီး ဖြစ်၏။
- ထို့ကြောင့် ငါဘုရား၏ အဆုံးအမ(သာသနာ)ကို အလုံးစုံသော ပြည့်စုံဖွယ် အကြောင်းတို့ဖြင့် အယုတ် အလွန်မရှိ ပြည့်စုံသော အဆုံးအမ (သာသနာ)ဟူ၍ ဆိုထိုက်ပါ၏။

"စုန္ဒ...ရာမ၏သား ဥဒကသည် မြင်လျက် မမြင် ဟူသော စကားကို ဆို၏။ အဘယ်သို့ မြင်လျက် မမြင်သနည်းဆိုသော်...

"ထက်စွာသွေးထားသော သင်တုန်းဓား၏ အရွက်ကို မြင်၏၊ အသွားကိုကား မမြင်။

ဤသည်ကို မြင်လျက် မမြင်ဟု ဆိုပါသည်။

"စုန္ဒ... ရာမ၏သား ဥဒကဆိုသော စကားသည် ယုတ်ညံ့

www.dhammaransi.com



၏။ ရှာသူတို့၏ အလေ့အကျက်ဖြစ်၏။ ပုထုဇဉ်တို့သာ ပြော၏။ အရိယာပုဂ္ဂိုလ်တို့ကား မပြော။ အကျိုးစီးပွားနှင့်မစပ်။

“စုန္ဒ... မြင်လျက် မမြင် ဟူသော စကားကို ဟုတ်မှန်စွာ ဆိုသော ပုဂ္ဂိုလ်သည် ဤသာသနာကိုသာလျှင် မြင်လျက် မမြင်ဟု ဟုတ်မှန်စွာ ဆိုရာ၏။

ပင့်ဆင်ရမှု ပယ်ဖြောက်ခြင်းငှာရန် အယုတ်အလွန်မရှိ အပြည့်အစုံ ကောင်းစွာဟောကြားထားအပ်သော အဆုံးအမ (သာသနာ)သည် ရှိ၏။ ထိုအဆုံးအမ (သာသနာ)ကို မြင်၏။

ဤအဆုံးအမ (သာသနာ)၌ ပယ်နုတ်ရန်လည်း မရှိ၊ ထပ်မံ ဖြည့်စွက်ရန်လည်း မရှိ။

ထိုကဲ့သို့ ပယ်နုတ်ဖွယ်၊ ထပ်မံဖြည့်စွက်ဖွယ် မမြင်ခြင်းကိုပင် မြင်လျက် မမြင်ဟူ၍ ဆိုအပ်၏။

အလုံးစုံပြည့်စုံဖွယ်အကြောင်းနှင့် ပြည့်စုံသော အဆုံးအမ (သာသနာ)ကို ပြပါဟုဆိုလျှင် အယုတ်အလွန်မရှိ၊ စင်စစ် ကောင်းစွာ ဟောအပ် ပြအပ်သော ငါဘုရား၏ အဆုံးအမ (သာသနာ)ကိုသာ ပြရပါမည်။

## စုပေါင်းရွတ်ဆို (သံဂါယနာ)တင်အပ်သောတရားများ

“စုန္ဒ... ဤသာသနာတော်၌ ငါဘုရားသည်

- သတိပဋ္ဌာန်လေးပါး
- သမ္မပ္ပဓာန်လေးပါး
- ဣဒ္ဓိပါဒ်လေးပါး

www.dhammaransi.com



- ဣန္ဒြေငါးပါး
- ဗိုလ်ငါးပါး
- ဗောဇ္ဈင်ခုနစ်ပါး
- အရိယာမဂ္ဂင်ရှစ်ပါး

ဤ (၃၇)ပါးသော ဗောဓိပက္ခိယတရားတို့ကို ထူးကဲသော သဗ္ဗညုတ ဉာဏ်တော်ဖြင့် ဟောတော်မူအပ်ပြီ...

ထိုတရားတို့၌ အလုံးစုံသော သင်ချစ်သားတို့သည် အတူ တကွ လာရောက်စည်းဝေးကုန်၍ ဤသာသနာတော် အရှည် ခန့်၍ ကြာမြင့်စွာ တည်တံ့သော အခြင်းအရာဖြင့် အနက်ဖြင့် အနက်ကို၊ သဒ္ဒါဖြင့် သဒ္ဒါကို ညီညွတ်စေလျက် ရွတ်ဆို (သံဂါယနာ)တင်အပ်၏။ မငြင်းခုံအပ်။

ထိုရွတ်ဆို(သံဂါယနာ)တင်ခြင်းသည် လူအများ၏ အကျိုး စီးပွား အလို့ငှာ၊ လူအများ၏ ချမ်းသာအလို့ငှာ၊ လောကကို စောင့်ရှောက်ရန် အလို့ငှာ၊ နတ်လူတို့၏ အကျိုးစီးပွား ချမ်းသာ အလို့ငှာ ဖြစ်ရာ၏။

## သိစေအပ်သော စူးစမ်းဆင်ခြင်မှုပြုရန်

"စုန္ဒ... ညီညွတ်ကုန်သော၊ အချင်းချင်း ဝမ်းမြောက်ကုန် သော၊ မငြင်းခုံကြကုန်သော၊ အကျင့်သိက္ခာကို လိုလားကုန်သော သင်ချစ်သားတို့တွင် သီတင်းသုံးဖော် တစ်ဦးဦးသည် သံဃာ အလယ်၌ အကယ်၍ တရားဟောငြားအံ့။

ထိုသို့ဟောရာဝယ် အနက်ကိုလည်း မှားယွင်းစွာယူ၏။

www.dhammaransi.com



သဒ္ဒါကိုလည်း မှားယွင်းစွာတင်ပြခြင်းရှိသော် ထိုသီတင်းသုံးဖော်၏ စကားကို နှစ်သက်လက်ခံခြင်းလည်းမပြု၊ ကဲ့ရဲ့ခြင်းလည်း မပြုဘဲ

"ငါ့ရှင်...ဤအနက်၏ သဒ္ဒါတို့သည် ဤသဒ္ဒါတို့ ဖြစ်ကုန်သလော၊ အဘယ်သဒ္ဒါတို့သည် သာလွန်၍ သင့်မြတ်ကုန်သနည်း။ ဤသဒ္ဒါ၏ အနက်သည် ဤအနက်ဖြစ်သလော၊ ထိုအနက်ဖြစ်သလော၊ အဘယ်အနက်သည် သာလွန်၍ သင့်မြတ်ပါသနည်း"ဟု ဆိုအပ်၏။

ထိုတရားဟော သီတင်းသုံးဖော်က "ငါ့ရှင်တို့... ဤအနက်၏ သဒ္ဒါတို့တွင် ဤသဒ္ဒါတို့သာလျှင် သာလွန်၍ သင့်မြတ်ကုန်၏။ ဤသဒ္ဒါတို့ကိုပင် ငါဆိုပါ၏။ ဤသဒ္ဒါတို့အ၏ အနက်တွင် ဤအနက်သည်သာလျှင် သာလွန်၍ သင့်မြတ်ပါ၏။ ဤအနက်ကိုပင် ငါဆိုပါ၏"

ဟူ၍ ဆိုလာငြားအံ့။ ထိုသီတင်းဖော်ကို မြှင့်တင်ချီးမွမ်းခြင်းလည်း မပြုအပ်၊ နှိမ့်ချ ဖြိုဖ်ခြောက်ခြင်းလည်း မပြုအပ်၊ ထိုသို့မပြုဘဲ ထိုအနက် ထိုသဒ္ဒါကို ရှုစမ်းဆင်ခြင်ရန်ကိုသာ ထိုသီတင်းဖော် တရားဟောသူကို ကောင်းစွာသိစေအပ်ရမည်။

"စုန္ဒ... တစ်ပါးသော သီတင်းသုံးဖော်သည် သံဃာအလယ်၌ အကယ်၍ တရားဟောငြားအံ့။ ယိုသို့ဟောရာ၌ ဤအရှင်သည် အနက်ကိုလည်း ဟုတ်မှန်စွာယူ၏၊ သဒ္ဒါကိုလည်း ဟုတ်မှန်စွာတင်ပြ၏။ ထိုတရားဟောပုဂ္ဂိုလ်၏ စကားကို ကောင်း၏ဟူ၍ နှစ်သက်လက်ခံအပ်၏။ ဝမ်းမြောက်နှမော်

www.dhammaransi.com



သာဓုခေါ်အပ်၏။

ထိုအရှင်ကို ငါရှင် ငါတို့သည် အရတော်လေစွ၊ ငါတို့သည် ကောင်းစွာရအပ်လေစွ၊ ငါတို့သည် ဤသို့ အနက်ကို တတ်သိသော၊ ဤသို့သဒ္ဒါကို တတ်သိသော ထိုသို့သဘောရှိသော သီတင်းသုံးဖော် အရှင်မြတ်ကို မြင်ကြရကုန်၏ဟု ဆိုအပ်၏"

## ပစ္စည်းလေးပါး ခွင့်ပြုခြင်း၏ ရည်ရွယ်ချက်

"စုန္ဒ... ပစ္စုပ္ပန်လောကဥ္စဖြစ်သော အာသဝေါတရားတို့ကို ပိတ်ပင်တားမြစ်ရန်သာ ငါသည် သင်တို့အား တရားဟောသည် မဟုတ်၊ တမလွန်လောကဥ္စ ဖြစ်တတ်သော အာသဝေါတရားတို့ကို ပယ်ဖျောက်ရန်သာ ငါသည် သင်တို့အား တရားဟောသည် မဟုတ်။

ပစ္စုပ္ပန် တမလွန်လောကဥ္စ ဖြစ်တတ်သော အာသဝေါတရားတို့ကို ပိတ်ပင်တားမြစ်ခြင်းငှာ ငါသည် သင်တို့အား တရားကို ဟော၏။

"စုန္ဒ... ထို့ကြောင့် သင်တို့အား ငါသည် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးကို ခွင့်ပြုအပ်၏။

ငါခွင့်ပြုအပ်သော သင်္ကန်းသည် အအေး၊ အပူ၊ မှက်၊ ခြင်၊ ယင်၊ လေ၊ နေပူ၊ မြွေ၊ ကင်း၊ သန်းတို့၏ အတွေ့အထိကို ပယ်ဖျောက်ရန် စွမ်းနိုင်၏။ အရှက်ကို ဖျက်ဆီးတတ်သော အင်္ဂါကြီးငယ်ကို ဖုံးလွှမ်းရန် စွမ်းနိုင်၏။

ဤသို့ အချမ်းအပူပျောက်ခြင်း စသည်ကိုပြု၍ ရဟန်း

www.dhammaransi.com



တရားကို အားထုတ်ကျင့်ဆောင်လတ္တံ့ဟု ရည်ရွယ်၍ ထိုသင်္ကန်းကို ငါခွင့်ပြုအပ်၏။ ငါခွင့်ပြုအပ်သော ဆွမ်းသည် ဤခန္ဓာကို တည်တံ့မျှတစေခြင်းငှာ လည်းကောင်း၊ ဆာလောင်ငတ်မွတ်မှုကို ပယ်ဖျောက်ခြင်းငှာလည်းကောင်း၊ သာသနာတော်ကို ချီးမြှောက်ခြင်းငှာလည်းကောင်း စွမ်းနိုင်၏။

ဤဆွမ်းကို မှီဝဲခြင်းဖြင့် ဝေဒနာဟောင်းများကို ပယ်ဖျောက်အံ့၊ ဝေဒနာသစ်များကိုလည်း မဖြစ်စေအံ့၊ ဣရိယာပုထ် မျှတခြင်းသည်လည်း ဖြစ်လတ္တံ့၊ အပြစ်မရှိခြင်းသည် ဖြစ်လတ္တံ့၊ ချမ်းသာစွာနေရခြင်းသည် ဖြစ်လတ္တံ့၊ ဤသို့ နှလုံးသွင်း၍ ရဟန်းတရားကို အားထုတ်ကျင့်ဆောင်လတ္တံ့ဟု ရည်ရွယ်၍ ထိုဆွမ်းကို ငါခွင့်ပြုအပ်၏။

"ငါခွင့်ပြုအပ်သော ကျောင်းသည် အချမ်းအပူကို လည်းကောင်း၊ မှက်၊ ခြင်၊ ယင်၊ လေ၊ နေပူ၊ မြွေ၊ ကင်း၊ သန် တို့၏ အတွေ့အထိကို ပယ်ဖျောက်ခြင်းငှာလည်းကောင်း စွမ်းနိုင်၏။ ဥတုကြောင့်ဖြစ်သော ဘေးရန်ကို ပယ်ဖျောက်ရန်၊ ကမ္မဋ္ဌာန်းအာရုံ၌ မွေ့လျော်ရန် စွမ်းနိုင်၏။

ဤသို့ အချမ်း၊ အပူ ပယ်ဖျောက်ခြင်း စသည်ကို ပြု၍ ရဟန်းတရားကို ကျင့်ဆောင်အားထုတ်လတ္တံ့ဟု ရည်ရွယ်၍ ထိုကျောင်းကို ငါခွင့်ပြု၏။

ငါခွင့်ပြုသော ဆေးသည် သင်တို့ ဓာတ်ချောက်ချားမှုကြောင့်ဖြစ်သော ဆင်းရဲဝေဒနာကို ပယ်ဖျောက်ရန် စွမ်းနိုင်၏။ ရောဂါဆင်းရဲ မရှိစေရန် စွမ်းနိုင်၏။

www.dhammaransi.com



ဤသို့ ဆင်းရဲဝေဒနာ ပယ်ဖျောက်ခြင်း စသည်ကို ပြု၍ ရဟန်းတရားကို အားထုတ်ကျင့်ဆောင်လတ္တံ့ဟု ရည်ရွယ်၍ ထိုဆေးကို ငါခွင့်ပြုအပ်၏။"

## ချမ်းသာခံစားခြင်းအကျင့်

"စုန္ဒ... သာကီဝင်မင်းသား ဘုရားသားတော် ရဟန်းတို့သည် ချမ်းသာခံစားခြင်း အကျင့်ကို အားထုတ်လျက်နေကြကုန်၏ ဟူ၍ သာသနာပ တစ်ပါးသော အယူရှိသော တိတ္ထိတက္ကတွန်း ပရိဗိုဇ်တို့ဆိုသော အကြောင်းသည် ရှိသည်။

ထိုပုဂ္ဂိုလ်များကို ငါ့ရှင်တို့ ထိုသို့ချမ်းသာခံစားခြင်း အကျင့်ဟူသည် အဘယ်နည်း ။ ချမ်းသာခံစားခြင်း အကျင့်တို့သည် များကုန်၏၊ ပွားသောအစီရင် ရှိကုန်၏၊ အထူးထူး အထွေထွေ များပြားကုန်၏ဟူ၍ ဟောအပ်၏"

"စုန္ဒ... ဤလောက၌ အချို့သော လူမိုက်သည်

- သတ္တဝါတို့ကို သတ်၍ မိမိကိုယ်ကို ချမ်းသာစေခြင်း
- မပေးသည်ကို ယူ၍ မိမိကိုယ်ကို ချမ်းသာစေခြင်း
- မဟုတ်မမှန်သော စကားကို ပြော၍ မိမိကိုယ်ကို ချမ်းသာစေခြင်း
- ငါးပါးသော ကာမဂုဏ်တို့ဖြင့် ကုံလုံပြည့်စုံစွာ ခံစားခြင်း။

ဤလေးပါးသော ချမ်းသာခံစားခြင်း အကျင့်တို့သည် ယုတ်ညံ့ကုန်၏။ ရွာနေသူတို့၏ အကျင့်ဖြစ်၏။ ပုထုဇဉ်တို့သာ မှီဝဲအပ်၏။ အရိယာတို့ မမှီဝဲအပ်ကုန်။ အကျိုးစီးပွားနှင့် မစပ်

www.dhammaransi.com



ကုန်။ ဝဋ်ဆင်းရဲမှ ငြီးငွေ့ကင်းရန် ချုပ်ရန် ငြိမ်းရန် မဖြစ်ကုန်။ သစ္စာလေးပါးကို ထိုးထွင်း၍ သိရန် မဖြစ်ကုန်။ မဂ်ဖိုလ်နိဗ္ဗာန် ရရန် မဖြစ်ကုန်။

"စုန္ဒ... သာကီဝင်မင်းသား ဘုရားသားတော်တို့သည် ဤလေးပါးသော ချမ်းသာကို ခံစားခြင်းငှာ အကျင့်ကို အားထုတ်လျက်နေကုန်၏ဟု သာသနာပ ပရိဗိုဇ်တို့က ဆိုလာသော် ဤသို့ မဆိုလင့်ဟု ဆိုကုန်ရာ၏။ ထိုပရိဗိုဇ်တို့သည် သင်တို့ကို ဟုတ်မှန်စွာ ဆိုလိုသည်ဖြစ်၍ ဆိုသည်မမည်၊ မဟုတ်မမှန် စွပ်စွဲပြောဆိုခြင်းသာ မည်ကုန်၏။

"စုန္ဒ... ဝဋ်ဆင်းရဲ၌ ငြီးငွေ့ရန်၊ စွဲမက်ခြင်းကင်းရန်၊ ချုပ်ငြိမ်းရန်၊ သစ္စာလေးပါးကို ထိုးထွင်းသိရန်၊ မဂ်ဖိုလ်ဉာဏ်ရပြီး နိဗ္ဗာန်ရောက်ရန် ချမ်းသာခံစားခြင်းအကျင့် (၄)မျိုး ရှိပေသည်။

"စုန္ဒ... ဤသာသနာတော်၌ ရဟန်းသည် ကာမဂုဏ်နှင့် အကုသိုလ်တို့မှ ဆိတ်၍ ကြံစည်ခြင်း၊ သုံးသပ်ခြင်းနှင့် တကွသော ကာမဂုဏ် အကုသိုလ်တို့မှ ဆိတ်ကြောင်းဖြစ်သော နှစ်သိမ့်ခြင်း၊ ချမ်းသာခြင်းရှိသော ပထမဈာန်သို့ရောက်၍နေ၏။ (ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခတို့နှင့်တကွ ဖြစ်သော ပထမဈာန်ကို ဝင်စားနေခြင်း)

- ကြံစည်ခြင်း၊ သုံးသပ်ခြင်း ချုပ်ငြိမ်း၍ နှစ်သိမ့်ခြင်း ချမ်းသာခြင်းရှိသော ဒုတိယဈာန် ရောက်၍နေ၏။ (ဝိတက်၊ ဝိစာရငြိမ်း၍ ပီတိ သုခမျှသာရှိသော ဒုတိယဈာန်ဝင်စား၍နေခြင်း)

www.dhammaransi.com



- နှစ်သိမ့်ခြင်းကင်း၍ ချမ်းသာခြင်းရှိသော တတိယဈာန် ရောက်၍နေ၏။ (ပီတိကင်း၍ သုခမျှသာရှိသော တတိယဈာန်ကို ဝင်စား၍နေခြင်း)
- ချမ်းသာ ဆင်းရဲ နှစ်မျိုးလုံးကင်းကွာပြီးသော စတုတ္ထ ဈာန် ရောက်၍နေခြင်း (သုခ၊ ဒုက္ခကင်းပြီး စတုတ္ထ ဈာန် ဝင်စားနေခြင်း)

"စုန္ဒ... သာကီဝင်မင် သား ဘုရားသားတော်တို့သည် ဤ လေးပါးသော ချမ်းသာခံစားခြင်းအကျင့်ကို အားထုတ်ကြကုန် လျက် နေကုန်၏ဟု သာသနာပ တက္ကတွန်း ပရိဗိုဇ်တို့က ဆိုလာသော် မှန်ပေ၏ဟု ဆိုရာ၏။ ထိုသူတို့သည် ဟုတ်မှန် သည်ကို ဆိုလိုသည်ဖြစ်၍ ဆိုသည်မည်၏။ မဟုတ်မမှန် စွပ်စွဲ ပြောဆိုသည် မမည်ကုန်ရာ"

## ချမ်းသာခံစားခြင်းအကျင့်၏ အကျိုးများ

"စုန္ဒ...ဤလေးပါးသော ချမ်းသာခံစားခြင်း အကျင့်တို့ကို အားထုတ်၍နေသော ပုဂ္ဂိုလ်တို့အား အဘယ်မျှသော အကျိုးများ အလိုရှိအပ် မျှော်လင့်အပ်ကုန်သနည်းဟု သာသနာပ ပရိဗိုဇ် တို့က မေးမြန်းလာသော်...

"သာသနာတော်၌ ရဟန်းသည် သုံးပါးသော သံယောဇဉ် အနှောင်အဖွဲ့တို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့် အပါယ်လေးပါး သို့ ကျခြင်း မရှိ၊ ကိန်းသေမြဲ၍ အထက်မဂ်သုံးပါးလျှင် လားရာ ရှိသော သောတာပန်အဖြစ်သို့ ရောက်၏။

www.dhammaransi.com



ဤသည်ကား ပထမဦးဆုံးသော အကျိုးဖြစ်၏။

ရဟန်းသည် သုံးပါးသော သံယောဇဉ် အနှောင်အဖွဲ့တို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့် တပ်မက်ခြင်း(ရာဂ)၊ အမျက်ထွက်ခြင်း (ဒေါသ)၊ တွေဝေခြင်း(မောဟ)တို့၏ ခေါင်းပါးခြင်းကြောင့် ဤလူ့ပြည်သို့ တစ်ကြိမ်သာ လာ၍ ဆင်းရဲ၏အဆုံးကို ပြုလတ္တံ့သော သကဒါဂါမိဖြစ်၏။

ဤကား နှစ်ခုမြောက်အကျိုးဖြစ်၏။

အောက်ကာမဘုံ၌ ပဋိသန္ဓေနေခြင်း အဖို့ရှိသော ငါးပါးသော သံယောဇဉ် အနှောင်အဖွဲ့တို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့် ဗြဟ္မာဘုံ၌ ဥပပတ်ပဋိသန္ဓေနေ၍ ထိုဘုံ၌သာလျှင် ပရိနိဗ္ဗာန်ပြုလတ္တံ့သော၊ ထိုဘုံမှ ပြန်လည်ခြင်းသဘောမရှိသော အနာဂါမိဖြစ်၏။

ဤကား သုံးခုမြောက်အကျိုးဖြစ်၏။

ရဟန်းသည် အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါတရားကင်းသော လွတ်မြောက်သည့် (အရဟတ္တဖိုလ်) စိတ်နှင့် လွတ်မြောက်သည့် အရဟတ္တဖိုလ်ပညာကို ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုလျက် ရောက်၍ နေသော ရဟန္တာဖြစ်၏။

ဤကား လေးခုမြောက် အကျိုးတည်း။

"ငါ့ရှင်တို့… ဤလေးပါးသော ချမ်းသာခံစားခြင်း အချင်းတို့ကို အားထုတ်လျက်နေကုန်သော ပုဂ္ဂိုလ်တို့အား ဤလေးပါးသော အကျိုးတို့ကို အလိုရှိအပ်၏ဟု ပြောဆိုရပါသည်"

www.dhammaransi.com



## အာသဝေါကင်းသူ မကျူးလွန်ထိုက်သော အရာများ

"စုန္ဒ... သာကီဝင်မင်းသား ဘုရားသားတော်တို့သည် အယူဝါဒ၌ မတည်တံ့သော သဘောရှိကုန်သည် ဖြစ်၍နေကုန်၏ဟု သာသနာပ တက္ကတွန်း ပရိဗိုဇ်တို့က ဆိုလာသော်...

"ငါ့ရှင်တို့... သိမြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်ပြီး အလုံးစုံသော တရားတော်တို့ကို ကိုယ်တော်တိုင် မှန်စွာသိတော်မူသော ဗုဒ္ဓသည် တပည့်တို့အား ဟောကြားပညတ်အပ်ကုန်သော အသက်ထက်ဆုံး မကျူးလွန်အပ်ကုန်သော တရားတို့သည် ရှိကုန်သည်သာတည်း။

"ငါ့ရှင်တို့... မြေသို့နက်စွာဝင်ပြီး မြဲစွာ စိုက်ထားအပ်သော ကျောက်တိုင်၊ သံတိုင်သည် မရွေ့လျား မတုန်လှုပ်သကဲ့သို့ ဗုဒ္ဓက တပည့်တို့အား ဟောကြားအပ်ကုန်သော တရားတို့သည် မရွေ့လျား မတုန်လှုပ်ကုန်။

"ငါ့ရှင်တို့... အကြင်ရဟန်းသည် ပူဇော်အထူးကို ခံထိုက်၏။ အာသဝေါကုန်ပြီးဖြစ်၏။ မြတ်သောအကျင့်ကို ကျင့်သုံးပြီးဖြစ်၏။ ပြုပြီးသော မဂ်ကိစ္စရှိ၏။ ခန္ဓာဝန် ချပြီးဖြစ်၏။ ရောက်ပြီးသော အရဟတ္တဖိုလ်တည်းဟူသော မိမိအကျိုးရှိ၏။ ဘဝသံယောဇဉ် ကုန်ပြီးဖြစ်၏။ ကောင်းစွာသိ၍ ကိလေသာမှ လွတ်ပြီးဖြစ်၏။

ထိုရဟန်းသည် (၉)ပါးသော အရာတို့၌ လွန်ကျူးခြင်းငှာ မထိုက်။ အာသဝေါကင်းပြီးသော ရဟန်းသည်...

- သေစေလို၍ သတ္တဝါကို သတ်ခြင်းငှာ မထိုက်

www.dhammaransi.com



- မပေးသည်ကို ခိုးယူခြင်း၌ မထိုက်
- မေထုန်အကျင့်ကို မှီဝဲခြင်း၌ မထိုက်
- သိလျက် မဟုတ်မမှန်သော စကားကို ပြောဆိုခြင်း၌ မထိုက်
- ရှေးလူဖြစ်စဉ်အခါက ပြုလုပ်သကဲ့သို့ ဝတ္ထုကာမ၊ ကိလေသာ ကာမတို့ကို စုဆောင်းသိုမှီး၍ သုံးဆောင်ခြင်း၌ မထိုက်
- ချစ်သဖြင့် မလားအပ်သည့် အရာသို့ လားခြင်း၌ မထိုက်
- မုန်းသဖြင့် မလားအပ်သည့်အရာသို့ လားခြင်း၌ မထိုက်
- မသိသဖြင့် မလားအပ်သည့်အရာသို့ လားခြင်း၌ မထိုက်
- ကြောက်သဖြင့် မလားအပ်သည့်အရာသို့ လားခြင်း၌ မထိုက်

ဤကိုးပါးသော အရာတို့ကို လွန်ကျူး၍ ကျင့်ခြင်း၌ မထိုက်ဟု ဆိုကုန်ရာ၏"

## ဗုဒ္ဓသည် တထာဂတ အမည်ရခြင်း

"စုန္ဒ...ရဟန်းဂေါတမသည် အတိတ်ကာလကို အကြောင်းပြု၍ အပိုင်းအခြားမရှိ များစွာသော ဉာဏ်အမြင်ကို ဖော်ပြ၏၊ အနာဂတ်ကာလကို အကြောင်းပြု၍ကား များစွာသော ဉာဏ်

www.dhammaransi.com



အမြင်ကို ဖော်ပြခြင်းမပြု၊ ယင်းသို့ မဖော်ပြခြင်းသည် အဘယ်ကြောင့်နည်း”ဟု သာသနာပ တက္ကတွန်းပရိဗိုဇ်တို့က မေးမြန်းရန်အကြောင်း ရှိ၏။

ထိုသို့မေးခြင်းသည် မပါမှာ မိုက်ကုန်သောသူတို့ကဲ့သို့ အာရုံတစ်ပါးကိုသိသော ဉာဏ်အမြင်ဖြင့် အာရုံတစ်ပါးကို သိသော ဉာဏ်အမြင်ကို ထပ်ကူပြုသင့်သည်ဟု ထင်မှတ်ကြသောကြောင့် ဖြစ်ပါသည်။

“စုန္ဒ... အတိတ်ကာလကို အကြောင်းပြု၍ ဗုဒ္ဓအား ပုဗ္ဗေနိဝါသာ နုဿတိဉာဏ်သည် ဖြစ်၏။ ထိုဉာဏ်ဖြင့် ဗုဒ္ဓသည် အလိုရှိသမျှ အာရုံတို့ကို အောက်မေ့နိုင်၏။

အနာဂတ်ကာလကို အကြောင်းပြု၍ ဤဘဝသည် အဆုံးစွန်ဘဝ ဖြစ်၏၊ ယခုအခါ ဘဝသစ်ဖြစ်ခြင်း မရှိတော့ပြီဟု ဗောဓိပင်ရင်း၌ အရိယာမဂ်ဉာဏ်ကြောင့်ဖြစ်သော ပစ္စဝေက္ခဏာဉာဏ်သည် ဗုဒ္ဓအား ဖြစ်ပေါ်ခဲ့၏။

“စုန္ဒ... အတိတ်အကြောင်းဖြစ်စေ၊ ပစ္စုပ္ပန်၊ အနာဂတ်အကြောင်းဖြစ်စေ အကြောင်းအရာသည် မဟုတ်မမှန်၊ အကျိုးနှင့်လည်း မစပ်သည်ဖြစ်အံ့။ ထိုအကြောင်းအရာကို ဗုဒ္ဓသည် မဖြေဆိုပေ။

ဟုတ်မှန်စေကာမူ အကျိုးနှင့်မစပ်သော အကြောင်းအရာကိုလည်း ဗုဒ္ဓသည် မဖြေဆိုပေ။

ဟုတ်မှန်၍ အကျိုးလည်းရှိသော အကြောင်းအရာကိုသာ ဗုဒ္ဓသည် အခါအားလျော်စွာ ဖြေကြားတော်မူ၏။

www.dhammaransi.com



ဤသို့လျှင် ဗုဒ္ဓသည် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် တရားတို့၌ အခါအားလျော်စွာ ဆိုလေ့ရှိ၏။ ဟုတ်မှန်၍ အကျိုးနှင့်စပ်သည် ကိုသာ ဆိုလေ့ရှိ၏။

ထို့ကြောင့် တထာဂတ ဟူ၍ ခေါ်ဆိုထိုက်ပေ၏။

"စုန္ဒ...နတ်၊ ဗြဟ္မာနှင့်တကွ ရဟန်း၊ ပုဏ္ဏား၊ မင်း၊ လူစသော ဤလောက၌ အကြင်အာရုံကို မြင်အပ်၊ ကြားအပ်၊ တွေးအပ်၊ သိအပ်၊ ရောက်အပ်၊ ရှာမှီးအပ်၏။ စိတ်ဖြင့် အဖန်ဖန်ကြံစည်အပ်၏။ ထိုအလုံးစုံသော အာရုံကို ဗုဒ္ဓသည် ထိုးထွင်း၍ သိတော်မူ၏။

ထို့ကြောင့် ဗုဒ္ဓကို တထာဂတ ဟူ၍ ခေါ်ဆိုထိုက်ပေ၏။

"စုန္ဒ... ဗုဒ္ဓသည် သဗ္ဗညုတဉာဏ်တော်ကို ရတော်မူသည်မှစ၍ ပရိနိဗ္ဗာန်ပြုတော်မူသည့် အချိန်ကာလအတွင်း၌ အကြင်တရားများကို ဟောကြားညွှန်ပြ၏။ ထိုအလုံးစုံသော တရားသည် ဟောပြောပြသည့်အတိုင်းသာဖြစ်၏။ အခြားတစ်နည်း မဟုတ်ဖုံအားဖြင့် မဖြစ်။

ထို့ကြောင့် ဗုဒ္ဓကို တထာဂတဟူ၍ ခေါ်ဆိုထိုက်ပေ၏။

"စုန္ဒ... ဗုဒ္ဓသည် ပြောသည့်အတိုင်း ပြုလေ့ရှိ၏။ ပြုသည့်အတိုင်း ဆိုလေ့ရှိ၏။

ထို့ကြောင့် ဗုဒ္ဓကို တထာဂတဟူ၍ ခေါ်ဆိုထိုက်ပေ၏။

"စုန္ဒ... လောကသုံးပါး၌ ဗုဒ္ဓသည် သူတစ်ပါးကို လွှမ်းမိုးနိုင်သူဖြစ်၏။ သူတစ်ပါးတို့က မလွှမ်းမိုးနိုင်သူဖြစ်၏။ အမှန်တကယ် သိမြင်နိုင်သူဖြစ်၏။ မိမိအလိုသို့ လိုက်စေနိုင်သူဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓကို တထာဂတဟူ၍ ခေါ်ဆိုထိုက်ပေ၏"

www.dhammaransi.com



## မဟောကြားအပ်သော အရာများ

"စုန္ဒ... သတ္တဝါသည် သေပြီးနောက်တွင် ဖြစ်ပါသလော၊ သို့မဟုတ် မဖြစ်ပါသလော၊ သို့မဟုတ် ဖြစ်လည်းဖြစ် မဖြစ်လည်း မဖြစ်ပါသလော စသည်ဖြင့် သာသနာပ ပရိဗိုဇ်တို့က မေးခဲ့သော်

"ငါ့ရှင်တို့... ဤစကားသည် ပစ္စုပ္ပန် တမလွန်အကျိုးနှင့် မစပ်၊ လောကုတ္တရာတရားနှင့် မစပ်၊ သာသနာတော် အကျင့်မြတ်၏ အစအဦး မဟုတ်၊ ဝဋ်ဆင်းရဲ၌ ငြီးငွေ့ရန် မဖြစ်၊ စွဲမက်ခြင်းကင်းရန် မဖြစ်၊ ချုပ်ငြိမ်းရန် မဖြစ်၊ သစ္စာလေးပါးကို ထိုးထွင်းသိရန် မဖြစ်၊ မဂ်ဖိုလ်ဉာဏ်ရရန် မဖြစ်၊ နိဗ္ဗာန်ရောက်ရန် မဖြစ်။ ထို့ကြောင့် ထိုစကားကို ဗုဒ္ဓသည် ဟောတော်မမူ ဟူ၍ ဆိုကုန်ရာ၏"

## ဟောကြားအပ်သောအရာ

"စုန္ဒ... ရဟန်းဂေါတမသည် အဘယ်အကြောင်းအရာကို ဟောကြားအပ်ပါသနည်းဟု သာသနာပ ပရိဗိုဇ်တက္ကတွန်းတို့က မေးသော်...

"ငါ့ရှင်တို့... ဤတရားသည် ဆင်းရဲ(ဒုက္ခ)ဖြစ်၏။

- ဤတရားသည် ဆင်းရဲဖြစ်ကြောင်း (သမုဒယ)ဖြစ်၏။
- ဤတရားသည် ဆင်းရဲချုပ်ကြောင်း (နိရောဓ)ဖြစ်၏။
- ဤတရားသည် ဆင်းရဲချုပ်ငြိမ်းရာ အကျင့်(မဂ္ဂ) ဖြစ်၏။

www.dhammaransi.com



"စုန္ဒ... သာသနာတော်မှအပ ပရိဗိုဇ်တို့က ငါ့ရှင်တို့ အဘယ်ကြောင့် ဤစကားကို ရဟန်းဂေါတမသည် မဟောတော်မူပါသနည်းဟု ဆိုသော်...

"ငါ့ရှင်တို့... ဤစကားသည် ပစ္စုပ္ပန်အကျိုး၊ တမလွန်အကျိုးနှင့် စပ်၏။ လောကုတ္တရာတရားနှင့် စပ်၏။ သာသနာတော်၏ အစအဦးဖြစ်၏။ ဝဋ်ဆင်းရဲ၌ ငြီးငွေ့ရန်၊ စွဲမက်ခြင်းကင်းရန်၊ ချုပ်ငြိမ်းရန် ဖြစ်၏။ သစ္စာလေးပါးကို ထိုးထွင်းသိရန် ဖြစ်၏။ မဂ်ဖိုလ်ရရန် နိဗ္ဗာန်ရောက်ရန် ဖြစ်၏။ ထို့ကြောင့် ထိုစကားကို ဗုဒ္ဓဟောတော်မူ၏ဟူ၍ ဖြေဆိုရာ၏"

## ရှေ့အဖို့ကိုစွဲ၍ဖြစ်သော မိစ္ဆာအယူ

"စုန္ဒ...ရှေ့အဖို့ နောက်အဖို့ကို စွဲ၍ ယူကုန်သော မိစ္ဆာအယူသည် ရှိ၏။ ထိုမိစ္ဆာအယူတို့ကို အကြင်အခြင်းအရာအားဖြင့် သင်တို့အား ဟောအပ်ကုန်၏။ ထိုမိစ္ဆာအယူတို့ကို ငါသည် ဟောတော်မူ၏။ အကြင်အခြင်းအရာအားဖြင့် သင်တို့အား မဟောအပ်ကုန်။ ထိုမိစ္ဆာအယူတို့ကို သင်တို့အား ငါသည် အဘယ်ကြောင့် ဟောရအံ့နည်း။

"စုန္ဒ... ရှေ့အဖို့ကို စွဲ၍ယူကုန်သော မိစ္ဆာအယူတို့ကား...

အတ္တနှင့် လောကသည် မြဲ၏၊ မမြဲ၏။ ယင်းတို့သည် မမြဲ၊ မြဲလည်း မြဲ၏၊ မမြဲလည်း မမြဲ၊ မြဲသည်လည်း မဟုတ်၊ မမြဲသည်လည်း မဟုတ်။

"စုန္ဒ.. အတ္တနှင့် လောကကို မိမိပြုအပ်၏၊ သူတစ်ပါး

www.dhammaransi.com



ပြုအပ်၏၊ မိမိလည်း ပြုအပ်၊ သူတစ်ပါးလည်း ပြုအပ်၏။ မိမိလည်း မပြုအပ်၊ သူတစ်ပါးလည်း မပြုအပ်။ အကြောင်းကို မစွဲမူ၍ ဖြစ်၏။

ဤအယူသည်သာလျှင် မှန်၏၊ တစ်ပါးသော အယူသည် အချည်းနှီးသာတည်းဟု ဆိုလေ့ရှိသော အချို့သော ရဟန်း ပုဏ္ဏား တို့သည် ရှိကုန်၏။

"စုန္ဒ... ချမ်းသာဆင်းရဲသည် မြဲ၏၊ မမြဲ။ မြဲလည်း မြဲ၏၊ မမြဲလည်း မမြဲ၊ မြဲသည်လည်း မဟုတ်၊ မြဲသည်လည်း မဟုတ်။

ချမ်းသာဆင်းရဲကို မိမိ ပြုအပ်၏၊ သူတစ်ပါး ပြုအပ်၏၊ မိမိလည်းပြု သူတစ်ပါးလည်း ပြု၏။ မိမိလည်း မပြု၊ သူတစ်ပါး လည်း မပြု၊ အကြောင်းကို မစွဲမူ၍ ဖြစ်၏။

ဤအယူသာလျှင် မှန်၏၊ တစ်ပါးသော အယူသည် အချည်းနှီး သာတည်းဟု ဆိုလေ့ ယူလေ့ရှိသော အချို့သော ရဟန်း ပုဏ္ဏား တို့သည် ရှိကုန်၏။

"စုန္ဒ... ထိုရဟန်း ပုဏ္ဏားတို့ထံသို့ ငါသည် ချဉ်းကပ်၍

"ငါ့ရှင်တို့...သင်တို့သည် အတ္တနှင့် လောက မြဲ၏ဟူသော စကားကို ဆိုကြ၏။ ဤစကားသည် ရှိသလော"ဟု မေးခဲ့၏။

"ဤအယူသည်သာ မှန်၏။ တစ်ပါးသော အယူသည် အချည်းနှီးသာတည်း"

ဟု ဆိုကြပါသည်။

ငါဘုရားသည် ဤပြဿနာ၌ များသောအယူ ရှိကုန်သော အချို့သော သတ္တဝါတို့ ရှိသောကြောင့် ဝန်မခံခဲ့ပါ။

www.dhammaransi.com



"စုန္ဒ... ဤမိစ္ဆာအယူတို့ကို ဟုတ်တိုင်းမှန်စွာ သိစေရာ၌ ငါဘုရားနှင့်တူသောသူ မရှိ။ ခန္ဓာစသော အဘိညေယျတရားတို့ကို သိစေခြင်း၌လည်း ငါဘုရားသည်သာ သာလွန်၏။

၊"စုန္ဒ... ဤဆိုခဲ့သော မိစ္ဆာအယူတို့ကား ရှေ့အဖို့ကိုစွဲ၍ ဖြစ်ကုန်သော မိစ္ဆာအယူတို့တည်း"

## နောက်အဖို့ကို စွဲ၍ဖြစ်သော မိစ္ဆာအယူများ

"စုန္ဒ... နောက်အဖို့ကို စွဲ၍ ဖြစ်ကုန်သော မိစ္ဆာအယူတို့ကား...

အတ္တသည် ရုပ်ရှိ၏။ သေပြီးနောက်၌ မြဲ၏၊ ရုပ်မရှိ၊ ရှိလည်းရှိ၏၊ မရှိလည်း မရှိ၊ ရုပ်ရှိသည်လည်း မဟုတ်၊ မရှိသည်လည်း မဟုတ်။

အတ္တသည် သညာရှိ၏၊ မရှိ၊ ရှိသည်လည်း မဟုတ်၊ မရှိသည်လည်း မဟုတ်။ အတ္တသည် သေလျှင် ပျက်၏၊ ပျက်စီး၏၊ သေသည်မှ နောက်၌ မဖြစ်။

ဤအယူသည်သာလျှင် မှန်၏၊ တစ်ပါးသောအယူသည် အချည်းနှီးသာတည်းဟု ဆိုလေ့ ယူလေ့ရှိသော အချို့သော ရဟန်းပုဏ္ဏားတို့သည် ရှိ၏။

ငါသည် ထိုရဟန်း ပုဏ္ဏားတို့ထံသို့ သွားရောက်၍...

"ငါ့ရှင်တို့... အတ္တသည် ရုပ်ရှိ၏၊ သေသည်မှ နောက်၌ မြဲကုန်၏ဟု သင်တို့ဆိုသော စကားသည် ရှိသလော"ဟု မေးခဲ့၏။

www.dhammaransi.com



ထိုရဟန်း၊ ပုဏ္ဏားတို့က "ဤအယူသည်သာမှန်၏၊ တစ်ပါးသော အယူသည် အချည်းနှီးသာတည်း"ဟု အဖြေပေးကြပါသည်။

ဤလောက၌ မှားသော မိစ္ဆာအယူရှိကုန်သော အချို့သော သတ္တဝါတို့ ရှိသောကြောင့် ထိုရဟန်းပုဏ္ဏားတို့၏ စကားကို ဝန်မခံ။

"စုန္ဒ... ဤမိစ္ဆာအယူများ ကို ဟုတ်တိုင် မှန်စွာ သိစေခြင်း၌ ငါဘုရားနှင့်တူသောသူကို ငါမမြင်၊ ခန္ဓာစသော အဘိဓမ္မာ တရားကို သိစေခြင်း၌ ငါဘုရာ သည်သာလျှင် သာလွန်၏။

"စုန္ဒ... ဤဆိုခဲ့သော မိစ္ဆာအယူတို့သည် နောက်အဖို့ကိုစွဲ၍ ဖြစ်ကုန်သော မိစ္ဆာအယူတို့ဖြစ်၏"

## မိစ္ဆာအယူများကို ပယ်သောတရား

"စုန္ဒ... ရှေ့အဖို့ နောက်အဖို့ စွဲ၍ဖြစ်ကုန်သော မိစ္ဆာအယူတို့ကို ပယ်ခြင်း၊ လွန်မြောက်ခြင်းငှာ...

"ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာအားထုတ်ဆင်ခြင် သတိရှိလျက်

- ရုပ်အပေါင်း၌ ရုပ်အပေါင်းကိုယ်ဟု အဖန်ဖန်ရှုလျက်
- ခံစားမှုတို့၌ ခံစားမှုဟု အဖန်ဖန်ရှုလျက်
- စိတ်တို့၌ စိတ်ဟု အဖန်ဖန်ရှုလျက်
- သဘောတရားတို့၌ သဘောတရားဟု အဖန်ဖန်ရှုလျက်

www.dhammaransi.com



လောက၌ ဖြစ်တတ်သော၊ လိုချင်တပ်မက်ခြင်းနှင့် နှလုံး မသာယာခြင်းကို ပယ်ဖျောက်၍နေ၏။

ဤသတိပဋ္ဌာန်လေးပါးကို ဟောအပ် ထားအပ်ကုန်၏။

ထိုအချိန်၌ အရှင်ဥပဝါဏသည် ဗုဒ္ဓ၏နောက်မှနေ၍ ဗုဒ္ဓကို ယပ်ခပ်ပေးလျက်နေသည်။

"အရှင်ဘုရား… အံ့ဖွယ်ရှိပါပေစွ၊ မဖြစ်ဖူးမြဲ ဖြစ်ပါပေစွ။ ဤတရားဒေသနာသည် ကြည်ညိုဖွယ် ရှိပါလေစွ။ ဤတရား ဒေသနာသည် အလွန်ကြည်ညိုဖွယ် ရှိပါလေစွ။

အရှင်ဘုရား… ဤတရားဒေသနာသည် အဘယ်အမည် ရှိပါသနည်း"

"ဥပဝါဏ…ဤတရားဒေသနာကို ကြည်ညိုဖွယ် ပါသာဒိကဂုဏ် ရှိသောကြောင့် ဤသာသနာတော်၌ ပါသာဒိက ဒေသနာဟူ၍ မှတ်ပါလေ"

ဥပဝါဏသည် ဗုဒ္ဓဟောသော တရားတော်ကို နှစ်လိုသည် ဖြစ်၍ ဝမ်းမြောက်စွာ ခံယူလေသည်။

**(ပါထိကဝဂ်၊ ပါသာဒိကသုတ်)**

## နိဂဏ္ဌတို့အချင်းချင်း ပြိုကွဲမှုနှင့်စပ်၍ ရဟန်းများအား ဗုဒ္ဓ၏လမ်းညွှန်ချက်တရားများ

နိဂဏ္ဌနာဋပုတ္တ သေပြီးနောက် သူ၏တပည့်များ အချင်းချင်း ကွဲပြားမှုနှင့် ပတ်သက်၍ ဗုဒ္ဓက ဗုဒ္ဓသာသနာ၏ အနှစ်သာရကို ဟောကြားခဲ့သည်။

www.dhammaransi.com



ထိုအကြောင်းနှင့် ပတ်သက်၍ ရှင်အာနန္ဒာက ဗုဒ္ဓကို

"မြတ်စွာဘုရား... တပည့်တော်တို့အား ဗုဒ္ဓ ပရိနိဗ္ဗာန်စံဝင်ခြင်းကြောင့် သံဃာ၌ ငြင်းခုံမှု မဖြစ်ပါစေသတည်း။ ထိုငြင်းခုံမှုသည် များစွာသော နတ်လူတို့၏ အစီအပွားမဲ့ခြင်းငှာ၊ ချမ်းသာမဲ့ခြင်းငှာ၊ အကျိုးမဲ့ခြင်းငှာ၊ ဆင်းရဲခြင်းငှာ ဖြစ်၏ဟု အကြံအစည် ဖြစ်မိပါသည်ဘုရား"

ဟု လျှောက်ထားခဲ့သည်။

"အာနန္ဒာ... ငါသည် ထူးသောဉာဏ်ဖြင့် သိ၍ သင်တို့အား ဟောကြားထားသော သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင် ခုနစ်ပါး၊ မဂ္ဂင်ရှစ်ပါး တရားတို့၌ အယူကွဲသော ရဟန်းနှစ်ပါးတို့ကို သင်မြင်မိသလော"

"မြတ်စွာဘုရား၊ ထိုသို့ အယူကွဲသော ရဟန်းနှစ်ပါးကို မတွေ့မြင်မိပါ။ အရှင်ဘုရား မြတ်စွာဘုရားကို အမှီပြုနေသော ပုဂ္ဂိုလ်တို့သည် ရှိကြပါကုန်၏။ ထိုပုဂ္ဂိုလ်တို့သည် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်သောအခါ၌ အသက်မွေးလိုခြင်းဟူသော အကြောင်းကြောင့် လွန်ကျူးမိသော သိက္ခာပုဒ် ခြောက်ပါး၌သော် လည်းကောင်း၊ ထိုခြောက်ပါးမှ ကြွင်းသော သိက္ခာပုဒ်၌သော် လည်းကောင်း သံဃာ၌ ငြင်းခုံခြင်းကို ဖြစ်ပါက ထိုငြင်းခုံမှုသည် များစွာသော နတ်လူတို့၏ အကျိုးစီးပွားမဲ့ခြင်းငှာ ဆင်းရဲခြင်းငှာ ဖြစ်ရာပါ၏ဘုရား"

"အာနန္ဒာ... ထိုအရာတို့၌ ငြင်းခုံမှုသည် အနည်းငယ်

www.dhammaransi.com



မပြောပလောက်သာ ရှိပါမည်။ စင်စစ် မဂ်၌သော်လည်းကောင်း၊ အကျင့်၌သော် လည်းကောင်း သံဃာ၌ ငြင်းခုံမှုဖြစ်သော် ဖြစ်ရာ၏။ ထိုငြင်းခုံမှုသည် များစွာသော နတ်လူတို့၏ အကျိုးစီးပွားမဲ့ခြင်းငှာ ဆင်းရဲခြင်းငှာ ဖြစ်နိုင်၏။

"အာနန္ဒာ... ငြင်းခုံမှုအကြောင်းတို့သည် ဤခြောက်ပါးတို့တည်း။ ရဟန်းသည်

- အမျက်ထွက်တတ်၏
- ရန်ငြိုးဖွဲ့လေ့ရှိ၏
- ဘုရား၌ ရိုသေခြင်း၊ နိမ့်ချခြင်း မရှိဘဲနေ၏
- တရား၌ ရိုသေခြင်း၊ နိမ့်ချခြင်း မရှိဘဲနေ၏
- သံဃာ၌ ရိုသေခြင်း နိမ့်ချခြင်း မရှိဘဲနေ၏။
- သိက္ခာသုံးပါး၌ ပြီ ပြည့်စုံစွာ ကျင့်လေ့မရှိသော ရဟန်းသည် သံဃာ၌ ငြင်း ခုံမှုကို ဖြစ်စေ၏။

"အာနန္ဒာ သင်တို့သည် ဤသို့သဘောရှိသော ငြင်း ခုံခြင်း အကြောင်းကို မိမိနှင့် မိမိပရိသတ်၊ သူတစ်ပါးနှင့် သူတစ်ပါးပရိသတ်၌ အကယ်၍ တွေ့မြင်လာငြား အံ့။ သင်တို့သည် ထိုငြင်းခုံမှု၌ ယုတ်ညံ့သော အကြောင်းရင်းကိုသာလျှင် ပယ်ခြင်းငှာ အားထုတ်ကုန်ရာ၏။ အကယ်၍ မတွေ့မမြင်ရကုန်သည်ရှိသော် နောင်အခါ မတိုးမပွားအောင် ပျင့်ရာ၏။

ထိုသို့ကျင့်လျှင် ယုတ်ညံ့သော ထိုငြင်းခုံမှု၏ အကြောင်းရင်းကို ပယ်ခြင်းဖြစ်၏။ ဤသို့ကျင့်လျှင် ထိုငြင်းခုံမှု အကြောင်းရင်းသည် နောင်အခါ၌ တိုးပွားခြင်း မဖြစ်တော့ပေ။

ဟု ဟောတော်မူသည်။ ဆက်လက်၍ ငြင်းခုံမှု အဓိကရဏ်း လေးပါးနှင့်တကွ ဖြစ်ကုန်ဖြစ်ကုန်သော အဓိကရဏ်းတို့ကို ငြိမ်းစေခြင်းငှာ ကျင့်သုံးရမည့် ဝိနည်းကံ ခုနစ်ပါးကိုလည်း ရှင်းလင်းဟောပြတော်မူပါသည်။

ထို့နောက် သိမ်းသွင်းခြင်းအကျိုးငှာ၊ ဝါဒကွဲပြားခြင်း အကျိုးငှာ၊ ညီညွတ်ခြင်းအကျိုးငှာ၊ တစ်ပေါင်းတည်းဖြစ်ခြင်း ဟူသော အကျိုးငှာ ရဟန်းတို့ ဆောက်တည်ကျင့်ကြံနေရမည့် သာရဏီယတရား ခြောက်ပါးကို ဟောကြားတော်မူသည်။

အရှင်အာနန္ဒာသည် ဗုဒ္ဓ၏ ထိုတရားကို အလွန်ပင် ဝမ်းမြောက်ဝမ်းသာ နှစ်သက်လေသည်။

(ဥပရိပဏ္ဏာသ၊ ဒေဝဒဟဝဂ်၊ သာမဂါမသုတ်)

မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ၊ ဘီအေ)

www.dhammaransi.com

ဗုဒ္ဓဂေါတမသည် အယူဝါဒများကို လေ့လာရာ၌ စစ်မှန်သောတရားဓမ္မ အယူဝါဒ ဟုတ်မဟုတ်၊ မှန်မမှန်မိမိဉာဏ်ဖြင့်ချင့်ချိန်ကာ ကိုယ်တိုင်သိနိုင်သော စမ်းသပ်နည်းဖြင့် စမ်းသပ်၍ ကိုယ်တိုင်ထိတွေ့ ကျင့်ကြံအားထုတ်ပြီးမှသာ သက်ဝင်ယုံကြည်ရန် ညွှန်ပြတော်မူခဲ့သည်။

ဗုဒ္ဓဂေါတမသည် မိမိဝါဒကို ဂုဏ်တင်၍ အခြားဆန့်ကျင်ဘက်ဝါဒများကို နှိမ့်ချပုတ်ခတ်တော်မမူ ၊ အခြားဝါဒများကိုလည်း နာမည်တပ်ကာမှန်သည်မှားသည် သုံးသပ်တော်မမူဘဲ လူတိုင်းသိနိုင်သော သဘောတရားအရှိကိုသာ အရှိအတိုင်း ဦးတည်၍ ဓမ္မဓိဋ္ဌာန်ကျကျ ဟောပြတော်မူခဲ့ပါသည်။

ယခုစာအုပ်တွင်ဗုဒ္ဓနှင့်ခေတ်ပြိုင် တိတ္ထိဆရာကြီး ခြောက်ဦးရှိသည့်အနက် တစ်ဦးဖြစ်သူ နိဂဏ္ဌနာဋပုတ္တ၏ တပည့်များက ဗုဒ္ဓထံ မေးမြန်း လျှောက်ထားသည့် အမေးပြဿနာများအား ဗုဒ္ဓကိုယ်တိုင် ပြန်လည်ဖြေကြားထားပုံများကို စုစည်းဖေါ်ပြထားခြင်း ဖြစ်ပါ သည်။

စန်းလ သော်တာ